# ကြေးမုံ

*The Mirror Daily*

၁၉၅၇ ဖေဖော်ဝါရီ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957



**လောကကို ထွန်းလင်းတောက်ပ**

မိမိပြုခဲ့သော မကောင်းမှုအကုသိုလ်ကံကို ကုသိုလ်ကံဖြင့် ဖုံးအုပ်ဖြေဖျောက်နိုင်၏။ ထိုသို့ပြုနိုင်သူသည် တိမ်တိုက်မှ လွတ်မြောက်လာသောလကဲ့သို့ ဤလောကကို ထွန်းလင်းတောက်ပစေ၏။ (ကောင်းမှုကုသိုလ်ပြုနိုင်ရန် မိတ်ကောင်း ဆွေကောင်းရှိရန် လိုအပ်ပေရာ မိတ်ကောင်းဆွေကောင်းများနှင့် ပေါင်းသင်းဆက်ဆံနိုင်အောင် ကြိုးစားအားထုတ်သင့်၏)

လောကဝဂ်(ဓမ္မပဒ-၁၇၃)



၁၃၈၁ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၈ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday, 15 April 2020 ၉၉၈၃


# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်

## Video Conferencing စနစ်ဖြင့် ကျင်းပပြုလုပ်သည့် COVID-19 ကူးစက်ရောဂါဆိုင်ရာ အာဆီယံအထူးထိပ်သီးအစည်းအဝေးနှင့် အာဆီယံအပေါင်းသုံး အထူးထိပ်သီးအစည်းအဝေးတို့သို့ ပါဝင်တက်ရောက်

နေပြည်တော် ဧပြီ ၁၄

COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအမျိုးသားအဆင့် ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် Video Conferencing စနစ်ဖြင့် ယနေ့နံနက် ၇ နာရီခွဲတွင် ကျင်းပသည့် COVID-19 ကူးစက်ရောဂါဆိုင်ရာ အာဆီယံအထူးထိပ်သီးအစည်းအဝေးနှင့် ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် ကျင်းပသည့် COVID-19 ကူးစက်ရောဂါဆိုင်ရာ အာဆီယံအပေါင်းသုံး အထူးထိပ်သီးအစည်းအဝေးတို့သို့ နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ပါဝင်တက်ရောက်ဆွေးနွေးခဲ့သည်။


စာမျက်နှာ ၃ ကော်လံ ၁ သို့ ✰





နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် Video Conferencing စနစ်ဖြင့် ကျင်းပပြုလုပ်သည့် COVID-19 ကူးစက်ရောဂါဆိုင်ရာ အာဆီယံအထူးထိပ်သီးအစည်းအဝေးသို့ ပါဝင်တက်ရောက်စဉ်။

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က အားလုံး၏ ဘုံရန်သူဖြစ်သည့် COVID-19 ကို အောင်နိုင်ဖို့ကိုသာ ညီညီညွတ်ညွတ်လုပ်ကြရန် လိုအပ်ကြောင်း သတင်းစကားပါး

**နေပြည်တော် ဧပြီ ၁၄**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က အားလုံး၏ ဘုံရန်သူဖြစ်သည့် COVID-19 ကို အောင်နိုင်ဖို့ကိုသာ ညီညီညွတ်ညွတ်လုပ်ကြရန် လိုအပ်မှုနှင့်ပတ်သက်၍ ၎င်း၏ဖေ့စ်ဘွတ်စာမျက်နှာမှ ယနေ့တွင် အောက်ပါအတိုင်း သတင်းစကားပါး ရေးသားထားသည် -

လွန်ခဲ့တဲ့(၂၄)နာရီအတွင်းမှာ COVID-19 ရောဂါ ကူးစက်နေသူ (၂၁)ဦး ထပ်တွေ့ရှိခဲ့ပါတယ်။

ဒီအပတ်နဲ့ နောက်အပတ်အတွင်းမှာ ရောဂါပျံ့နှံ့မှုနှုန်း များလာနိုင်မယ်ဆိုတာ ကျွန်မတို့ မှန်းဆထားပြီးဖြစ်လို့ ပြည်သူတွေကိုလည်း သတိပေးခဲ့ပါတယ်။ စိတ်တွေကို ပြင်ထားစေချင်လို့ပါ။ ကျန်းမာရေး စောင့်ရှောက်မှုဘက်ကတော့ နိုင်ငံတော်ကအတတ်နိုင်ဆုံး ပြင်ဆင်ထားပါတယ်။

ရောဂါကူးစက်ထားသူအရေအတွက်များလာတော့ စိုးရိမ်ကြောင့်ကြမှုတွေလည်း များလာပါတယ်။ Quarantine နေရာကနေ ထွက်ပြေးဖို့ ကြိုးစားတာတောင်ရှိတယ်ဆိုတာ သိကြမှာပါ။ ရောဂါပိုးဝင်နေပြီဆိုရင် ထွက်ပြေးလို့မလွတ်ပါဘူး။ စောစောသိပြီး စောစောဆေးကုခံယူတာ အကောင်းဆုံးပါ။ COVID-19 ဟာ ကုလို့ရနိုင်တဲ့ ရောဂါပါ။ စောစောသိမှ စောစောကုသနိုင်ပြီး ပျောက်နိုင်ခြေပိုများမှာပါ။ ဒါကြောင့် ရှောင်ပြေးခြင်းဟာ ကာယကံရှင်အတွက် အန္တရာယ်များပါတယ်၊ အခြားသူတွေအတွက်လည်း အန္တရာယ်များပါတယ်။

စိုးရိမ်စိတ်တွေ ကြီးလာတာနဲ့အမျှ ဒေါသတွေလည်းကြီးလာကြပါတယ်။ COVID-19 ကိုတိုက်ဖို့ လိုတဲ့အင်အားတွေကို ကိုယ့်အချင်းချင်းတိုက်ဖို့ မသုံးကြပါနဲ့။


**စာမျက်နှာ ၄ ကော်လံ ၁ သို့ ❍**





ကြေးမုံ

## ပိတ်ရက်ရှည်ကို စိတ်ချမ်းမြေ့စွာဖြတ်သန်း

မြန်မာသက္ကရာဇ် ၁၃၈၁ ခုနှစ် မြန်မာတို့၏ ရိုးရာအစဉ်အလာနှစ်သစ်ကူး သင်္ကြန်ကို ကိုဗစ် - ၁၉ ရောဂါကြောင့် ရေသဘင်ပွဲဆင်နွှဲခြင်းမပြုလုပ်ဘဲ ပြည်သူအားလုံး အသိတရားဖြင့် မိမိတို့နေအိမ်တွင် နေထိုင်ကြကာ ရောဂါဘေးမှ ကျော်လွှားလွန်မြောက်နိုင်အောင် ကြိုးပမ်းအားထုတ်နေကြရသည်။ နိုင်ငံတော်အစိုးရအနေဖြင့် ပြည်သူအားလုံး ကျန်းမာရေး၊ ကပ်ရောဂါကင်းဝေးရေးအတွက် အချိန်ပြည့် အလေးထားဆောင်ရွက်ပေးနေသည်။

နှစ်သစ်ကူးသင်္ကြန် အများပြည်သူအလုပ်ပိတ်ရက်ကာလအတွင်း သင်္ကြန်ရေသဘင်မဆင်နွှဲရသော်လည်း မိမိတို့နေအိမ်တွင်ပင် ကောင်းသောအမှုတို့ကို ပြုလုပ်ခြင်းဖြင့် သင်္ကြန်ကာလကို အဓိပ္ပာယ်ရှိစွာ ဖြတ်သန်းနေပြီဖြစ်သည်။ ယခုအချိန်အခါတွင် ဧပြီလ ၁၄ ရက်နေ့အထိ ကိုဗစ် - ၁၉ ရောဂါအတည်ပြုလူနာ ၆၃ ဦးတွေ့ရှိခဲ့၍ အရေးကြီးသောအချိန်ကာလဖြစ်သည်။ အရေးကြီးသော သင်္ကြန်ရုံးပိတ်ရက်ကာလအတွင်း ရောဂါဖြစ်ပွားမှု၊ ကူးစက်သေဆုံးမှုနည်းပါးရေး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ အသိပေးတိုက်တွန်းမှုများနှင့်အညီ နေထိုင်သွားလာ လုပ်ကိုင်ဆောင်ရွက်ကြရမည်ဖြစ်သည်။

ကိုဗစ် - ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့်ပတ်သက်၍ သတ်မှတ်သောနေရာများ၌ ၂၁ ရက်တာ နေထိုင်ရသူများနှင့် ပြည်သူအားလုံး မိမိတို့နေအိမ်တွင်ပင် နေထိုင်ကြရသောကာလမှာ ကျန်းမာရေး၊ အလုပ်အကိုင်နှင့် ရှေ့ရေးတို့အတွက် တွေးတောပူပင်စိုးရိမ်သောကရောက်ခြင်းမပြုဘဲ သင်္ကြန်ရာသီကာလ မြန်မာတို့၏ ကောင်းသောအစဉ်အလာများ ပြုလုပ်ကြခြင်းဖြင့် စိတ်ရွှင်လန်းချမ်းမြေ့အောင် ဖြတ်သန်းကြရမည်ဖြစ်သည်။

ယခုကဲ့သို့ သီးခြား၊ သီးသန့်နေထိုင်ရသောကာလတွင် အထီးကျန်သလိုခံစားရခြင်း၊ ငြီးငွေ့ခြင်း၊ စိတ်အားငယ်ခြင်း၊ စိတ်ဓာတ်ကျခြင်း၊ အကူအညီမဲ့သလိုခံစားရခြင်း စသည့်လွန်ကဲသော စိတ်ခံစားမှုများ ဖြစ်လာနိုင်ပါသည်။ ယင်းသို့ဖြစ်လာလျှင် တရားဘာဝနာအားထုတ်ခြင်းသည် အကောင်းဆုံးသော စိတ်တည်ငြိမ်မှုကို ဖြစ်စေသည်ဆိုသော်လည်း သာမန်ပုထုဇဉ်လူသားများအဖို့ မိမိတို့နေ့စဉ် လူမှုဘဝပြုဖွယ်ကိစ္စများကို တစ်မျိုးမဟုတ်တစ်မျိုး ပြုလုပ်ကြခြင်းဖြင့် သင်္ကြန်ပိတ်ရက်ကာလကို အကောင်းဆုံးဖြတ်သန်းကြရမည်ဖြစ်သည်။

သီးသန့်နေထိုင်ရသောကာလအတွင်း မိမိတို့စိတ်ခံစားချက်များကို လျော့ပါးသက်သာစေရန် ရုပ်ပိုင်း၊ စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးနှင့် လူမှုရေးခံစားချက်များ၊ လိုအပ်ချက်များကို မျိုသိပ်မထားဘဲ ဖွင့်ဟဆွေးနွေးတိုင်ပင်ခြင်းတို့ ပြုလုပ်နိုင်ပါသည်။ မိမိတို့လူမှုအသိုင်းအဝိုင်းမှ မိသားစုဝင်များ၊ မိတ်ဆွေသူငယ်ချင်းများ၊ ချစ်သူခင်သူများနှင့် ဖုန်း၊ အီးမေးလ်၊ အင်တာနက် လူမှုကွန်ရက်တို့မှတစ်ဆင့် အဆက်အသွယ်ပြုလုပ်သင့်ပါသည်။ စာပေ၊ အနုပညာဖတ်ရှုခံစားလိုသူများအနေဖြင့် စာအုပ်စာပေများဖတ်ရှုခြင်း၊ ရုပ်ရှင်၊ ဗီဒီယိုဇာတ်လမ်းများကြည့်ရှုခြင်းဖြင့် ဗဟုသုတလည်းရ စိတ်ရွှင်လန်းအပန်းပြေခြင်းလည်း ပြုလုပ်နိုင်ပါသည်။

နေ့စဉ်နေအိမ်တွင်ရှိနေစဉ် လုပ်ဆောင်နေကြအလုပ်များထဲမှ ပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေရှိမည့် သူတစ်ပါးအား မထိခိုက်နိုင်သော မိမိတို့ဝါသနာပါရာ အလုပ်များကိုလုပ်ကိုင်နိုင်ပါသည်။ ကိုယ်၊ စိတ်ဖိစီးမှုလျော့ကျစေပြီး ကျန်းမာရေးနှင့်ညီညွတ်သည့် လေ့ကျင့်မှုများ၊ ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်းများကို မှန်မှန်ပြုလုပ်နိုင်ပါသည်။ ရောဂါနှင့်သက်ဆိုင်သည့် သတင်းအချက်အလက်များဖြင့်သာ အချိန်ကုန်နေခြင်းသည် စိုးရိမ်စိတ်နှင့် စိတ်ဖိစီးမှုများ တိုးပွားစေသဖြင့် ဆင်ခြင်လေ့လာကြည့်ရှုရမည်ဖြစ်သည်။ ထို့အပြင် ကောလာဟလသတင်းများကို အထူးသတိပြုရှောင်ကြဉ်ပြီး တရားဝင်ထုတ်ပြန်သော သတင်းအရင်းအမြစ်များကိုသာ လေ့လာမှတ်သားသင့်ပါသည်။

သို့ဖြစ်ရာ ပျော်ရွှင်ဖွယ်ကောင်းသော သင်္ကြန်ကာလကို မဖြတ်သန်းလိုက်ရဘဲ သတ်မှတ်သောနေရာများတွင်သာ သီးသန့်နေထိုင်ရသည်ကို စိတ်ပျက်အားငယ်ခြင်းမပြုဘဲ မိမိတို့၏ နေ့စဉ်လူမှုဘဝ စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုသော နေ့စဉ်လုပ်ဆောင်မှုအမျိုးမျိုးတို့ကို တစ်ခုမဟုတ်တစ်ခု လုပ်ဆောင်ခြင်းဖြင့် သင်္ကြန်ရုံးပိတ်ရက်ကာလများကို အဓိပ္ပာယ်ရှိစွာဖြတ်သန်းကြကာ ရောဂါဘေးမှကင်းဝေးနိုင်အောင် အားထုတ်ကြရမည် ဖြစ်ပါကြောင်း။ ။

## သံတောင်ကြီးမြို့၌ ပုံမှန်ဝင်ငွေမရှိသော အိမ်ထောင်စုများအတွက် အခြေခံစားသောက်ကုန်များ ထောက်ပံ့

**သံတောင်ကြီး ဧပြီ ၁၄**

ကရင်ပြည်နယ် ဘားအံခရိုင် သံတောင်ကြီးမြို့၌ မဟာသင်္ကြန်ရုံးပိတ်ရက်ကာလအတွင်း ပုံမှန်ဝင်ငွေမရှိသော အိမ်ထောင်စုများအတွက် နိုင်ငံတော်မှ အခြေခံစားသောက်ကုန်ငါးမျိုးကို ထောက်ပံ့ပေးအပ်ခဲ့ရာ ဧပြီ ၁၀ ရက်မှစတင်၍ ဖြန့်ဝေပေးလျက်ရှိပြီး ဧပြီ ၁၃ ရက် နံနက်ပိုင်းတွင် သံတောင်ကြီးမြို့ပေါ်ရှိ ရပ်ကွက် ငါးရပ်ကွက်မှ အုပ်ချုပ်ရေးမှူးများက ဖြန့်ဝေပေးလျက်ရှိကြောင်း သိရသည်။

ထိုသို့ဖြန့်ဝေပေးရာတွင် အမှတ် (၁) ရပ်ကွက်တွင် အိမ်ထောင်စု ၃၅၆ စု၊ အမှတ် (၂) ရပ်ကွက်တွင် အိမ်ထောင်စု ၁၇၄ စု၊ အမှတ် (၃) ရပ်ကွက်တွင် အိမ်ထောင်စု ၄၂၄ စု၊ အမှတ်(၄)ရပ်ကွက်တွင် အိမ်ထောင်စု ၆၈ စု နှင့် အမှတ်(၅) ရပ်ကွက်တွင် အိမ်ထောင်စု ၂၂ စုတို့အား အခြေခံစားသောက်ကုန် ငါးမျိုးတို့ကို ဖြန့်ဝေပေးခဲ့သည်။

သံတောင်ကြီးမြို့နယ်တွင် သံတောင်ကြီးမြို့အပါအဝင် သံတောင်မြို့၊ လိပ်သိုမြို့၊ ဘောဂလိမြို့တို့၌ ရပ်ကွက်စုစုပေါင်း ၁၉ ရပ်ကွက်နှင့် ကျေးရွာအုပ်စုပေါင်း ၅၂ အုပ်စုတို့တွင် အခြေခံလူတန်းစား အိမ်ထောင်စုပေါင်း ၁၂၄၆၁ စုရှိပြီး ၎င်းအိမ်ထောင်စုများအတွက် အခြေခံစားသောက်ကုန်များအား ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

**Holly(ပြန်/ဆက်)**

## စစ်ကိုင်းတောင်ရိုးရှိ သံဃာတော်များနှင့် သီလရှင်ဆရာကြီးများအား အခြေခံစားသောက်ကုန်များ လှူဒါန်း



**စစ်ကိုင်း ဧပြီ ၁၄**

စစ်ကိုင်းတောင်ရိုး သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် သီတဂူဆရာတော်ကြီးက စစ်ကိုင်းတောင်ရိုးရှိ သံဃာတော်များနှင့် သီလရှင်ဆရာကြီးများအား အခြေခံစားသောက်ကုန်များ လှူဒါန်းပေးခြင်းကို ယနေ့ နံနက်ပိုင်းက သီတဂူကမ္ဘာ့တက္ကသိုလ်၌ ပြုလုပ်သည်။

### လှူဒါန်း

ထိုသို့လှူဒါန်းရာ စစ်ကိုင်းတောင်ရိုးရှိ သံဃာအပါး ၈၁၀၀၊ သီလရှင် ဆရာကြီး/ ဆရာလေး အပါး ၆၀၀၀ တို့အား တစ်ပါးလျှင် ဆန်တစ်တင်း၊ ဆီတစ်ပိဿာ၊ ပဲ နှစ်ပိဿာနှင့် စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ကလည်း ဆီ တစ်ပိဿာ၊ ကြက်သွန် တစ်ပိဿာ၊ ဆား ၅၀ ကျပ်သားတို့ လှူဒါန်းပေးခဲ့ကြကြောင်း သိရသည်။

သီတဂူဆရာတော်ကြီးသည် ကိုဗစ်-၁၉ ကာကွယ် ထိန်းချုပ်ရေးကာလအတွင်း သက်ဆိုင်ရာနေရာများသို့ လှူဒါန်းပေးခဲ့ပြီးဖြစ်ကြောင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း၌လည်း တိုင်းဒေသကြီးအစိုးရအဖွဲ့များနှင့်ပူးပေါင်း၍ လိုအပ်သည့်နေရာများတွင် ဆက်လက်လှူဒါန်းပေးသွားမည်ဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

**ဇော်မြင့်နိုင်(ပြန်/ဆက်)**

## ဈေးသည်၊ ဈေးဝယ်များအား ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး အသိပညာပေးခြင်းနှင့် နှာခေါင်းစည်းများ ဖြန့်ဝေ



**ပျော်ဘွယ် ဧပြီ ၁၄**

မန္တလေးတိုင်းဒေသကြီး ပျော်ဘွယ်မြို့နယ်တွင် သင်္ကြန်ကာလတွင် ပြည်သူ့ဈေးကြီး ပိတ်ထားသော်လည်း ဈေးအပြင်ဘက်တန်းများတွင် ရောင်းချနေသည့်ဈေးသည်များ၊ ဈေးဝယ်သည့်ပြည်သူများအား ကိုဗစ်-၁၉ ရောဂါကြိုတင် ကာကွယ်ရေးအတွက် အသိပညာပေးခြင်းနှင့် နှာခေါင်းစည်းများ ဖြန့်ဝေခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါဈေးအနီးတွင် ပြုလုပ်ခဲ့ကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးအတွက် အသိပညာပေးခြင်းနှင့် နှာခေါင်းစည်းများဖြန့်ဝေရာတွင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးသိန်းထွန်းနှင့် ဌာနဆိုင်ရာများ၊ ပျော်ဘွယ်မြို့နယ် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး အထောက်အကူပြုကော်မတီဝင်များ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူများ၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များစုပေါင်း၍ ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**မင်းမင်းထွေး (ပျော်ဘွယ်)**

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

သင့်စီးပွားရေး အောင်မြင်ဖို့
ကြေးမုံသတင်းစာတွင် ကြော်ငြာစို့

ကြေးမုံ

ခေတ္တ စာတည်းမှူးချုပ် – ဦးစိုးစိုးနိုင်
စာတည်းမှူး – ဦးဝင်းနိုင်
စာတည်းများ – ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း
သတင်းထောက်မှူး – ဦးမြင့်စိုး
ဘာသာပြန်စာတည်းများ – ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ – ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဒေါ်နေဇာဇာထွန်း၊ ဦးသက်ထွေး၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဥ
အငယ်တန်းသတင်းထောက်များ – ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်ခင်စုစုလှိုင်၊ ဦးအေးမင်းသူ၊ ဒေါ်မာမာစိုး
ဓာတ်ပုံသတင်းထောက် – ဦးခင်မောင်ဝင်း

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
ကြေးမုံ The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ပြည်သူသာလျှင် အဓိက




နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် Video Conferencing စနစ်ဖြင့် ကျင်းပပြုလုပ်သည့် COVID-19 ကူးစက်ရောဂါဆိုင်ရာ အာဆီယံအပေါင်းသုံး အထူးထိပ်သီးအစည်းအဝေးသို့ ပါဝင်တက်ရောက်စဉ်။

☆ ရှေ့ဖုံးမှ

အာဆီယံအထူးထိပ်သီးအစည်းအဝေးနှင့် အာဆီယံအပေါင်းသုံး အထူးထိပ်သီးအစည်းအဝေးတို့တွင် ဗီယက်နမ်ဝန်ကြီးချုပ် Nguyen Xuan Phuc က သဘာပတိအဖြစ်ဆောင်ရွက်သည်။ အာဆီယံအထူးထိပ်သီးအစည်းအဝေးသို့ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ခေါင်းဆောင်များနှင့် အာဆီယံအတွင်းရေးမှူးချုပ်တို့ ပါဝင်တက်ရောက်ပြီး အာဆီယံအပေါင်းသုံး အထူးထိပ်သီးအစည်းအဝေးသို့ အာဆီယံခေါင်းဆောင်များနှင့် အပေါင်းသုံးနိုင်ငံများဖြစ်သည့် တရုတ်၊ ဂျပန်၊ တောင်ကိုရီးယားနိုင်ငံများမှ ခေါင်းဆောင်များအပြင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ်နှင့် အာဆီယံအတွင်းရေးမှူးချုပ်တို့ ပါဝင်တက်ရောက်ခဲ့ကြသည်။

**ဆွေးနွေးဖလှယ်**

အာဆီယံအထူးထိပ်သီးအစည်းအဝေးနှင့် အာဆီယံအပေါင်းသုံး အထူးထိပ်သီးအစည်းအဝေးတို့တွင် နိုင်ငံ့ခေါင်းဆောင်များက COVID-19 ကူးစက်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် မိမိတို့နိုင်ငံအလိုက်ဆောင်ရွက်နေကြသည့် အစီအမံများ၊ အတွေ့အကြုံများနှင့် အလေ့အကျင့်ကောင်းများကို ဆွေးနွေးဖလှယ်ခဲ့ကြသည်။ ထို့ပြင် နိုင်ငံ့ခေါင်းဆောင်များက COVID-19 ကူးစက်ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်ရာ၌ ပြည်သူများအား အသိပညာပေးမှုနှင့် ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင်မှုတိုးမြှင့်ရေး၊ COVID-19 ကူးစက်ရောဂါဆိုင်ရာ မြေပြင်သတင်းအချက်အလက်နှင့် နိုင်ငံအလိုက် ဆောင်ရွက်သည့် အစီအမံများ ပုံမှန်ဖလှယ်ခြင်းကို ပိုမိုခိုင်မာစေရေး၊ အခြားအာဆီယံအဖွဲ့ဝင် နိုင်ငံ (သို့မဟုတ်) တတိယနိုင်ငံ၌ ရောက်ရှိနေသည့် ကူးစက်ရောဂါခံစားနေရသော အာဆီယံနိုင်ငံသားများကို သင့်လျော်သည့် အကူအညီနှင့် အထောက်အပံ့များပေးအပ်ရေး၊ COVID-19 ကူးစက်ရောဂါတုံ့ပြန်မှုဆိုင်ရာ အာဆီယံရန်ပုံငွေတစ်ရပ် ထူထောင်ရေး၊ ကူးစက်ရောဂါဆိုင်ရာ ပူးတွဲသုတေသနပြုခြင်းနှင့် ကာကွယ်ဆေးများထုတ်လုပ်ခြင်းတို့တွင် အဖွဲ့ဝင်နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှု ပိုမိုခိုင်မာစေရေး၊ ပြည်သူ့ကျန်းမာရေး စောင့်ရှောက်မှုစနစ်၏ လူ့စွမ်းအားအရင်းအမြစ်နှင့် စွမ်းဆောင်ရည်တို့ကို မြှင့်တင်ရေးနှင့် ကျန်းမာရေးဝန်ထမ်းများ၏ ဘေးကင်းလုံခြုံမှုကို အကာအကွယ်ပေးရေး၊ ကူးစက်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးတွင် လိုလောက်သည့် ဆေးဝါးများ၊ ဆေးဘက်ဆိုင်ရာ မရှိမဖြစ်ပစ္စည်းများနှင့် အသုံးအဆောင်များ ကူညီပံ့ပိုးနိုင်ရန်အတွက် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး၊ ဒေသအတွင်း၌ ရောဂါပြန့်ပွားမှု ကာကွယ်ထိန်းချုပ်ရေးအတွက် ပြည်သူ့ကျန်းမာရေး ပူးပေါင်းဆောင်ရွက်မှုအစီအမံများ ပိုမိုခိုင်မာစေရေး၊ ကမ္ဘာ့ကူးစက်ရောဂါကြောင့် ဖြစ်ပေါ်လာမည့် လူမှုရေးနှင့် စီးပွားရေးထိခိုက်နစ်နာမှုများ ဖြေရှင်းရာတွင် ပူးပေါင်းဆောင်ရွက်မှုပိုမိုတိုးမြှင့်ရေး၊ အကျပ်အတည်းကာလတွင် အရေးကြီးသည့် ကုန်ပစ္စည်းများ၊ အထူးသဖြင့် ကျန်းမာရေးဆိုင်ရာ အရေးပေါ်အထောက်အကူပြုပစ္စည်းများ အဆင်ပြေချောမွေ့စွာ သယ်ယူပို့ဆောင်နိုင်ရေးအတွက် အဖွဲ့ဝင်နိုင်ငံများအကြား အပြန်အလှန် ကူညီပံ့ပိုးရေးနှင့် COVID-19 အလွန်ကာလအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်များ ရေးဆွဲရေး စသည့်ကိစ္စရပ်များတွင် အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

**ပါဝင်ဆွေးနွေး**

အာဆီယံအထူးထိပ်သီးအစည်းအဝေးနှင့် အာဆီယံအပေါင်းသုံး အထူးထိပ်သီးအစည်းအဝေးများတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ပါဝင်ဆွေးနွေးခဲ့ရာ၌ COVID-19 ရောဂါကာကွယ်တားဆီးရေး၊ ထိန်းချုပ်ရေးနှင့် ကုသရေးတို့တွင် မြန်မာအစိုးရက ဆောင်ရွက်နေသည့် အစီအမံများ၊ ကူးစက်ရောဂါကြောင့် ဖြစ်ပေါ်လာမည့် ကျန်းမာရေး၊ လူမှုရေးနှင့် စီးပွားရေးဆိုင်ရာ ထိခိုက်နစ်နာမှုများကို ကိုင်တွယ်ဖြေရှင်းရာတွင် အစိုးရအဖွဲ့တစ်ရပ်လုံး ပူးပေါင်းပါဝင်သည့် ချဉ်းကပ်မှုပုံစံဖြင့် တုံ့ပြန်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့် အစိုးရအနေဖြင့် ပြည်သူ့အင်အားကို စုစည်းရယူ၍ ပြည်သူများ၏ပူးပေါင်းပါဝင်မှု ရယူခြင်းနည်းလမ်းများဖြင့် ကြိုးပမ်းဆောင်ရွက်နေသည့် အခြေအနေများကို ရှင်းလင်းပြောကြားသည်။ ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က မိမိတို့၏အတွေ့အကြုံအရ P (၄)လုံးဖြစ်သည့် နိုင်ငံရေးဦးဆောင်မှု (Political leadership)၊ ကြိုတင်ကာကွယ်ရေးအစီအမံ (Preventive measures)၊ ပြည်သူတစ်ရပ်လုံး၏ ပူးပေါင်းပါဝင်မှု (Peoples' participation) နှင့် မိတ်ဖက်များ (Partners)၏ ကူညီပံ့ပိုးမှုတို့ကို အလေးထားဆောင်ရွက်ခြင်းသည် ကူးစက်ရောဂါထိန်းချုပ်ရေးနှင့် လူမှု-စီးပွားထိခိုက်နစ်နာမှု လျှော့ချရေးတို့အတွက် အရေးကြီးကြောင်း၊ မြန်မာနိုင်ငံ၏ COVID-19 ရောဂါ ကာကွယ်တားဆီးရေး၊ ထိန်းချုပ်ရေးနှင့် ကုသရေးတို့တွင် အကူအညီပေးကြသည့် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၊ အပေါင်းသုံးနိုင်ငံများနှင့် အခြားမိတ်ဖက်နိုင်ငံများအားလုံးအပေါ်တွင် ကျေးဇူးတင်ရှိကြောင်း ထည့်သွင်းပြောကြားသည်။


> **မိမိတို့၏အတွေ့အကြုံအရ P (၄)လုံးဖြစ်သည့် နိုင်ငံရေးဦးဆောင်မှု (Political leadership)၊ ကြိုတင်ကာကွယ်ရေးအစီအမံ (Preventive measures)၊ ပြည်သူတစ်ရပ်လုံး၏ ပူးပေါင်းပါဝင်မှု (Peoples' participation) နှင့် မိတ်ဖက်များ(Partners)၏ ကူညီပံ့ပိုးမှုတို့ကို အလေးထားဆောင်ရွက်ခြင်းသည် ကူးစက်ရောဂါထိန်းချုပ်ရေးနှင့် လူမှု-စီးပွားထိခိုက်နစ်နာမှုလျှော့ချရေးတို့အတွက် အရေးကြီး**

ဆက်လက်၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ကမ္ဘာ့ကူးစက်ရောဂါ၏ စိန်ခေါ်မှုများကို ရင်ဆိုင်ဖြေရှင်းကြရာတွင် အဖွဲ့ဝင်နိုင်ငံများအနေဖြင့် ရယူနိုင်သည့် အရင်းအမြစ်များနှင့် လက်ရှိပူးပေါင်းဆောင်ရွက်မှုယန္တရားများကို အပြည့်အဝအသုံးချရေး၊ အဖွဲ့ဝင်နိုင်ငံများရှိ ကျန်းမာရေးစနစ်များ၏ ကြိုတင်ပြင်ဆင်မှုနှင့် တုံ့ပြန်မှုစွမ်းဆောင်ရည်များ တိုးတက်ခိုင်မာစေရေး၊ COVID-19 ကြောင့် ဖြစ်ပေါ်လာမည့် လူမှု-စီးပွားဆိုင်ရာ ထိခိုက်နစ်နာမှုများကို လျှော့နည်းသက်သာစေရန်အတွက် ပူးပေါင်းဆောင်ရွက်ရေး၊ ပြည်သူများ၏ ကျန်းမာရေးနှင့် သာယာဝပြောရေးအတွက် အရေးကြီးသည့် ကျန်းမာရေးအထောက်အကူပြုပစ္စည်းများ၊ မရှိမဖြစ် ကုန်ပစ္စည်းများနှင့် ဝန်ဆောင်မှုများကို အဆင်ပြေချောမွေ့စွာ သယ်ယူပို့ဆောင်ရေး၊ အကျပ်အတည်းကာလတွင် ဒေသအတွင်းရှိ ရွှေ့ပြောင်းအလုပ်သမားများ၏ ကျန်းမာရေး၊ သာယာဝပြောရေးနှင့် ဘေးကင်းလုံခြုံစွာ သွားလာနေထိုင်နိုင်ရေးအတွက် သက်ဆိုင်ရာအိမ်ရှင်နိုင်ငံများက လုံလောက်သည့် အကူအညီများနှင့် ကျန်းမာရေးဆိုင်ရာ သတင်းအချက်အလက်များ ကူညီပံ့ပိုးပေးရေး၊ COVID-19 ဖြစ်ပွားနေသည့်ကာလတွင် ဒစ်ဂျစ်တယ်စီးပွားရေးနှင့် ဒစ်ဂျစ်တယ်ဘဏ္ဍာရေးလုပ်ငန်းများ ဖွံ့ဖြိုးရေးတို့အတွက် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုခိုင်မာစေရေး၊ COVID-19 ၏ စိန်ခေါ်မှုများ ရှိနေစေကာမူ အာဆီယံအသိုက်အဝန်းတည်ဆောက်ရေးကြိုးပမ်းမှုကို ပိုမိုခိုင်မာစေရေး စသည်တို့တွင် ပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးမြှင့်ရန်လိုအပ်ကြောင်း ထည့်သွင်းဆွေးနွေးခဲ့သည်။

**အတည်ပြုထုတ်ပြန်**

အာဆီယံအထူးထိပ်သီး အစည်းအဝေးတွင် COVID-19 ကူးစက်ရောဂါဆိုင်ရာ အာဆီယံ အထူးထိပ်သီးအစည်းအဝေး၏ ကြေညာစာတမ်း (Declaration of the Special ASEAN Summit on Coronavirus Disease 2019) ကို လည်းကောင်း၊ အာဆီယံအပေါင်းသုံး အထူးထိပ်သီးအစည်းအဝေးတွင် COVID-19 ကူးစက်ရောဂါဆိုင်ရာ အာဆီယံအပေါင်းသုံး အထူးထိပ်သီးအစည်းအဝေး၏ ပူးတွဲထုတ်ပြန်ချက် (Joint Statement of the Special ASEAN Plus Three (APT) Summit on Coronavirus Disease 2019) ကို လည်းကောင်း အသီးသီးအတည်ပြုထုတ်ပြန်ခဲ့သည်။

စာမျက်နှာ ၄ သို့ ☆




**○ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်မှ**

အင်းစိန်မှာ လူတစ်စု ရောဂါပိုးရှိကြောင်းသိရှိရမှုကအစ ချီပြီး ရန်ကုန်တိုင်းအစိုးရရဲ့ ထပ်ဆင့် လုပ်ဆောင်ချက်ကြောင့် ကျွန်မတို့ ပြည်သူတွေကြား စိတ်ဝမ်းကွဲကြရတာတွေဟာ အလွန်ဝမ်းနည်းစရာကောင်းပါတယ်။ ဒေါသတွေကို ဖျောက်ကြပါ။ COVID-19 ကာကွယ် ထိန်းချုပ်ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီဥက္ကဋ္ဌအနေနဲ့ ကျွန်မ ဒီကိစ္စကို မှန်ကန်မျှတအောင် ဖြေရှင်းဖို့ တာဝန်ယူပါမယ်။

ပြည်သူတွေက ကျွန်မတို့ အားလုံးရဲ့ ဘုံရန်သူဖြစ်တဲ့ COVID-19 ကို အောင်နိုင်ဖို့ကိုသာ ညီညီညွတ်ညွတ်နဲ့ လုပ်ကြပါ။ ယခုအချိန်မှာ အရေးကြီးဆုံး လိုအပ်ချက်တစ်ခုက quarantine ကိစ္စကို ထိထိရောက်ရောက် ဆောင်ရွက်ရေးပဲ ဖြစ်ပါတယ်။ အစိုးရဌာနတွေ၊ ဝန်ထမ်းတွေချည်းလုပ်ရတာ မနိုင်မနင်းဖြစ်နေပါတယ်။ မေတ္တာ၊ စေတနာ၊ သတ္တိတို့နဲ့ ဝိုင်းဝန်းကူညီကြတဲ့ လူငယ်တွေရဲ့ လုပ်အားက ကြီးမားတဲ့အထောက်အပံ့ဖြစ်ပါတယ်။ ဒီလို နိုင်ငံ့သားကောင်း သမီးကောင်းတွေကို အများကြီး ကျေးဇူးတင်ပါတယ်။

သင်္ကြန်ရေ မစိုရတဲ့ အတာပွဲမှာ မေတ္တာရေနဲ့ အေးကြပါစေ။

**ပြည်သူတွေက ကျွန်မတို့ အားလုံးရဲ့ ဘုံရန်သူဖြစ်တဲ့ COVID-19 ကို အောင်နိုင်ဖို့ကိုသာ ညီညီညွတ်ညွတ်နဲ့လုပ်ကြပါ။ ယခုအချိန်မှာ အရေးကြီးဆုံး လိုအပ်ချက်တစ်ခုက quarantine ကိစ္စကို ထိထိရောက်ရောက်ဆောင်ရွက်ရေးပဲ ဖြစ်ပါတယ်။ အစိုးရဌာနတွေ၊ ဝန်ထမ်းတွေချည်းလုပ်ရတာ မနိုင်မနင်းဖြစ်နေပါတယ်။ မေတ္တာ၊ စေတနာ၊ သတ္တိတို့နဲ့ ဝိုင်းဝန်းကူညီကြတဲ့ လူငယ်တွေရဲ့ လုပ်အားက ကြီးမားတဲ့အထောက်အပံ့ ဖြစ်ပါတယ်။ ဒီလို နိုင်ငံ့သားကောင်း သမီးကောင်းတွေကို အများကြီး ကျေးဇူးတင်ပါတယ်။**

---

☆ စာမျက်နှာ ၃ မှ

အာဆီယံအထူးထိပ်သီးအစည်းအဝေး၏ ကြေညာစာတမ်းတွင် အာဆီယံခေါင်းဆောင်များက COVID-19 ထိန်းချုပ်ရေးနှင့် ပြည်သူများကို အကာအကွယ်ပေးရေးအတွက် သတင်းအချက်အလက်များနှင့် တုံ့ပြန်ရေးအစီအမံများ အချိန်မီဖလှယ်ခြင်း၊ အတွေ့အကြုံနှင့် အလေ့အကျင့်ကောင်းများ မျှဝေခြင်း စသည်တို့မှတစ်ဆင့် ပြည်သူ့ကျန်းမာရေးပူးပေါင်းဆောင်ရွက်မှု အစီအမံများ တိုးတက်ခိုင်မာစေရန်၊ ရောဂါစမ်းသပ်ကိရိယာများနှင့် အကာအကွယ်ပစ္စည်းများအပါအဝင် ဆေးဝါးများ၊ ဆေးဘက်ဆိုင်ရာ အရေးပေါ်ပစ္စည်းများနှင့် အသုံးအဆောင်များ ကူညီပံ့ပိုးရေးတွင် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရန်၊ အဖွဲ့ဝင်နိုင်ငံများနှင့် ဒေသ၏ ကူးစက်ရောဂါ ကြိုတင်ပြင်ဆင်မှုနှင့် တုံ့ပြန်မှုစွမ်းရည်ကို တိုးမြှင့်ရန်၊ COVID-19 စုပေါင်းတိုက်ဖျက်ရာတွင် အခြားအာဆီယံအဖွဲ့ဝင်နိုင်ငံ (သို့မဟုတ်) တတိယနိုင်ငံတွင် ရောက်ရှိနေသော အာဆီယံနိုင်ငံသားများကို သင့်လျော်သည့် အကူအညီနှင့် အထောက်အပံ့များ ပေးအပ်သွားရန်၊ COVID-19 ကြောင့် ဖြစ်ပေါ်လာမည့် လူမှု-စီးပွားထိခိုက်နစ်နာမှုများကို လျော့ပါးသက်သာစေရန်အတွက် ပူးပေါင်းဆောင်ရွက်ရန်၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုအတွက် အာဆီယံ၏စျေးကွက်ကို ဖွင့်ထားပြီး စားနပ်ရိက္ခာ၊ ကုန်ပစ္စည်း၊ ဆေးဝါးနှင့် ဆေးဘက်ဆိုင်ရာ မရှိမဖြစ်ပစ္စည်းများ သယ်ယူပို့ဆောင်နိုင်ရန်အတွက် ဒေသတွင်းထောက်ပံ့မှုလမ်းကြောင်း ထိန်းသိမ်းထားရှိရေးကို ဆက်လက်ကတိပြုကြရန် ဆုံးဖြတ်ကြောင်း ဖော်ပြထားသည်။

**အပြန်အလှန်အကူအညီပေး**

အလားတူ အာဆီယံအပေါင်းသုံး အထူးထိပ်သီးအစည်းအဝေး၏ ပူးတွဲထုတ်ပြန်ချက်တွင် အာဆီယံအပေါင်းသုံး ခေါင်းဆောင်များက သတင်းအချက်အလက်များနှင့် တုံ့ပြန်မှုအစီအမံများ အချိန်မီဖလှယ်ခြင်း၊ အတွေ့အကြုံနှင့် အလေ့အကျင့်ကောင်းများ မျှဝေခြင်းနှင့် COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးတွင် နည်းပညာအကူအညီများ အပြန်အလှန်ပေးအပ်ခြင်းတို့ကို တိုးတက်ခိုင်မာစေရန်၊ အမျိုးသားအဆင့်နှင့် ဒေသဆိုင်ရာ၏ ကြိုတင်ပြင်ဆင်မှုနှင့် တုံ့ပြန်မှုစွမ်းဆောင်ရည် မြှင့်တင်ရန်၊ ကူးစက်ရောဂါနှင့် သက်ဆိုင်သည့် သုတေသနလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်မှုကို တိုးတက်ခိုင်မာစေရန်၊ ပြည်သူ့ကျန်းမာရေးကဏ္ဍ၏ စွမ်းရည်နှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အာဆီယံနှင့် အပေါင်းသုံးနိုင်ငံများအကြား အပြန်အလှန်အကူအညီပေးရေးကို အားပေးရန်၊ အခြားအဖွဲ့ဝင်နိုင်ငံများတွင် ရောက်ရှိနေသည့် အာဆီယံအပေါင်းသုံးအဖွဲ့ဝင်နိုင်ငံသားများကို သင့်လျော်သည့် အကူအညီနှင့် အထောက်အပံ့များ ပေးအပ်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရန် ဆုံးဖြတ်ကြောင်း ဖော်ပြထားသည်။

**ပါဝင်တက်ရောက်**

အဆိုပါ ထိပ်သီးအစည်းအဝေးများသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း၊ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်နှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးတို့ ပါဝင်တက်ရောက်ခဲ့ကြကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

**သတင်းစဉ်**

---

## နွေရာသီကာလ အပူရှိန်ပြင်းထန်ချိန်နှင့် COVID-19 ရောဂါဖြစ်ပေါ်နေချိန်တို့တွင် ပြည်သူများ သတိပြုလိုက်နာဆောင်ရွက်ရန် အသိပေးပန်ကြားခြင်း

မြန်မာနိုင်ငံတွင် COVID-19 ကပ်ရောဂါကူးစက်ပြန့်ပွားနေသည့် ယခုကာလ၌ ပူပြင်းခြောက်သွေ့သည့် နွေရာသီကာလသို့ရောက်ရှိလာပြီဖြစ်၍ အပူရှိန်ပြင်းထန်မှုနှင့်အတူ မီးလောင်ခြင်း၊ ရေတွင်းရေကန်များ ခန်းခြောက်မှုကြောင့် သောက်သုံးရေရှားပါးခြင်း၊ တစ်ခါတစ်ရံ လေပြင်းတိုက်၍ မိုးသီးကြွေခြင်းနှင့် အပူရှိန်မြင့်မားမှုကြောင့် ဖြစ်ပေါ်သည့် ကျန်းမာရေးဆိုင်ရာပြဿနာများ ပိုမိုခံစားရခြင်းနှင့် အသက်ဆုံးရှုံးသည်အထိ ဖြစ်ပွားနိုင်ပါသည်။

အပူရှိန်မြင့်မားသည့် နွေရာသီကာလတွင် ခန္ဓာကိုယ်အပူချိန်မြင့်တက်ခြင်း၊ ခေါင်းမူး၊ ခေါင်းကိုက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်းတို့ကို ခံစားရလေ့ရှိရာ ယခုကဲ့သို့ COVID-19 ရောဂါဖြစ်ပွားချိန်တွင် ပိုမိုသတိပြုနေထိုင်ရန်လိုအပ်ပြီး ပူပြင်းသည့်နွေရာသီနှင့် လိုက်လျောညီထွေနေထိုင်နိုင်ရန်လည်း လိုအပ်ပါသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေဖြင့် နွေရာသီကာလ အပူဒဏ်ခံစားရမှုများမှ လျော့နည်းသက်သာစေရန်အတွက် ယခင်နှစ်က အပူရှောင်စခန်းများ ဖွင့်လှစ်ပေးခဲ့ပြီး ယခုနှစ်တွင် COVID-19 ရောဂါကြောင့် လူစုလူဝေးများ မဖြစ်စေရေးအတွက် အပူရှောင်စခန်းများကို ဖွင့်လှစ်နိုင်ခြင်းမရှိသေးသော်လည်း သောက်သုံးရေများဖြန့်ဝေခြင်း၊ ရေတွင်း၊ ရေကန်ငယ်များတူးဖော်ပြုပြင်ပေးခြင်း၊ ရေသိုလှောင်ထိန်းသိမ်းနိုင်ရေးတို့အတွက် ဆောင်ရွက်ပေးလျက်ရှိရာ ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနအပါအဝင် အခြားဌာနအဖွဲ့အစည်းများကလည်း ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

လိုအပ်ပါက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ဖွင့်လှစ်ထားရှိသည့် Hot-Line ဖုန်းများဖြစ်သော ၀၆၇ ၃၄၀၄၆၆၆ နှင့် ၀၆၇၃၄၀၄၇၇၇ တို့ကို ဆက်သွယ် အကူအညီ တောင်းခံနိုင်ပါသည်။

**ပြည်သူများအနေဖြင့်လည်း ယခုကဲ့သို့ အပူရှိန်ပြင်းထန်ချိန်တွင် ဖော်ပါအချက်များကို သတိပြုလိုက်နာဆောင်ရွက်ရန် အသိပေးပန်ကြားအပ်ပါသည်။**

- အရိပ်ရ၍ အေးမြသော နေရာများတွင် နေပါ။
- အဆောက်အဦများ၌ လေဝင်လေထွက် ကောင်းမွန်စေရေးဆောင်ရွက်ပါ။
- ရေများများသောက်ပါ။
- နေပူထဲမှ ပြန်လာပြီး ချက်ချင်းရေချိုးခြင်းမှ ရှောင်ကြဉ်ပါ။
- အရောင်ဖျော့သည့် ပွပွချောင်ချောင်ချည်ထည်များ ဝတ်ဆင်ပါ။
- အပူရှိန်ပြင်းထန်သည့်အချိန်များတွင် ကလေးငယ်များ၊ သက်ကြီးရွယ်အိုများကို မော်တော်ကားအတွင်း၊ အလုံပိတ်ထားသည့်အခန်းများအတွင်း တစ်ဦးတည်းထားခဲ့ခြင်းမှ သတိပြုရှောင်ရှားပါ။
- နေ့လယ်နေ့ခင်းအချိန်များ၌ ကလေးငယ်များကို အဆောက်အဦများ၏ ပြင်ပနေရောင်ခြည်နှင့် တိုက်ရိုက်ထိတွေ့သောနေရာများတွင် လှုပ်ရှားကစားခြင်းမျိုး မပြုပါစေနှင့်။
- ပူပြင်းသောနေရောင်အောက်မှ အလွန်အေးသောအခန်းနှင့်ကားအတွင်းသို့ ချက်ချင်းဝင်ရောက်ခြင်း၊ အလွန်အေးသောအခန်းနှင့် ကားအတွင်းမှ ပူပြင်းသောနေရောင်ထဲသို့ ချက်ချင်းထွက်ခြင်းတို့ကို ရှောင်ရှားပါ။
- မလိုအပ်ပါက လျှပ်စစ်မီးလုံး၊ မီးချောင်းများ ဖွင့်ထားခြင်းမပြုပါနှင့်။
- ပူပြင်းခြောက်သွေ့မှုလွန်ကဲသောကြောင့် ဖြစ်ပေါ်တတ်သည့်မီးဘေးအန္တရာယ်ကို သတိပြုပါ။
- မလိုအပ်ဘဲ ရေများ လေလွင့်ပြုန်းတီးမှုမရှိစေရေး အထူးသတိပြုဆောင်ရွက်ပါ။
- ထိခိုက်လွယ်သည့် သက်ကြီးရွယ်အိုများ၊ ကလေးသူငယ်များကို COVID-19 ရောဂါကူးစက်ပျံ့နှံ့နေချိန် အပူရှိန်ပြင်းထန်သည့်ကာလတွင် ပိုမိုထိခိုက်ခံစားရခြင်းနှင့် အသက်ဆုံးရှုံးခြင်းများမရှိစေရန် အိမ်ထဲ၌သာနေစေခြင်းဖြင့် ကာကွယ်စောင့်ရှောက်ပါ။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

## ခိုင်မာသော ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့် အချိန်အခါဖြစ်

**ယနေ့ကာလသည် အတိတ်သမိုင်းကို သင်ခန်းစာယူကာ သံသယနှင့် ပဋိပက္ခများ ကင်းစင်ပပျောက်ပြီး ရေရှည်တည်တံ့သည့် စစ်မှန်သော ငြိမ်းချမ်းရေးရရှိရန် တိုင်းရင်းသားညီအစ်ကို မောင်နှမများအားလုံး တစ်ဦးနှင့်တစ်ဦး နားလည်မှု၊ ယုံကြည်မှုရရှိရေးအတွက် ခိုင်မာသော ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့် အချိန်အခါဖြစ်ပါသည်။ ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံ အစည်းအဝေးများကို သုံးကြိမ်အထိ အောင်မြင်စွာကျင်းပနိုင်ခဲ့ပြီး ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်နိုင်ရေးအတွက် လိုအပ်သော သဘောတူညီချက်အချို့ကိုလည်း ရရှိထားပါသည်။ တိုင်းရင်းသားပြည်သူများ မျှော်လင့်တောင့်တလျက်ရှိသည့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီးပေါ်ထွန်းလာရေးအတွက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအား စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။**

*[နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၏ ၄-၁-၂၀၂၀ ရက်နေ့တွင် (၇၂) နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားသို့ ပေးပို့သော သဝဏ်လွှာမှ ကောက်နုတ်ချက်]*



# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး IDP စခန်းများနှင့် တိုက်ပွဲရှောင်စခန်းများအတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ရေး ဆောင်ရွက်ထားရှိမှုများ ညှိနှိုင်းဆွေးနွေး

**နေပြည်တော် ဧပြီ ၁၄**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် IDP စခန်းများနှင့် တိုက်ပွဲရှောင်စခန်းများအတွင်း နေထိုင်ကြသည့် ပြည်တွင်းနေရပ်စွန့်ခွာသူများအတွက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ရေး ဆောင်ရွက်ထားရှိမှုများ ညှိနှိုင်းဆွေးနွေးခြင်းကို ယနေ့ မွန်းလွဲပိုင်းက တာဝန်ရှိသူများနှင့် Video Conference ပြုလုပ်သည်။



**အားသွန်ခွန်စိုက်ကြိုးပမ်း**

ညှိနှိုင်းဆွေးနွေးရာ၌ ပြည်ထောင်စုဝန်ကြီးက မိမိတို့ဝန်ကြီးဌာနအနေဖြင့် ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကရင်ပြည်နယ် လေးခုရှိ IDP စခန်းများနှင့် တိုက်ပွဲရှောင်စခန်းများအတွင်းနေထိုင်ကြသည့် ပြည်တွင်းနေရပ်စွန့်ခွာသူများအတွက် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးနှင့် တုံ့ပြန်ရေးအတွက် ကြိုတင်ပြင်ဆင်ရေးစီမံချက်ကိုရေးဆွဲခဲ့ပြီး ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီ၏ အတည်ပြုချက်ကိုလည်း ရရှိပြီးဖြစ်ကြောင်း၊ ကုလသမဂ္ဂ လူသားချင်းစာနာထောက်ထားမှုအဖွဲ့အစည်းများနှင့်လည်း စီမံချက်နှင့်ပတ်သက်၍ ညှိနှိုင်းဆွေးနွေးထားပြီးဖြစ်ကြောင်း၊ စီမံချက်အရလုပ်ငန်းများ အကောင်အထည်ဖော်ရာတွင် ဘဏ္ဍာငွေကုန်ကျစရိတ်ကိုစိစစ်ပြီး ဖြည့်ဆည်းပေးသွားမည်ဖြစ်ပါကြောင်း၊ သက်ဆိုင်ရာဒေသများအလိုက် မြေပြင်တွင် အကောင်အထည်ဖော်ဆောင်ရွက်နေကြသော ဝန်ထမ်းများအနေဖြင့်လည်း လုပ်ငန်းတာဝန်များ များပြားသော်လည်း ယခုကာလအတွင်း အားသွန်ခွန်စိုက်ကြိုးပမ်းပေးကြစေလိုကြောင်း၊ IDP စခန်းများနှင့် တိုက်ပွဲရှောင်စခန်းများအတွင်းနေထိုင်ကြသည့် ပြည်တွင်းနေရပ်စွန့်ခွာသူများအတွက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးနှင့် တုံ့ပြန်ရေး လက်ရှိလုပ်ငန်းဆောင်ရွက်မှုများကို နေ့စဉ်သတင်းပေးပို့ကြရန်နှင့် လုပ်ငန်းများအလိုက်အကောင်အထည်ဖော်ရာတွင် လိုအပ်ချက်များကို ဆွေးနွေးပေးကြရန် ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးစိုးအောင်က IDP စခန်းများနှင့် တိုက်ပွဲရှောင်စခန်းများအတွင်း နေထိုင်ကြသည့် ပြည်တွင်းနေရပ်စွန့်ခွာသူများအတွက် ကိုဗစ်-၁၉ ရောဂါကူးစက်ပြန့်ပွားခြင်းမှ ကာကွယ်တားဆီးနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ရေးစီမံချက်ကို စီမံခန့်ခွဲမှုအကောင်းဆုံးနှင့် မြန်မြန်ဆန်ဆန် အကောင်အထည်ဖော်ကြရမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် ညွှန်ကြားရေးမှူးချုပ်များက စီမံချက်ပါလုပ်ငန်းစဉ်များကို ပြည်နယ်များအလိုက် လိုအပ်ချက်များ ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးလျက်ရှိသည့် အခြေအနေများကို တင်ပြဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့ရှိ IDP စခန်းများနှင့် တိုက်ပွဲရှောင်စခန်းများအတွင်း လက်ရှိဆောင်ရွက်ပေးနေသည့် အသိပညာပေးလုပ်ငန်းများ၊ စခန်းများတွင် လုံလောက်သော ရေ၊ ဆပ်ပြာနှင့် လက်ဆေးရန်နေရာများ စီစဉ်ဆောင်ရွက်ပေးရေးအခြေအနေ၊ အနီးအောက်ရောင်ခြည် ကိုယ်အပူချိန်တိုင်းကိရိယာများ လုံလောက်စွာရရှိရေးနှင့် ကျန်းမာရေးစစ်ဆေးခြင်းတို့ ဆောင်ရွက်နိုင်ရေးအခြေအနေ၊ ကိုဗစ်-၁၉ ရောဂါ လက္ခဏာများ တွေ့ရှိရပါက ဆောင်ရွက်ရမည့် လူနာညွှန်းပို့ခြင်းလုပ်ငန်းစဉ် ရေးဆွဲထားသည့် အခြေအနေ၊ ခွဲစိတ်ခန်းသုံး ပါးစပ်နှင့် နှာခေါင်းစည်း (သို့မဟုတ်) အဝတ်ဖြင့်ချုပ်ထားသည့် ပါးစပ်နှင့် နှာခေါင်းစည်းများ ပေးဝေရေး၊ စားရေရိက္ခာပံ့ပိုးထောက်ပံ့မှု အခြေအနေများကို ပြည်နယ်အသီးသီးက တင်ပြကြရာ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် ညွှန်ကြားရေးမှူးချုပ်များက ဆက်လက်ဆောင်ရွက်ရန်ကိစ္စရပ်များ၊ လိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်ရန်တို့ကို ပြန်လည်ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# လယ်ဝေးမြို့နယ်ရှိ အခြေခံလူတန်းစား အိမ်ထောင်စုများထံ အခြေခံစားကုန်(၅)မျိုး အိမ်အရောက်ပို့စနစ်ဖြင့် ထောက်ပံ့

**နေပြည်တော် ဧပြီ ၁၄**

နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ်ရှိ အခြေခံလူတန်းစား အိမ်ထောင်စုများအား အခြေခံစားကုန်(၅)မျိုးကို ဧပြီ ၁၀ ရက်မှ စတင်ထောက်ပံ့ပေးအပ်လျက်ရှိရာ ယနေ့တွင်လည်း အိမ်အရောက်ပို့စနစ်ဖြင့် ဆက်လက်ထောက်ပံ့ပေးအပ်လျက်ရှိကြောင်း လယ်ဝေးမြို့နယ် အုပ်ချုပ်ရေးမှူး ဦးထွန်းရွှေထံမှ သိရသည်။

ဦးထွန်းရွှေက "လယ်ဝေးမြို့နယ်မှာ ဧပြီ ၁၀ ရက်ကနေ စားကုန်(၅)မျိုးကို ဖြန့်ဝေခဲ့တာ ဒီနေ့ထိအိမ်ထောင်စုနှစ်သောင်းခန့်ကို ဖြန့်ဝေခဲ့ပြီးဖြစ်ပါတယ်။ ဧပြီ ၁၆ ရက်မှာ အပြီးဖြန့်ဝေနိုင်ဖို့ စီစဉ်ထားပါတယ်။ ဖြန့်ဝေရာမှာ စနစ်တကျရှိရေးအတွက် ကျေးရွာအုပ်စုအသီးသီးမှာ ဖြန့်ဝေရေးအဖွဲ့ ဖွဲ့ထားပါတယ်။ အဲဒီအဖွဲ့တွေကနေ ရောဂါကြိုတင်ကာကွယ်နိုင်ရေးအတွက် အိမ်တိုင်ရာရောက် လိုက်လံဖြန့်ဝေပေးပါတယ်။ တချို့ကျေးရွာတွေမှာ ကားအခက်အခဲကြောင့် အိမ်အရောက်မပို့နိုင်ရင် လူစုလူဝေးမဖြစ်အောင် တစ်သုတ်ချင်းအလိုက် တစ်ဦးကိုခြောက်ပေထိခွာပြီးတော့ ဖြန့်ဝေပေးပါတယ်။ အလေအလွင့်မရှိအောင်နဲ့ အဂတိလိုက်စားမှုမဖြစ်အောင် စနစ်တကျအဖွဲ့တွေ ဖွဲ့ထားပြီး သေချာဖြန့်ဝေပေးပါတယ်"ဟု ပြောသည်။

လယ်ဝေးမြို့နယ်တွင် ကာယလုပ်သား၊ ပို့ဆောင်ရေးလုပ်သား၊ ခေါင်းရွက်ဗျပ်ထိုးလုပ်သား၊ လယ်လုပ်သား စာရင်းငှားနှင့် ကျူးကျော်အိမ်ထောင်စု စသည့် အခြေခံလူတန်းစား အိမ်ထောင်စု ၃၈၄၉၈ စုအား နိုင်ငံတော်မှ ထောက်ပံ့သည့် ဆန်၊ ဆီ၊ ဆား၊ ကြက်သွန်နှင့် ပဲတို့ကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးနည်းလမ်းအတိုင်း လူစုလူဝေးမဖြစ်အောင် အိမ်အရောက်ပို့စနစ်ဖြင့် ဖြန့်ဝေပေးလျက်ရှိကြောင်း သိရသည်။

အလားတူ ပျဉ်းမနားမြို့ ရွှေချီရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးအောင်မြင့်က "ကျွန်တော့်ရပ်ကွက်မှာ ပုံမှန်ဝင်ငွေမရှိတဲ့ အခြေခံလူတန်းစားတွေကို နယ်မြေအလိုက် ငါးဦးကော်မတီဖွဲ့ပြီး မြေပြင်ကွင်းဆင်း စာရင်းကောက်ယူခဲ့ပါတယ်။ တချို့သောသူတွေကလည်း စားနိုင်သောက်နိုင်ပြီး အခြေခံလူတန်စားမဟုတ်ဘဲ ထောက်ပံ့တာကို လိုချင်တာတွေရှိတဲ့အတွက် သူတို့တွေကို နားလည်အောင် ရှင်းပြပေးရတာတွေရှိပါတယ်။ စားကုန်(၅)မျိုး ဖြန့်ဝေရာမှာလည်း ကိုဗစ် -၁၉ ရောဂါကာကွယ်တဲ့အနေနဲ့ ရပ်ကွက်ရုံးကတည်းက အထုပ်တွေကို သေချာထုပ်တယ်။ နယ်မြေအလိုက်ကားနဲ့သယ်ပြီး အိမ်တိုင်ရာရောက်စနစ်နဲ့ ဖြန့်ဝေပေးပါတယ်။ အခုလိုအခြေခံလူတန်းစားအားလုံးကို နိုင်ငံတော်က ထောက်ပံ့ပေးတဲ့အတွက် ကျွန်တော်တို့လို တာဝန်ရှိသူတွေအနေနဲ့ ပင်ပန်းရပေမယ့် သာမန်လက်လုပ်လက်စားပြည်သူတွေ ပျော်ရွှင်တာမြင်ရတဲ့အတွက် ဝမ်းသာပီတိဖြစ်ရပါတယ်"ဟု ပြောသည်။

ပျဉ်းမနားမြို့ ရွှေချီရပ်ကွက်မှ မအေးအေးအောင်က "ကျွန်မက အဝတ်လျှော်တဲ့ အလုပ်လုပ်တယ်။ အခုက အလုပ်နားနေရတယ်။ အခုဖြစ်နေတဲ့ ကပ်ရောဂါနဲ့ပတ်သက်ပြီး



မိသားစုတွေ အိမ်မှာနေရမယ်။ လက်မကြာခဏ ဆေးပေးရမယ် ဆိုတာသိထားပါတယ်။ မိသားစုက လေးယောက်ရှိတော့ အစိုးရက ထောက်ပံ့တာက ကျွန်မတို့အတွက် ရက် ၂၀ လောက်လုံလောက်ပါမယ်။ အခုလို ထောက်ပံ့ပေးတဲ့အတွက် တာဝန်ရှိသူတွေကို ကျေးဇူးတင်ပါတယ်" ဟု ပြောသည်။

နေပြည်တော်ကောင်စီနယ်မြေအပါအဝင် တစ်နိုင်ငံလုံးရှိ အခြေခံလူတန်းစားအိမ်ထောင်စုများကို နိုင်ငံတော်က အခြေခံစားသောက်ကုန်(၅)မျိုးကို ထောက်ပံ့ပေးလျက်ရှိသည့်အပြင် ပရဟိတအဖွဲ့များနှင့် စေတနာရှင်ပြည်သူများကလည်း နိုင်ငံအတွင်းရှိ အခြေခံလူတန်းစား ပြည်သူများအား စားသောက်ကုန်များကို သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ပေါင်းစပ်ကာ လိုက်လံလှူဒါန်းလျက်ရှိကြောင်း သိရသည်။

**သတင်း-ဟန်လင်းနိုင်၊ ဓာတ်ပုံ-ထန်းဖုန်**

# ကိုဗစ် -၁၉ နှင့် နေအိမ်တွင် နေထိုင်ခြင်း

မောင်မင်းထင်(မြစ်ဝကျွန်းပေါ်)

ကိုဗစ်-၁၉ သည် ကိုရိုနာဗိုင်းရပ်စ်အမျိုးအစားတွင် ပါဝင်သော်လည်း မျိုးရိုးဗီဇအရ ရောဂါပိုးအသစ် ဖြစ်ပါသည်။ လူထုတွင်း ရောဂါပိုးဝင်ရောက်ပြီး ကူးစက်မှုဖြစ်ပွားပါက ၈၀ ရာခိုင်နှုန်းသည် မပြင်းထန်သောသာမန်ရောဂါလက္ခဏာပြသူများနှင့် အချို့မှာ ပိုးရှိသော်လည်း ရောဂါလက္ခဏာမပြသူများ ဖြစ်ကြပါသည်။ ၁၄ ရာခိုင်နှုန်းမှာ ရောဂါပြင်းထန်ပြီး ခြောက်ရာခိုင်နှုန်းခန့်မှာ အသည်းအသန်ရောဂါပြင်းသူများ ဖြစ်နိုင်ပါသည်။ တွေ့ရှိချက်များအရ အသည်းအသန်ရောဂါပြင်းသူများနှင့် သေဆုံးသူများမှာ အများအားဖြင့် အသက်ကြီးသူများ ဖြစ်ကြပါသည်။ ထို့အပြင် ကိုဗစ်-၁၉ မှာ တစ်ချိန်တည်း၊ တစ်ပြိုင်တည်း လူနာအစုအပြုံလိုက် ကူးစက်မှု များပြားလာလေလေ၊ သေဆုံးမှုနှုန်း များပြားလာလေလေ ဖြစ်ပါသည်။ မိမိနိုင်ငံအလိုက် ကျန်းမာရေးစနစ်အပေါ်မူတည်၍ ရောဂါပြင်း လူနာများအား နိုင်နိုင်နင်းနင်း ကိုင်တွယ်ကုသနိုင်သည့် အရေအတွက်ပမာဏထက် လူနာပိုများလေလေ၊ သေဆုံးမှုများလေလေ ဖြစ်ပါသည်။ ထို့အတွက်ကြောင့် တစ်ချိန်တည်းတွင် လူနာအများအပြား၊ အဆမတန်၊ မဖြစ်ပွားစေရန် ကာကွယ်ထိန်းချုပ်ရေးသည် အလွန်ပင် အရေးကြီးပါသည်။

မိမိတို့နိုင်ငံတွင် ၂၃-၃-၂၀၂၀ ရက်နေ့၌ ပြည်ပမှပြန်လာသော အမျိုးသား နှစ်ဦးတွင် ရောဂါပိုး စတင်တွေ့ရှိခဲ့သည်။ တဖြည်းဖြည်းဖြင့် ရောဂါပိုးတွေ့သူဦးရေများလာပြီ ဖြစ်သည်။ မည်သည့်အချိန်၌ အဓိကကူးစက်မှုအသွင်ရောက်ရှိလာမည်ကို အခြားနိုင်ငံများ၏ ဖြစ်စဉ်အရ ခန့်မှန်းရပါက ရက်ပေါင်း ခြောက်ဆယ်ခန့် ကြာနိုင်မည်ဟု ခန့်မှန်းရပါသည်။ အဘယ်ကြောင့်ဆိုလျှင် လူနာ နံပါတ် (၁) တွေ့ရသည့်အချိန်မှ ကပ်ရောဂါအသွင်စတင်များပြားလာသည့်အချိန်အထိ တောင်ကိုရီးယားတွင် ရက်ပေါင်း ၃၀ ကြာပြီး ထိုင်းနိုင်ငံတွင် ရက်ပေါင်း ၅၈ ရက် ကြာပါသည်။ ကြာမြင့်မှု နည်းခြင်း၊ များခြင်းမှာ ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ ပြည့်ပြည့်ဝဝ ဆောင်ရွက်နိုင်မှုအပေါ်တွင်လည်း မူတည်ပါသည်။

ကိုဗစ်-၁၉ သည် ကူးစက်မြန်ရောဂါဖြစ်သော်လည်း ဝက်သက်ရောဂါလောက် မမြန်ဆန်ပါ။ ဝက်သက်ရောဂါပိုး၏ အခြေခံကူးစက်ပြန့်ပွားနှုန်းမှာ ၁၈ အထိ မြင့်မားပါသည်။ ဆိုလိုသည်မှာ ရောဂါပိုးကို ခုခံနိုင်သည့် ခုခံအားမရှိသည့် လူစုတွင် ပိုးရှိသူ တစ်ဦးမှ အခြားလူ ၁၈ ဦးသို့ ကူးစက်နိုင်ခြင်း ဖြစ်ပါသည်။ ကိုဗစ်-၁၉ ရောဂါပိုး၏ အခြေခံကူးစက်ပြန့်ပွားနှုန်းမှာ နှစ်ဦး၊ သုံးဦး ခန့်သာရှိပါသည်။ လူနာ တစ်ဦးမှ အခြားလူ နှစ်ဦးမှ၊ သုံးဦးခန့်သို့သာ ကူးစက်နိုင်ပါသည်။ ထို့အတွက် ရောဂါပိုးနှင့်ထိတွေ့နိုင်မှု အနည်းဆုံးဖြစ်စေရေးအတွက် ထိတွေ့ဆက်ဆံမှုကန့်သတ် သောနည်းလမ်းကို ပြည့်ပြည့်ဝဝ ဆောင်ရွက်ပါလျှင် ရောဂါကူးစက်မှုကို များစွာမမြင့်တက်စေဘဲ ဖြစ်ပွားမှုကာလကို အနည်းငယ်ဆွဲဆန့်ခြင်းဖြင့် ထိန်းချုပ်ထားနိုင်မည်ဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုမှာ ပြည်ပမှပြန်လာသူများမှ စတင်တွေ့ရှိခြင်း ဖြစ်ပါသည်။ ထို့အပြင်ရောဂါရှိသူများနှင့် ထိတွေ့ဆက်ဆံသူများလည်း ရောဂါကူးစက်ခံရသည်များ ရှိလာပြီဖြစ်သည်။ ထို့ကြောင့် အကြောင်းအမျိုးမျိုးဖြင့် ပြည်ပမှ ပြန်လာသူများကို ရောဂါရှိ၊ မရှိ ကန့်သတ်စောင့်ကြည့်မှု Quarantine လုပ်ကြသည်။

**ယခုအချိန်တွင် ရောဂါပြန့်ပွားမှုနည်းရန်အတွက် မိမိအိမ်တွင် နေထိုင်သည့် နည်းလမ်းကို သုံးစွဲလျက်ရှိရာ စိတ်ဓာတ်ခွန်အားပြည့်ဝရန်လိုပါသည်။ မြစ်ရေစီးတစ်ခုတွင် ရေစုန်အတိုင်း အလိုက်သင့်မျောပါသွားလျှင် သက်သောင့်သက်သာ ရှိမည်သာ ဖြစ်သည်။ ရေဆန် (သို့မဟုတ်) ကန့်လန့်ဖြတ်ဖြစ်နေလျှင် အခက်အခဲဖြစ်မည်သာလျှင် ဖြစ်သည်။ ယခုအချိန်ကာလတွင် ယခင်ကာလများကကဲ့သို့ လွတ်လွတ်လပ်လပ်နေထိုင်သွားလာခြင်း မပြုရသည့်အတွက် ခက်ခဲပင်ပန်းမည်။ သို့သော် စိတ်ဓာတ်ခွန်အားဖြင့် တွေ့ကြုံရမည့် အခက်အခဲကို ရင်ဆိုင်တွန်းလှန်ရမည်ဖြစ်**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနကလည်း ရောဂါကာကွယ်ရေးဆိုင်ရာ ကျန်းမာရေးပညာပေး အချက်အလက်များကို ထုတ်ပြန်ပြီး အတိအကျလိုက်နာဆောင်ရွက်ရန်နှင့် မိမိသာမက မိမိ၏မိသားစုနှင့် ပတ်ဝန်းကျင်မှ လူများအတွက်ပါ ရောဂါကူးစက်မှုမရှိစေရေး ပူးပေါင်းဆောင်ရွက်ပေးရန် အသိပေးနှိုးဆော်ထားပါသည်။ လက်ရှိတွင် ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန် လူစုလူဝေးဖြစ်နိုင်သည့် မည်သည့်အခြေအနေမဆို တားမြစ်ထားပါသည်။ သင်္ကြန်ရုံးပိတ်ရက်များတွင် ပြည်သူများက နေအိမ်၌သာ နေထိုင်ကြရန် လိုအပ်ပါသည်။ ဤသို့ ဆောင်ရွက်ခြင်းများမှာ နိုင်ငံအတွင်း ရောဂါကူးစက်ပျံ့နှံ့မှုကို ဟန့်တားနိုင်ရန်အတွက် ရည်ရွယ်လုပ်ဆောင်နေခြင်းပင် ဖြစ်ပါသည်။

ပြည်သူများအနေဖြင့် ကျန်းမာရေးကိစ္စနှင့် အစားအသောက်ဝယ်ယူရန်ကိစ္စမှအပ မိမိအိမ်တွင် နေထိုင်ခြင်းများ ပြုလုပ်သင့်ပါသည်။ ကိုယ်ဖြစ်လျှင် ကိုယ်ခံရမည်ဖြစ်သော်လည်း ကိုဗစ်-၁၉ ရောဂါဖြစ်လျှင် ကိုယ်ဖြစ်သော်လည်း ကိုယ်ချည်းသာမကဘဲ အများခံရသည့် ရောဂါဖြစ်သည်။ မိမိတွင် မိသားစု၊ ဆွေမျိုး အသိုင်းအဝိုင်း၊ မိတ်ဆွေအသိုင်းအဝိုင်းရှိသည်ကို သတိချပ်ရပါမည်။ မိမိအပေါင်းအသင်း ပတ်ဝန်းကျင်ကောင်းများလည်း ရှိသည်မဟုတ်ပါလား။ ဤသည်တို့ကို ငဲ့ညှာရမည်။ ညှာတာထောက်ထားကြရမည်။ ထို့အတွက် မိမိအနေဖြင့် သတိထားဆင်ခြင်ရမည်။ ရောဂါမဖြစ်စေရေးအတွက် ကာကွယ်ရမည်ဟူ၍ မှတ်ယူရမည်။ ရောဂါကူးစက်မပြန့်ပွား စေရေးအတွက် ထိန်းချုပ်ရမည်ဖြစ်ကြောင်းကို သုံးသပ်ဆင်ခြင်စဉ်းစားရမည် ဖြစ်ပါသည်။

ကိုဗစ်-၁၉ ရောဂါပြဿနာအတွက် ဖြေရှင်းရန်မှာ ပထမအဆင့်၌ ကာကွယ်နည်းဖြစ်သည်။ မဖြစ်ပွားအောင် ဘယ်လိုကာကွယ်ရမည်ကို စဉ်းစားထားရမည်။ ကျန်းမာရေးဌာနက ထုတ်ပြန်ထားသည့် ကာကွယ်နည်းလမ်းများအတိုင်း လိုက်နာဆောင်ရွက်နိုင်ရန် ကြိုးစားရမည် ဖြစ်သည်။ ကြိုးစားအားထုတ်၍ ကြိုတင်ကာကွယ်ထားပါလျက် ရောဂါဖြစ်ပွားလာပါကလည်း အကြောက်မလွန်ရန် လိုပါသည်။ ထိုအခါ ဒုတိယအဆင့်အနေဖြင့် ရောဂါဖြစ်ပွားလာပါက ဘယ်လိုရင်ဆိုင်ရမည်ဆိုသည်ကို ကြိုတင်စဉ်းစားထားရမည် ဖြစ်သည်။ မိမိအတွက် အစားအသောက်၊ အနေအထိုင် ဆင်ခြင်ခြင်း၊ ကုသပေးသူ၏ လမ်းညွှန်ချက်များအတိုင်း တစ်သဝေမတိမ်းလိုက်နာခြင်း ပြုရမည်ဖြစ်ပါသည်။ တတိယအဆင့်အနေဖြင့် မိမိမှာ ဖြစ်ပွားနေသောရောဂါကို အမြန်ဆုံးပျောက်ကင်းအောင် နည်းလမ်းများ ရွေးချယ်၍ လိုက်နာဆောင်ရွက်ရမည် ဖြစ်ပါသည်။ သို့မှသာလျှင် ရောဂါဖြစ်ပွားခြင်းဟူသည့် အခက်အခဲကို အောင်မြင်စွာဖြတ်ကျော်နိုင်မည် ဖြစ်ပါသည်။ ရောဂါပျောက်ကင်းလျက် ကျန်းမာခြင်းဟူသည့် အောင်မြင်ခြင်းကို ရယူလျက် အဆုံးသတ်နိုင်အောင် ကြိုးစားရမည် ဖြစ်ပါသည်။ ဆိုရပါလျှင် ရောဂါဖြစ်ပွားခြင်းဟူသော ပြဿနာနှင့် ရောဂါပျောက်ကင်းရန် ဆောင်ရွက်ရမည့် နည်းလမ်းသည် အကြွေစေ့တစ်စေ့၏ ခေါင်းနှင့်ပန်းကဲ့သို့ပင် ဖြစ်ပါသည်။ ပြဿနာသည် ခေါင်းဖြစ်ပါက နည်းလမ်းသည် ပန်း ဖြစ်ပါသည်။ ခေါင်းပျောက်သွားပါက ပန်းသာ ပေါ်လာရမည်ဖြစ်သည်။ ပြဿနာ ရှင်းလင်းသွားပါက ဖြေရှင်းသောနည်းလမ်းသည် မှန်ကန်နေပြီ ဖြစ်ပါသည်။ ရောဂါမှ ပျောက်ကင်းချမ်းသာသွားပါက ရောဂါကုသမှုနည်းလမ်းသည် မှန်ကန်သည့်နည်းလမ်းပင် ဖြစ်ပါသည်။

မိမိတို့နိုင်ငံသည် ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုမှာ နောက်ကျခဲ့ခြင်းဖြစ်ရာ အခြားနိုင်ငံများ၏ ရောဂါကုသမှု၊ ကာကွယ်မှု နည်းလမ်းများထဲမှ မိမိတို့နိုင်ငံနှင့် လိုက်လျောညီထွေမည့် နည်းလမ်းများကို ရယူနိုင်လေသည်။ ယခုအချိန်တွင် ရောဂါပြန့်ပွားမှု နည်းရန်အတွက် မိမိအိမ်တွင်နေထိုင်သည့်နည်းလမ်းကို သုံးစွဲလျက်ရှိရာ စိတ်ဓာတ်ခွန်အားပြည့်ဝရန် လိုပါသည်။ မြစ်ရေစီးတစ်ခုတွင် ရေစုန်အတိုင်း အလိုက်သင့် မျောပါသွားလျှင် သက်သောင့်သက်သာရှိမည်သာ ဖြစ်သည်။ ရေဆန် (သို့မဟုတ်) ကန့်လန့်ဖြတ် ဖြစ်နေလျှင် အခက်အခဲဖြစ်မည်သာလျှင် ဖြစ်သည်။ ယခုအချိန်ကာလတွင် ယခင်ကာလများကကဲ့သို့ လွတ်လွတ်လပ်လပ် နေထိုင်သွားလာခြင်းမပြုရသည့်အတွက် ခက်ခဲပင်ပန်းမည်။ သို့သော် စိတ်ဓာတ်ခွန်အားဖြင့် တွေ့ကြုံရမည့် အခက်အခဲကို ရင်ဆိုင်တွန်းလှန်ရမည် ဖြစ်သည်။ ယခင်ကကဲ့သို့ နေထိုင်ခဲ့ခြင်းတည်းဟူသော ရေစုန်ကိုမလိုက်ဘဲ၊ အိမ်တွင် နေထိုင်ခြင်းဟူသော ရေဆန်ကိုသွားလျက် ကိုဗစ်-၁၉ ဟူသော ကပ်ရောဂါဆိုး၏အန္တရာယ်ကို တွန်းလှန်ခြေဖျက်ကြပါစို့ဟု တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

# ညောင်ဦးမြို့နယ်တွင် ပုံမှန်ဝင်ငွေမရှိသော အိမ်ထောင်စုများအား စားသောက်ကုန်ပစ္စည်း (၅) မျိုး လက်ဝယ်အရောက်ပေးအပ်



**ညောင်ဦး မေ ၁၄**

နိုင်ငံတော်အစိုးရ၏ ထောက်ပံ့ကူညီမှုဖြင့် မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်နှင့် ငါ့သရောက်မြို့တို့တွင် ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစား အိမ်ထောင်စုများအား ထောက်ပံ့ရေးပစ္စည်း (၅) မျိုးတို့ကို မြို့နယ်တာဝန်ရှိသူများနှင့် ရပ်ကွက်ကျေးရွာများမှ တာဝန်ရှိသူများက ယမန်နေ့နံနက်ပိုင်းမှ စတင်၍ ထောက်ပံ့ရေးပစ္စည်း အခြေခံစားသောက်ကုန်များ လက်ဝယ်အရောက် ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

ထောက်ပံရေးပစ္စည်းများ ပေးအပ်ရာတွင် ညောင်ဦးမြို့နယ်နှင့် ငါ့သရောက်မြို့ ရပ်ကွက် ကျေးရွာအုပ်စုပေါင်း ၉၂ အုပ်စု၊ ပုံမှန်ဝင်ငွေမရှိသော အိမ်ထောင်စုပေါင်း ၃၁၁၄၁ စုတို့အတွက် အိမ်ထောင်တစ်စုလျှင် ဆန် (၈) ပြည်၊ ဆီ (၅၀) ကျပ်သား၊ ဆား (၅၀) ကျပ်သား၊ ကုလားပဲ ၁ ပိဿာနှင့် ကြက်သွန် (၁) ပိဿာ စုစုပေါင်း ထောက်ပံ့ရေးပစ္စည်း (၅) မျိုးကို ညောင်ဦးမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစော၊ ကျောက်ပန်းတောင်း၊ ညောင်ဦး၊ ငါ့သရောက်မြို့များမှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်တုတ်၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမြင့်ခိုင်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမြင့်စိန်၊ ညောင်ဦးခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်အုန်း၊ ညောင်ဦးမြို့နယ် အုပ်ချုပ်ရေးမှူး ဦးမြင့်ထွန်းနှင့်ခရိုင်အဆင့်၊ မြို့နယ်အဆင့် တာဝန်ရှိသူများနှင့် ရပ်ကွက်ကျေးရွာတာဝန်ရှိသူများက အဖွဲ့များခွဲကာ ထောက်ပံ့ရေးပစ္စည်းများကို အိမ်တိုင်ရာရောက် ထောက်ပံ့ပေးအပ်ကြသည်။

ညောင်ဦးမြို့နှင့် ငါ့သရောက်မြို့တို့တွင် ရပ်ကွက်ကျေးရွာ အုပ်စု ၉၂ အုပ်စု၊ ပုံမှန်ဝင်ငွေမရှိသော အိမ်ထောင်စုပေါင်း ၃၁၁၄၁ စုတို့အား ဆန် ၁၀၃၈၀ အိတ် ၈ ပြည်၊ ဆီ ၁၅၅၇၀ ပိဿာ ၅၀ ကျပ်သား၊ ပဲ ၃၁၁၄၁ ပိဿာ၊ ကြက်သွန် ၃၁၁၄၁ ပိဿာနှင့် ဆား ၁၅၅၇၀ ပိဿာ ၅၀ ကျပ်သားတို့ကို ထောက်ပံ့ပေးနိုင်ခဲ့ကြောင်း သိရသည်။

**ကိုထိန်(ငါ့သရောက်)**

# စေတုတ္တရာမြို့တွင် ကိုဗစ် - ၁၉ ရောဂါ ကြိုတင်ကာကွယ်ရေး ပိုးသတ်ဆေးဖျန်း



**စေတုတ္တရာ မေ ၁၄**

မကွေးတိုင်းဒေသကြီး စေတုတ္တရာမြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးနှင့် ရောဂါကူးစက်မှုမရှိစေရေးအတွက် မီးသတ်ဦးစီးဌာနက ယမန်နေ့ နံနက် ၁၁ နာရီက မြို့နယ်လျှပ်စစ်ဓာတ်အားခွဲရုံ ရုံးအဆောက်အဦနှင့် ဝန်ထမ်းအိမ်ရာများ၌ ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်မီးသတ်ဦးစီးမှူး ဦးရှိန်းမင်းထက် ဦးဆောင်သည့် မီးသတ်ဝန်ထမ်းများအဖွဲ့က စေတုတ္တရာမြို့နယ် လျှပ်စစ်ဓာတ်အားခွဲရုံ ရုံးအဆောက်အဦအတွင်း၊ အပြင်နှင့် ဝန်ထမ်းအိမ်ရာများအတွင်း လိုက်လံ၍ ပိုးသတ်ဆေးဖျန်းခြင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ခင်သန်းလှိုင်(ပြန်/ဆက်)**

## သတင်းထုတ်ပြန်ချက်

၁။ မြန်မာနိုင်ငံတွင် နိုင်ငံခြားဘဏ်ရွေးချယ်ရေးလုပ်ငန်းများဆောင်ရွက်ရန် ဖွဲ့စည်းခဲ့သည့် နိုင်ငံခြားဘဏ်ရွေးချယ်ရေးအဖွဲ့သည် နိုင်ငံတကာအကြံပေးကုမ္ပဏီဖြစ်သည့် Roland Berger Pte Ltd. နှင့် ပူးပေါင်း၍ ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၂၀ ရက်နေ့တွင် လက်ခံရရှိခဲ့သည့် နိုင်ငံခြားဘဏ်လုပ်ငန်း လုပ်ကိုင်ခွင့်လိုင်စင် အဆိုပြုလွှာများကို ဘဏ်လုပ်ငန်းအားကောင်းခိုင်မာမှုဆိုင်ရာ စည်းမျဉ်းစည်းကမ်းများလိုက်နာမှု (Prudential)၊ ဘဏ်၏ လုပ်ငန်းစွမ်းဆောင်ရည် (Capability) နှင့် ဈေးကွက်ဖွံ့ဖြိုးတိုးတက်မှုဆောင်ရွက်ချက် (Market Development) စသည့် အဓိက စံသတ်မှတ်ချက်များဖြင့် စိစစ်ရွေးချယ်ခဲ့ရာ အမှတ်အများဆုံးရရှိသည့် အောက်ပါအက္ခရာစဉ်အရ ဖော်ပြထားသော ဘဏ်များကို ၉-၄-၂၀၂၀ ရက်နေ့တွင် ကနဦးအတည်ပြုချက် ထုတ်ပေးခဲ့ပါသည်-

(က) Bank of China Hong Kong (Branch License)
(ခ) Cathay United Bank (Branch License)
(ဂ) Industrial Bank of Korea (Subsidiary License)
(ဃ) KB Kookmin Bank (Subsidiary License)
(င) Korea Development Bank (Branch License)
(စ) Mega International Commercial Bank (Branch License)
(ဆ) Siam Commercial Bank (Subsidiary License)

၂။ ထို့အပြင် အဆိုပြုလွှာတင်ပြခဲ့သည့် Kasikorn Bank အား ဧရာဝတီတောင်သူလယ်သမားများ ဖွံ့ဖြိုးရေးဘဏ်လီမိတက် (A Bank) နှင့် အကျိုးတူရင်းနှီးမြှုပ်နှံမှု (Equity Participation) ဆောင်ရွက်ခြင်းကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ခွင့်ပြုရန် ဆုံးဖြတ်ခဲ့ပြီးဖြစ်ပါသည်။

၃။ သတင်းထုတ်ပြန်ချက် (Announcement) အပြည့်အစုံကို မြန်မာနိုင်ငံတော်ဗဟိုဘဏ် website ဖြစ်သည့် www.cbm.gov.mm တွင် ကြည့်ရှုနိုင်ပါသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်


# ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ် ၁၂ မြို့နယ်တွင် ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစား အိမ်ထောင်စုများကို အခြေခံစားသောက်ကုန်(၅)မျိုး ဖြန့်ဝေပေးခဲ့ပြီး ကျန်မြို့နယ် (၅) မြို့နယ်အား ဆက်လက်ဖြန့်ဝေလျက်ရှိ

**စစ်တွေ မေ ၁၄**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးနှင့်စပ်လျဉ်း၍ အရေးကြီးကာလဖြစ်သည့် မဟာသင်္ကြန် ရုံးပိတ်ရက်ရှည်ကာလအတွင်း အခြေခံလူတန်းစားများအတွက် နိုင်ငံတော်က ထောက်ပံ့ကူညီသည့် အခြေခံစားသောက်ကုန်(၅)မျိုးအား ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ် ၁၇ မြို့နယ်တွင် မေ ၁၀ ရက်မှ စတင်ဖြန့်ဝေလျက်ရှိရာ ယနေ့တွင် မြို့နယ် ၁၂ မြို့နယ်အား ဖြန့်ဝေပေးခဲ့ပြီး ကျန်မြို့နယ် ငါးမြို့နယ်ရှိ အိမ်ထောင်စုများကို ဆက်လက်ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သွားရောက်ထောက်ပံ့**

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုနှင့် ပြည်နယ်ဝန်ကြီးများသည် မေ ၁၀ ရက် နံနက်ပိုင်းတွင် စစ်တွေမြို့နယ်အတွင်းရှိ ရပ်ကွက်များသို့လှည့်လည်ကာ ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစား အိမ်ထောင်စုဝင်များအား ကိုယ်တိုင်သွားရောက်ထောက်ပံ့ပေးခဲ့သည်။ ထို့နောက် ပြည်နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများတွင်ရှိသော အိမ်ထောင်စုများအား လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူးများနှင့် ရပ်ကွက်ကျေးရွာအုပ်ချုပ်ရေးမှူးများက အိမ်တိုင်ရာရောက် ထောက်ပံ့ပေးအပ်ခြင်းနှင့် မြို့နယ်ရုံးများတွင် လာရောက်ထုတ်ယူကာ ဖြန့်ဝေခြင်းများကို ဆောင်ရွက်လျက်ရှိသည်။



ရခိုင်ပြည်နယ်တွင် မြို့နယ် ၁၇ မြို့နယ်၌ ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစား လျာထားအိမ်ထောင်စု ၂၆၁၄၈၅ စုရှိကြောင်း သိရသည်။ စစ်တွေခရိုင်တွင် မြို့နယ်လေးမြို့နယ်၌ အိမ်ထောင်စု ၈၃၉၄၆ စုရှိရာ စစ်တွေမြို့နယ်နှင့် ရသေ့တောင်မြို့နယ်တို့၌ အိမ်ထောင်စုအားလုံးကို ယနေ့တွင် ဖြန့်ဝေပြီးဖြစ်သည်။ ထို့အပြင် ပုဏ္ဏားကျွန်းမြို့နယ်နှင့် ပေါက်တောမြို့နယ်တို့တွင်လည်း ဆက်လက်ဖြန့်ဝေရန် အိမ်ထောင်စု ၂၀၅၈၈ စုကို မေ ၁၅ ရက်တွင် ဆက်လက်ဖြန့်ဝေသွားမည်ဖြစ်သည်။ မြောက်ဦးခရိုင်တွင် မြို့နယ်ငါးမြို့နယ်၌ လျာထားအိမ်ထောင်စု ၈၀၀၅၉ စုရှိပြီး ယနေ့တွင် အိမ်ထောင်စုအားလုံးကိုဖြန့်ဝေထားပြီးဖြစ်ကြောင်းသိရသည်။ ထို့နည်းတူ မောင်တောခရိုင်တွင် မြို့နယ် နှစ်မြို့နယ်ရှိပြီး လျာထားအိမ်ထောင်စု ၂၇၁၇၄ စုရှိရာ အိမ်ထောင်စုအားလုံးကို ဖြန့်ဝေပြီးဖြစ်သည်။ ကျောက်ဖြူခရိုင်တွင် မြို့နယ်လေးမြို့နယ်၌ လျာထားအိမ်ထောင်စု ၃၀၁၄၈ စုရှိရာ ကျောက်ဖြူမြို့နယ်၊ ရမ်းဗြဲမြို့နယ်နှင့် မာန်အောင်မြို့နယ်တို့တွင် အိမ်ထောင်စုအားလုံးအား ဖြန့်ဝေထားပြီး အမ်းမြို့နယ်တွင် ဖြန့်ဝေရန် ကျန်ရှိနေသည့် အိမ်ထောင်စု ၁၂၄၁ စုကိုဆက်လက်ဖြန့်ဝေသွားမည်ဖြစ်သည်။ အလားတူ သံတွဲခရိုင်တွင် မြို့နယ်သုံးမြို့နယ်၌ လျာထားအိမ်ထောင်စု ၄၀၁၅၈ စုရှိပြီး သံတွဲမြို့နယ်တွင် အိမ်ထောင်စု ၃၀၅၀ နှင့် တောင်ကုတ်မြို့နယ်တွင် ၄၈၅၄ စုတို့အား ဆက်လက်ဖြန့်ဝေသွားမည်ဖြစ်ကြောင်း သိရသည်။

**ဆက်လက်ဖြန့်ဝေသွားမည်ဖြစ်**

ရခိုင်ပြည်နယ်တွင် မြို့နယ် ၁၇ မြို့နယ်၌ နိုင်ငံတော်က ဖြန့်ဝေသည့် ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားအိမ်ထောင်စုများအား အိမ်ထောင်စုတစ်စုလျှင် ဆန်(၈)ပြည်၊ ဆီ(၅၀)ကျပ်သား၊ ဆား(၅၀)ကျပ်သား၊ ပဲ(၁)ပိဿာနှင့် ကြက်သွန်နီ(၁)ပိဿာတို့ကို ထောက်ပံ့ပေးအပ်လျက်ရှိရာ ယနေ့တွင် မြို့နယ် ၁၂ မြို့နယ် ၌ အိမ်ထောင်စု ၂၂၇၇၆၃ စုအားဖြန့်ဝေခဲ့ပြီး ကျန်မြို့နယ် ငါးမြို့နယ်တွင် အိမ်ထောင်စု ၂၉၇၃၃ စုကို ဆက်လက်ဖြန့်ဝေသွားမည်ဖြစ်ကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**



# သီပေါ၌ ကိုဗစ်-၁၉ရောဂါ ကာကွယ်ထိန်းချုပ်မှုတွင်အသုံးပြုရန် ကျန်းမာရေးအထောက်အကူပြုပစ္စည်းများ လှူဒါန်း

**သီပေါ မေ ၁၄**

ကိုဗစ်-၁၉ရောဂါ ကာကွယ်ထိန်းချုပ်ရေးနှင့်စပ်လျဉ်း၍ နိုင်ငံတော်က ထောက်ပံ့ကူညီပေးသည့် အခြေခံစားသောက်ကုန်များကို ဆက်လက်ဖြန့်ဝေပေးသကဲ့သို့ မဟာသင်္ကြန်ပိတ်ရက်ရှည်ကာလအတွင်း၌လည်း ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားများကို ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးကော်မတီဝင်များ၊ မီးသတ်၊ ကြက်ခြေနီနှင့် ရပ်/ကျေးအုပ်ချုပ်ရေးမှူးများ၊ မြို့မိမြို့ဖများက တက်ညီလက်ညီ ပူးပေါင်းပါဝင် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် ရပ်ကွက်နှင့် ကျေးရွာ အိမ်ထောင်စု ၄၈၅ စုနှင့် အသက် ၉၀ ကျော်ဘိုးဘွားများပါ နိုင်ငံတော်က ထောက်ပံ့သည့် အခြေခံစားသောက်ကုန်များအပြင် သီပေါမြို့မှ အလှူရှင်များကလည်း စဉ်ဆက်မပြတ် ကူညီလှူဒါန်းလျက်ရှိရာ ယနေ့ မွန်းလွဲ ၁ နာရီတွင် တရုတ်ရိုးရာ စာပေယဉ်ကျေးမှုကျောင်းက သီပေါကျန်းမာရေးဌာနဆေးရုံအုပ်ကြီး ဒေါက်တာနန္ဒဝင်းထံသို့ ငွေကျပ် ၈၃ သိန်းကျော်တန်ဖိုးရှိ တစ်ကိုယ်ရေ ကာကွယ်ရေးဝတ်စုံ၊ နှာခေါင်းစည်းနှင့် လက်သန့်ဆေးရည်များ လှူဒါန်းခဲ့သည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ကာလအတွင်း မြို့ပေါ်ရပ်ကွက်နှင့် အနီးပတ်ဝန်းကျင်ကျေးရွာများသို့ အိမ်တိုင်ရာရောက် သွားရောက်ကူညီထောက်ပံ့ပေးသကဲ့သို့ ကျန်ရှိနေသည့် တောင်ပေါ်ဝေးလံဒေသများသို့လည်း ဆက်လက်ကူညီပံ့ပိုးပေးနိုင်ရန် ယနေ့ နံနက် ၈နာရီတွင် တာဝန်ရှိသူများအား မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးယဉ်ထွေးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက အခြေခံစားသောက်ကုန်ပစ္စည်းများကို ဆက်လက်ထုတ်ပေးခဲ့ကြောင်း သိရသည်။

**စိုင်း(သီပေါ)**



# ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားများအတွက် ပစ္စည်း(၅)မျိုးဖြန့်ဖြူး

**နေပြည်တော် မေ ၁၄**

Coronavirus Disease 2019(COVID-19)ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီ၏ လမ်းညွှန်မှုနှင့်အညီ မဟာသင်္ကြန်ရုံးပိတ်ရက်ကာလအတွင်း ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားများအတွက် အိမ်ထောင်စု (၁)စုလျှင် ဆန် (၈ )ပြည်၊ ဆီ (၅၀) ကျပ်သား၊ ဆား (၅၀) ကျပ်သား၊ ပဲ (၁) ပိဿာ၊ ကြက်သွန်(၁) ပိဿာ စုစုပေါင်း ပစ္စည်း (၅)မျိုးကို မေ ၁၀ ရက်မှစတင်၍ အခမဲ့ ဖြန့်ဖြူးထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၄၅ မြို့နယ်၌ ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစား အိမ်ထောင်စုပေါင်း ၆၈၀၂၂၇ စုရှိရာ ယနေ့အထိ အရှေ့ပိုင်းခရိုင်၁၄ မြို့နယ်မှ အိမ်ထောင်စု ၅၇၂၄၉ စု၊ အနောက်ပိုင်းခရိုင် ၁၂ မြို့နယ်မှ အိမ်ထောင်စု ၂၆၉၈၃ စု၊ တောင်ပိုင်းခရိုင် ၁၀ မြို့နယ်မှ အိမ်ထောင်စု ၁၁၁၁၄၉ စု၊ မြောက်ပိုင်းခရိုင် ၉ မြို့နယ်မှ အိမ်ထောင်စု ၇၄၉၉၁ စု၊ စုစုပေါင်း ၂၇၀၃၇၂ စုအား ဖြန့်ဖြူးပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ဆားလင်းကြီးမြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေး ကျန်းမာရေးစစ်ဆေးခြင်းနှင့် အသိပညာပေးခြင်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်

**ဆားလင်းကြီး မေ ၁၄**
စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ဆားလင်းကြီးမြို့နယ် မြို့မဈေးတွင် ယနေ့ နံနက်ပိုင်းက မြို့နယ်စည်ပင်သာယာရေးကော်မတီမှ အမှုဆောင်အရာရှိ ဒေါ်ကေသွယ်မြမြဦးနှင့် ဝန်ထမ်းများက ဈေးအတွင်း လာရောက်ရောင်းချ၊ ဝယ်ယူကြသည့် ပြည်သူများအား ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေး ကျန်းမာရေး စစ်ဆေးခြင်းနှင့် အသိပညာပေးခြင်းများကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါဈေးအတွင်း ဈေးရောင်းချသူများ၊ ဈေးဝယ်ယူသူများအနေဖြင့် နှာခေါင်းစည်းများ၊ လက်အိတ်များ တပ်ဆင်ပြီးမှသာ ဈေးအတွင်းရောင်းချခြင်း၊ ဝယ်ယူခြင်းများ ပြုလုပ်ဆောင်ရွက်ကြပါရန် မြို့နယ် စည်ပင်သာယာရေးကော်မတီမှ ဝန်ထမ်းများက မြို့မဈေးအတွင်း လိုက်လံနှိုးဆော်ခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထို့အတူ ဆားလင်းကြီးမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများ၌ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျန်းမာရေးဦးစီးဌာနနှင့် ပြန်/ဆက် ဦးစီးဌာနတို့မှ ဝန်ထမ်းများ၊ သက်ဆိုင်ရာရပ်/ကျေးအုပ်ချုပ်ရေးမှူးများနှင့် လူမှုရေးအသင်းအဖွဲ့များက ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေး အသိပညာပေးခြင်း၊ ကျန်းမာရေးစစ်ဆေးခြင်း၊ လက်ကမ်းစာစောင်ဖြန့်ဝေခြင်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ဇော်လင်း(ဆားလင်းကြီး)**





## မိုးညှင်းဒီဂရီကောလိပ် ဓာတုဗေဒဌာနက ခုတင် ၁၀၀ ဆံ့ ပြည်သူ့ဆေးရုံသို့ လက်သန့်ဆေးရည်များ လှူဒါန်း

**မိုးညှင်း မေ ၁၄**
မိုးညှင်းခရိုင် ခုတင် ၁၀၀ ဆံ့ ပြည်သူ့ဆေးရုံကြီးတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် အသုံးပြုရန် မိုးညှင်းဒီဂရီကောလိပ် ဓာတုဗေဒဌာနက ထုတ်လုပ်ခဲ့သည် လက်သန့်ဆေးရည်များ ပေးအပ်လှူဒါန်းခြင်းကို ယမန်နေ့နံနက်ပိုင်းက ဆေးရုံအပေါ်ထပ်ရှိ အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

လှူဒါန်းပေးအပ်ပွဲတွင် မိုးညှင်းဒီဂရီကောလိပ်မှ ဒေါက်တာထွေးထွေးယဉ်က ဓာတုဗေဒ ဌာနဓာတ်ခွဲခန်းတွင် ထုတ်လုပ်ခဲ့သည့် Hand Sanitizer ၂၇ လီတာဘူး ၅၀၊ Hand Sanitizer တစ်လီတာ နှစ်ဘူး၊ လက်ဆေးရည် တစ်လီတာ ၂၅ ဘူးတို့ကိုပေးအပ်ရာ ခရိုင်ဆေးရုံအုပ်ကြီး ဒေါက်တာလာမာမီးနှင့် ခရိုင်ကျန်းမာရေးဦးစီးဌာနမှ ဒု-ခရိုင်ကျန်းမာရေး ဦးစီးမှူး ဒေါက်တာဖြူလေးဝေတို့က လက်ခံရယူခဲ့ကြသည်။

အဆိုပါလှူဒါန်းပေးအပ်ပွဲသို့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးတင်အေး၊ ဒု-ခရိုင်အုပ်ချုပ်ရေးမှူး ဦးဝင်းရွှေနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

အလားတူ မိုးညှင်းဒီဂရီကောလိပ် ဘာသာရပ်ဌာနအသီးသီးမှစုပေါင်း၍ ကိုဗစ် - ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် အလှူငွေကျပ် ၂၇၆၀၀၀ ကို မေ ၁ ရက်တွင်လည်းကောင်း၊ မေ ၁၂ ရက်တွင် Hand Sanitizer ၂၇ လီတာ ၅၂ ဘူးနှင့် လက်ဆေးရည် ၃၄ လီတာ ၃၆ ဘူးတို့ကို ခရိုင် ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းကော်မတီထံသို့ လည်းကောင်း လှူဒါန်းပေးခဲ့ကြောင်း သိရသည်။ **ကျော်ကျော်(မိုးညှင်း)**

## ကိုဗစ်-၁၉ ရောဂါ စောင့်ကြည့်လူနာထားသည့် သီတဂူတက္ကသိုလ်တွင် ပိုးသတ်ဆေးဖျန်း

**ကျွန်းလှ မေ ၁၄**
စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကျွန်းလှမြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါ စောင့်ကြည့်လူနာများထားခဲ့သည့် သီတဂူတက္ကသိုလ်သို့ မေ ၁၃ ရက်က ပိုးသတ်ဆေးဖျန်းခဲ့ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်မီးသတ်ဦးစီးမှူး ဦးကျော်ကျော်ဦး ဦးဆောင်သော တပ်ဖွဲ့ဝင်များက သီတဂူတက္ကသိုလ်တွင် စောင့်ကြည့်လူနာထားသည့် အခန်းများ၊ ခုတင်များ၊ အဆောင်များအား ပိုးသတ်ဆေးဖျန်းခဲ့ကြောင်း သိရသည်။

ကျွန်းလှမြို့နယ်တွင် မေ ၁၃ ရက်အထိ စောင့်ကြည့်လူနာများ ထားရှိခဲ့ရာ သီတဂူတက္ကသိုလ်တွင် ခြောက်ဦး၊ ညောင်ကိုင်းရွာ အထကတွင် ရှစ်ဦး၊ အိမ်ခြေရွာ အမကတွင် တစ်ဦး၊ အောင်ချမ်းသာရွာ အမကတွင် နှစ်ဦး၊ မကျီးအင်းရွာ အမကတွင် ငါးဦး၊ သက္ကယ်ကျင်းရွာ အမကတွင် နှစ်ဦး၊ တင်းတိန်ရုံရွာ အလကတွင် ခြောက်ဦး၊ ညောင်ပင်ရွာ အမကတွင် သုံးဦး စုစုပေါင်း ၃၃ ဦးရှိကြောင်း မြို့နယ် ကျန်းမာရေးဦးစီးဌာနမှ သိရသည်။ **မျိုးဝင်းညို(ကျွန်းလှ)**




## ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၌ ပုံမှန်ဝင်ငွေမရှိသော အိမ်ထောင်စု ၂၆၅၈ စုတို့အား အခြေခံစားသောက်ကုန်ပစ္စည်း ၅ မျိုး ထောက်ပံ့

**ရန်ကုန် မေ ၁၄**
ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့်စပ်လျဉ်း၍ မဟာသင်္ကြန်ရုံးပိတ်ရက်ရှည်ကာလအတွင်း ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားများအတွက် အိမ်ထောင်စု တစ်စုလျှင် ထောက်ပံ့မှု ၅ မျိုးစီကို နိုင်ငံတော်အစိုးရ၏ ထောက်ပံ့ကူညီမှုဖြင့် ရန်ကုန် အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်အတွင်း ရပ်ကွက် ၃၂ ရပ်ကွက်၌ ပုံမှန်ဝင်ငွေမရှိသော အိမ်ထောင်စု ၂၆၁၀၉ စုတို့ကို ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သိရသည်။

မေ ၁၁ ရက်မှစ၍ ဒဂုံ(အရှေ့) မြို့နယ် အမှတ်(၁၃၃) ရပ်ကွက်ရှိ ပုံမှန်ဝင်ငွေမရှိသော အိမ်ထောင်စု ၂၆၅၈ စုအား ထောက်ပံ့ရေးပစ္စည်း ၅ မျိုးကို စတင်ဖြန့်ဝေပေးခဲ့ပြီး ကျန်ရှိသောရပ်ကွက်များရှိအိမ်ထောင်စုများကိုလည်း ဆက်လက်ထောက်ပံ့ ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း လက်ရှိထောက်ပံ့ဖြန့်ဝေ ပေးသွားမည့် အစီအစဉ်များနှင့်ပတ်သက်၍ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မင်းထိုက်ထံမှ သိရသည်။

ယင်းသို့ ထောက်ပံ့ခြင်းကို မေ ၁၁ ရက် ညနေပိုင်းမှစတင်ကာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနေကျော်၊ အမှတ် (၂) တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ကျော်မောင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မင်းထိုက်၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးမျိုးမြင့်အောင်တို့ကဦးဆောင်၍ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် အဖွဲ့ဝင်များက အခြေခံစားသောက်ကုန်ပစ္စည်း ၅ မျိုးကို ပြည်သူများလက်ဝယ်အရောက် လိုက်လံဖြန့်ဖြူးပေးခဲ့ကြောင်း သိရသည်။

**လှလှထွေး(ပြန်/ဆက်)**

## ဒေါပုံမြို့နယ်၌ ပုံမှန်ဝင်ငွေမရှိသူအခြေခံလူတန်းစား အိမ်ထောင်စုများအား အခြေခံစားသောက်ကုန်များ ထောက်ပံ့

**ဒေါပုံ မေ ၁၄**
ရန်ကုန်တိုင်းဒေသကြီး အရှေ့ပိုင်းခရိုင် ဒေါပုံမြို့နယ်အတွင်း နေထိုင်ကြသည့် ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစား အိမ်ထောင်စုများအား အခြေခံစားသောက်ကုန် ၅ မျိုးကို မေ ၁၂ ရက် မွန်းလွဲ ၂ နာရီက လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ရပ်မိရပ်ဖများက အိမ်တိုင်ရာရောက် ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

ဒေါပုံမြို့နယ်အတွင်း ပုံမှန်ဝင်ငွေမရှိသည့် လက်လုပ်လက်စား အခြေခံလူတန်းစား အိမ်ထောင်စု ၃၉၆၇ စုရှိပြီး မေ ၁၂ ရက် မွန်းလွဲပိုင်းက နွယ်အေးရပ်ကွက်၌ နေထိုင်ကြသည့် ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစား အိမ်ထောင်စု ၁၀၁၃ စုတို့ကို အခြေခံစားသောက်ကုန် ၅ မျိုးစီ အိမ်တိုင်ရာရောက် သွားရောက်ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

ထောက်ပံ့ပေးရန်ကျန်ရှိသော အိမ်ထောင်စုများအား ရပ်ကွက်များအလိုက် ဆက်လက်၍ ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သဲစုစုလွင်(ပြန်/ဆက်)**



# ကိုဗစ် - ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် အသုံးပြုနိုင်ရန် ကျန်းမာရေးအထောက်အကူပြုပစ္စည်းများ ထောက်ပံ့

**ပွင့်ဖြူ ဧပြီ ၁၄**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်အတွင်း ကိုဗစ် – ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် အသုံးပြုရန်အတွက် မကွေးတိုင်းဒေသကြီး လွှတ်တော်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့တို့က ထောက်ပံ့ပေးပို့သော ကျန်းမာရေးအထောက်အကူပြုပစ္စည်းများအား ဧပြီ ၁၂ ရက် နံနက် ၉ နာရီက တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးတင့်ဆန်းနှင့် တာဝန်ရှိသူများက ပွင့်ဖြူမြို့နယ်အတွင်းရှိ ကျန်းမာရေးစောင့်ကြည့်စစ်ဆေးရေးအဖွဲ့များအား သွားရောက်ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

ပွင့်ဖြူမြို့နယ်၌ ကိုဗစ် – ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် တာဝန်ယူဆောင်ရွက်နေကြသည့် ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၊ ကျန်းမာရေးဝန်ထမ်းများ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ အဆင်ပြေစွာ လုပ်ကိုင်ဆောင်ရွက်နိုင်ရေးအတွက် မကွေးတိုင်းဒေသကြီး လွှတ်တော်က နှာခေါင်းစည်း အခု ၁၀၀၀ နှင့် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့က နှာခေါင်းစည်း အခု ၄၀၀၊ လက်သန့်ဆေးရည်ဘူး ၃၀ နှင့် အပူချိန်တိုင်းကိရိယာ တစ်ခုတို့ကို ထောက်ပံ့ခဲ့ကြောင်း သိရသည်။

အဆိုပါပေးပို့ထောက်ပံ့သော ကျန်းမာရေးအထောက်အကူပြုပစ္စည်းများအား ယနေ့ နံနက်ပိုင်းက တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးတင့်ဆန်းနှင့် တာဝန်ရှိသူများက ပွင့်ဖြူမြို့နယ် ဥယျာဉ်ကျစ်ကျေးရွာအုပ်စုအတွက် နှာခေါင်းစည်း ၂၅၀၊ ကျောင်းတော်ရာကျေးရွာအုပ်စုအတွက် နှာခေါင်းစည်း ၂၅၀၊ လယ်ကိုင်းကျေးရွာအုပ်စုအတွက် နှာခေါင်းစည်း ၂၅၀ ခုနှင့် အပူချိန်တိုင်းကိရိယာ တစ်ခု၊ ကုန်းဇောင်းကျေးရွာအုပ်စုအတွက် နှာခေါင်းစည်း ၂၅၀ နှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးအတွက် နှာခေါင်းစည်း အခု ၄၀၀ နှင့် လက်သန့်ဆေးရည်ဘူး ၃၀ တို့အား တိုင်းဒေသကြီးလွှတ်တော်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ကိုယ်စား သွားရောက်ထောက်ပံ့ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ရဲဝင်းနိုင် (ညောင်ဦး)**





# မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်က ထောက်ပံ့ပေးအပ်သည့် ကျန်းမာရေးသုံးပစ္စည်းများနှင့် စားသောက်ကုန်ပစ္စည်းများအား ထပ်ဆင့်ထောက်ပံ့

**ကျောက်ဆည် ဧပြီ ၁၄**

ကျောက်ဆည်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က ထောက်ပံ့ပေးအပ်သည့် ကျန်းမာရေးသုံးပစ္စည်းများနှင့် စားသောက်ကုန်ပစ္စည်းများအား အထွေထွေအုပ်ချုပ်ရေးဝန်ထမ်းများအား ထပ်ဆင့် ထောက်ပံ့ပေးအပ်သည့်အခမ်းအနားကို ဧပြီ ၁၄ ရက် နံနက် ၁၀ နာရီက ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးထွန်းမင်းဇော်က ထောက်ပံ့ရေးပစ္စည်းများ ပေးအပ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားခဲ့ပြီး ပစ္စည်းများအား ဝန်ထမ်းတစ်ဦးချင်းထံသို့ ပေးအပ်ခဲ့ကြောင်း သိရသည်။

ကျောက်ဆည်ခရိုင်တွင် မြို့နယ် လေးမြို့နယ်နှင့် မြို့နယ်ခွဲ တစ်မြို့နယ်တို့ ပါဝင်ပြီး ကျောက်ဆည်မြို့၌ ဝန်ထမ်း ၁၁၉ ဦး၊ စဉ့်ကိုင်မြို့နယ်တွင် ၇၈ ဦး၊ တံတားဦးမြို့နယ်တွင် ၉၃ ဦး၊ မြစ်သားမြို့နယ်တွင် ၁၂၀၊ ကူမဲမြို့နယ်ခွဲတွင် ၁၄ ဦးနှင့် ခရိုင်အုပ်ချုပ်ရေးမှူးရုံးတွင် ၄၈ ဦး စုစုပေါင်းဝန်ထမ်း ၄၇၂ ဦးရှိပြီး ဝန်ထမ်းတစ်ဦးလျှင် ဆန်ရှစ်ပြည်၊ ဆီ ၅၀ ကျပ်သား၊ ခေါက်ဆွဲထုပ် ၁၀ ထုပ်၊ ကုလားပဲဆန် ၅၀ ကျပ်သား၊ ဘီစကစ် ငါးထုပ်နှင့် ကော်ဖီမစ် ငါးထုပ်စီ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**သက်မောင်(ကျောက်ဆည်)**

# မြိတ်မြို့ ပြည်သူ့ဆေးရုံ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ကုသရေးအတွက် ဖျားနာလူနာကုသမှုဆေးခန်း ဖွင့်လှစ်မည်

**မြိတ် ဧပြီ ၁၄**



တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ ပြည်သူ့ဆေးရုံ၌ ကိုဗစ်–၁၉ ကာကွယ်ကုသရေးအတွက် ဖျားနာကုသမှုဆေးခန်း (Fever clinic) ကို ဧပြီ ၁၄ ရက်မှစတင်ကာ ဆေးရုံအသစ် (တိုးချဲ့ဆောင်အလယ်ပေါက်) နှင့် ဆေးရုံအဟောင်း (မိခင်နှင့်ကလေးကုသဆောင်– လူနာ နားနေဆောင်) တို့၌ နေ့စဉ် နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း ပြည်သူ့ဆေးရုံမှ သိရသည်။

**ဖျားနာကုသမှုဆေးခန်းဖွင့်**

"မြန်မာနိုင်ငံမှာ ကိုဗစ်–၁၉ ကူးစက်ပြန့်ပွားမှုကလည်း များလာပါပြီ။ နေရပ်ပြန်နဲ့ နိုင်ငံခြား သွားရောက်ခဲ့တဲ့ ရာဇဝင်ရှိမှ မဟုတ်ပါဘူး။ အဲဒါတွေရှိရင်လည်း ရှာလို့တွေ့အောင်လို့ပါ။ နောက်တစ်ခုက အပြင်မှာလည်း ဆေးခန်းတွေ တော်တော်များများ ပိတ်ကုန်ပြီ။ လူနာတွေ နှာစေး၊ ချောင်းဆိုး၊ ဖျားလို့ရှိရင် ဘယ်ပြရမှန်း မသိဘူး။ အခုလောလောဆယ် ကိုဗစ်–၁၉ ရောဂါ နဲ့လည်း လက္ခဏာတူနေပါတယ်။ အဲဒါကြောင့် နှာစေး၊ ချောင်းဆိုး၊ ဖျား၊ ရင်ကျပ်တဲ့သူတွေအတွက် ဖျားနာကုသမှုဆေးခန်းကို ဖွင့်ပေးလိုက်တာ ဖြစ်ပါတယ်"ဟု ဆေးရုံအုပ်ကြီး ဒေါက်တာသန္တာမျိုးဝင်းက ပြောသည်။

ဖျားနာကုသမှု ဆေးခန်းကို ဆေးရုံအသစ်နှင့် ဆေးရုံ အဟောင်းနှစ်နေရာတွင် အခန်းများ ပြင်ဆင်ဆောင်ရွက်လျက်ရှိပြီး ဧပြီ ၁၄ ရက်မှစတင်ကာ ပိတ်ရက်မရှိ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း၊ ဆေးခန်းကို နေ့စဉ်ဖွင့်လှစ်သွားမည်ဖြစ်ပြီး ကိုဗစ်–၁၉ ရောဂါ စောင့်ကြည့်လူနာများနှင့် စမ်းသပ်ခန်း မတူကြောင်း ကြေညာထားရှိပြီး နှာစေး၊ ချောင်းဆိုး၊ ဖျားသည့် သူများကို သီးသန့်ဖျားနာကုသမှု ဆေးခန်းဖွင့်လှစ်ခြင်းဖြစ်ကြောင်း သိရသည်။

**ခိုင်ထူး (ပြန်/ဆက်)**

■

# ခန္တီးမြို့နယ်အတွင်း၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး အများသုံးလက်ဆေးကန်များ တပ်ဆင်ပေး



**ခန္တီး ဧပြီ ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် UNICEF တို့ပူးပေါင်း၍ ကျေးလက်နေပြည်သူများ ကိုဗစ်–၁၉ ရောဂါ ကြိုတင်ကာကွယ်နိုင်စေရန်ရည်ရွယ်၍ မြို့နယ်အတွင်းရှိ ကျေးရွာ ၁၂ ရွာ၌ အများပြည်သူနှင့် သက်ဆိုင်သည့် အများသုံးလက်ဆေးကန်များကို ကွင်းဆင်းတပ်ဆင်ပေးလျက်ရှိကြောင်း အဆိုပါ ဦးစီးဌာနမှ သိရသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ခန္တီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးရာဇွေး ဦးဆောင်၍ ဌာနဝန်ထမ်းများကိုယ်တိုင် မြို့နယ်အတွင်းရှိ ကျေးရွာ ၁၂ ရွာ၌ ကိုဗစ်–၁၉ ရောဂါ ကြိုတင်ကာကွယ်နိုင်ရေးအတွက် လက်ဆေးကန်၊ ဆပ်ပြာ၊ လက်သန့်ဆေးရည်နှင့် ရေပုံး၊ ရေခွက်များကို ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါ အများသုံးလက်ဆေးဘေစင်များကို လူစည်ကားသည့် နေရာများဖြစ်သော ဈေးများ၊ ကျန်းမာရေးဌာနများ၊ ရောဂါထိန်းချုပ်ရေးစခန်းများ၊ ဘာသာရေးဆိုင်ရာနေရာများတွင် သက်ဆိုင်ရာအထွေထွေအုပ်ချုပ်ရေးဦးစီးဌာနများ၊ ကျန်းမာရေးဌာနများ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ညှိနှိုင်းပေါင်းစပ်၍ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက တပ်ဆင် ဆောင်ရွက်ပေးလျက်ရှိကြောင်း ခန္တီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**ကျော်ဦး**

■



# မတ္တရာမြို့အဝင်ဂိတ်၌ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေး စစ်ဆေးဆောင်ရွက်

**မတ္တရာ ဧပြီ ၁၄**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် မတ္တရာမြို့နယ် မြို့အဝင်ဂိတ်တွင် ကိုဗစ်– ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအတွက် စစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီ၏ လမ်းညွှန်ချက်ဖြင့် ကိုဗစ်– ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် မြို့နယ်အတွင်း ဖြတ်သန်းသွားလာသည့် မော်တော်ယာဉ်များတွင် ယာဉ်မောင်းနှင့် လိုက်ပါလာသည့် ခရီးသည်များအား ကိုယ်အပူချိန်တိုင်းခြင်း၊ သွားရောက်သည့် လိပ်စာ၊ ဆက်သွယ်ရန် ဖုန်းနံပါတ်များ မှတ်တမ်းရယူခြင်းလုပ်ငန်းများကို ဌာနစုံ၊ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ ပူးပေါင်းအဖွဲ့ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**စိုးကျော်သူထွေး(မတ္တရာ)**

# IDPs စခန်းများ၊ တိုက်ပွဲရှောင်စခန်းများနှင့် ယာယီခိုလှုံရာနေရာများတွင် COVID-19 ကူးစက်ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးဆောင်ရွက်မှုများ

မြန်မာနိုင်ငံအတွင်းတွင် ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့၌ အကြောင်းအမျိုးမျိုးကြောင့် ပြည်တွင်းနေရပ်စွန့်ခွာရသူများကို လိုအပ်သော ကာကွယ်စောင့်ရှောက်မှုများ ပေးနိုင်ရန်အတွက် IDPs စခန်းများ၊ တိုက်ပွဲရှောင်စခန်းများနှင့် ယာယီခိုလှုံရာနေရာများတွင် ကာကွယ်စောင့်ရှောက်၊ ထောက်ပံ့ကူညီမှုများ ဆောင်ရွက်ပေးလျက်ရှိပါသည်။ ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ(၆)ရက်နေ့စာရင်းများအရ အဆိုပါ ပြည်နယ်(၅)ခုတွင် IDPs စခန်း(၁၂၈)ခု၊ တိုက်ပွဲရှောင်စခန်း(၇)ခုနှင့် ယာယီခိုလှုံရာနေရာများတွင် လူဦးရေ စုစုပေါင်း (၂၅၅၀၀၀) ကျော် နေထိုင်လျက်ရှိပါသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေဖြင့် IDPs စခန်းများ၊ တိုက်ပွဲရှောင်စခန်းများနှင့် ယာယီခိုလှုံရာနေရာများတွင်နေထိုင်ကြသည့် ပြည်တွင်းနေရပ်စွန့်ခွာသူများအတွက် စားသောက်ရေး၊ နေထိုင်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ လျှပ်စစ်မီးရရှိရေး၊ လမ်းပန်းဆက်သွယ်ရေး၊ လုံခြုံရေး၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ စသည်ဖြင့် ဘဝရပ်တည်မှုဆိုင်ရာ အခြေခံလိုအပ်ချက်များကို သက်ဆိုင်ရာပြည်နယ်အစိုးရအဖွဲ့များ၊ ဝန်ကြီးဌာနများ၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ ပြည်တွင်းမှ လူမှုရေးအဖွဲ့အစည်းများ၊ စေတနာရှင်အဖွဲ့အစည်းများဖြင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

**တစ်နိုင်ငံလုံးတွင် ပိုမိုအရှိန်မြှင့်လုပ်ဆောင်**

ယခုကဲ့သို့ COVID-19 ကူးစက်ရောဂါ ကမ္ဘာတစ်ဝန်းဖြစ်ပွားချိန်တွင် မြန်မာနိုင်ငံအနေဖြင့်လည်း ရင်ဆိုင်ကြုံတွေ့နေရကာ လိုအပ်သည့် ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ကြိုတင်ပြင်ဆင်မှုများကို Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီကဦးဆောင်၍ စနစ်တကျ ဆောင်ရွက်လျက်ရှိပါသည်။ မြန်မာနိုင်ငံ၌ ပထမဆုံး COVID-19 ရောဂါပိုးကူးစက်လူနာကို ၂၀၂၀ပြည့်နှစ်၊ မတ်လ (၂၃) ရက်နေ့တွင် စတင်တွေ့ရှိခဲ့ရပြီး ကာကွယ်တားဆီးရေး၊ ထိန်းချုပ်ရေးလုပ်ငန်းများကို Coronavirus Disease 2019 (COVID-19) ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီကိုလည်း ထပ်မံဖွဲ့စည်းကာ ပြည်သူအားလုံး၏ ပူးပေါင်းပါဝင်မှုဖြင့် တစ်နိုင်ငံလုံးတွင် ပိုမိုအရှိန်မြှင့် လုပ်ဆောင်လျက်ရှိပါသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသည်လည်း COVID-19 ကူးစက်ရောဂါ ကာကွယ်တားဆီးရေး၊ ထိန်းချုပ်ရေးလုပ်ငန်းများတွင် တစ်ထောင့်တစ်နေရာမှ တာဝန်ယူဆောင်ရွက်ခဲ့ရာ ဝန်ကြီးဌာနဝန်ထမ်းများမှ ပြည်ထောင်စုနယ်မြေ နေပြည်တော်ကောင်စီနှင့် တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးတွင် ရပ်ကွက်/ ကျေးရွာများအထိ သွားရောက်ကာ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားရှိသည့် ကျန်းမာရေးလမ်းညွှန်ချက်များ၊ ညွှန်ကြားချက်များကို ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာန စသည့် သက်ဆိုင်ရာဌာနများ၊ ကြက်ခြေနီတပ်ဖွဲ့၊ လူမှုအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ Hand Speaker, Loudspeaker များအသုံးပြု၍ လိုက်လံနှိုးဆော်ခြင်း၊ အသံသွင်းထားသော အသိပညာပေးချက်များဖွင့်၍နှိုးဆော်ခြင်း၊ လက်ကမ်းစာစောင်များဝေငှခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါသည်။ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များ၏ ကြီးကြပ်မှုဖြင့် ဆောင်ရွက်လျက်ရှိသည့် Quarantine နေရာများတွင်လည်း ဝန်ကြီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်လျက်ရှိသည့် လူမှုရေးအဖွဲ့အစည်းများမှ စေတနာလုပ်အားရှင်များ၏ အင်အားကိုရယူကာ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် COVID-19 ကူးစက်ရောဂါ ကာကွယ်ထိန်းချုပ်ရေး၊ တုံ့ပြန်ရေးလုပ်ငန်းများတွင် တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်လျက်ရှိပါသည်။

**လိုအပ်သည်များ ပံ့ပိုးဆောင်ရွက်လျက်ရှိ**

ဝန်ကြီးဌာန၏ သင်တန်းကျောင်းတစ်ခုဖြစ်သည့် ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတမြို့နယ်ရှိ သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုသင်တန်းကျောင်း၊ လပွတ္တာမြို့နယ်ရှိ ငွေးချောင်းကျေးရွာ School-cum Shelter နှင့် တာလူဖတောကျေးရွာ School-cum Shelter၊ ဖျာပုံမြို့နယ်၊ ဒေါင်ကြီမ်းကျေးရွာ၊ တင်ပုလ္လဲကျေးရွာနှင့် ကဒုံကနီကျေးရွာများရှိ Cyclone Shelter (၃)လုံး၊ ကရင်ပြည်နယ်၊ လှိုင်းဘွဲ့မြို့နယ်ရှိ Cyclone Shelter၊ တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့နယ်ရှိ ယာယီလက်ခံစောင့်ရှောက်ရေးဂေဟာနှင့် ပုလုံးတုံတုံးကျေးရွာ Cyclone Shelter တို့ကိုလည်း Community Based Facility Quarantine နေရာအဖြစ်အသုံးပြုကာ သက်ဆိုင်ရာ တိုင်းဒေသကြီး / ပြည်နယ်အစိုးရအဖွဲ့များနှင့်ပူးပေါင်း၍ လိုအပ်သည်များ ပံ့ပိုးဆောင်ရွက်လျက်ရှိပါသည်။ ထို့အပြင် ရခိုင်ပြည်နယ်၊ မောင်တောမြို့နယ်၊ လှဖိုးခေါင်ကြားစခန်းကိုလည်း တစ်ဖက်နိုင်ငံမှ မိမိသဘောဆန္ဒအလျောက် ပြန်လည်ဝင်ရောက်လာသူများအတွက် Community Based Facility Quarantine နေရာအဖြစ် ရခိုင်ပြည်နယ် အစိုးရအဖွဲ့နှင့်ပူးပေါင်း၍ ဆောင်ရွက်လျက်ရှိပါသည်။

COVID-19 နှင့်စပ်လျဉ်း၍ စိတ်လူမှုပိုင်းဆိုင်ရာပံ့ပိုးမှု (Psycho Social Support)များကို ရပ်ရွာအခြေပြု Quarantine နေရာများ၊ IDPs စခန်းများ၊ တိုက်ပွဲရှောင်စခန်းများနှင့် ယာယီခိုလှုံရာ နေရာများတွင်ဆောင်ရွက်ပေးလျက်ရှိပါသည်။ နှစ်သိမ့်ဆွေးနွေးမှုခံယူလိုသူများအနေဖြင့် နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီး/ပြည်နယ်များအလိုက် အသိပေးကြေညာပေးထားသည့် ဖုန်းနံပါတ်များသို့ မိမိတို့ကိုယ်တိုင် စိတ်ချယုံကြည်စွာ တိုက်ရိုက်ဆက်သွယ်နိုင်ပြီး အထူးလေ့ကျင့်ပေးထားသော လူမှုဝန်ထမ်းဦးစီးဌာနဝန်ထမ်းများက နှစ်သိမ့်ဆွေးနွေးမှုခံယူသူများ၏ သတင်းအချက်အလက်မပေါက်ကြားရေးကို အထူးအလေးထားကာ တယ်လီဖုန်းဖြင့် တိုင်ပင်ဆွေးနွေးဆောင်ရွက်ပေးလျက်ရှိပါသည်။

ထို့အပြင် IDPs စခန်းများ၊ တိုက်ပွဲရှောင်စခန်းများနှင့် ယာယီခိုလှုံရာနေရာများတွင် နေထိုင်သူများအပါအဝင် ပြည်သူလူထုတစ်ရပ်လုံးအတွင်း အိမ်တွင်းအကြမ်းဖက်မှု၊ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုကိစ္စရပ်များနှင့် ပတ်သက်၍ ကာယကံရှင်ကိုယ်တိုင်သော်လည်းကောင်း၊ သိရှိသူများမှလည်းကောင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာန၏ Help Line ဖုန်းနံပါတ် ၀၆၇ - ၃၄၀၄၂၂၂ နှင့် ၃၄၀၄၉၉၉ တို့သို့ ယုံကြည်စိတ်ချစွာ တိုင်ကြားနိုင်ပါကြောင်းနှင့် တိုင်ကြားသူ၏ သတင်းအချက်အလက်များ မပေါက်ကြားစေရေးအတွက် အထူးအလေးထား ကာကွယ်ဆောင်ရွက်ပေးသွားမည် ဖြစ်ပါသည်။

**မည်သူတစ်ဦးတစ်ယောက်ကိုမျှ ချန်လှပ်ထားခြင်းမရှိစေရ**

ထိုသို့ဆောင်ရွက်လျက်ရှိရာတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသည် **လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများ၊ လူသားချင်းစာနာကူညီမှုလုပ်ငန်းများတွင် မည်သူတစ်ဦးတစ်ယောက်ကိုမျှ ချန်လှပ်ထားခြင်းမရှိစေရ** ဟူသောမူဝါဒကို လက်ကိုင်ပြု၍ လူအများစုပေါင်းနေထိုင်ကြသည့် IDPs စခန်းများ၊ တိုက်ပွဲရှောင်စခန်းများနှင့် ယာယီခိုလှုံရာနေရာများကိုလည်း မေ့လျော့ထားခြင်းမရှိဘဲ COVID-19 ကူးစက်ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့်ပတ်သက်၍ ထိရောက်သောလုပ်ငန်းများဖြစ်စေရေး စနစ်တကျဖြင့် ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်နိုင်စေရန်အတွက် **“စခန်းများတွင်နေထိုင်ကြသည့် ပြည်တွင်းနေရပ်စွန့်ခွာသူများအတွက် COVID-19 ကူးစက်ရောဂါနှင့်ပတ်သက်၍ ကြိုတင်ပြင်ဆင်ရေးစီမံချက်”**ကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ထုတ်ပြန်ချက်များ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏လမ်းညွှန်ချက်များနှင့်အညီ ရေးဆွဲခဲ့ပြီး Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီသို့ တင်ပြအတည်ပြုချက်ရယူ ဆောင်ရွက်ခဲ့ပါသည်။

- **COVID-19 နှင့်စပ်လျဉ်း၍ စိတ်လူမှုပိုင်းဆိုင်ရာပံ့ပိုးမှု (Psycho Social Support)များကို ရပ်ရွာအခြေပြု Quarantine နေရာများ၊ IDPs စခန်းများ၊ တိုက်ပွဲရှောင်စခန်းများနှင့် ယာယီခိုလှုံရာနေရာများတွင် ဆောင်ရွက်ပေးလျက်ရှိ**
- **ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့ရှိ နေရပ်စွန့်ခွာသူများ၏ IDPs စခန်းများရှိ အသက်(၆၀)နှစ်မှ အသက်(၈၅)နှစ်အောက်အထိ သက်ကြီးရွယ်အိုများနှင့် ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့ရှိ ယာယီခိုလှုံရာစခန်းမှ ကိုယ်ဝန်ဆောင်မိခင်များနှင့် အသက် (၂)နှစ်အောက် ကလေးသူငယ်များအား တစ်ဦးလျှင် နေ့စဉ် ကယ်လိုရီလိုအပ်မှုအပေါ် အခြေခံ၍ အာဟာရ(၄)မျိုးအတွက် တွက်ချက်ထားမှုအရ (၁)ရက်လျှင် (၉၈၄)ကျပ်နှုန်းဖြင့် (၂၁)ရက်အတွက် ငွေ(၂၀၆၆၄)ကျပ်ကို လူမှုဝန်ထမ်းဦးစီးဌာနဘတ်ဂျက်ဖြင့် ထောက်ပံ့နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိ**

ထိုစီမံချက်တွင် မြန်မာနိုင်ငံအတွင်းရှိ IDPs စခန်းများ၊ တိုက်ပွဲရှောင်စခန်းများနှင့် ယာယီခိုလှုံရာနေရာများ၌ COVID-19 ကူးစက်ရောဂါ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ကူးစက်ပြန့်ပွားမှု တားဆီးကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ကူးစက်ရောဂါနှင့်စပ်လျဉ်းသည့်လက္ခဏာများတွေ့ရှိပါက အရေးပေါ်တုံ့ပြန်ရေးအစီအမံထားရှိခြင်း၊ လိုအပ်သည့် အရင်းအမြစ်များစီမံခန့်ခွဲခြင်းနှင့် ညှိနှိုင်းပေါင်းစပ်ခြင်း၊ ကူးစက်ရောဂါနှင့်စပ်လျဉ်း၍ သတင်းအချက်အလက်ပေါ်မူတည်ကာ စီမံခန့်ခွဲခြင်း၊ စီမံချက်အကောင်အထည်ဖော်မှုအား စောင့်ကြည့်ကွပ်ကဲခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းများ ပါဝင်ပါသည်။

အဆိုပါစီမံချက်ပါ ဆောင်ရွက်ရန်အဆင့်များနှင့်စပ်လျဉ်း၍ ဝန်ကြီးဌာနနှင့် ဆက်စပ်ဆောင်ရွက်လျက်ရှိသော ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာအစိုးရမဟုတ်သောအဖွဲ့အစည်းများအား Video Conference ဖြင့် ရှင်းလင်းပြောကြားခဲ့ပြီး ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ရေး ဆွေးနွေးခဲ့ကြပါသည်။ UNDP, WFP, UNICEF, UNOCHA နှင့် အခြားUN အဖွဲ့အစည်းများ၊ LIFT Fund Board အဖွဲ့၊ World Vision အပါအဝင် INGO များ၊ Blue Sky ၊ မေတ္တာရင်းမြစ် ဖောင်ဒေးရှင်း စသော လူမှုရေးအဖွဲ့အစည်းများနှင့်လည်း ဆွေးနွေးညှိနှိုင်းပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

**(၆၇%) ကျော် လွှမ်းခြုံနိုင်ခဲ့ပြီး**

(၂၇-၃-၂၀၂၀) နေ့မှစတင်ကာ ပြည်နယ်(၅)ခုရှိ IDPs စခန်းများ၊ တိုက်ပွဲရှောင်စခန်းများနှင့် ယာယီခိုလှုံရာနေရာများတွင် COVID-19 ကူးစက်ရောဂါနှင့်ပတ်သက်၍ သတင်းအချက်အလက်များဖြန့်ဝေပေးခြင်း၊ လိုက်နာဆောင်ရွက်ရမည့်အချက်များကို Hand Speaker, Loudspeaker များအသုံးပြု၍ အသိပညာပေးခြင်း၊ ဆပ်ပြာများဝေငှခြင်းများ ဆောင်ရွက်လျက်ရှိရာ (၁၂-၄-၂၀၂၀)နေ့အထိ စုစုပေါင်း IDPs စခန်း(၈၆)ခုနှင့် တိုက်ပွဲရှောင်စခန်းများ၊ ယာယီခိုလှုံရာနေရာများတွင် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်နိုင်ခဲ့ပြီး ဆပ်ပြာတောင့်/ဆပ်ပြာခဲ (၇၀၀၀)ခန့် ဖြန့်ဝေနိုင်ခဲ့ပါသဖြင့် (၆၇%) ကျော် လွှမ်းခြုံနိုင်ခဲ့ပြီး လုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိပါသည်။ စခန်းများနှင့် ယာယီခိုလှုံရာနေရာအားလုံး လွှမ်းခြုံနိုင်ရေးအတွက် ဒေသအခြေအနေနှင့် လမ်းပန်းဆက်သွယ်ရေးအခြေအနေအရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး လိုအပ်သည်များ ပံ့ပိုးနိုင်ရေးကိုလည်း ချိတ်ဆက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနနှင့် အဖွဲ့အစည်းများ ဆွေးနွေးညှိနှိုင်းမှုအရ ပံ့ပိုးကူညီခဲ့သည့် Infrared Thermometer များကို ဖြန့်ဝေခဲ့ရာ ကချင်ပြည်နယ် IDPs စခန်းများသို့(၉)ခု၊ ရခိုင်ပြည်နယ် IDPs စခန်းများသို့(၉)ခု၊ ရှမ်းပြည်နယ် IDPs စခန်းများသို့(၄)ခု၊ ကရင်ပြည်နယ် IDPs စခန်းများသို့(၂)ခု ဖြန့်ဝေထားရှိပြီး Surgical Mask (၁၀၀၀၀) ခု၊ ဆပ်ပြာ(၁၀၀၀၀)ခဲ တို့ကို ပေးပို့လှူဒါန်းနိုင်ရန်လည်း ညှိနှိုင်းဆောင်ရွက်ပြီးဖြစ်သည့်အတွက် အဆိုပါ Mask နှင့် ဆပ်ပြာများကို IDPs စခန်းများ၊ တိုက်ပွဲရှောင်စခန်းများနှင့် ယာယီခိုလှုံရာနေရာများသို့ ဆက်လက်ပေးပို့သွားမည် ဖြစ်ပါသည်။

ချင်းပြည်နယ် ပလက်ဝမြို့၊ ဆမီးမြို့နှင့် မီးဇာကျေးရွာတို့တွင်လည်း ယာယီခိုလှုံရာစခန်း(၃)ခုဆောက်လုပ်ရန် စီစဉ်လျက်ရှိပြီး ပြောင်းရွှေ့နေရာချထားသည့်အချိန်တွင် တိုက်ပွဲရှောင်ပြည်သူများအတွက် လိုအပ်သည့်ထောက်ပံ့မှုများ၊ COVID-19 ကူးစက်ရောဂါနှင့်ပတ်သက်၍ အသိပညာပေးခြင်းနှင့် ရောဂါကာကွယ်ရေးနှင့် သန့်ရှင်းရေးပစ္စည်းများကို ပံ့ပိုးဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**ဆက်လက်ထောက်ပံ့ပေးသွားမည်**

IDPs စခန်းများ၊ တိုက်ပွဲရှောင်စခန်းများနှင့် ယာယီခိုလှုံရာနေရာများရှိ အိမ်ထောင်စုတိုင်းအတွက် ဆပ်ပြာနှင့် နှာခေါင်းစည်း(Mask)များကို ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၏ ဘတ်ဂျက်ရန်ပုံငွေဖြင့် ထောက်ပံ့သွားမည်ဖြစ်ပါသည်။ ထပ်မံ၍လည်း ရောဂါကာကွယ်ရေးနှင့် သန့်ရှင်းရေးပစ္စည်းလိုအပ်ချက်များကို မိတ်ဖက်အဖွဲ့အစည်းများနှင့် ညှိနှိုင်း၍ ဆက်လက်ထောက်ပံ့ပေးသွားမည်ဖြစ်ပါသည်။

ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့ရှိ နေရပ်စွန့်ခွာသူများ၏ IDPs စခန်းများရှိ အသက်(၆၀)နှစ်မှ အသက်(၈၅)နှစ်အောက်အထိ သက်ကြီးရွယ်အိုများနှင့် ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့ရှိ ယာယီခိုလှုံရာစခန်းမှ ကိုယ်ဝန်ဆောင်မိခင်များနှင့် အသက် (၂)နှစ်အောက် ကလေးသူငယ်များအား တစ်ဦးလျှင် နေ့စဉ် ကယ်လိုရီလိုအပ်မှုအပေါ် အခြေခံ၍ အာဟာရ(၄)မျိုးအတွက် တွက်ချက်ထားမှုအရ (၁)ရက်လျှင် (၉၈၄)ကျပ်နှုန်းဖြင့် (၂၁)ရက်အတွက် ငွေ(၂၀၆၆၄)ကျပ် ကို လူမှုဝန်ထမ်းဦးစီးဌာနဘတ်ဂျက်ဖြင့် ထောက်ပံ့နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေဖြင့် သဘာဝဘေးအန္တရာယ်များကြောင့်ဖြစ်စေ၊ လူမှုရေးဆိုင်ရာကိစ္စရပ်များကြောင့်ဖြစ်စေ ထိခိုက်ခံစားရမှုများ၊ ဆုံးရှုံးနစ်နာမှုများမဖြစ်ပေါ်စေရေး၊ ခံစားရမှုများမှ လျော့နည်းသက်သာစေရေးအတွက် ထိရောက်သော စီမံခန့်ခွဲမှုနည်းလမ်းများဖြင့်ဆောင်ရွက်လျက်ရှိရာ ယခုကဲ့သို့ ကမ္ဘာနှင့်အဝန်းဖြစ်ပေါ်ခံစားရလျက်ရှိသော ကပ်ရောဂါဘေးအန္တရာယ်တစ်ခုဖြစ်သည့် COVID-19 ကူးစက်ရောဂါနှင့် ပတ်သက်၍လည်း နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဦးဆောင်သော Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီ၏ ဦးဆောင်လမ်းညွှန်မှုနှင့်အညီ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ ကုလသမဂ္ဂနှင့် ပြည်တွင်း၊ ပြည်ပ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ ရပ်ရွာအခြေပြုလူမှုရေးအဖွဲ့အစည်းများ၊ စေတနာရှင်များနှင့်အတူပူးပေါင်းကာ ပြည်တွင်းနေရပ်စွန့်ခွာသူများအပါအဝင် လူထုတစ်ရပ်လုံးအတွက် အလေးထားကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း တင်ပြလိုက်ရပါသည်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

# စားနပ်ရိက္ခာဖူလုံရေးသည် ပြည်သူများ၏ လူမှုစီးပွားဘဝနှင့် နိုင်ငံရေးတည်ငြိမ်မှုတို့အတွက် အရေးကြီးကြောင်း သမ္မတဒူတာတေးပြောကြား



**မနီလာ မေ ၁၄**
အရှေ့တောင်အာရှဒေသအတွင်း ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါကို တိုက်ဖျက်နေချိန်တွင် စားနပ်ရိက္ခာဖူလုံရေးနှင့် လွတ်လပ်စွာကုန်သွယ်ရေးတို့အား စဉ်ဆက်မပြတ် ဆောင်ရွက်ခြင်း၏ အရေးကြီးပုံကို ဖိလစ်ပိုင်သမ္မတ ဒူတာတေးက အာဆီယံအစည်းအဝေးတွင် ပြောကြားခဲ့သည်။

ကိုရိုနာဗိုင်းရပ်စ်ဆိုင်ရာ စိန်ခေါ်မှုများအား အာဆီယံနိုင်ငံများအနေဖြင့် အချင်းချင်းစုစည်းပြီး အပြန်အလှန် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ဒူတာတေးက ပြောကြားသည်။

အာဆီယံအဖွဲ့အနေဖြင့် ဒေသတွင်းသာမက ကမ္ဘာ့နိုင်ငံများအချင်းချင်းတွင် ကိုရိုနာဗိုင်းရပ်စ် တိုက်ဖျက်ရေးအတွက် စုစည်းညှိနှိုင်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ကမ္ဘာကြီးဟာ ကိုရိုနာဗိုင်းရပ်စ်ရောဂါဘေး၏ အလယ်ဗဟိုတွင် ကျရောက်နေပြီး မမျှော်မှန်းနိုင်သောအကျိုးသက်ရောက်မှုနှုန်းများမှာ လူသားများတွင် ကျရောက်နေကြောင်း ဒူတာတေးက ပြောကြားသည်။ "ကျွန်တော်တို့ အနေနဲ့ ရန်သူအသစ်ကို ရင်ဆိုင်နေရပါတယ်။ ကိုရိုနာဗိုင်းရပ်စ်ဟာ ကျွန်တော်တို့ရဲ့နေထိုင်မှုဘဝတွေကိုပြောင်းပြန်အနေအထားဖြစ်သွားစေခဲ့ပါတယ်၊ ကိုရိုနာဗိုင်းရပ်စ်ဟာ ကျွန်တော်တို့ပြည်သူတွေနဲ့ စီးပွားရေးတွေကို ခြိမ်းခြောက်ခဲ့ပါတယ်" ဟု ပြောကြားခဲ့သည်။

ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားနေသော ကမ္ဘာ့နိုင်ငံများကဲ့သို့ ဖိလစ်ပိုင်နှင့် အခြားအာဆီယံနိုင်ငံများတွင်လည်း ပြည်သူများအား အကွာအဝေးသတ်မှတ်ပြီး နေထိုင်စေခြင်းနှင့် နေအိမ်များထဲတွင်သာ နေထိုင်စေခြင်းတို့ကိုစည်းကမ်းများသတ်မှတ်ပြီး ဆောင်ရွက်ခဲ့သည်။ ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားမှုကြောင့် ပြည်သူများ၏လူမှုစီးပွားဆိုင်ရာ ဆောင်ရွက်ချက်များလျှော့ချခဲ့ရပြီး နယ်စပ်များ ပိတ်ခဲ့ရသည်။ ကိုရိုနာဗိုင်းရပ်စ် ဖြစ်ပွားမှုကြောင့် ဒေသတွင်းကျန်းမာရေးစောင့်ရှောက်မှုစနစ်အပေါ်တွင် ဖိအားများဖြစ်ခဲ့ပြီး ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုနှုန်းများ မြင့်တက်ခဲ့သည့်အပြင် ဆေးဝါးနှင့်အထောက်အကူပြုပစ္စည်းများလျော့နည်းမှုတို့ တွေ့ကြုံခဲ့ရကြောင်း ဒူတာတေးကပြောကြားသည်။

စားနပ်ရိက္ခာဖူလုံရေးသည် ပြည်သူများ၏ လူမှုစီးပွားဘဝနှင့် နိုင်ငံရေးတည်ငြိမ်မှုတို့အတွက် အရေးကြီးသည်ဟု ၎င်းကပြောကြားသည်။ အာဆီယံအနေဖြင့် ပြည်သူ့ကျန်းမာရေးဆိုင်ရာ အရေးပေါ်ယန္တရားများကို တိုးချဲ့ရန်လိုအပ်ပြီး ဒေသတွင်းကပ်ရောဂါဆိုင်ရာ သတိပေးစနစ်ကို တည်ထောင်ရန်အကြံပြုပြောကြားပြီး ထိုင်းနိုင်ငံ၏ ကိုရိုနာဗိုင်းရပ်စ်ဆိုင်ရာ တုံ့ပြန်ဆောင်ရွက်ရေး ရန်ပုံငွေထူထောင်ရန် အဆိုပြုချက်အား ဖိလစ်ပိုင်က ကြိုဆိုကြောင်း ဒူတာတေးက ပြောကြားသည်။ ယခု အစည်းအဝေးတွင် ဗီယက်နမ်ဝန်ကြီးချုပ် ငုယင်ဆွမ်းဖုက အာဆီယံအလှည့်ကျ သဘာပတိအဖြစ် ဆောင်ရွက်ပြီး အာဆီယံနိုင်ငံများမှခေါင်းဆောင်များ တက်ရောက်ကြသည်။

**ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – စိုးသူရ**



# အိန္ဒိယက ကိုဗစ်-၁၉ ရောဂါကြောင့် တစ်နိုင်ငံလုံး အသွားအလာကန့်သတ်မှု မေ ၃ ရက်အထိ သက်တမ်းတိုး

**နယူးဒေလီ ဧပြီ ၁၄**
အိန္ဒိယနိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှု ထိန်းချုပ်ရေးသည် အလွန်အရေးကြီးသောအရာဖြစ်သည့်အတွက် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ၂၁ ရက်ကြာ ချမှတ်ထားသော ခရီးအသွားအလာကန့်သတ်မှုကို မေ ၃ ရက်အထိ သက်တမ်းတိုးသွားမည်ဖြစ်ကြောင်း အိန္ဒိယဝန်ကြီးချုပ် နာရန်ဒရာမိုဒီက ယနေ့ပြောကြားသည်။

ယခုကဲ့သို့ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အသွားအလာကန့်သတ်မှုကို မေ ၃ ရက်အထိ သက်တမ်းတိုးခြင်းအားဖြင့် အခြားဒေသသစ်များသို့ ကိုဗစ်-၁၉ ရောဂါမပြန့်ပွားရေးအတွက် မကြာမီရက်များအတွင်း အကျိုးအမြတ်အများအပြား ဖြစ်ထွန်းစေလိမ့်မည်ဖြစ်ကြောင်း ဝန်ကြီးချုပ်မိုဒီက ၎င်း၏ နိုင်ငံတော်အခြေပြုမိန့်ခွန်းတစ်ရပ်တွင် ထည့်သွင်းပြောကြားခဲ့သည်။

တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အသွားအလာကန့်သတ်ရေး စီမံချက်သစ် အကောင်အထည်ဖော်ရေးဆိုင်ရာ လမ်းညွှန်ချက်အသေးစိတ်ကို ဧပြီ ၁၅ ရက်တွင် ထုတ်ပြန်ကြေညာသွားမည်ဖြစ်ကြောင်း မိုဒီက ထပ်မံပြောကြားသည်။ သို့သော် ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုမရှိသည့်ဒေသများရှိ အပန်းဖြေစခန်းများတွင်မူ ဧပြီ ၂၀ ရက် နောက်ပိုင်းမှစ၍ နားနေသွားလာခွင့်ရှိတော့မည်ဖြစ်ကြောင်း ၎င်းက ထပ်မံပြောကြားသည်။

အိန္ဒိယအစိုးရသည် နိုင်ငံအတွင်း ရောဂါကူးစက်ပျံ့နှံ့မှုကို အကောင်းဆုံးနည်းလမ်းဖြင့် ထိန်းချုပ်နိုင်ရန် စီမံလုပ်ဆောင်ခဲ့ကြောင်း၊ မတ် ၂၅ ရက်မှ ဧပြီ ၁၄ ရက်အထိ ချမှတ်ထားသည့် ၂၁ ရက်ကြာ အသွားအလာကန့်သတ်ခြင်းမှတစ်ဆင့် အလွန်များပြားသော အကျိုးကျေးဇူးများကို လက်ခံရရှိခဲ့ကြောင်း မိုဒီက ထပ်လောင်းပြောကြားသည်။

အိန္ဒိယအစိုးရ၏ ၂၁ ရက်ကြာ နိုင်ငံတော်အတိုင်းအတာဖြင့် အသွားအလာကန့်သတ်ရေး စီမံချက်သည် ဧပြီ ၁၄ ရက် ညသန်းခေါင်ယံအချိန်တွင် သက်တမ်းကုန်ဆုံးမည်ဖြစ်ကြောင်း သိရသည်။

**ကိုးကား – ပီတီအိုင်**
**ဘာသာပြန် – ဂျေတီ**

# ဂျပန်နိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ်ရောဂါကူးစက်ခံရသူ ၈၀၀၀ ကျော်နှင့် သေဆုံးသူ ၁၆၃ ဦးရှိလာ


**တိုကျို ဧပြီ ၁၄**
ဂျပန်နိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူ အရေအတွက်သည် ဧပြီ ၁၄ ရက် ညနေပိုင်းအထိ ၈၀၀၀ ကျော်ရှိလာကြောင်းနှင့် အဆိုပါအရေအတွက်တွင် စင်းလုံးငှားလေယာဉ်များဖြင့် ဂျပန်နိုင်ငံသို့ ပြန်လာသူများ၊ ကျန်းမာရေးဝန်ကြီးဌာန တာဝန်ရှိသူများနှင့် လေဆိပ်၌ သီးသန့်စစ်ဆေးမှုခံယူသူသူများထဲမှ ရောဂါပိုးတွေ့ရှိသူများလည်း ပါဝင်သည်။

ဂျပန်နိုင်ငံတစ်ဝန်း ကိုရိုနာဗိုင်းရပ်စ်ရောဂါ ထပ်မံကူးစက်ခံရသူ ၃၁၅ ဦး ရှိခဲ့ရာ Diamond Princess အပျော်စီးသင်္ဘောပေါ်မှ ၇၁၂ ဦး အပါအဝင် ဂျပန်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူစုစုပေါင်း ၈၇၁၈ ဦးရှိကြောင်း သိရသည်။

ဧပြီ ၁၄ ရက်တွင် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ရှစ်ဦးကျော်ရှိခဲ့ခြင်းကြောင့် အပျော်စီးသင်္ဘောပေါ်မှ ၁၂ ဦးအပါအဝင် သေဆုံးသူ ၁၆၃ ဦးအထိ ရှိလာခဲ့သည်။ တိုကျိုမြို့သည် ၂၃၁၉ ဦးနှင့်အတူ ရောဂါကူးစက်ခံရမှုအများဆုံးစီရင်စုများစာရင်းတွင် ထိပ်ဆုံးက ရပ်တည်နေပြီး အိုဆာကာက ၈၃၅ ဦးနှင့် ဒုတိယ၊ ၎င်းတို့နောက်တွင် ကိုနာဂါဝါက ၅၇၉ ဦး၊ ချီဘာက ၄၈၉ ဦး၊ ဆိုင်းတမက ၄၃၀၊ ဟျိုင်ဂိုက ၄၀၂ ဦး၊ ဖူကူအိုကာက ၃၈၆ ဦး၊ အေချီက ၃၃၆ ဦး အသီးသီးရှိကြောင်း သိရသည်။

ဧပြီ ၁၄ ရက်အထိ ကိုရိုနာဗိုင်းရပ်စ်ရောဂါကူးစက်ခံရမှု ပြင်းထန်သည့်အခြေအနေရှိသူ ၁၅၈ ဦးရှိကြောင်းနှင့် ၎င်းတို့ထဲတွင် အပျော်စီးသင်္ဘောပေါ်မှ ခြောက်ဦးပါဝင်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများကပြောကြားသည်။ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရမှုမှ ပြန်လည်သက်သာလာပြီး ဆေးရုံမှ ဆင်းခွင့်ရသူ ၁၄၉၇ ဦးရှိကြောင်း အဆိုပါတာဝန်ရှိသူများက ပြောကြားသည်။

**ကိုးကား–အင်န်အိတ်ချ်ကေ**
**ဘာသာပြန်–အလင်းသစ်**






# အမေရိကန်တောင်ပိုင်းတွင် လေဆင်နှာမောင်း တိုက်ခတ်မှုကြောင့် လူ ၃၀ ကျော် သေဆုံး

**ဝါရှင်တန် ဧပြီ ၁၄**
အမေရိကန်နိုင်ငံတောင်ပိုင်းရှိ ပြည်နယ်အချို့တွင် ဧပြီ ၁၂ ရက်နှင့် ၁၃ ရက်တို့တွင် လေဆင်နှာမောင်း တိုက်ခတ်မှုကြောင့် လူ ၃၀ ကျော်သေဆုံးခဲ့ကြောင်း အာဏာပိုင်များက ပြောကြားခဲ့သည်။

တက္ကဆက်၊ အာကန်ဆော၊ လူဝီစီယားနား၊ အယ်လ်ဘားမား၊ ဂျော်ဂျီယာ၊ တောင်ကာရိုလိုင်းနား၊ မြောက်ကာရိုလိုင်းနားနှင့် တင်နက်ဆီပြည်နယ်များ၌ လေဆင်နှာမောင်းများ တိုက်ခတ်ခဲ့သည်။ မစ်စစ္စပီပြည်နယ်တွင် လူ ၁၁ ဦးထက်မနည်း သေဆုံးခဲ့ပြီး တောင်ကာရိုလိုင်းနားပြည်နယ်တွင် ကိုးဦး၊ ဂျော်ဂျီယာပြည်နယ်တွင် ခုနစ်ဦးနှင့် မြောက်ကာရိုလိုင်းနား၊ တင်နက်ဆီ၊ အာကန် ဆော်ပြည်နယ်တို့တွင် တစ်ဦးစီ သေဆုံးခဲ့ကြောင်း မစ်စစ္စပီပြည်နယ် အရေးပေါ်အခြေအနေ စီမံခန့်ခွဲရေးအေဂျင်စီက ဧပြီ ၁၃ ရက်တွင် ပြောကြားခဲ့သည်။

လေဆင်နှာမောင်းများ တိုက်ခတ်မှု၏ အကျိုးဆက်တစ်ခုအဖြစ် နေအိမ်တစ်သန်းကျော်နှင့် စီးပွားရေးလုပ်ငန်းများတွင် ဓာတ်အားပြတ်တောက်ခဲ့ကြောင်း poweroutage.us ၏ ဖော်ပြချက်အရ သိရသည်။ လေပြင်းများ တိုက်ခတ်မှုကြောင့် လူပေါင်းများစွာ ဒဏ်ရာရရှိကာ နေအိမ်များ ပျက်စီးခဲ့ရပြီး သစ်ပင်များ ပြိုလဲကျကာ လမ်းမကြီးများ ပိတ်ဆို့မှု ဖြစ်ပေါ်ခဲ့သည်။

**ကိုးကား–ဆင်ဟွာ**
**ဘာသာပြန်–ကျော်ထိုက်စိုး**

# ကိုရိုနာဗိုင်းရပ်စ် ကာကွယ်ရန်အတွက် နှာခေါင်းစည်း မဖြစ်မနေ တပ်ဆင်ရမည့်အမိန့် ဂီနီယာ သမ္မတ ပြဋ္ဌာန်း

**ကိုနာကရီ မေ ၁၄**

ကိုရိုနာဗိုင်းရပ်စ်ပျံ့နှံ့မှုကို ထိန်းချုပ်ကာကွယ်သည့်အနေဖြင့် နှာခေါင်းစည်းများ မဖြစ်မနေ တပ်ဆင်ရန် လိုအပ်ကြောင်း အမိန့်ပြဋ္ဌာန်းချက်ကို ထုတ်ပြန်ရန် ဂီနီယာ သမ္မတ အယ်လ်ဖာ ကွန်ဒီ က ဆုံးဖြတ်ခဲ့သည်။

မေ ၁၃ ရက် ညပိုင်းက ရုပ်မြင်သံကြားမှ ပြောကြားသည့်မိန့်ခွန်းတွင် အမိန့်ကို ချိုးဖောက်သူများကို သွားလာလှုပ်ရှားမှုတားမြစ်မည်ဖြစ်ကြောင်းနှင့် အမိန့်မလိုက်နာသူများကို ဒဏ်ငွေ ဂီနီယာ ဖရန့်ငွေ ၃၀၀၀၀( အမေရိကန်ဒေါ်လာ ၃ ဒသမ ၁၆ ဒေါ်လာ) ပြစ်ဒဏ်ချမှတ်မည်ဖြစ်ကြောင်း သမ္မတက ပြောကြားခဲ့သည်။ ယင်းအမိန့်သည် မေ ၁၈ ရက်မှ စတင်အကျိုးသက်ရောက်မည်ဖြစ်သည်။

အာဖရိကတိုက်အနောက်ပိုင်းမှ လူဦးရေ ၁၃ သန်းခန့်ရှိသည့် ဂီနီယာနိုင်ငံမှ အာဏာပိုင်များက နိုင်ငံအတွင်း၌ ယခုအချိန်အထိ ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရသူ ၃၀၀၀ ကျော်ရှိကြောင်း၊ ကူးစက်ခံရသူ အရေအတွက်သည် ဆတိုးနှုန်းဖြင့် မြင့်တက်နေကြောင်း ကြေညာသည်။

သမ္မတ ကွန်ဒီက စိုးရိမ်ဖွယ်ခြေလှမ်းဖြင့် ကိုရိုနာဗိုင်းရပ်စ် ပျံ့နှံ့မှုနှင့် နိုင်ငံ၏ ကျန်းမာရေးစနစ် ထိခိုက်နိုင်ဖွယ်ရှိသည့် အန္တရာယ်ရှိမှုကို ရည်ညွှန်းပြောဆိုခဲ့သည်။ ဂီနီယာနိုင်ငံသည် အီဘိုလာရောဂါပျံ့နှံ့မှုကိုလည်း ဆိုးရွားစွာခံစားခဲ့ရပြီး ၂၀၁၃ ခုနှစ်နှင့် ၂၀၁၆ ခုနှစ်အကြားတွင် လူ ၂၅၀၀ ခန့် အသက်ဆုံးရှုံးခဲ့သည်။

သမ္မတ ကွန်ဒီက ကုမ္ပဏီများ၊ ဝန်ကြီးဌာနများနှင့် အစိုးရမဟုတ်သည့် အဖွဲ့အစည်းများအားလုံးနှင့် ၎င်းတို့၏ ဝန်ထမ်းများကို နှာခေါင်းစည်းများ ထောက်ပံ့ပေးရန် မေ ၁၃ ရက်တွင် ပန်ကြားခဲ့သည်။ နှာခေါင်းစည်းများကို ပြည်တွင်း၌ ထုတ်လုပ်ကြရန်နှင့် ဈေးပေါပေါဖြင့် ရောင်းချကြရန်လည်း သမ္မတက တိုက်တွန်းခဲ့သည်။

နှာခေါင်းစည်းများ မဖြစ်မနေ တပ်ဆင်ရမည့် အမိန့်ပြဋ္ဌာန်းချက်အပြင် ဂီနီယာနိုင်ငံတွင် စောစောပိုင်းက ထုတ်ပြန်ခဲ့သည့် ကိုရိုနာဗိုင်းရပ်စ်ကာကွယ်ရေး ဆောင်ရွက်ချက်များရှိသည်။ ၎င်းတို့မှာ ညအချိန်အပြင်မထွက်ရအမိန့် ထုတ်ပြန်ခြင်း၊ နယ်စပ်များ ပိတ်ခြင်း၊ လူစုလူဝေးများ တားမြစ်ခြင်း၊ စာသင်ကျောင်းများနှင့် ဘာသာရေးဆိုင်ရာနေရာများ ပိတ်ခြင်းတို့ပါဝင်သည်။

**ကိုးကား–အေအက်ဖ်ပီ**
**ဘာသာပြန်–အောင်ဇော်လင်း**



# တူရကီ၌ ညမထွက်ရအမိန့် နှစ်ရက်ထပ်မံတိုးမြှင့်

**အစ္စတန်ဘူလ် မေ ၁၄**

တူရကီနိုင်ငံသမ္မတ အာဒိုဂန်သည် ကိုဗစ်–၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို ကာကွယ်ဟန့်တားရန် ညမထွက်ရအမိန့်တစ်ရပ်ကို နှစ်ရက်ထပ်မံတိုးမြှင့်ခဲ့ကြောင်း မေ ၁၃ ရက်တွင် ထုတ်ပြန်ကြေညာခဲ့ပြီး အဆိုပါ ညမထွက်ရအမိန့်သည် မေ ၁၇ ရက်တွင် စတင်မည်ဖြစ်သည်။

ယခုကြေညာချက်အရ အသွားအလာကန့်သတ်မှုကို မေ ၁၇ ရက်ညသန်းခေါင်ချိန်တွင် စတင်မည်ဖြစ်ပြီး မေ ၁၉ ရက်ညသန်းခေါင်အချိန်တွင် ကုန်ဆုံးမည်ဖြစ်ကြောင်း တယ်လီဖုန်းကွန်ဖရင့်မှတစ်ဆင့် ပြုလုပ်သည့် ဝန်ကြီးများအဆင့်အစည်းအဝေးတစ်ရပ်သို့ တက်ရောက်ခဲ့ပြီးနောက် သမ္မတ အာဒိုဂန်က ပြောကြားခဲ့သည်။

“ဒီလိုတားမြစ်ပိတ်ပင်မှုတွေကို လိုအပ်ရင်လိုအပ်သလို ဆက်လက်ဆောင်ရွက်သွားဖို့လည်း ဆုံးဖြတ်ထားပါတယ်”ဟု သမ္မတ အာဒိုဂန်က ဆက်လက်ပြောကြားသည်။ ပြီးခဲ့သည့်အပတ်က ထုတ်ပြန်ခဲ့သည့် တူရကီနိုင်ငံ၏ ညမထွက်ရအမိန့်မှာ အစ်ဇ်မီယာပြည်နယ်အနောက်ပိုင်း၊ အစ္စတန်ဘူလ်နှင့် မြို့တော်အန်ကာရာတို့ အပါအဝင် ပြည်နယ် ၃၁ ခုတို့အတွက် ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

အစ္စတန်ဘူလ်နှင့် နယ်မြေချင်းထိစပ်လျက်ရှိသည့် ဟာဒင်ကွိုင်ဒေသနှင့် ကိုကာအီလီ ပြည်နယ် ဒီရင့်စ်ခရိုင်တို့တွင် စုစုပေါင်း ခုတင် ၃၅၀ ဆံ့ ဆေးရုံနှစ်ခုကိုလည်း တည်ဆောက်လျက်ရှိကြောင်း တူရကီ သမ္မတအာဒိုဂန်က မှတ်ချက်ပြုပြောကြားခဲ့သည်။

တူရကီနိုင်ငံသည် မေ ၁၃ ရက်အထိ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူ ၆၁၀၄၉ ဦးနှင့် သေဆုံးသူ ၁၂၉၆ ဦးရှိကြောင်း တူရကီကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်သည့် အချက်အလက်များအရ သိရသည်။

**ကိုးကား–ဆင်ဟွာ**
**ဘာသာပြန်–အလင်းသစ်**



မေ ၁၂ ရက်က ဂီနီယာနိုင်ငံရှိ လမ်းများနှင့် ဈေးဆိုင်များတွင် ရောဂါကူးစက်မှုမဖြစ်ပွားစေရေး ပိုးသတ်ဆေးဖျန်းရန် ဝတ်စုံပြည့်ဝတ်ဆင်ထားသော အလုပ်သမားများအား တွေ့ရစဉ်။

# ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးများ လက်တွေ့စမ်းသပ်ရန် တရုတ် အတည်ပြု


**ပေကျင်း မေ ၁၄**

ကမ္ဘာတစ်ဝန်း လူပေါင်း ၁၀၀၀၀၀ ကျော် သေဆုံးခဲ့သည့် ကိုရိုနာဗိုင်းရပ်စ် တိုက်ဖျက်မည့် စမ်းသပ်ဆဲ ကာကွယ်ဆေးနှစ်မျိုးကို ကနဦးအဆင့် လူသားများနှင့်စမ်းသပ်ရန် တရုတ်နိုင်ငံက အတည်ပြုလိုက်ပြီဖြစ်သည်။

အဆိုပါ ကာကွယ်ဆေးများကို ပေကျင်းမြို့တော်အခြေစိုက် Sinovac ဇီဝနည်းပညာကုမ္ပဏီနှင့် နိုင်ငံပိုင် China National Pharmaceutical Group ၏ လုပ်ငန်းခွဲတစ်ခုဖြစ်သည့် Wuhan Institute of Biological Products တို့က တီထွင်ထုတ်လုပ်လျက်ရှိသည်။ အမေရိကန် အမျိုးသားကျန်းမာရေးအဖွဲ့အစည်းနှင့်အတူ ကာကွယ်ဆေးကို လူသားများနှင့် စမ်းသပ်မှုများ စတင်ခဲ့ကြောင်း အမေရိကန်ဆေးဝါးကုမ္ပဏီ မိုဒန်နာက ပြောကြားပြီးနောက် တရုတ်တပ်မတော် ဆေးဘက်ဆိုင်ရာ သိပ္ပံတက္ကသိုလ်နှင့် ဟောင်ကောင်အခြေစိုက် ဇီဝနည်းပညာကုမ္ပဏီ CanSino Bio တို့ တီထွင်သည့် ကိုရိုနာဗိုင်းရပ်စ် ကာကွယ်ဆေးတစ်မျိုးကို လက်တွေ့စမ်းသပ်ရန် တရုတ်နိုင်ငံက မတ်လအတွင်း အတည်ပြုခဲ့သည်။

ကမ္ဘာတစ်ဝန်း လူပေါင်း ၁၁၄၀၀၀ ကျော် သေဆုံးခဲ့သည့် ကိုဗစ်–၁၉ ရောဂါပျံ့နှံ့မှုကို အပြည့်အဝဟန့်တားရန် ဘေးအန္တရာယ်ကင်းသော၊ ထိရောက်သော ကာကွယ်ဆေးတစ်မျိုး လိုအပ်မည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့က မေ ၁၃ ရက်တွင် ပြောကြားခဲ့သည်။ ကိုဗစ်–၁၉ ရောဂါအန္တရာယ် ဆက်လက်ရှိနေမည်ဖြစ်ပြီး ကူးစက်မှုဟန့်တားရန် ဘေးအန္တရာယ်ကင်း၍ ထိရောက်မှုရှိသော ကာကွယ်ဆေးတစ်မျိုး တီထွင်ထုတ်လုပ်မှုနှင့် ပေးဝေမှုလိုအပ်လာမည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ် တီဒရို့စ်အဒါနွမ်က ဂျီနီဗာမြို့၌ ကျင်းပသည့် ရှင်းလင်းပွဲတစ်ခု၌ ပြောကြားသည်။

**ကိုးကား–အေအက်ဖ်ပီ**
**ဘာသာပြန်–ကျော်ထိုက်စိုး**




## ရုရှားနိုင်ငံတွင် တစ်ရက်တာအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူအသစ် ၂၇၇၄ ဦးစမ်းသပ်တွေ့ရှိ၊ ရောဂါကူးစက်ခံရသူပေါင်း ၂၀၀၀၀ ကျော်ရှိလာ

**မော်စကို မေ ၁၄**

ရုရှားနိုင်ငံတွင် ၂၄ နာရီအတွင်း ကိုဗစ်–၁၉ရောဂါ ကူးစက်ခံရသူ ၂၇၇၄ ဦး ထပ်မံစမ်းသပ်တွေ့ရှိခဲ့ပြီးနောက် နိုင်ငံအတွင်း ရောဂါကူးစက်ခံရသူ စုစုပေါင်း ၂၃၁၀၂ ဦး ရှိလာကြောင်း အစိုးရ၏ တရားဝင်ကိန်းဂဏန်းများအရ သိရသည်။

ထို့အတူ မေ ၁၃ ရက်က ရုရှားနိုင်ငံအတွင်း ကိုဗစ်–၁၉ ရောဂါကြောင့် သေဆုံးသူ ၁၄၈ ဦးရှိပြီး မေ ၁၄ ရက်တွင် ၁၇၀ အထိ မြင့်တက်လာခဲ့ကြောင်း၊ သို့သော် ရုရှားနိုင်ငံတွင် တစ်ရက်အတွင်း ပြန်လည်ကျန်းမာလာသူ ၂၂၄ ဦး အပါအဝင် လူ ၁၆၉၄ ဦးသည် ၎င်းတို့၏ ရောဂါမှ ပြန်လည်ကျန်းမာလာကြောင်း ရုရှားအစိုးရ၏ ကိုဗစ်–၁၉ ရောဂါတုံ့ပြန်ရေးဗဟိုဌာနမှ ထုတ်ပြန်သည့် ကြေညာချက်တစ်ရပ်တွင် ဖော်ပြထားသည်။

ရုရှားနိုင်ငံအတွင်း ကိုဗစ်–၁၉ ရောဂါ အဆိုးရွားဆုံး ထိခိုက်သွားသည့်နေရာမှာ မော်စကိုမြို့ဖြစ်သည်။ မော်စကိုတစ်မြို့တည်းတွင် တစ်ရက်တာအတွင်း ရောဂါကူးစက်ခံရသူ ၁၄၈၉ ဦး ထပ်မံစမ်းသပ်တွေ့ရှိခဲ့ပြီးနောက် ယခုအခါ ရောဂါကူးစက်ခံရသူ စုစုပေါင်း ၁၃၀၀၂ ဦး ရှိလာခဲ့သည်။

ရုရှားအစိုးရသည် နိုင်ငံအတွင်း ကိုဗစ်–၁၉ ရောဂါ ကူးစက်ခံရသူ ပထမဆုံးလူနာနှစ်ဦးကို ဇန်နဝါရီ ၃၁ ရက်က စမ်းသပ်တွေ့ရှိ ခဲ့သည်။ သို့သော် မတ်လကုန်ပိုင်းမှစ၍ နိုင်ငံအတွင်း ရောဂါကူးစက်ခံရသူဦးရေ သိသိသာသာ မြင့်တက်လာခဲ့ပြီး ယခုအခါ ရောဂါကူးစက်ခံရသူစုစုပေါင်း ၂၀၀၀၀ ကျော်ရှိလာခဲ့ကြောင်း သိရသည်။

ကိုရိုနာဗိုင်းရပ်စ် ကူးစက်ပျံ့နှံ့မှု တားဆီးကာကွယ်ရေးအတွက် အစိုးရ၏ကြိုးပမ်းမှုအစိတ်အပိုင်းအနေဖြင့် မရှိမဖြစ်လိုအပ်သော အဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သော ဝန်ထမ်းများမှလွဲ၍ ရုရှားပြည်သူများသည် မတ် ၃၀ မှ မေ ၃၀ အထိ လစာအပြည့်ဖြင့် ခွင့်ယူကြမည်ဖြစ်ကြောင်း သိရသည်။

ရုရှားနိုင်ငံတွင် ကိုဗစ်–၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုအခြေအနေ ပိုမိုဆိုးရွားလာသလို အရှိန်မြင့်မားလာကြောင်း ရုရှားသမ္မတ ဗလာဒီမာပူတင်က ကိုဗစ်–၁၉ ရောဂါတိုက်ဖျက်ရေးလုပ်ငန်းတွင် ပါဝင်သော အစိုးရအရာရှိများနှင့် ပြုလုပ်သည့် အစည်းအဝေးတစ်ရပ်တွင် ထည့်သွင်းပြောကြားသည်။ သို့ဖြစ်ရာ ရောဂါကူးစက်ပျံ့နှံ့မှု ဆက်လက်ဆိုးရွားလာပါက ကိုဗစ်–၁၉ ရောဂါ တိုက်ဖျက်ရေးလုပ်ငန်းတွင် တပ်မတော်သားများကို တာဝန်ချထားမည်ဖြစ်ကြောင်း၎င်းက ထပ်လောင်းပြောကြားသည်။ **ကိုးကား–ဆင်ဟွာ၊ ဘာသာပြန်–ဂျေတီ**



အမေရိကန်နိုင်ငံ အမျိုးသားကူးစက်ရောဂါဆိုင်ရာကျွမ်းကျင်သူ အန်တိုနီဖော်စီ

## အန်တိုနီဖော်စီအား သမ္မတဒေါ်နယ်ထရမ့်အနေဖြင့် ရာထူးမှရပ်စဲမည်မဟုတ်ကြောင်း အိမ်ဖြူတော်ပြောကြား

**ဝါရှင်တန် မေ ၁၄**

သမ္မတဒေါ်နယ်ထရမ့် အနေဖြင့် အမေရိကန်နိုင်ငံ အမျိုးသားကူးစက်ရောဂါဆိုင်ရာကျွမ်းကျင်သူ အန်တိုနီဖော်စီအား ရာထူးမှရပ်စဲမည်မဟုတ်ကြောင်း အိမ်ဖြူတော်တွင် မေ ၁၃ရက်ကပြောကြားသည်။ "အန်တိုနီဖော်စီဟာ ယခုအချိန်အထိသမ္မတရဲ့ ယုံကြည်ရတဲ့ အကြံပေးအဖြစ်တာဝန်ထမ်းဆောင်နေပါတယ်"ဟု အိမ်ဖြူတော်သတင်းထုတ်ပြန်ရေးလက်ထောက်တာဝန်ခံ ဟိုဂန်ဂီလိက ပြောကြားသည်။

ယခုကြေညာချက်သည် ဖော်စီကို ရာထူးမှ ရပ်စဲပစ်ဟူသော ရေးသားချက်တစ်ရပ်ကို လူမှုကွန်ရက်တွင် တနင်္ဂနွေနေ့ညက တွေ့ရှိခဲ့ရပြီးနောက်ပေါ်ပေါက်လာခဲ့သည်။

မိမိနေအိမ်တွင်သာ နေထိုင်မည့် ဆောင်ရွက်ချက်များကို စောစီးစွာအကောင်အထည်ဖော်နိုင်ပါက လူ့အသက်ပေါင်းများစွာကို ပိုမိုကယ်တင်နိုင်မည်ဟု စီအင်န်အင်န်သတင်းဌာနနှင့်ပြုလုပ်သော အင်တာဗျူးတွင် ဖော်စီက ပြောကြားခဲ့သောကြောင့် ကွန်ဆာဗေးတစ်များ၏ ဝေဖန်မှုကို ခံရလျက်ရှိသည်။ ကိုရိုနာဗိုင်းရပ် ဆိုင်ရာလုပ်ငန်းအဖွဲ့အနေဖြင့် ကိုရိုနာဗိုင်းရပ်စ်၏ခြိမ်းခြောက်မှုအား လျှော့တွက်ခဲ့ခြင်းနှင့် ရောဂါစမ်းသပ်မှုများတွင် မှားယွင်းမှုများရှိခဲ့ခြင်းကြောင့် စိစစ်ခြင်းခံခဲ့ရသည်။ တနင်္လာနေ့က ပြုလုပ်ခဲ့သော အစည်းအဝေးတွင် ထရမ့်ကကိုရိုနာဗိုင်းရပ်စ်နှင့်ပတ်သက်သည့် ၎င်း၏ဆောင်ရွက်ချက်များကို အလေးထားထုတ်လွှင့်ခဲ့ပြီး မြို့တော်ဝန်များက ၎င်း၏ဆောင်ရွက်ချက်များကို ချီးကျူးခဲ့သည်။ အမေရိကန်ပြည်ထောင်စုတွင် ကိုရိုနာဗိုင်းရပ်စ် အတည်ပြုလူနာ ၅၈၁၀၀၀ ရှိပြီး သေဆုံးသူ ၂၃၀၀၀ ရှိကြောင်း ဂျွန်ဟော့ကင်းတက္ကသိုလ်၏ ထုတ်ပြန်ချက် အရသိရသည်။

ကိုးကား- ဆင်ဟွာ၊ ဘာသာပြန် -စိုးသူရ

## ကမ္ဘာတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၁၂၀၀၀၀ ကျော်ရှိလာ

**ပါရီ မေ ၁၄**

ကမ္ဘာတစ်ဝန်းတွင် ကိုဗစ်–၁၉ ရောဂါကြောင့် သေဆုံးသူ ၁၂၀၀၀၀ ကျော်ရှိလာပြီး ၎င်းတို့အနက် ၇၀ ရာခိုင်နှုန်းနီးပါးသည် ဥရောပတိုက်တွင် သေဆုံးခဲ့ခြင်းဖြစ်ကြောင်း တရားဝင်သတင်းရင်းမြစ်များမှ ရယူထားသည့် အေအက်ဖ်ပီသတင်းဌာန၏ နောက်ဆုံး အချက်အလက်များအရ သိရသည်။

ကိုဗစ်–၁၉ ရောဂါသည် ၂၀၁၉ ခုနှစ်နှောင်းပိုင်းတွင် တရုတ်နိုင်ငံ အလယ်ပိုင်းမှ စတင်ဖြစ်ပွားခဲ့ပြီး ယင်းအချိန်ကတည်းက ကမ္ဘာ့နိုင်ငံနှင့် ဒေသပေါင်း ၉၃ ခုသို့ ကူးစက်ပျံ့နှံ့သွားကာ ကမ္ဘာတစ်ဝန်းလုံးတွင် ရောဂါ ကူးစက်ခံရသူစုစုပေါင်း ၁၉၂၃၃၉၀ ရှိလာခဲ့သည်။

ထို့အတူ အဆိုပါ ကပ်ရောဂါကြောင့် ကမ္ဘာတစ်ဝန်းတွင် သေဆုံးသူစုစုပေါင်း ၁၂၀၀၁၃ ဦးရှိလာပြီး ၎င်းတို့အနက် ၈၁၄၇၄ ဦးမှာ ဥရောပတိုက်တွင် သေဆုံးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ကိုဗစ်–၁၉ ရောဂါကူးစက်ပျံ့နှံ့မှု အမြန်ဆုံးနိုင်ငံဖြစ်သည့် အမေရိကန်ပြည်ထောင်စုတွင် ရောဂါကူးစက်ခံရသူစုစုပေါင်း ၅၈၂၅၉၄ ဦး ရှိလာပြီး ၎င်းတို့အနက် ၂၃၆၄၉ ဦးသည် ယင်းရောဂါကြောင့် သေဆုံးကာ ကမ္ဘာပေါ်တွင် ကိုဗစ်–၁၉ ရောဂါကြောင့် သေဆုံးမှုအများဆုံးနိုင်ငံဖြစ်လာခဲ့သည်။

ထို့အပြင် အီတလီနိုင်ငံတွင် ကိုဗစ်–၁၉ ရောဂါကြောင့် ၂၀၄၆၅ ဦး၊ စပိန်နိုင်ငံတွင် ၁၈၀၅၆ ဦး၊ ပြင်သစ်နိုင်ငံတွင် ၁၄၉၆၇ ဦးနှင့် ဗြိတိန်တွင် ၁၁၃၂၉ ဦးစသည်ဖြင့် အသီးသီးသေဆုံးခဲ့ကြကြောင်း အေအက်ဖ်ပီသတင်းဌာန၏ နောက်ဆုံးကိန်းဂဏန်းများအရ သိရသည်။

ကိုးကား – အေအက်ဖ်ပီ

ဘာသာပြန် – ဂျေတီ

## ကိုရိုနာဗိုင်းရပ်စ်ဘေးသင့် ပြည်သူ သန်း ၈၀ သို့ အမေရိကန်အစိုးရက ငွေကြေး ထောက်ပံ့

**ဝါရှင်တန် မေ ၁၄**

ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားမှုကြောင့် ထိခိုက်ခဲ့ရသည့် သန်းနှင့်ချီသော အမေရိကန်ပြည်သူများသို့ ကယ်ဆယ်ရေးငွေထောက်ပံ့မှုကို အမေရိကန် အစိုးရက စတင်လိုက်ပြီဖြစ်သည်။

ကိုဗစ်–၁၉ ကပ်ရောဂါ အကျိုးသက်ရောက်မှုတိုက်ဖျက်ရန် ပြုစုခဲ့သည့် အရေးပေါ်ကယ်ဆယ်ရေးအစီအစဉ်၏ တစ်စိတ်တစ်ဒေသအဖြစ် ပြီးခဲ့သည့်လတွင် အမေရိကန်ကွန်ဂရက်က Economic Impact Payments ခေါ် ကိုရိုနာဗိုင်းရပ်စ်ဘေးသင့် ပြည်သူများသို့ ငွေကြေးထောက်ပံ့မည့် စီမံချက်ကို အတည်ပြုခဲ့သည်။ တစ်နှစ်လျှင် ဝင်ငွေ ဒေါ်လာ ၇၅၀၀၀ ရရှိသူတိုင်းက ဒေါ်လာ ၁၂၀၀ ရရှိမည်ဖြစ်သည်။ ကလေးနှစ်ဦးရှိသည့် မိသားစုတစ်ခုက ဒေါ်လာ ၃၄၀၀ လက်ခံရရှိမည်ဖြစ်သည်။ အခွန်ထမ်းပြည်သူများ၏ ဘဏ်စာရင်းများအတွင်းသို့ ငွေကြေးထောက်ပံ့မှုများ တိုက်ရိုက်လွှဲပို့မှု စတင်ခဲ့ကြောင်း ဘဏ္ဍာရေးဝန်ကြီးဌာနက မေ ၁၃ ရက်တွင် ပြောကြားခဲ့သည်။

အမေရိကန်ပြည်သူ သန်း ၈၀ ကျော်သည် ဧပြီလ ၁၅ ရက်မတိုင်မီ ငွေကြေးထောက်ပံ့မှုများ လက်ခံရရှိမည်ဟု မျှော်မှန်းရသည်။ စံသတ်မှတ်ချက်နှင့်ပြည့်မီသည့် အမေရိကန်ပြည်သူ အများစုမှာ လာမည့်နှစ်ပတ်အတွင်း ငွေကြေးထောက်ပံ့မှုကို လက်ခံရရှိမည်ဟု မျှော်မှန်းပါကြောင်း ဘဏ္ဍာရေးဝန်ကြီးဌာနက ပြောသည်။ ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားမှုကြောင့် အလုပ်အကိုင်များ ဆုံးရှုံးခဲ့ရသည့် အမေရိကန် ပြည်သူတိုင်းအတွက် ငွေကြေးထောက်ပံ့မှုများက မရှိမဖြစ်လိုအပ်ကြောင်း ဘဏ္ဍာရေးဝန်ကြီး စတီဗင်မြူချင်က သတင်းထောက်များသို့ ပြောကြားခဲ့သည်။

ယခုတစ်ကြိမ် ငွေကြေးထောက်ပံ့မှုမှာ ကိုရိုနာဗိုင်းရပ်စ်ကြောင့် အကျပ်အတည်း ကြုံတွေ့ရသည့် ပြည်သူများ သို့ ဘဏ္ဍာရေးဆိုင်ရာ အကူအညီများ မြန်ဆန်စွာ ပေးအပ်သည့် အစိုးရ ကြိုးပမ်းမှုများ၏ တစ်စိတ်တစ်ဒေသဖြစ်သည်။

ကိုးကား–အင်န်အိတ်ချ်ကေ

ဘာသာပြန်–ကျော်ထိုက်စိုး

## အမေရိကန်နိုင်ငံက ကိုရိုနာဗိုင်းရပ်စ်ထက်ပို၍ အန္တရာယ်ရှိဟု အီရန်သမ္မတ ရူဟာနီ ပြော

**တီဟီရန် မေ ၁၄**

အီရန်သမ္မတ ဟတ်ဆန်ရူဟာနီက အမေရိကန်နိုင်ငံ၏ အရေးယူမှုများကို ပြင်းပြင်းထန်ထန်ဝေဖန်ခဲ့ပြီး အမေရိကန်နိုင်ငံ၏နယ်ချဲ့ဝါဒက နိုင်ငံတကာ အသိုင်းအဝိုင်းအတွက် ကိုရိုနာဗိုင်းရပ်စ်ထက်ပို၍ အန္တရာယ်ရှိသည်ဟု ပြောကြားလိုက်သည်။

အီရန်သမ္မတ ရူဟာနီက အဆိုပါမှတ်ချက်စကားကို ယမန်နေ့ကဗင်နီဇွဲလားသမ္မတ နီကိုးလပ်စ်မာဒူရိုနှင့် ဖုန်းဖြင့် ဆွေးနွေးမှုတစ်ခုအတွင်း ပြောကြားခဲ့ခြင်းဖြစ်သည်။ ဗင်နီဇွဲလားနိုင်ငံမှာလည်း အမေရိကန်နိုင်ငံ၏ စီးပွားရေးအရေးယူမှု ခံနေရသည့်နိုင်ငံဖြစ်သည်။ အီရန်နှင့် ဗင်နီဇွဲလားနိုင်ငံတို့အပေါ် မညှာတာသော တရားမဝင် အရေးယူမှုများက လူသားတို့၏ အခြေခံသဘောတရားများကို ဆန့်ကျင်နေကြောင်း ရူဟာနီက ပြောသည်။ အရေးယူမှုများက နိုင်ငံ၏ များစွာလိုအပ်နေသော ရေနံကုန်သွယ်မှုကို ပိတ်ပင်တားဆီးနေပြီး ကိုရိုနာဗိုင်းရပ်စ် ဖြစ်ပွားနေစဉ် ဆေးဝါးနှင့် ဆေးဘက်ဆိုင်ရာကိရိယာများ တင်သွင်းမှုကို ဟန့်တားနေကြောင်း အီရန်နိုင်ငံက ပြောသည်။

လက်ရှိအချိန်ထိ ကိုရိုနာဗိုင်းရပ်စ် ကူးစက်မှု ၇၃၀၀၀ ကျော် ဖြစ်ပွားခဲ့ပြီး ၄၅၈၅ ဦး သေဆုံးခဲ့ကြောင်း အီရန်နိုင်ငံက ကြေညာခဲ့သည်။ ဗင်နီဇွဲလား၊ တရုတ်၊ အခြားတိုင်းပြည်များနှင့်အတူ အီရန်နိုင်ငံသည် ပြီးခဲ့သည့်လက ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ထံ စာတစ်စောင်ပေးပို့ခဲ့ပြီး ကိုဗစ်–၁၉ ရောဂါကို ပိုမိုထိရောက်စွာ တိုက်ဖျက်နိုင်ရေး အရေးယူမှုများ အပြည့်အဝ ချက်ချင်းရုပ်သိမ်းပေးရန် တောင်းဆိုခဲ့သည်။

ကိုးကား– အင်န်အိတ်ချ်ကေ

ဘာသာပြန်–ကျော်ထိုက်စိုး




အီရန်သမ္မတ ရူဟာနီ

## ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါ ဖြစ်ပွားနေစဉ်အတွင်း မွေးဖွားသည့် ကလေးငယ်များကို ထိုင်းဆေးရုံများက မျက်နှာအကာအကွယ်များဖြင့် ကာကွယ်မှုပေး



**ဗန်ကောက် မေ ၁၄**

ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ ဆေးရုံများက ကိုရိုနာဗိုင်းရပ်စ် ပျံ့နှံ့မှုကို ကာကွယ်ရန်အတွက် ၎င်းတို့၏ သားဖွားဆောင်များရှိ မွေးကင်းစ ကလေးငယ်များကို မျက်နှာအကာအကွယ်များ အသုံးပြု၍ အကာအကွယ်ပေးသည်။

ပါရာရမ် ၉ ဆေးရုံတွင် အထူးစီမံချက်များစွာကို ထုတ်ပြန်ထားပြီး ဗန်ကောက်မြို့တော်တစ်ဝန်းရှိ အခြားမွေးဖွားဆောင်များတွင် ပြုလုပ်သည့် ကြိုတင်ကာကွယ်မှုကဲ့သို့ မွေးကင်းစ ကလေးငယ်များကို မျက်နှာအကာအကွယ်များ ဝတ်ဆင်ပေးနေသည်။ မွေးကင်းစ ကလေးငယ်များ ပထမဆုံး အိမ်အပြန်ခရီးတွင် အသုံးပြုရန်အတွက် သေးငယ်သည့် မျက်နှာအကာအကွယ် ပစ္စည်းလေးများကို ဆေးရုံက စီစဉ်ပေးထားသည်။

ဗန်ကောက်မြို့သည် ယခုအခါ အသွားအလာ ကန့်သတ်တားမြစ်ပိတ်ဆို့မှု အောက်တွင်ရှိနေသည်။ ယခုသီတင်းပတ်အတွင်း ကျရောက်သည့် ယခင်က မြူးထူးပျော်ပါးခဲ့ကြသည့် ထိုင်းနှစ်ကူး ဆုန်ခရန်ပွဲတော်သည် တိတ်ဆိတ်ငြိမ်သက်နေသည်။ ညအပြင်မထွက်ရ အမိန့်ကိုလည်း ဆက်လက်ထိန်းသိမ်းထားဆဲဖြစ်ပြီး မရှိမဖြစ်သွားစရာလိုအပ်သည့် ယာဉ်များသာ လမ်းပေါ်တွင်ရှိသည်။

ထိုင်းနိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရသူ အရေအတွက် ၂၆၁၃ ဦး ရှိပြီး သေဆုံးသူ အရေအတွက် ၄၁ ဦးရှိသည်။ တရုတ်နိုင်ငံပြင်ပတွင် ထိုင်းနိုင်ငံသည် ပထမဆုံး ကိုရိုနာဗိုင်းရပ်စ် ကူးစက်မှုမှတ်တမ်းရှိခဲ့သည့် နိုင်ငံဖြစ်သော်လည်း အခြားနိုင်ငံများနှင့် နှိုင်းယှဉ်ပါက ဗိုင်းရပ်စ် ကူးစက်ခံရသူ အရေအတွက် နည်းပါးသည်။

ကိုးကား – အေအက်ဖ်ပီ

ဘာသာပြန် – အောင်ဇော်လင်း

## မှုခင်း၊ ပြည်တွင်းရေးရာ

စိုင်းလိတ်(ခ)ဟိုနမ်အား သိမ်းဆည်းရမိသည့် စိတ်ကြွဆေးပြားများနှင့်အတူ တွေ့ရစဉ်။



# မြို့နယ်အချို့တွင် စိတ်ကြွဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် မေ ၁၄**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၁၃ ရက် ညပိုင်းက ဖားကန့်မြို့နယ် လုံးခင်းကျေးရွာအုပ်စု ကံဆီးကျေးရွာ ကွက်သစ်(B)နေ မရွှယ်အောင်(ခ)ခင်ချစ်ချစ်ခိုင်၏နေအိမ်ကို ရှာဖွေရာ စိတ်ကြွဆေးပြား ၁၉၀၀ သိမ်းဆည်းရမိခဲ့သည်။

အလားတူ ယင်းနေ့မွန်းလွဲပိုင်းက မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့ ဆန်ဆိုင်း(ခ)ရပ်ကွက် နှင်းဆီလမ်းပေါ်တွင် စိုင်းလိတ်(ခ) ဟိုနမ် မောင်းနှင်လာသော ယာဉ်ကို ရပ်တန့်ရှာဖွေရာ ငွေကျပ် သိန်း ၂၀၀၀ တန်ဖိုးရှိ စိတ်ကြွဆေးပြားများ သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **ရဲပြန်ကြား**

# ကျောက်ပန်းတောင်းမြို့နယ် ပွေးကျစ်မြောက်ကျေးရွာ၌ မီးကြွင်းမီးကျန်မှတစ်ဆင့် မီးလောင်မှုဖြစ်ပွား

**ကျောက်ပန်းတောင်း မေ ၁၄**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် ပွေးကျစ်မြောက်ကျေးရွာတွင် မေ ၁၃ ရက် မွန်းလွဲ ၁၂ နာရီ ၄၅ မိနစ်က နွားတင်းကုတ်အတွင်းရှိ မီးကြွင်းမီးကျန်မှတစ်ဆင့် နွားစာပုံသို့ကူးစက်ရာမှ လူနေအိမ် နှစ်လုံး၊ နွားတင်းကုတ် ငါးလုံးနှင့် လယ်ယာသုံးစက်ပစ္စည်းများ မီးလောင်မှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ပွေးကျစ်မြောက်ရွာနေ ဦးသိန်းထူး (ခ)ဦးသိန်းထွန်းဦး ပိုင်ဆိုင်သည့် နွားတင်းကုတ် အတွင်း မီးသွေးပုံရှိ မီးကြွင်းမီးကျန်မှတစ်ဆင့် အနီးရှိ နွားစာပုံအား မီးစတင်လောင်ကျွမ်းခြင်း ဖြစ်ကာ လူနေအိမ်နှစ်လုံး၊ နွားတင်းကုတ်ငါးလုံး၊ ဆိုင်ကယ် နှစ်စီးနှင့် လယ်ယာသုံးစက်ပစ္စည်းများ မီးကူးစက်လောင်ကျွမ်းခဲ့ပြီး လူနှင့် တိရိစ္ဆာန် ထိခိုက်မှုမရှိကြောင်း သိရသည်။



အဆိုပါမီးလောင်မှုအား မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးမင်းအောင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးထွန်းလှိုင်၊ ပွေးကျစ်နယ်မြေရဲစခန်းမှူးနှင့် တပ်ဖွဲ့ဝင်များ၊ ကျောက်ပန်းတောင်းမြို့နယ် မီးသတ်စခန်းမှ ဦးစီးအရာရှိ ဦးဇော်ဌေး ဦးဆောင်သည့် သန္နေတပ်ဖွဲ့ဝင် ၁၈ ဦး၊ အရန်တပ်ဖွဲ့ဝင် ငါးဦးတို့က မီးငြိမ်းသတ်ယာဉ် သုံးစီး၊ မီးသတ်ရေသယ်ယာဉ် သုံးစီးနှင့် ပရဟိတရေသယ်ယာဉ်နှစ်စီးတို့ဖြင့် ငြိမ်းသတ်ခဲ့ကြရာ ၁ နာရီ ၂၈ မိနစ်တွင် မီးထိန်းနိုင်ခဲ့ပြီး ၁ နာရီ ၃၂ မိနစ်တွင် မီးလုံးဝငြိမ်းသွားကြောင်း သိရသည်။

မီးလောင်မှုကြောင့် သိန်းထူး(ခ)ဦးသိန်းထွန်းဦးအား ပွေးကျစ်နယ်မြေရဲစခန်းက အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**ကိုနေ(ကျောက်ပန်းတောင်း)**

# သစ်တောလှည့်ကင်းအဖွဲ့ တရားမဝင်သစ်ခွဲသားများ သိမ်းဆည်းရမိ

**ဆော မေ ၁၄**

ဆောမြို့နယ် သစ်တောဦးစီးဌာန ဝန်ထမ်းများနှင့် သစ်တောလုံခြုံရေး တပ်ဖွဲ့ဝင်များသည် သစ်တော လုံခြုံရေးအတွက် စစ်ကြောင်းအသွင်ဖြင့် ကင်းလှည့်လျက်ရှိသည်။

မေ ၁၂ ရက်က လောင်းရှည်(တောင်) ဘိနယ်အတွင်း ဆောကြိုးပြင်တော တင့်တူ- ပုလဲ ကျေးရွာ တစ်ဝိုက်တွင် သန်း၊ ဒဟတ်၊ ရုံးစသည့် သစ်ခွဲသား ၁၁၁ ချောင်း (ဖြ ဒသမ ၁၁၆၂ တန်)ကို ပိုင်ရှင်မဲ့ သိမ်းဆည်း ရမိခဲ့ကြောင်းနှင့်



သစ်တောဥပဒေအရ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်ထားကြောင်း သိရသည်။

**စိန်ကျော်**

# ယာဉ်တစ်စီး လမ်းဘေးဗန်ဒါပင်အား ဝင်တိုက် တစ်ဦးသေဆုံးပြီး လေးဦး ဒဏ်ရာရ

**ရန်ကုန် မေ ၁၄**

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် ကျိုက်သလဲကျေးရွာအုပ်စု လာကပုံကျေးရွာ တွံတေး-ကော့မှူး ကားလမ်း မိုင်တိုင်အမှတ်(၈/၂)အနီးတွင် မေ ၁၂ ရက် မွန်းလွဲ ၁ နာရီခန့်က ယာဉ်အား အရှိန်မထိန်းနိုင်ဘဲ လမ်းဘေးရှိ ဗန်ဒါပင်အား တိုက်မိခဲ့ရာ တစ်ဦးသေဆုံးပြီး လေးဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မေ ၁၂ ရက် မွန်းလွဲ ၁ နာရီခန့်က တွံတေးမှ ကော့မှူးသို့ စည်သူမြတ် မောင်းနှင်ပြီး နေလင်းဦး၊ အောင်ကျော်လင်း၊ အောင်ကိုမြတ်နှင့် စွမ်းမြတ်ထက်တို့ လိုက်ပါလာသည့်ယာဉ်သည် တွံတေး-ကော့မှူး ကားလမ်း မိုင်တိုင်အမှတ်(၈/၂) အနီးတွင် ယာဉ်အား အရှိန်မထိန်းနိုင်ဘဲ လမ်းဘေးရှိ ဗန်ဒါပင်အား ဝင်တိုက်မိခဲ့ပြီး မြောင်းထဲသို့ ထိုးကျသွားခဲ့ရာ စည်သူမြတ်၊ နေလင်းဦး၊ အောင်ကျော်လင်း၊ စွမ်းမြတ်ထက်တို့မှာ ဒဏ်ရာများရရှိကာ တွံတေးမြို့နယ် ပြည်သူ့ဆေးရုံသို့ တင်ပို့ခဲ့ကြောင်း၊ ယာဉ်ပေါ်လိုက်ပါသူ အောင်ကိုမြတ်တွင် ဒဏ်ရာများဖြင့် အခင်းဖြစ်နေရာတွင် သေဆုံးသွားကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မောင်း စည်သူမြတ်အား တွံတေးမြို့မရဲစခန်းက ဥပဒေအရ အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**မျိုးလှိုင်၊ နိုင်လင်း**

# ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားများအတွက် စားသောက်ကုန်များ အိမ်တိုင်ရာရောက်ဖြန့်ဝေ

**လိုင်လင်းပီ မေ ၁၄**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်နိုင်ရေးနှင့်စပ်လျဉ်း၍ အရေးကြီးကာလဖြစ်သည့် မဟာသင်္ကြန်ရုံးပိတ်ရက်ရှည်ကာလအတွင်း ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားများအတွက် နိုင်ငံတော်မှ အခမဲ့ထောက်ပံ့ပေးသည့် အခြေခံစားသောက်ကုန်များကို ချင်းပြည်နယ် မတူပီမြို့နယ် လိုင်လင်းပီမြို့၌ ယနေ့ ညနေပိုင်းက အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက အိမ်တိုင်ရာရောက် စနစ်တကျဖြန့်ဝေပေးကြသည်။

လိုင်လင်းပီမြို့ပေါ်ရှိ အမှတ်(၁)ရပ်ကွက်မှ အိမ်ထောင်စု ၆၁ စုနှင့် အမှတ် (၂)ရပ်ကွက်မှ အိမ်ထောင်စု ၁၀၄ စုတို့ကို နိုင်ငံတော်မှ ထောက်ပံ့ပေးသည့် ဆန်၊ ဆီ၊ ဆား၊ ပဲနှင့် ကြက်သွန်နီ စသည့် အခြေခံစားသောက်ကုန်များကို မော်တော်ယာဉ်ဖြင့် စနစ်တကျဖြန့်ဝေပေးခဲ့ကြခြင်းဖြစ်သည်။

အခြေခံစားသောက်ကုန် ဖြန့်ဝေပေးရမည့် သတ်မှတ်ချက်များနှင့်ကိုက်ညီသည့် လိုင်လင်းပီမြို့ပေါ် ရှိ ရပ်ကွက်နှစ်ရပ်ကွက်မှ အိမ်ထောင်စု ၁၆၅ စုကို ဖြန့်ဝေပေးခဲ့ခြင်းဖြစ်ပြီး လိုင်လင်းပီမြို့၏ အနီးတစ်ဝိုက်ရှိ ကျေးရွာအုပ်စု ရှစ်အုပ်စုမှ အခြေခံစားသောက်ကုန် ဖြန့်ဝေပေးရမည့် သတ်မှတ်ချက်များနှင့်ကိုက်ညီသည့် အိမ်ထောင်စုပေါင်း ၅၄၁ စုထံသို့ ဆက်လက်ဖြန့်ဝေနိုင်ရေးအတွက်လည်း သက်ဆိုင်ရာတာဝန်ရှိသူများက ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ယာကမ် (ပြန်/ဆက်)**


၁၅-၄-၂၀၂၀ ရက်နေ့ထုတ် အတွဲ(၁၇)၊ အမှတ်(၈)ကို

နှင်းဆီကျေးရွာ ဂျာနယ် **အွန်လိုင်းဗားရှင်းဖြင့် ထုတ်ဝေမည်**

- စိတ်သစ်လူသစ်ဖြင့် နှစ်သစ်သို့ လျှောက်လှမ်းကြမည်
- ရာသီဥတု စိုက်ပျိုးရေးတို့နှင့် ဆက်နွယ်နေသည့် နိုင်ငံ့ထူထောင်မှု
- သဘာဝသစ်စိမ်းမြေဩဇာ(ပိုက်ဆံလျှော်)ကို စိုက်ပျိုးအသုံးချကြစို့
- အသက်ရှုလမ်းကြောင်းဆိုင်ရာ အထောက်အကူပြုသော ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံများ
- COVID-19 ရောဂါနှင့်ပတ်သက်၍ သာယာဝတီမြို့နယ် ကျန်းမာရေးဝန်ထမ်းများနှင့် တွေ့ဆုံမေးမြန်းခြင်း
- တစ်နိုင်တစ်ပိုင်မှသည် စီးပွားဖြစ် ဝက်မွေးမြူရေးဆီသို့
- အသားကဏ္ဍအတွက် အသားတိုး ကျွဲနွားများ စနစ်တကျ မွေးမြူနိုင်လျှင် ပိုမိုအကျိုးအမြတ်ရရှိနိုင် အပါအဝင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကျန်းမာရေး၊ သုတရသ စုံလင်စွာဖြင့် အွန်လိုင်းဗားရှင်းဖြင့် ထွက်ရှိပြီဖြစ်ပါသည်။



COVID-19 ကူးစက်မှုမပြန့်ပွားစေရန် ထိန်းချုပ်ဆောင်ရွက်နေသည့်ကာလဖြစ်၍ အွန်လိုင်းဗားရှင်းဖြင့် MOI Webportal Website ၊ MOI Webportal Myanmar Facebook Page ၊ ဒို့ကျေးရွာဂျာနယ် Facebook Page နှင့် ပြန်/ဆက် ဦးစီးဌာန၊ ခရိုင်၊ မြို့နယ်၊ မြို့ရုံးများ၏ Facebook Page တို့တွင် လွှင့်တင်သွားမည် ဖြစ်ပါသည်။ ၁-၅-၂၀၂၀ ရက်နေ့ထုတ် အတွဲ(၁၇)၊ အမှတ်(၉)မှစ၍ ပုံမှန်ပြန်လည်ထုတ်ဝေသွားပါမည်။


## ပြည်ပပြန်များနှင့် စပ်လျဉ်း၍ အသိပေးကြေညာချက်

- COVID-19 ရောဂါကူးစက်ပျံ့နှံ့နေသော နိုင်ငံများမှ ပြန်လာကြသူများအနေဖြင့် ပြည်သူလူထု၏ ဝိုင်းဝန်းပူးပေါင်းကူညီစောင့်ရှောက်ပေးမှုဖြင့် သတ်မှတ်နေရာအဆောက်အဦများတွင်ထားရှိပြီး အသွားအလာကန့်သတ်ခြင်းအစီအစဉ်(Community Based Facility Quarantine)ဆောင်ရွက်ရာတွင် တာဝန်သိစွာနှင့် ပူးပေါင်းဆောင်ရွက်ပေးကြပါ။ သတ်မှတ်ထားတဲ့ စည်းကမ်းချက်များကို တိကျစွာ လိုက်နာဆောင်ရွက်ကြပါ။
- ထိုကဲ့သို့ဆောင်ရွက်ခြင်းဖြင့် မိမိကိုယ်တိုင်ရောဂါဖြစ်ပွားပါက ထိရောက်စွာ ကုသမှုခံယူနိုင်မည့်အပြင် မိမိရဲ့ မိသားစု၊ မိတ်ဆွေများနဲ့ မိမိရပ်ရွာအတွင်း ရောဂါကူးစက်ပျံ့နှံ့ခြင်းကိုလည်း ထိရောက်စွာ ကာကွယ်နိုင်မှာဖြစ်ပါတယ်။
- ပြည်သူများကလည်း မိမိတို့ရပ်ကွက်၊ ကျေးရွာအတွင်း နိုင်ငံခြားမှ ပြန်ရောက်လာသူများရှိပါက သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးမှတစ်ဆင့် သတင်းပို့ကြပါရန် အသိပေးနှိုးဆော်အပ်ပါတယ်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

## ကာကွယ်ရေးနည်းလမ်းများဆိုင်ရာ အသိပေးကြေညာချက်

COVID-19 ကူးစက်မြန်ရောဂါကိုကာကွယ်ဖို့ အကောင်းဆုံးနည်းလမ်းတွေကတော့-

- နေထိုင်သွားလာရာတွင် လူတစ်ဦးနှင့်တစ်ဦး အနည်းဆုံး သုံးပေအကွာ ခပ်ခွာခွာရှိနေစေရန် သတိပြုပါ။
- လက်ကို စနစ်တကျဆေးပါ၊ မကြာခဏဆေးပါ၊ သတိရတိုင်းဆေးပါ။
- တတ်နိုင်သလောက် မိမိလက်နဲ့မျက်နှာကို မထိတွေ့စေဖို့ သတိပြုပါ။
- နှာချေလျှင်၊ ချောင်းဆိုးလျှင် နှာခေါင်းနှင့် ပါးစပ်တို့ကို တစ်ရှူးဖြင့် အုပ်၍ဆိုးပါ။ တစ်ရှူးမရနိုင်ပါက လက်မောင်း၊ တံတောင်ကွေးကို အသုံးပြုပါ။
- မိမိပတ်ဝန်းကျင်၊ အိမ်၊ အလုပ်နေရာများတွင် သန့်ရှင်းရေးကို စနစ်တကျပုံမှန်ပြုလုပ်ပါ။ သန့်ရှင်းရေးပြုလုပ်နေစဉ် လေဝင်/လေထွက်ကောင်းအောင် ဆောင်ရွက်ထားပါ။
- မျှတသော အာဟာရကို ရွေးချယ်စားသုံးပါ။
- အိပ်ချိန်လုံလောက်စွာ အိပ်စက်အနားယူကြပါရန် အသိပေးနှိုးဆော်အပ်ပါတယ်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

# COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

## (၁၄-၄-၂၀၂၀) ရက်နေ့၊ ည (၈) နာရီ

၁။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးတွင် COVID-19 ရောဂါ ကာကွယ်ထိန်းချုပ်ခြင်းနှင့် စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို သက်ဆိုင်ရာ ဒေသအာဏာပိုင်အဖွဲ့များ၊ အခြားဌာနဆိုင်ရာများနှင့် ချိတ်ဆက်၍ အရှိန်အဟုန်မြင့် ဆောင်ရွက်လျက်ရှိပါသည်။

၂။ (၁၃-၄-၂၀၂၀) ရက်နေ့၊ ညနေ (၆)နာရီမှ (၁၄-၄-၂၀၂၀)ရက်နေ့၊ ညနေ (၆)နာရီအထိ စောင့်ကြည့်လူနာအသစ် (၁၂၃) ဦး ရှိပါသည်။

၃။ အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်)၏ (၁၄-၄-၂၀၂၀)ရက်နေ့၊ ည (၇)နာရီအချိန် ထုတ်ပြန်ချက်အရ COVID-19 ရောဂါစောင့်ကြည့်လူနာနှင့် အသွားအလာကန့်သတ်ခြင်း/ တားမြစ်ခြင်း ဆောင်ရွက်ထားရှိသူ စုစုပေါင်း (၉၁)ဦးအား ပထမအသုတ်အနေဖြင့် စစ်ဆေးခဲ့ရာ (ဇယား-၁) တွင် ဖော်ပြထားသူ (၁)ဦးတွင် COVID-19 ရောဂါပိုးတွေ့ရှိရသဖြင့် ၎င်းအား သက်ဆိုင်ရာဆေးရုံသို့ပို့ဆောင်၍ ကုသမှုပေးရန် ဆက်လက်စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ပြီး ကျန် (၉၀)ဦးတွင် COVID-19 ရောဂါပိုး မတွေ့ရှိပါကြောင်း သိရှိရပါသည်။

၄။ ယခုအချိန်အထိ COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ (၆၃)ဦး တွေ့ရှိပြီးဖြစ်ကာ ၎င်းတို့အနက် –

- ချင်းပြည်နယ်၊ တီးတိန်ပြည်သူ့ဆေးရုံတွင် (၃) ဦး၊
- ရန်ကုန်မြို့၊ ဝေဘာဂီအထူးကုဆေးရုံကြီးတွင် လူနာ (၄၉) ဦး၊
- ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ လားရှိုးပြည်သူ့ဆေးရုံကြီးတွင် (၁)ဦး၊
- မော်လမြိုင်ပြည်သူ့ဆေးရုံကြီးတွင် လူနာ (၁) ဦး၊
- စဝ်စံထွန်းပြည်သူ့ဆေးရုံကြီးတွင် လူနာ (၁)ဦးနှင့်
- ပြည်သူ့ဆေးရုံကြီး၊ မကွေးမြို့တွင် (၁)ဦး၊
- ယခုသတင်းတွင် ဖော်ပြထားသည့် ဓာတ်ခွဲအတည်ပြုလူနာသစ် (၁)ဦး၊ စုစုပေါင်း (၅၇)ဦး၏ ကျန်းမာရေး အခြေအနေမှာ တည်ငြိမ်လျက်ရှိပါသည်။
- COVID-19 ရောဂါပိုးကင်းစင်၍ ဆေးရုံဆင်းခွင့်ပြုခဲ့ပြီး Quarantine ဆက်လက်ဆောင်ရွက်ထားရှိသူ (၂)ဦးနှင့် သေဆုံးသူ (၄)ဦးတို့ ဖြစ်ပါသည်။

**(မှတ်ချက်။** ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနအနေဖြင့် COVID-19 ရောဂါနှင့်ပတ်သက်၍ သတင်းထုတ်ပြန်မှုအား (၁၅-၄-၂၀၂၀)ရက်နေ့မှစ၍ နံနက် (၁)ကြိမ်၊ ည (၁)ကြိမ် ထုတ်ပြန်သွားမည်ဖြစ်ပါသည်။)

### COVID- 19 **ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ**
### **(၁၄-၄-၂၀၂၀)ရက်နေ့၊ ည (၈:၀၀)နာရီ**

| လူနာအမှတ်စဉ် | အသက် | ကျား/မ | နေထိုင်ခဲ့သည့်လိပ်စာ | COVID-19 ရောဂါအတည်ပြုလူနာများနှင့် ထိတွေ့မှု | အသွားအလာကန့်သတ်သည့်နေရာ/ ယခုဆေးကုသမှု ခံယူလျက်ရှိသည့် ဆေးရုံ | အသွားအလာကန့်သတ်သည့်/ ဆေးရုံတက်ရောက်သည့်ရက်စွဲ | COVID-19 ဓာတ်ခွဲအဖြေ | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| 63 | ၆၅ နှစ် | ကျား | လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | Case-024 | နေအိမ်တွင် အသွားအလာကန့်သတ်၍ စောင့်ကြပ်ကြည့်ရှုလျက်ရှိပါသည်။ (Home Quarantine) | ၉-၄-၂၀၂၀ | တွေ့ရှိ | သက်ဆိုင်ရာဆေးရုံသို့ လွှဲပို့၍ ကုသမှုခံယူစေမည်ဖြစ်ပါသည်။ |

*ကျန် (၉၀) ဦး၏ ဓာတ်ခွဲအဖြေများတွင် COVID-19 ရောဂါပိုး မရှိပါ။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

# COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

## (၁၄-၄-၂၀၂၀) ရက်နေ့၊ ညနေ (၄:၀၀) နာရီ

၁။ အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်)မှ (၁၃-၄-၂၀၂၀) ရက်နေ့တွင် ဓာတ်ခွဲနမူနာ စုစုပေါင်း (၃၀၉) ခုကို စစ်ဆေးခဲ့ရာ (၂၁) ဦးတွင် COVID-19 ရောဂါပိုး တွေ့ရှိခဲ့ရပြီး (၂၈၈) ဦးတွင် COVID-19 ရောဂါပိုး မတွေ့ရှိရကြောင်း (၁၃-၄-၂၀၂၀) ရက်နေ့၊ နံနက် (၀၀:၁၅) နာရီ သတင်းထုတ်ပြန်ချက်တွင် ဖော်ပြခဲ့ပြီးဖြစ်ပါသည်။

၂။ အဆိုပါ ဓာတ်ခွဲအတည်ပြုလူနာ (၂၁) ဦးနှင့် ပတ်သက်သည့် သတင်းအချက်အလက်များကို ဇယား (၁) ပါ အတိုင်း အသိပေးထုတ်ပြန်ပါသည်။

### COVID- 19 **ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ**
### **(၁၄-၄-၂၀၂၀)ရက်နေ့၊ ညနေ (၄:၀၀)နာရီ**

ဇယား-၁

| လူနာအမှတ်စဉ် | အသက် | ကျား/မ | နေထိုင်ခဲ့သည့်လိပ်စာ | COVID-19 ရောဂါအတည်ပြုလူနာများနှင့် ထိတွေ့မှု | ယခု ဆေးကုသမှု ခံယူလျက်ရှိသည့် ဆေးရုံ | ဆေးရုံတက်ရောက်သည့်ရက်စွဲ | COVID-19 ဓာတ်ခွဲအဖြေ | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| 42 | ၄၃ နှစ် | မ | ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | Case-024 and Husband of Case-026 | ဝေဘာဂီအထူးကုဆေးရုံကြီး၊ ရန်ကုန်မြို့ | ၁၄-၄-၂၀၂၀ | တွေ့ရှိ | ရန်ကုန်မြို့ရှိ အသွားအလာကန့်သတ်ထားရှိသည့် နေရာတစ်ခုတွင် Quarantine ထားရှိပြီး ဓာတ်ခွဲနမူနာ ရယူ စစ်ဆေးခဲ့ခြင်း ဖြစ်ပါသည် |
| 43 | ၄၁ နှစ် | မ | မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | Case-024 and Husband of Case-026 | ဝေဘာဂီအထူးကုဆေးရုံကြီး၊ ရန်ကုန်မြို့ | ၁၄-၄-၂၀၂၀ | တွေ့ရှိ | |
| 44 | ၃၂ နှစ် | မ | မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | Case-024 and Husband of Case-026 | ဝေဘာဂီအထူးကုဆေးရုံကြီး၊ ရန်ကုန်မြို့ | ၁၄-၄-၂၀၂၀ | တွေ့ရှိ | |
| 45 | ၅၄ နှစ် | ကျား | မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | Case-024 and Husband of Case-026 | ဝေဘာဂီအထူးကုဆေးရုံကြီး၊ ရန်ကုန်မြို့ | ၁၄-၄-၂၀၂၀ | တွေ့ရှိ | |
| 46 | ၄၄ နှစ် | ကျား | ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | Case-024 and Husband of Case-026 | ဝေဘာဂီအထူးကုဆေးရုံကြီး၊ ရန်ကုန်မြို့ | ၁၄-၄-၂၀၂၀ | တွေ့ရှိ | |
| 47 | ၅၀ နှစ် | မ | တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | Case-024 and Husband of Case-026 | ဝေဘာဂီအထူးကုဆေးရုံကြီး၊ ရန်ကုန်မြို့ | ၁၄-၄-၂၀၂၀ | တွေ့ရှိ | ရန်ကုန်မြို့ရှိ အသွားအလာကန့်သတ်ထားရှိသည့် နေရာတစ်ခုတွင် Quarantine ထားရှိပြီး ဓာတ်ခွဲနမူနာ ရယူ စစ်ဆေးခဲ့ခြင်းဖြစ်ပါသည် |
| 48 | ၃၁ နှစ် | မ | တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | Case-024 and Husband of Case-026 | ဝေဘာဂီအထူးကုဆေးရုံကြီး၊ ရန်ကုန်မြို့ | ၁၄-၄-၂၀၂၀ | တွေ့ရှိ | |
| 49 | ၃၅ နှစ် | ကျား | တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | Case-024 and Husband of Case-026 | ဝေဘာဂီအထူးကုဆေးရုံကြီး၊ ရန်ကုန်မြို့ | ၁၄-၄-၂၀၂၀ | တွေ့ရှိ | |
| 50 | ၄၁ နှစ် | ကျား | တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | Case-024 and Husband of Case-026 | ဝေဘာဂီအထူးကုဆေးရုံကြီး၊ ရန်ကုန်မြို့ | ၁၄-၄-၂၀၂၀ | တွေ့ရှိ | |
| 51 | ၄၉ နှစ် | ကျား | တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | Case-024 and Husband of Case-026 | ဝေဘာဂီအထူးကုဆေးရုံကြီး၊ ရန်ကုန်မြို့ | ၁၄-၄-၂၀၂၀ | တွေ့ရှိ | |
| 52 | ၄၀ နှစ် | မ | တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | Case-024 and Husband of Case-026 | ဝေဘာဂီအထူးကုဆေးရုံကြီး၊ ရန်ကုန်မြို့ | ၁၄-၄-၂၀၂၀ | တွေ့ရှိ | ရန်ကုန်မြို့ရှိ အသွားအလာကန့်သတ်ထားရှိသည့်နေရာတစ်ခုတွင် Quarantine ထားရှိပြီး ဓာတ်ခွဲနမူနာ ရယူ စစ်ဆေးခဲ့ခြင်း ဖြစ်ပါ သည် |
| 53 | ၃၁ နှစ် | ကျား | မြို့သစ်မြို့နယ်၊ မကွေးတိုင်းဒေသကြီး | မရှိ | ပြည်သူ့ဆေးရုံကြီး၊ မကွေးမြို့ | ၁၄-၄-၂၀၂၀ | တွေ့ရှိ | (၂၉-၃-၂၀၂၀) ရက်နေ့တွင် မြဝတီမြို့မှတဆင့် ထိုင်းနိုင်ငံမှ ပြန်လာခဲ့ပြီး (၃၀-၃-၂၀၂၀) ရက်နေ့တွင် မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့ရှိ Quarantine Centre သို့ ရောက်ရှိခဲ့ခြင်း ဖြစ်ပါသည်။ |
| 54 | ၇ နှစ် | မ | အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | Case-034, 035, 036, 037 and 041 | ဝေဘာဂီအထူးကုဆေးရုံကြီး၊ ရန်ကုန်မြို့ | ၁၄-၄-၂၀၂၀ | တွေ့ရှိ | အင်းစိန်ပြည်သူ့ဆေးရုံကြီးတွင် စောင့်ကြည့်လူနာအဖြစ် ကုသမှုပေးလျက် ရှိရာမှ ဓာတ်ခွဲနမူနာ ရယူစစ်ဆေးခဲ့ခြင်းဖြစ်ပါသည် |
| 55 | ၄၀ နှစ် | ကျား | အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | Case-034, 035, 036, 037 and 041 | ဝေဘာဂီအထူးကုဆေးရုံကြီး၊ ရန်ကုန်မြို့ | ၁၄-၄-၂၀၂၀ | တွေ့ရှိ | |
| 56 | ၃၃ နှစ် | မ | အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | Case-034, 035, 036, 037 , 041, 054, 055, 056 and 057 | ဝေဘာဂီအထူးကုဆေးရုံကြီး၊ ရန်ကုန်မြို့ | ၁၄-၄-၂၀၂၀ | တွေ့ရှိ | |
| 57 | ၃၉ နှစ် | မ | ရွှေပြည်သာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | Case-034, 060 and 061 | ဝေဘာဂီအထူးကုဆေးရုံကြီး၊ ရန်ကုန်မြို့ | ၁၄-၄-၂၀၂၀ | တွေ့ရှိ | |
| 58 | ၄၆ နှစ် | မ | အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | Case-034, 035, 036, 037 and 041 | ဝေဘာဂီအထူးကုဆေးရုံကြီး၊ ရန်ကုန်မြို့ | ၁၄-၄-၂၀၂၀ | တွေ့ရှိ | အင်းစိန်ပြည်သူ့ဆေးရုံကြီးတွင် စောင့်ကြည့်လူနာအဖြစ် ကုသမှုပေးလျက် ရှိရာမှ ဓာတ်ခွဲနမူနာ ရယူစစ်ဆေးခဲ့ခြင်းဖြစ်ပါသည် |
| 59 | ၂၃ နှစ် | မ | အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | Case-034, 035, 036, 037 and 041 | ဝေဘာဂီအထူးကုဆေးရုံကြီး၊ ရန်ကုန်မြို့ | ၁၄-၄-၂၀၂၀ | တွေ့ရှိ | |
| 60 | ၃၉ နှစ် | ကျား | ရွှေပြည်သာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | Case-034 and 061 | ဝေဘာဂီအထူးကုဆေးရုံကြီး၊ ရန်ကုန်မြို့ | ၁၄-၄-၂၀၂၀ | တွေ့ရှိ | |
| 61 | ၃၈ နှစ် | ကျား | အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | Case-034, 035, 036, 037 and 041 | ဝေဘာဂီအထူးကုဆေးရုံကြီး၊ ရန်ကုန်မြို့ | ၁၄-၄-၂၀၂၀ | တွေ့ရှိ | |
| 62 | ၃၀ နှစ် | မ | မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | Case-024 | ဝေဘာဂီအထူးကုဆေးရုံကြီး၊ ရန်ကုန်မြို့ | ၁၄-၄-၂၀၂၀ | တွေ့ရှိ | မြောက်ဥက္ကလာပပြည်သူ့ဆေးရုံကြီးတွင်စောင့်ကြည့်လူနာအဖြစ်ကုသမှုပေးလျက်ရှိရာမှ ဓာတ်ခွဲနမူနာ ရယူ စစ်ဆေးခဲ့ခြင်းဖြစ်ပါသည် |

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

# Facility Quarantine (၂၁)ရက်နှင့် မိမိနေအိမ်တွင် သီးခြားနေထိုင်ခြင်း Home Quarantine ကာလ (၇)ရက် ဆောင်ရွက်သွားရေး လိုက်နာဆောင်ရွက်ရန် အသိပေးထုတ်ပြန်ခြင်း

၁။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် နိုင်ငံတကာမှ လာရောက်သည့် ခရီးသည်များနှင့် COVID-19 ဓာတ်ခွဲအတည်ပြုလူနာများနှင့် အနီးကပ်ထိတွေ့သူများထံမှ အခြားသူများသို့ ရောဂါကူးစက်မှုမရှိစေရေး အတွက် လက်ရှိတွင် Facility Quarantine (၁၄)ရက်အား ထားရှိပြီးပါက မိမိနေအိမ်သို့ ပြန်လည်သွားရောက်မည့်သူများအတွက် နောက်ထပ်(၁၄)ရက် နေအိမ်တွင်သီးခြား နေထိုင်ရန် အကြံပြုတိုက်တွန်းချက်များ ထုတ်ပြန်ထားပြီး ဖြစ်ပါသည်။

၂။ COVID-19 ရောဂါရှိသူများမှ ရောဂါပိုးစွန့်ထုတ်သည့်ကာလမှာ ရောဂါလက္ခဏာမပြမီ (၂) ရက်မှ ရောဂါလက္ခဏာပြပြီး (၂၈)ရက်အထိရှိကြောင်း နှင့် အဆိုပါကာလအတွင်း အခြားသူများသို့ ရောဂါကူးစက်နိုင်ကြောင်း ကမ္ဘာ့ ကျန်းမာရေးအဖွဲ့မှ ထုတ်ပြန်ထားပါသည်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် ပြုလုပ်ခဲ့သည့် သုတေသနစာတမ်းများအရ Quarantine (၂၁)ရက် တိတိကျကျ နှင့် စနစ်တကျထားရှိပါက ရောဂါကူးစက်မှုအား (၉၈.၇%)အထိ ထိန်းချုပ်နိုင်ကြောင်း လေ့လာတွေ့ရှိရသည့်အပြင် ဒေသတွင်းနိုင်ငံအချို့တွင်လည်း Quarantine ကာလအား ဆေးရုံ/သတ်မှတ်နေရာများတွင် နေထိုင်ရမည့်ကာလ နှင့် မိမိနေအိမ်တွင် သီးခြားနေထိုင်ခြင်းကာလ စုစုပေါင်းအား (၂၈)ရက်အထိ သတ်မှတ်ထားကြောင်း တွေ့ရှိရပါသည်။ အထူးသဖြင့် အထက်ပါ Quarantine (၂၈)ရက်ထားရှိမှုများအား ဓာတ်ခွဲစစ်ဆေးမှုအကန့်အသတ်ဖြင့် ဆောင်ရွက်နိုင်သည့်နိုင်ငံများတွင် ဆောင်ရွက်ကြောင်း တွေ့ရှိရပါသည်။

၃။ လက်ရှိအနေဖြင့်လည်း မြန်မာနိုင်ငံအတွင်း COVID-19 ရောဂါဓာတ်ခွဲ အတည်ပြုလူနာ (၂၈) ဦးအနက် နိုင်ငံတကာမှ ပြန်လည်ရောက်ရှိလာသည့် ခရီးသွားများ (Imported cases) များ၊ ၎င်းတို့နှင့် အနီးကပ်ထိတွေ့သူများတွင်သာ အဓိကကူးစက်ရောဂါ ဖြစ်ပွားလျက်ရှိကြောင်း တွေ့ရှိရပါသည်။ ထို့အပြင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာနမှ ဓာတ်ခွဲစစ်ဆေးချက်များနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် Contact Tracing ဆောင်ရွက်ခဲ့သည့် တွေ့ရှိချက်များအရ အချို့သော Confirmed လူနာများနှင့် အသွားအလာ ပိတ်ပင်ကန့်သတ်ခြင်း ပြီးစီးသည့်နောက် (၁၄)ရက်ကျော်သည်အထိ လူအချို့ တွင် ဓာတ်ခွဲစမ်းသပ်စစ်ဆေးရာ ရောဂါပိုး ဆက်လက်တွေ့ရှိနေသေးကြောင်း စစ်ဆေးတွေ့ရှိရပါသည်။

၄။ သို့ဖြစ်၍ နိုင်ငံအတွင်း ရောဂါပျံ့နှံ့မှုအား ထိန်းချုပ်ရေးဆောင်ရွက်ရာ တွင် သေချာမှုရှိစေရေးအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အနေဖြင့် ယခင် Facility Quarantine အသွားအလာ ပိတ်ပင်ကန့်သတ်ခြင်း (၁၄)ရက်ကာလအစား ယခု Community Based Facility Quarantine/ Hotel Quarantine (၂၁)ရက်နှင့် မိမိနေအိမ်တွင် သီးခြားနေထိုင်ခြင်း Home Quarantine ကာလ (၇)ရက်၊ စုစုပေါင်း (၂၈)ရက် ဆောင်ရွက်သွားကြပါရန် အသိပေးထုတ်ပြန်အပ်ပါသည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

# ဝန်ထမ်းနှင့် ဝန်ထမ်းမိသားစုများ သက်သာချောင်ချိရေးအတွက် အခြေခံစားသောက်ကုန်များနှင့် နှာခေါင်းစည်းများ ထပ်ဆင့်ထောက်ပံ့ပေးအပ်

**မန္တလေး မေ ၁၄**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ကုသရေးလုပ်ငန်း များတွင် တာဝန်ယူဆောင်ရွက်နေကြသည့် ဝန်ထမ်းနှင့် ဝန်ထမ်းမိသားစုများ သက်သာချောင်ချိရေးအတွက် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာ ဇော်မြင့်မောင်က ထောက်ပံ့ပေးအပ်ထားသော အခြေခံ စားသောက်ကုန်များနှင့် နှာခေါင်းစည်းများ ထပ်ဆင့် ထောက်ပံ့ပေးအပ်ခြင်းကို ယနေ့ မွန်းလွဲ ၂ နာရီက အောင်မြေသာစံမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

**ထောက်ပံ့ပေးအပ်**

အောင်မြေသာစံမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီး ဌာနမှ ဝန်ထမ်းများအတွက် ဝန်ထမ်းတစ်ဦးလျှင် ဆန် (၈) ပြည်၊ ဆီ (၅၀) ကျပ်သား၊ ကုလားပဲ (၅၀) ကျပ်သား၊ ခေါက်ဆွဲထုပ် (၁၀) ထုပ်၊ မုန့် (၂) ထုပ်၊ ကော်ဖီမစ်အထုပ်သေး (၅) ထုပ်နှင့် နှာခေါင်းစည်း အခု (၃၀) တို့ကို မြို့နယ် အုပ်ချုပ်ရေးမှူး ဦးမြို့ဆောင်က ထပ်ဆင့်ထောက်ပံ့ ပေးအပ်ရာ ဝန်ထမ်း တစ်ဦးချင်းစီက လက်ခံရယူကြသည်။

မေ ၁၃ ရက်က မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာ ဇော်မြင့်မောင်က မန္တလေးတိုင်းဒေသကြီး အတွင်းရှိ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်း ၃၃၇၄ ဦးနှင့် ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်း ၄၅၀၀ တို့၏ မိသားစုများ သက်သာချောင်ချိရေးအတွက် အခြေခံ စားသောက်ကုန်များနှင့် နှာခေါင်းစည်းများကို ထောက်ပံ့ ပေးခဲ့ကြောင်း သိရသည်။

**ဇော်လင်းဦး(အောင်စံ)**







# မြဝတီမြို့၌ ကိုဗစ်-၁၉ ကူးစက်ရောဂါဆိုင်ရာ လိုက်နာရမည့်အချက်များအား အသိပညာပေးခြင်းဆောင်ရွက်

**မြဝတီ မေ ၁၄**

ကရင်ပြည်နယ် မြဝတီမြို့၌ ကိုရိုနာဗိုင်းရပ်စ်ရောဂါ(ကိုဗစ်-၁၉) အသက်ရှူလမ်းကြောင်း ဆိုင်ရာရောဂါ ကူးစက်ပြန့်ပွားမှုမရှိစေရေးအတွက် ပြည်သူများ လိုက်နာရမည့်အချက်များအား အသိပညာပေးခြင်းကို ယနေ့ နံနက် ၉ နာရီက ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြဝတီခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဒေါ်စုစုသွယ်နှင့် ဝန်ထမ်းများ၊ မြဝတီခရိုင် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ခရိုင်ဦးစီးဌာနမှူး ဦးကျော်သူထိုက်နှင့် ဝန်ထမ်းများ၊ ပြန်လည်ထူထောင်ရေးဦးစီးဌာန ယာယီလက်ခံစောင့်ရှောက်ရေးဂေဟာမှ ဦးစီးအရာရှိ ဒေါ်ခင်နွယ်နွယ်ရီနှင့် ဝန်ထမ်းများက ပူးပေါင်း၍ မြဝတီမြို့ရှိ မြို့ပေါ် ရပ်ကွက်များနှင့် ရေပူကျေးရွာတို့တွင် ဆောင်ရွက်ကြပြီး ကိုဗစ်-၁၉ ရောဂါအကြောင်း သိကောင်းစရာများ၊ ရောဂါလက္ခဏာများ၊ ကူးစက်ပုံနည်းလမ်းများ၊ ကြိုတင်ကာကွယ်ရမည့် နည်းလမ်းများဖြစ်သည့် လက်ကိုဆပ်ပြာဖြင့် စက္ကန့် ၂၀ ပုံမှန်ဆေးခြင်းဖြင့် ကာကွယ်ခြင်း၊ လူထူထပ်သည့် နေရာများသို့မသွားဘဲ မိမိအိမ်တွင် တတ်နိုင်သမျှနေထိုင်ရေး စသည့်အချက် များကို အသံချဲ့စက်များဖြင့် အသိပညာပေး ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**

## မြန်မာ့ပင်လယ်ပြင် အခြေအနေ

**နေပြည်တော် မေ ၁၄**

လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။ **မိုး/ဇလ**

# ဝန်းသိုမြို့နယ်အတွင်း စောင့်ကြည့်ရေးစခန်း ဖွင့်လှစ်ထားရှိသော ကျေးရွာ ၃၆ ရွာသို့ စားသောက်စရာများ သွားရောက်လှူဒါန်း

**ဝန်းသို မေ ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး ဝန်းသိုမြို့နယ်တွင် ပြည်ပမှ ပြန်လည်ရောက်ရှိလာသူများကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်နိုင်ရေး စောင့်ကြည့်ရေးစခန်း ဖွင့်လှစ်ထားရှိသော ကျေးရွာ ၃၆ ရွာသို့ စားသောက်စရာများကို ယနေ့နံနက် ၈ နာရီခွဲတွင် သွားရောက်လှူဒါန်း ခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခိုင်ခိုင်ဝင်း၊ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး နှင့် ဝန်ထမ်းများ၊ ဒေါက်တာချမ်းမြေ့အောင်၊ ဒေါက်တာ ဝတ်လွှာအေးနှင့် အလှူရှင်အသီးသီး တို့စုပေါင်း၍ အာဟာရဒါန ဒံပေါက်အထုပ် ၄၀၀၊ နှာခေါင်းစည်း အခု ၁၅၀၀၊ ဆန် (၃)အိတ်၊ ကြာဆံ၊ ကြက်သွန်နီ၊ ခေါက်ဆွဲခြောက်ထုပ်၊ အချိုရည်ဘူးများကို စောင့်ကြည့်ရေးစခန်း ဖွင့်လှစ်ထားရှိသော ကျေးရွာ ၃၆ ရွာသို့ သွားရောက်လှူဒါန်းခဲ့ကြကြောင်း မြို့နယ်ဦးစီး မှူး ဦးမြတ်မျိုးထွန်းက ပြောသည်။



ဝန်းသိုမြို့နယ်တွင် မြို့နယ်စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ လွှတ်တော် ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများက မြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ မဖြစ်ပွား စေရေး ကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် မြို့နယ်အတွင်း စေတနာ့ဝန်ထမ်းများနှင့် စုပေါင်း၍ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်း များကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိ ကြောင်း သိရသည်။

**မွှေးကြူဇင်**

* မင်းကင်းမှ

စနစ်တကျ နှာခေါင်းစည်းများ တပ်ဆင်စေခြင်းများ ပြုလုပ်ပေးကြသည်။

ထို့နောက် ထောက်ပံ့ပစ္စည်းများပေးအပ်ကြရာ အမှတ်(၁)ရပ်ကွက်တွင် အိမ်ထောင်စု ၅၃ စု၊ အမှတ်(၂)ရပ်ကွက်တွင် ၂၃ စု၊ အမှတ်(၃)ရပ်ကွက်တွင် ၅၄ စုတို့ကို သက်ဆိုင်ရာရပ်ကွက် များအလိုက် စနစ်တကျ နေရာများချထားပေးကာ ဖြန့်ဝေပေးကြသည်။

တစ်မြို့နယ်လုံးတွင် အိမ်ထောင်စုပေါင်း ၃၄၉၇ စုရှိရာ ကျန်အုပ်စုများရှိ အိမ်ထောင်စုများ ကိုလည်း ဆက်လက်ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ချင်းတွင်းသား**

## ဘင်္ဂလားပင်လယ်အော် အခြေအနေ

**နေပြည်တော် မေ ၁၄**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ် အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော် တွင် အများအားဖြင့် သာယာနေသည်။

**မိုး/ဇလ**

# အမျိုးသားသွေးဌာနသို့ သွေးလှူဒါန်းလိုသူများအတွက် အသွားအလာစီစဉ်ပေးမည်

**ရန်ကုန် မေ ၁၄**

အမျိုးသားသွေးဌာန(ရန်ကုန်)သို့ သွေးလှူဒါန်းလိုသူများအတွက် အသွားအလာစီစဉ်ပေးမည်ဖြစ်ကြောင်း အမျိုးသားသွေးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာသီတာအောင်က ပြောသည်။

"ဒီအချိန်ကာလမှာ သွေးလှူရှင်တွေအနေနဲ့ သွားလာရတာ ခက်ခဲတဲ့အတွက်ကြောင့် အနည်းဆုံး ရှစ်ယောက်ပြည့်ရင် ကျွန်မတို့သွားခေါ်ပေးပါတယ်၊ ဌာနကိုလာလှူချင်ရင်လည်း နေ့စဉ် နံနက် ၈ နာရီကနေ ည ၇ နာရီထိ ဖွင့်ပေးထားတယ်။ လာလှူလို့ရပါတယ်။ ညနေပိုင်းလောက် လာလှူနိုင်ရင် ပိုကောင်းပါတယ်"ဟု ၎င်းက ပြောသည်။

လက်ရှိသွေးလှူဒါန်းမှုတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ်က တစ်နေ့လျှင် သွေးလှူရှင် ၅၀ ဖြင့် မေ ၁၃ ရက်မှစကာ ခုနစ်ရက်စာ လှူဒါန်းထားကြောင်းနှင့် ရန်ကုန်တိုင်းဒေသကြီး ကြက်ခြေနီအသင်းကလည်း တစ်နေ့လျှင် သွေးလှူရှင် ၂၀ မှ ၃၀ အကြား လှူဒါန်းနိုင်ရန် သက်ဆိုင်ရာမြို့နယ်အလိုက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

"ဒီနှစ်ဖွဲ့နဲ့ လူနာကို ထောက်ပံ့နိုင်တဲ့အခြေအနေတော့ ရှိနေပါပြီ၊ သွေးဆိုတာ နေ့တိုင်းကုန်တာလေ တစ်နေ့စာ တစ်နေ့စာအတွက်တော့ အခက်အခဲဖြစ်တဲ့ အခြေအနေ မရှိသေးပါဘူး၊ အရေးပေါ်အတွက် ဘာမှစိတ်ပူစရာမရှိပါဘူး။အကုန်ထောက်နိုင်ပါတယ်"ဟုဒေါက်တာသီတာအောင်က ပြောသည်။

သွေးလှူဒါန်းမှုအနေဖြင့် မေ ၉ ရက်အထိ သွေးလှူရှင်အများအပြား လာရောက်လှူဒါန်းမှုရှိခဲ့သော်လည်း မေ ၁၀ ရက်မှစကာ လှူဒါန်းမှု လျော့ကျခဲ့ပြီး လက်ရှိအချိန်တွင် ရန်ကုန်တိုင်းစစ်ဌာနချုပ်နှင့် ရန်ကုန်တိုင်းဒေသကြီး ကြက်ခြေနီအသင်းတို့၏ လှူဒါန်းဆောင်ရွက်ပေးမှုကြောင့် လိုအပ်သည့် သွေးပမာဏအတိုင်းအတာကို ရရှိနေကြောင်း သိရသည်။

"သွေးအမြဲသုံးနေတာတော့ ကင်ဆာသမားတို့ သွေးရောဂါသမားတို့က နေ့တိုင်း အသုံးပြုနေရပါတယ်၊ အရေးပေါ်လည်း နေ့တိုင်းပေးနေရသေးတယ်၊ လိုတဲ့သူမှန်သမျှကို ပေးနေရတာပါ၊ ဒီရက်ပိုင်းအတွင်း အများကြီးအသုံးပြုတာတော့ မရှိပါဘူး၊ တကယ်လိုတဲ့သူတွေကိုပဲ ထောက်ပံ့ပေးနိုင်ဖို့ပါ"ဟု ဒေါက်တာသီတာအောင်က ပြောသည်။

ယခင်က သွေးလိုအပ်ချက်အရ တစ်နေ့လျှင် သွေးလှူရှင် ၃၀၀ မှ ၅၀၀ အထိ လှူဒါန်းရန် လိုအပ်သော်လည်း လက်ရှိအချိန်တွင် အရေးပေါ်သွေးလိုအပ်ချက်များမှအပ ကျန်လိုအပ်ချက်များကို လျှော့ချသုံးစွဲနေသည့်အတွက် တစ်နေ့လျှင် သွေးလှူရှင် ၁၅၀ ခန့် လှူဒါန်းပါက သွေးလိုအပ်ချက်ပမာဏ ပြည့်မီကြောင်း ၎င်းက ဆက်လက်ပြောသည်။

အမျိုးသားသွေးဌာန(ရန်ကုန်)အနေဖြင့် သွေးလှူရှင်များ လှူဒါန်းသည့် သွေးများကို ဆေးရုံပေါင်း ၁၄ ရုံသို့ ပြန်လည်ဖြန့်ဝေပေးလျက်ရှိကြောင်း သိရသည်။

**သတင်း-အေးမင်းသူ**
**ဓာတ်ပုံ-အမျိုးသားသွေးဌာန(ရန်ကုန်)**



# ရှမ်းပြည်နယ်တွင် ကျန်းမာရေးအထောက်အကူပြုပစ္စည်းနှင့် စားနပ်ရိက္ခာများ ထောက်ပံ့ပေးလျက်ရှိ



**တောင်ကြီး မေ ၁၄**

ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ဦးဆောင်မှု ကမ္ဘောဇဘဏ်၏ ကူညီထောက်ပံ့မတည်မှုဖြင့် ရှမ်းပြည်နယ် ပြည်သူလူထုစားနပ်ရိက္ခာထောက်ပံ့ရေးကော်မတီနှင့် ပြည်နယ် ကျန်းမာရေးထောက်အကူပြုပစ္စည်းများ စီမံခန့်ခွဲမှုကော်မတီအနေဖြင့် တိုက်နယ်ဆေးရုံများ၊ ကျေးလက် ဆေးပေးခန်းများနှင့် ကျန်းမာရေးစောင့်ကြည့်စခန်းများအရောက် နေ့စဉ်ထောက်ပံ့ရေးပစ္စည်းများနှင့် ကာကွယ်ရေးပစ္စည်းများ လှူဒါန်းလျက်ရှိသည်။

ထိုသို့ ထောက်ပံ့လှူဒါန်းလျက်ရှိရာ မေ ၁၃ ရက်တွင် ရှမ်းပြည်နယ် အရှေ့ပိုင်း ကျိုင်းတုံမြို့အတွက် ဆန်အိတ် ၁၀၀၀၊ ကြက်ဥအလုံး ၅၀၀၀ ကိုလည်းကောင်း၊ တောင်ကြီးမြို့ မိခင်နှင့်ကလေးဆေးရုံကြီးအတွက် တစ်ကိုယ်ရေကာကွယ်ရေး ဝတ်စုံ ၂၀၊ လက်သန့်ဆေးရည်ဘူး ၂၀၊ မျက်မှန် ၅၀ ကို လည်းကောင်း၊ အထက(၂) အေးသာယာ စောင့်ကြည့်စခန်းအတွက် နှာခေါင်းစည်း ၂၀၀ နှင့် ကြက်ဥအလုံး ၃၆၀ ကိုလည်းကောင်း၊ ကလောနှင့် ဘော်ဆိုင်းစောင့်ကြည့်စခန်းနှင့် တိုက်နယ်ဆေးရုံတို့အတွက် တစ်ကိုယ်ရေကာကွယ်ရေးဝတ်စုံ ၂၀၊ လက်သန့်ဆေးရည် ဘူး ၄၀၊ လက်သန့်ဆေးရည်လေးဘူး၊ နှာခေါင်းစည်း ၅၀၀ နှင့် ကြက်ဥအလုံး ၆၀၀ ကိုလည်းကောင်း၊ နောင်တရားဒေသတွင်း ဖြန့်ဝေရန်အတွက် တစ်ကိုယ်ရေကာကွယ်ရေး ဝတ်စုံ ၅ စုံ၊ ဆပ်ပြာ ၃၆ ဘူး၊ နှာခေါင်းစည်း ၂၀၀ နှင့် ကြက်ဥအလုံး ၃၆၀၊ အရက်ပြန် ၁၂ ပုလင်း၊ ရွှေမြန်မာလက်သန့် ဆေးရည် ၂၄ ပုလင်းနှင့် Boot ၅ ခုတို့ကိုလည်းကောင်း၊ ပင်မီဂေါက် ကလပ်အောင်ပန်းအတွက် ကြက်ဥအလုံး ၃၆၀ တို့ကိုလည်းကောင်း ပေးအပ်လှူဒါန်းသည်။

ထို့ပြင် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်၏ ရှမ်းပြည်နယ် မြောက်ပိုင်းနှင့် တောင်ပိုင်းခရီးစဉ်တွင် ဆေးရုံ/ ဆေးခန်းများတွင် အသုံးပြုရန်အတွက် ဆပ်ပြာဘူး၂၀၀၊ လက်အိတ် ၁၂၀၀၊ မျက်မှန် ၁၀၀ လက်၊ နှာခေါင်းစည်း ၃၂၀၀ ခု၊ ရွှေမြန်မာ အရက်ပြန်နှင့် လက်သန့်ဆေးရည် ၁၄၄ လုံး တို့ကို ပေးအပ်လှူဒါန်းခဲ့ပြီး ရန်ကုန်မြို့ရှိ ဆေးရုံမှ ဝန်ထမ်းများ အသုံးပြုရန် လိုအပ်လျက်ရှိသော တစ်ကိုယ်ရေကာကွယ်ရေးဝတ်စုံ ၂၀ နှင့် နှာခေါင်းစည်း ၁၀၀၀ တို့ကိုလည်း မြန်မာ့စာတိုက်အမြန်ချောပို့ လုပ်ငန်းမှ တစ်ဆင့် ပေးပို့လှူဒါန်းခဲ့ပြီး ကော်မတီအနေဖြင့် ပြည်နယ်အတွင်း စားနပ်ရိက္ခာနှင့် ကျန်းမာရေးအထောက်အကူပြုပစ္စည်းများ လိုအပ်လျက်ရှိသော ခရိုင်မြို့နယ် အသီးသီးသို့လည်း နေ့စဉ် ပေးအပ်လှူဒါန်းလျက်ရှိကြောင်း ယင်းကော်မတီမှ သိရသည်။

စေတနာရှင် အလှူရှင်များအနေဖြင့်လည်း ကော်မတီသို့ စားနပ်ရိက္ခာနှင့် ပစ္စည်းများ လာရောက်လှူဒါန်းလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ဝင်းကုဋ္ဌေမွေးမြူရေးလုပ်ငန်းမှ ကြက်ဥအလုံး ၃၆၀၀ ကို လာရောက်လှူဒါန်းသည်။

ရှမ်းပြည်နယ်ပြည်သူလူထု စားနပ်ရိက္ခာထောက်ပံ့ရေးကော်မတီ၏ လုပ်ငန်းများကို ရွှေပအိုဝ်းရောင်တော်ဖွင့် လူငယ်ပရဟိတအဖွဲ့ဝင် ခုနစ်ဦးနှင့် ရုံးအဖွဲ့ဝင် ၁၅ ဦး စုစုပေါင်း ၂၂ ဦးဖြင့် လုပ်အားပေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **စိုးညွန့်ရွှေ(ပြန်/ဆက်)**

## ဒက္ခိဏသီရိမြို့နယ်အတွင်း ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားများအတွက် အခြေခံစားကုန်(၅)မျိုး ဆက်လက်ဖြန့်ဝေပေး

**နေပြည်တော် မေ ၁၄**

ဒက္ခိဏသီရိမြို့နယ်အတွင်း အခြေခံလူတန်းစား အိမ်ထောင်စု (၆၁၈၇)ရှိသည့်အနက် ယနေ့တွင် အိမ်ထောင်စု ၄၇၅၈ စုအတွက် ဖြန့်ဝေပေးရန် လျာထားခဲ့ရာ ဒက္ခိဏသီရိ ရပ်ကွက်အတွင်း အိမ်ထောင်စု ၈၄၁ စုအား ဆား(၈၄၁)ပိသာ၊ ပဲ(၈၄၁)ပိသာ၊ ကြက်သွန်(၈၄၁)ပိသာတို့ကို လည်းကောင်း၊ ရွှေအင်ကြင်းရပ်ကွက်အတွင်း အိမ်ထောင်စု ၄၇၅ စုအား ကြက်သွန်(၄၇၅)ပိသာကို လည်းကောင်း၊ ရန်အောင်မြင် ကျေးရွာအုပ်စုတွင် အိမ်ထောင်စု ၇၅၉ စုအား ဆား(၇၅၉)ပိသာ၊ ပဲ(၇၅၉) ပိသာတို့ကိုလည်းကောင်း၊ ကျွန်းတက်ပွဲ ကျေးရွာအုပ်စုတွင် အိမ်ထောင်စု(၃၃၀)အား ဆန်အိတ် (၃၃၀)၊ ဆားပိသာ (၃၃၀)၊ ပဲပိသာ(၃၃၀) တို့ကိုလည်းကောင်း။

ကြာပင်ကျေးရွာ အုပ်စုအတွင်း အိမ်ထောင်စု (၅၃၇)စုအား ဆန် (၄၄၉) အိတ်၊ ဆား(၃၀၉)ပိသာ၊ ပဲ(၃၀၉)ပိသာ၊ ကြက်သွန်(၅၃၇)ပိသာတို့ကို လည်းကောင်း၊ ချိုင်းကျေးရွာအုပ်စုတွင် အိမ်ထောင်စု ၃၉၃ စုအား ဆား(၃၉၃) ပိသာ၊ ပဲ(၃၉၃)ပိသာ၊ ကြက်သွန် (၃၉၃)ပိသာတို့ကိုလည်းကောင်း၊ ရွာမကျေးရွာအုပ်စုတွင် အိမ်ထောင်စု ၄၄၆ စုအား ဆား (၄၀၁) ပိသာ၊ ပဲ(၄၀၁) ပိသာ၊ ကြက်သွန် (၂၀၆)ပိသာတို့ကိုလည်းကောင်း၊ ဒိုးနွယ်ကျေးရွာအုပ်စုတွင် အိမ်ထောင်စု ၉၀၁ စုအား ဆန်အိတ်(၃၅၀)၊ ဆီပိသာ (၃၅၀)၊ ဆားပိသာ(၃၅၀)၊ ပဲပိသာ(၃၅၀)၊ ကြက်သွန်ပိသာ(၃၅၀)တို့ကိုလည်းကောင်း။

ကူနှစ်လုံးဆည်စု ကျေးရွာအုပ်စုတွင် အိမ်ထောင်စု ၆၅၂ စုအား ဆီ(၈၇) ပိသာ၊ ဆား(၅၅၂)ပိသာ၊ ပဲ(၅၂၂)ပိသာ၊ ကြက်သွန်(၄၃၉)ပိသာတို့အားလည်းကောင်း၊ ရွှေခဲအင်းကျေးရွာအုပ်စုတွင် အိမ်ထောင်စု ၈၅၃ စုအား ဆီ(၈၅၃)ပိသာ၊ ဆား(၈၅၃) ပိသာ၊ ပဲ(၈၅၃) ပိသာတို့ကိုလည်းကောင်း စုစုပေါင်းအိမ်ထောင်စု ၄၇၅၈ စုတို့အတွက် ဆန် (၁၁၂၉) အိတ်၊ ဆီပိသာ(၁၂၉၀)၊ ဆား(၄၇၅၈)ပိသာ၊ ပဲ(၄၇၅၈) ပိသာ၊ ကြက်သွန် (၃၂၄၁) ပိသာတို့အား နေအိမ်များအရောက် ဖြန့်ဝေပေးနိုင်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ကျောင်းကုန်းမြို့တွင် အခြေခံစားသောက်ကုန်(၅)မျိုးအား ဖြန့်ဝေ



**ကျောင်းကုန်း မေ ၁၄**

နိုင်ငံတော်အစိုးရ၏ပံ့ပိုးမှုဖြင့် သင်္ကြန်ကာလအတွင်း ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားများအား အခြေခံစားသောက်ကုန်(၅)မျိုး ထောက်ပံ့ပေးအပ်မှုကို ယနေ့နံနက် ၉ နာရီက ကျောင်းကုန်းမြို့နယ် ချောင်ကြီးအုပ်စုရှိ ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစား အိမ်ထောင်စု(၁၆၁)စုအား ဆန်(၈)ပြည်၊ ဆီ(၅၀)ကျပ်သား၊ ဆား(၅၀)ကျပ်သား၊ ကြက်သွန်(၁)ပိသာ၊ ပဲ(၁)ပိသာစီကို လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်ကျေးလက်ဦးစီးမှူးတို့က ကျေးရွာအရောက် သွားရောက်ထောက်ပံ့ပေးအပ်ခဲ့ကြသည်။

ဆက်လက်၍ နံနက် ၁၀ နာရီတွင် ကျောင်းကုန်းမြို့နယ် ကွမ်းခြံကုန်းအုပ်စုရှိ ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစား အိမ်ထောင်စု(၂၇၉)စုအားထောက်ပံ့ပေးအပ်ခဲ့ကြကြောင်း သိရသည်။ ကျောင်းကုန်းမြို့နယ်အတွင်း ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားအိမ်ထောင်စုပေါင်း (၁၇၃၉၂) စုအား ယနေ့တွင် အပြီးထုတ်ဝေသွားမည်ဖြစ်ကြောင်း မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မျိုးဝင်းက ပြောသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**

**❂ ကျောဖုံးမှ**

စီစဉ်ဆောင်ရွက်ခဲ့ကြပြီး ရပ်ကွက်၊ ကျေးရွာအဆင့် ဖွဲ့စည်းထားရှိသည့် အဖွဲ့ငယ်များက သက်ဆိုင်ရာ ရပ်ကွက်၊ ကျေးရွာအလိုက် အိမ်အရောက်ဖြန့်ဝေပေးလျက်ရှိသည်။

ချင်းပြည်နယ် ကိုဗစ်-၁၉ ရောဂါထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီမှ ဖွဲ့စည်းပေးထားသော ဝယ်ယူပို့ဆောင်ရေး အဖွဲ့(၃)ဖွဲ့အနေဖြင့် ချင်းပြည်နယ်(တောင်ပိုင်း)ရှိ မြို့နယ်များအတွက် မန္တလေးမြို့၊ ကျောက်ပန်းတောင်းမြို့နှင့် ပခုက္ကူမြို့တို့မှ လည်းကောင်း၊ မြောက်ပိုင်းရှိမြို့နယ်များအတွက် ကလေးမြို့မှလည်းကောင်း ဝယ်ယူပို့ဆောင်ရေးအဖွဲ့များက ဝယ်ယူပို့ဆောင်လျက်ရှိကြောင်း၊ ဟားခါးမြို့သို့ရောက်ရှိလာသည့် အဆိုပါ စားကုန်ပစ္စည်းများကို ဖလမ်းခရိုင်နှင့် ဟားခါးခရိုင်အတွင်းရှိ မြို့နယ်များသို့ ဆက်လက်ဖြန့်ဝေပေးပို့ပြီး ထိုမှတစ်ဆင့် ရပ်ကွက်၊ ကျေးရွာများသို့ အိမ်အရောက် အမြန်ဆုံးထောက်ပံ့နိုင်ရေး စနစ်တကျ စီမံဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

ချင်းပြည်နယ် အစိုးရအဖွဲ့အနေဖြင့် ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားများအတွက် အခြေခံစားကုန်(၅)မျိုးကို အမှန်တကယ်အခက်အခဲရှိသော အိမ်ထောင်စုများထံသို့ မေ ၁၀ ရက်မှစ၍ ဖြန့်ဝေပေးလျက်ရှိရာ ဟားခါးမြို့နယ်အနေဖြင့် သက်ဆိုင်ရာမြို့နယ်အဆင့် အဖွဲ့အစည်းဝင်များဖြင့် မေ ၁၄ ရက်တွင် အပြီးဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း၊ ဟားခါးမြို့နယ်အတွင်း၌ ရပ်ကွက်၊ ကျေးရွာစုစုပေါင်း(၃၉) အုပ်စုရှိပြီး ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစား အိမ်ထောင်စုပေါင်း ၂၃၈၄ စု ရှိကြောင်း၊ ချင်းပြည်နယ်အတွင်း မြို့နယ်(၉) မြို့နယ်ရှိပြီး ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစား အိမ်ထောင်စုပေါင်း(၂၃၅၈၇)စုရှိကြောင်း သိရှိရသည်။

**မြင့်နိုင်စိုး(ပြန်/ဆက်)**

# Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီသို့ အများပြည်သူများက အလှူငွေများ ထည့်ဝင်လှူဒါန်းနိုင်ရေးအတွက် အသိပေးမေတ္တာရပ်ခံခြင်း

၁။ တစ်ကမ္ဘာလုံးဆိုင်ရာကပ်ရောဂါ (Pandemic) အဖြစ် ထုတ်ပြန်ထားသော Coronavirus Disease 2019 (COVID–19) နှင့်ပတ်သက်၍ မြန်မာနိုင်ငံအတွင်း ဝင်ရောက်ကူးစက်ပြန့်ပွားမှုမရှိစေရေးအတွက် ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဆိုင်ရာလုပ်ငန်းများအား နိုင်ငံတော်က အမျိုးသားအဆင့်အနေဖြင့် သတ်မှတ်၍ အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက် ရှိပါသည်။

၂။ ၎င်းအပြင် (၁၆-၃-၂၀၂၀)ရက်နေ့တွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ပြည်သူလူထုသို့ အစီရင်ခံတင်ပြသည့် မိန့်ခွန်းတွင် Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ရန်ပုံငွေတစ်ရပ် ထူထောင်ရာတွင် ပြည်သူလူထုအနေဖြင့် တတ်နိုင်သမျှ ပူးပေါင်းပါဝင်ထည့်ဝင်လှူဒါန်းသွားရန် တိုက်တွန်းနှိုးဆော် ခဲ့ပြီးဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ပိုမိုအောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ကုမ္ပဏီများ၊ အသင်းအဖွဲ့များနှင့် ပြည်သူလူထုတစ်ဦးချင်းအနေဖြင့် တတ်အားသရွေ့ အလှူငွေများပါဝင်လှူဒါန်းလိုပါက အောက်ဖော်ပြပါဘဏ်များတွင် ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း အသိပေးမေတ္တာရပ်ခံအပ်ပါသည်–

| | | | | | |
|---|---|---|---|---|---|
| (က) | မြန်မာ့စီးပွားရေးဘဏ် | – | မြန်မာကျပ်ငွေစာရင်းအမှတ် | – | CF 004880 |
| | | | နိုင်ငံခြားငွေစာရင်းအမှတ် | – | EDN 600010 |
| (ခ) | ကမ္ဘောဇဘဏ် | – | မြန်မာကျပ်ငွေစာရင်းအမှတ် | – | 034 103 034 0232 8301 |
| | | | နိုင်ငံခြားငွေစာရင်းအမှတ် | – | 034 109 034 0232 8301 |
| (ဂ) | ရောဝတီဘဏ် | – | မြန်မာကျပ်ငွေစာရင်းအမှတ် | – | A/C 000 110 501 002 5635 |
| | | | နိုင်ငံခြားငွေစာရင်းအမှတ် | – | A/C 000 110 503 000 0425 |
| (ဃ) | CB ဘဏ် | – | မြန်မာကျပ်ငွေစာရင်းအမှတ် | – | 0093 1005 0000 1333 |
| | | | နိုင်ငံခြားငွေစာရင်းအမှတ် | – | 0093 1012 0000 2957 |

၄။ ဆေးဝါးများ၊ ဆေးရုံသုံးပစ္စည်းများ/ စက်ကိရိယာများအား လှူဒါန်းလိုပါက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ဝန်ကြီးရုံးနှင့် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးရှိ ပြည်သူ့ကျန်းမာရေးနှင့် ကုသရေး ဦးစီးဌာနမှူးရုံးများ၊ နီးစပ်ရာပြည်သူ့ဆေးရုံကြီးများ၊ ဆေးရုံများသို့ တိုက်ရိုက်ဆက်သွယ်လှူဒါန်းနိုင်ကြပါသည်။

**Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး**
**အမျိုးသားအဆင့်ဗဟိုကော်မတီ**

## တာချီလိတ်မြို့ ဘုန်းတော်ကြီးကျောင်း၊ သီလရှင်ကျောင်းနှင့် အိမ်ထောင်စု ၃၀၀ အတွက် စားသောက်ကုန်များထောက်ပံ့ပေးအပ်

**တာချီလိတ် မေ ၁၄**

တာချီလိတ်မြို့ ငွေတောင်ဦးကမ္မဋ္ဌာန်းကျောင်းတိုက် ဆရာတော် ဒေါက်တာဘဒ္ဒန္တဝိရောစန (မဟာဂန္ထဝါစက ပဏ္ဍိတ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ)မှ ဆွမ်းအခက်အခဲ ကြုံတွေ့ရသော ဘုန်းတော်ကြီးကျောင်းနှင့်သီလရှင် ကျောင်း၊ ပရဟိတဂေဟာနှင့် အခြေခံလူတန်းစား အိမ်ထောင်စု ၃၀၀ အတွက် စားသောက်ကုန်များကို မေ ၁၃ ရက်တွင် ခရိုင်စီမံခန့်ခွဲမှုကော်မတီသို့ ပေးအပ်လှူဒါန်း ခဲ့သည်။

ထိုသို့ ထောက်ပံ့လှူဒါန်းရာတွင် ဘုန်းတော်ကြီး ကျောင်း၊ သီလရှင်ကျောင်းနှင့် ဘိုးဘွားရိပ်သာ၊ လူငယ်ပရဟိတကျောင်း ၅၃ ကျောင်းရှိပြီး ဆန်အိတ် ၈၇ အိတ်၊ ဆီ ၈၇ ဖာ၊ ခေါက်ဆွဲ ၈၇ ဖာ၊ သကြားနံ ၅၃၉ စုံ၊ သီလရှင် ဝတ်စုံ ၅၅ စုံ၊ ဆား ၈၇ ဆွဲ၊ ကြက်ဥ ၈၇ ကတ်၊ စာအုပ် ၅၃ စုံ၊ ငါးသေတ္တာ ၃၆၈ ကတ်နှင့်အခြေခံလူတန်းများအတွက် ဆန်အထုပ် ၃၀၀၊ ဆီဘူး ၁၂၀၀၊ ဆားအထုပ် ၃၀၀၊ ခေါက်ဆွဲ ၃၀၀ ဖာ၊ ကြက်ဥ ၃၀၀ ဖာ၊ စာအုပ် ၃၀၀ နှင့် တရားခွေ ၃၀၀ တို့ကို ထောက်ပံ့ပေးခဲ့သည်။

ထောက်ပံ့ပေးအပ်ခြင်းကို ခရိုင်အုပ်ချုပ်ရေးမှူး ဦးမြင့်နိုင်နှင့်ကော်မတီဝင်များက လက်ခံခဲ့ကြပြီး ဆက်လက်ခွဲဝေပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ယာဆေး(ပြန်/ဆက်)**





## ခင်ဦးမြို့မဈေးရှိ ပျံကျဈေးသည်များ ၆ ပေအကွာမှ စနစ်တကျရောင်းချလျက်ရှိ

**ခင်ဦး မေ ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့ မြို့မဈေးရှိ ပျံကျဈေးသည်များအား ကိုဗစ်–၁၉ ရောဂါ ကြိုတင်ကာကွယ်ရေး အနေဖြင့် ခြောက်ပေအကွာမှ မေ ၁၄ ရက်က စတင်ပြီး စနစ်တကျရောင်းချလျက်ရှိသည်။

ပျံကျဈေးသည်များ ခြောက်ပေအကွာမှ စနစ်တကျရောင်းချနိုင်ရန်အတွက် မေ ၁၃ ရက် ညနေ ၃ နာရီက မြို့နယ် စည်ပင်သာယာရေးအဖွဲ့၊ မြို့နယ်အမှုဆောင်အရာရှိ ဒေါ်မာမာအောင်နှင့် ဝန်ထမ်းများက ဈေးပတ်ပတ်လည်တွင် နေရာများ သတ်မှတ်ပေးခဲ့ကြောင်း သိရသည်။

**စိုးဝေအောင်(ခင်ဦး)**

## တောင်ကြီးမြို့၌ ပုံမှန်ဝင်ငွေမရှိသော အိမ်ထောင်စုများအား အခြေခံစားသောက်ကုန် (၅) မျိုး ဖြန့်ဝေထောက်ပံ့

**တောင်ကြီး မေ ၁၄**

ရှမ်းပြည်နယ်(တောင်ပိုင်း) ကိုဗစ်–၁၉ ရောဂါ ကာကွယ် ထိန်းချုပ်ရေး အရေးကြီးကာလဖြစ်သည့် သင်္ကြန် ရုံးပိတ်ရက်ရှည်ကာလအတွင်း ပုံမှန်ဝင်ငွေမရှိသော အိမ်ထောင်စုများအတွက် အခြေခံစားသောက်ကုန်များကို ပြည်သူများ လက်ဝယ်အရောက်ဖြန့်ဝေခြင်း၊ ပုံမှန်ဝင်ငွေ မရှိသော အခြေခံလူတန်းစားများအတွက် နိုင်ငံတော်မှ ထောက်ပံ့ကူညီသော အခြေခံစားသောက်ကုန်(၅)မျိုး ဖြန့်ဝေထောက်ပံ့ခြင်းကို မေ ၁၂ ရက် မွန်းလွဲ ၂ နာရီခွဲတွင် တောင်ကြီးမြို့ မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာများရှိ အိမ်ထောင်စုများသို့ အိမ်တိုင်ရာရောက်သွားရောက် ထောက်ပံ့ခဲ့ကြသည်။

ထိုသို့ သွားရောက်ထောက်ပံ့ရာတွင် တောင်ကြီး မြို့နယ် ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကော်မတီ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်း အဖွဲ့များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ရပ်မိရပ်ဖများနှင့် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နှင့်တာဝန်ရှိသူတို့က တောင်ကြီး မြို့ပေါ်ရှိ ရပ်ကွက်များနှင့်ကျေးရွာရှိ ပြည်သူများအတွက် အိမ်ထောင်စုတစ်စုလျှင် ဆန်(၈)ပြည်၊ ဆီ (၅၀) ကျပ်သား၊ ဆား (၅၀) ကျပ်သား၊ ကုလားပဲ(၁)ပိဿာ၊ ကြက်သွန်နီ(၁) ပိဿာတို့ကို အိမ်တိုင်ရာရောက် သွားရောက်ထောက်ပံ့ပေး ခဲ့ကြသည်။

**စိုင်းသန်းကျော်(တောင်ကြီး)**

## စစ်ကိုင်းတိုင်းဒေသကြီး ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီသို့ ဆန်၊ ဆီ၊ ဆားနှင့်လူသုံးကုန်ပစ္စည်းများ လှူဒါန်း

**စစ်ကိုင်း မေ ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး COVID–19 ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီသို့ အလှူရှင်များက ဆန်၊ ဆီ၊ ဆားနှင့် လူသုံးကုန်ပစ္စည်းများကို လာရောက် လှူဒါန်းလျက်ရှိကြောင်း သိရသည်။

မေ ၁၄ ရက်က ကမ္ဘောဇဘဏ်လီမိတက်မှ ဆန်အိတ် ၁၀၀၀ နှင့် ဆီကုန်သည်ကြီးများအသင်းချုပ်မှ ဆီပိဿာ ၁၀၀၀၀၊ ဦးကျောက်ခဲ၊ ဒေါ်ငွေငွေနွဲ့၊ ဦးအောင်ကျော်စိုး၊ ဒေါ်လှလှနွယ် မိဘမေတ္တာ ပန့်ဆိုင်(လင်းကတော)မှ တစ်ကိုယ်ရေကာကွယ်ရေးဝတ်စုံ ၅၀၊ Face Shild အခု ၃၀၀၊ နှာခေါင်းစည်းအခု ၁၀၀၀၊ ဦးမျိုးနိုင်ဦး၊ ဦးအေးမင်းတို့က နှာခေါင်းစည်းကုန်ကြမ်း ပိတ်စများ၊ စစ်ကိုင်းတိုင်းဒေသကြီး မွေးမြူရေးလုပ်ငန်း အဖွဲ့ချုပ်နှင့် DE Heus Myanmar မှ ငုံးဥအလုံး(၁၀၀၀) ပါ ၂၃ ဖာတို့ကို လာရောက်လှူဒါန်းကြရာ ပစ္စည်းလက်ခံရေး နှင့် ဖြန့်ဝေရေးလုပ်ငန်းကော်မတီမှ လက်ခံရယူခဲ့ကြောင်း သိရသည်။

ပြီးခဲ့သည့် မေ ၁၁ ရက်ကလည်း စစ်ကိုင်းတိုင်း ကိုယ်ပိုင်အထက်တန်းကျောင်းများအသင်းက ကျပ်သိန်း ၅၀ တန်ဖိုးရှိ ဆန်အိတ် ၅၂ အိတ်နှင့် ငွေကျပ်သုံးသိန်းတို့ ကိုလှူဒါန်းရာ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ ပစ္စည်း လက်ခံရေးနှင့် ဖြန့်ဝေရေးလုပ်ငန်းကော်မတီမှ လက်ခံရယူ ခဲ့ကြောင်း သိရသည်။ ထိုသို့လှူဒါန်းရာတွင် ကိုယ်ပိုင် ကျောင်းအသင်းမှ ငွေကျပ် ၂၃ သိန်းနှင့် SEC၊ ပါရမီ၊ ဂန္ဓဝင်ပျိုးခင်း၊ TOP၊ ILBSM၊ MILA & မြင့်မြတ်၊ Futer Light၊ ပညာ့မဏ္ဍိုင်၊ မော်ကွန်းသစ်၊ ကံ့ကော်၊ ဖွဲ့သန်၊ ဖွဲ့မာန်၊ ရင်သွေးရတနာ၊ ဇော်၊ Bright Milds တို့မှ ငွေကျပ် ၂၇ သိန်း လှူဒါန်းကြကြောင်း သိရသည်။ **မျိုးဝင်းထွန်း(မုံရွာ)**



# ငြိမ်းချမ်းရေး ပြည်ထောင်စုရေး

**ဆူးငှက်**



ဆရာကြီးဦးအေးမြင့် (မြန်မာမှု သုတေသီ) ၏ ရတနာပုံခေတ် သင်္ကြန်သရုပ်ဖော်။

ပုဂံခေတ်ကတည်းက အထင်အရှားရှိခဲ့တယ်ဆိုတဲ့ မြန်မာ့ရိုးရာအတာသင်္ကြန်ဟာ မန္တလေးရတနာပုံခေတ်အထိ 'ပဒေသရာဇ်သင်္ကြန်' အဖြစ်ပဲ မှတ်တမ်းမှတ်ရာရှိခဲ့တယ်။ 'သင်္ကြန်'ဆိုတာ 'ကူးပြောင်းခြင်း'ဆိုတဲ့ အနက်အဓိပ္ပာယ်နဲ့ ပုဏ္ဏားဖြူ ပုဏ္ဏားညို သမားဟူးရားတို့ရဲ့'စိတ်တော်သိ ဗောင်းတော်ညိတ်'ဗေဒင်ကိန်းခန်းယတြာများနှင့်အတူ ဘုရင်ဧကရာဇ် အသိုင်းအဝိုင်းရဲ့ ရွှေဘုံနိဒါန်းလာ အခင်းအကျင်းများနဲ့ပဲ နှစ်စဉ်မပျက်ဆောင်ရွက်စီမံရတဲ့ ပြုဖွယ်ကိစ္စများပဲဖြစ်ပါတယ်။ အများပြည်သူလူထုအနေနဲ့ကတော့ နှစ်ဟောင်းက အညစ်အကြေးတွေ နှစ်သစ်မှာ ပါမလာအောင်နဲ့၊ နှစ်သစ်မှာ ရေလိုအေးပြီး ပန်းလိုလန်းကြစေကြောင်း ဇမ္ဗူဒီပါသြဘာနိမိတ်ထွန်းတဲ့ တောင်ကျွန်းသား အစဉ်အလာတွေအတိုင်း အောင်သပြေခက်နဲ့ ရေပက်ကစားကြတာပါပဲ။ ဘယ်မင်းဧကရာဇ်ပြောင်းပြောင်း ပြည်သူလူထုရဲ့အစဉ်အလာကတော့ ဒီအတိုင်းပါပဲ။

### ဖန်ပြာခွက်နဲ့ ကျောက်စက်ရေ အမောပြေအောင်တိုက်ပဲ့ါမမ

ကောဇာသက္ကရာဇ် ... ၁၂၄၁ခုနှစ်။

မန္တလေးကို ဗြိတိသျှအစိုးရသိမ်းပိုက်ပြီး နောက်ပိုင်း မန္တလေးရဲ့ လူမှုရေး၊ စီးပွားရေးတွေ ပုံစံပြောင်းသွားတယ်။ မိရိုးဖလာ လက်လုပ်လက်စားတွေ၊ လက်မှုအနုပညာရှင်တွေ၊ ကုန်ရောင်းကုန်ဝယ်တွေ၊ ကုန်သည်ပွဲစားတွေဆိုတဲ့ အလုပ်တွေအပြင် တရုတ်၊ အိန္ဒိယ၊ အင်္ဂလိပ်စတဲ့ အရင်းရှင်ကြီးများရဲ့ကုန်တိုက်ကြီး တွေလည်း ဖွင့်လှစ်လာကြတယ်။ အုပ်ချုပ်မှုယန္တရားရဲ့ အဓိကနေရာဖြစ်တဲ့ ဘုရင်ခံအိမ်တော် တည်ရှိရာ မန္တလေးနန်းတွင်းနဲ့အုပ်ချုပ်သူ အမှုထမ်းများနေထိုင်ရာ သံဝင်းရပ်(ယခု-အောင်မြေသာစံမြို့နယ်၊ သီရိမာလာအရှေ့ရပ်)တို့ ဆက်သွယ်တဲ့ အာဠဝီ(စီလမ်း)လမ်းမကြီးဟာ မန္တလေးရဲ့ ကုန်သွယ်မှု ဗဟိုလမ်းမကြီး ဖြစ်လာတယ်။ မူလစီးပွားရေးရပ်ကွက်ဖြစ်တဲ့ ဈေးချိုတော်ကို ပင်မပြုပြီးလည်း ဘီလမ်းလို၊ ရုံတော်ကြီးလို၊ ဘာဘူတန်းလို နေရာတွေမှာလည်း ကုန်တိုက်ကြီးတွေ၊ ကုမ္ပဏီတွေ ဖွင့်လှစ်လာကြတယ်။ ၁၉၃၀ ဝန်းကျင်ရောက်တော့ သမားရိုးကျ ရေပက်ကစားသင်္ကြန်ဟာ ကုန်တိုက်ကြီးတွေကအသုံးပြုတဲ့ ကုန်တင်ကားတွေနဲ့ လှည့်လည်ရေပက်ကစားတာ၊ ကားပေါ်တူရိယာပစ္စည်းတင်တာ၊ ကားကို ပန်းချီရေကန်ထည်အလှဆင်တာ၊ ဘက်ထရီမီးတွေနဲ့ ထွန်းညှိလှပစေတာတွေအထိ တိုးတက်လာတယ်။ ဒီလိုအလှပြယာဉ်ကြီးတွေနဲ့ ဒည့်ခံမဏ္ဍပ်နဲ့ အပြန်အလှန် သီချင်းဆိုကြတာ၊ ဖျော်ဖြေသီဆိုတီးမှုတ်ကြတာတွေ ရှိလာတယ်။ သင်္ကြန်သံချပ်ဆိုတာတွေကလည်း အရင်လို "ဖန်ပြာခွက်နဲ့ ကျောက်စက်ရေ အမောပြေအောင်တိုက်ပဲ့ါမမ"ဆိုတာမျိုးတွေ မဟုတ်တော့ဘူး၊

"လူချောလူလှ လက်ရွေးစင်၊ ရှက်သွေးခင်ရင်၊ မိုတ်လို့သာပက်၊ လောင်းလိုက်ပက်လိုက် နွဲ့ရှာသူ၊ အသည်းမှာပူတာ၊ အေးပေါ့ အေးပေါ့။" စတဲ့ သံချပ်တွေ ဖြစ်ကုန်ပါပြီ။

ကောဇာသက္ကရာဇ် ၁၃၀၀ ပြည့် ဝန်းကျင် ... ။

### တင့်တယ်သာယာစည်ကား ဟိုတုန်းအခါကလေ

ကမ္ဘာကြီးရဲ့ နိုင်ငံရေးချိန်ခွင်လျှာတွေ ပြောင်းလဲမှုနဲ့အတူ ဒုတိယကမ္ဘာစစ်ကြီးထဲမှာ သင်္ကြန်လည်း စုံးစုံးမြုပ်လုမတတ် ဖြစ်ရတယ်။ ၁၉၄၅ခုနှစ် မတ်လမှာ စစ်ကြီးပြီးငြိမ်း ခြင်းနှင့်အတူ မတ်လ ၂၃ ရက်နေ့ စစ်ပြေးသူတွေ မန္တလေးမြို့ပြန်အဝင် "ခါတော်ရောက်ချိန်နီးလို့လာပြီလေ၊ ဒေါ်ဒေါ် မမ နမ တို့ရေ..." လို့ ခွန်းဆက်သံနှင့်အတူ "မန္တလေးဆို ရွှေမြို့ တို့ရတနာပုံနေပြည်၊ တင့်တယ်သာယာစည်ကား ဟိုတုန်းအခါကလေ၊ အဲဒါတွေ မတွေးကြနဲ့ ရှေ့ဆက်ကာ စီမံကြစို့လေ..." လို့ ပြာပုံထဲက ပြန်လည်ရှင်သန်နိုးထမယ့် မန္တလေးကို သင်္ကြန်ကြိုတေးနဲ့ လှုံ့ဆော်ခဲ့တာကလည်း ခေတ်ကို မျက်ခြည်မပြတ်ခဲ့ဘူးဆိုတဲ့ သာဓကပါ။ စစ်ကြီးအပြီး ပြန်လည်စည်ကားလာတဲ့ တစ်ခုသောသင်္ကြန်မှာတော့ ဒီနေ့တိုင်နာမည်ကျော်ဆဲ၊ မြန်မာ့သင်္ကြန်အမှတ်လက္ခဏာအဖြစ်မှ မှတ်ကျောက်တင်ခဲ့တဲ့ ဆရာမြို့မငြိမ်းရဲ့ "ရွှေမန်း တောင်ရိပ်ခို"သီချင်း၊ "အေးအေးချမ်းချမ်း" သီချင်းတွေလည်း အမွေအနှစ် ကျန်ရစ်ခဲ့တယ်။ အဲဒီမန္တလေးဟာ စစ်ကြီးထဲက ပြန်လည်အောင်ပွဲ ခံခဲ့ကြတာနဲ့အတူ လွတ်လပ်ရေးတိုက်ပွဲဆီ အမျိုးသားအားမာန်နဲ့ ရည်မွန်တဲ့ ပုံရိပ်လက္ခဏာတွေနဲ့ ထင်ဟပ်ခဲ့တယ်။ ရာချီရှိတဲ့ အလှပြယာဉ်တွေက အမျိုးသားအားမာန် ပြဋ္ဌာန်းခွင့်ဆန္ဒ၊ ခေတ်မီမျိုးချစ် လွတ်လပ်ရေးတိုက်ပွဲဝင်တပ်မတော် စတဲ့ သရုပ်ဖော်မှုတွေနဲ့ တက်ကြွခဲ့ကြလေရဲ့။ သံချပ်တွေကလည်း လွတ်လပ်ရေးတိုက်ပွဲခေါ်သံတွေ ...။

ကောဇာသက္ကရာဇ် ၁၃၀၈ခုနှစ် (၁၉၄၇) သင်္ကြန်။

### ခါတော် ရေစင် ဖျန်းလို့ ဝေစီလွင်

၁၉၄၈ခုနှစ် ဇန်နဝါရီ (၄)ရက်နေ့ လွတ်လပ်သော သမ္မတနိုင်ငံ ထူထောင်မှုနှင့်အတူ ဖွားဖက်တော်ဖြစ်တဲ့ အမျိုးသားချင်း သဘောထားကွဲလွဲမှုပြယုဂ် ပြည်တွင်းစစ်ကြီးလည်း စိတ်မချမ်းသာစွာ ခံစားခဲ့ကြရတယ်။ တစ်မျိုးသားလုံးရဲ့ ဆန္ဒက နှစ်ဦးနှစ်ဖက်အာဃာတတွေ စွန့်လွှတ်ပြီး ငြိမ်းချမ်းစေလိုတယ်။ အားလုံးရဲ့ ဘုံဆန္ဒက "ငြိမ်းချမ်းရေး" ပါပဲ။ ဒါကြောင့် တစ်မျိုးသား လုံးနဲ့ဆိုင်တဲ့ သင်္ကြန်ကလည်း မမေ့မလျော့နဲ့ "ငြိမ်းချမ်းရေး"ဆီ ဦးတည်ခဲ့ကြတယ်။ "ပိတောက်တွေ ဝေဝေလွင်လွင်၊ ရွှေရည်လူးဖူးပွင့်တဲ့ ဒီအချိန်တွင် ဗမာပြေ ငြိမ်းချမ်းရေး ရွက်သစ်နုနု ခါတော်ရေစင်ဖျန်းလို့ ဝေစီလွင်၊ ငွေငန်းဆုတောင်း၊ အောင်ကြောင်းကိုပင် ခါတော်ရေသဘင်" တဲ့လေ။ ဆရာမြို့မငြိမ်းကလည်း ငြိမ်းချမ်းရေးသဘင် ဆိုတဲ့ သီချင်းနဲ့ ဆုမွန်ခြွေခဲ့တယ်။ တစ်မြို့လုံး ရေသဘင်မဏ္ဍပ်ရာချီ၊ အလှပြယာဉ်ရာချီပြီး ဆင်နွှဲတဲ့ ဒီသင်္ကြန်မှာ သီချင်းတွေ၊ သံချပ်တွေ အားလုံး ငြိမ်းချမ်းရေး အသံတွေ ဘဝင်ညံခဲ့တယ်။

ကောဇာသက္ကရာဇ် ၁၃၁၁ ခုနှစ် (၁၉၅၀) သင်္ကြန် (ဝါ) ငြိမ်းချမ်းရေးသင်္ကြန်။

### တစ်အူထုံ့ဆင်း ချစ်ခင်ရင်းနှီးကြတယ်လေ

မြန်မာပြည်ဟာ တိုင်းရင်းသားအားလုံး ညီအစ်ကိုမောင်နှမစိတ်ဓာတ်နဲ့ အတူလက်တွဲကာ အေးအတူပူအမျှခံစားနေထိုင်ကြတဲ့ ပြည်ထောင်စုနိုင်ငံတော်ဖြစ်တယ်။ ဒါပေမယ့် ပြည်တွင်းစစ်မီးနဲ့အတူ အုပ်ချုပ်သူအစိုးရတွေရဲ့ မမှန်ကန်တဲ့သဘောထားအချို့ကြောင့် ပြည်ထောင်စုကြီးပြိုကွဲဖို့ အခြေအနေ တွေဖြစ်ခဲ့တယ်။ "ပြည်ထောင်စု" ဆိုတဲ့ အစည်းမပြေရေးဟာလည်း တစ်မျိုးသားလုံးဆိုင်ရာ ကိစ္စဖြစ်တယ်။ ဒါကြောင့် ငြိမ်းချမ်းရေးနှင့်အတူ ပြည်ထောင်စုရေးကလည်း ခေါင်းနဲ့ပန်းလို ခွဲလို့မရပေဘူး။ ဒါကြောင့် တစ်မျိုးသားလုံးဆိုင်ရာ သင်္ကြန်ပွဲတော်ဟာ "ပြည်ထောင်စု" ကိစ္စကိုလည်း လျစ်လျူရှုကာ အပျော်မဖက်ခဲ့ဘူး။ ငြိမ်းချမ်းရေးသင်္ကြန်လိုပဲ နောက်တစ်နှစ်မှာ အသင်းပေါင်းရာချီပြီး သင်္ကြန်ပွဲတော်ဆင်နွှဲကြရာမှာ "ပြည်ထောင်စုရေး"ကို မမိုတ်မသုန်ဦးတည်ကာ သီချင်းတွေသံချပ်တွေနဲ့ သင်္ကြန်ပွဲတော်ကြီးတစ်ခုကို မန္တလေးသူ မန္တလေးသားတွေ ဝှဲချီးကျင်းပခဲ့ကြတာလည်း မမေ့ပျောက်နိုင်စရာပါပဲ။ "နိုင်ငံတော်ညီရင်းအစ်ကိုများတွေ၊ တို့တိုင်းရင်းသားတွေ၊ တစ်အူထုံ့ဆင်း ချစ်ခင်ရင်းနှီးကြတယ်လေ၊ ထာဝစဉ်မေတ္တာဓာတ်တိုးစေ၊ ဖျန်းဆွတ်သော သင်္ကြန်ရေ" လို့ မြို့မငြိမ်းက ရေးစပ်ခဲ့ပါတယ်။

ကောဇာသက္ကရာဇ် ၁၃၁၂ ခုနှစ် (၁၉၅၁) သင်္ကြန်(ဝါ) ပြည်ထောင်စုသင်္ကြန်။

### ငြိမ်းချမ်းရေး .. ပြည်ထောင်စုရေး ..

၁၉၆၂ ခုနှစ် မှသည် သံသယ၊ ကွဲလွဲမှု၊ အမိန့်အာဏာ၊ မျိုးသိပ်မှု၊ အစမ်းသပ်ခံ၊ စီမံကိန်း၊ အစီရင်ခံစာ စတဲ့ စတဲ့... စကားလုံးတွေ၊ ဟန်ဆောင်မှုတွေ ကာလရှည်ဖြတ်သန်းပြီးတော့ ချွေးတွေ၊ မျက်ရည်တွေ၊ သွေးတွေ၊ စွန့်လွှတ်မှုတွေ၊ စွန့်စားမှုတွေ အရင်းတည်ပြီး ပွင့်လင်းမှုနှင့် အကောင်းဘက်ဆီဦးတည်ပြီလို့ ဆိုရပေမယ်။ လူ့အခွင့်အရေး၊ အမျိုးသားရင်ကြားစေ့ရေး၊ အပြန်အလှန်နားလည်ရေး၊ ပူးပေါင်းဆောင်ရွက်ရေးစတဲ့ လက္ခဏာကောင်းတွေမှာ အခု "အရေးတကြီး(အရေးတကြီး)" ထပ်မံလိုအပ်နေတာကလည်း မပြီးဆုံးနိုင်သေးတဲ့ "ငြိမ်းချမ်းရေး"၊ "ပြည်ထောင်စုရေး"ပဲ မဟုတ်ပါလား။

ငြိမ်းချမ်းရေး ... ပြည်ထောင်စုရေး ...

ပြည်ထောင်စုရေး ... ငြိမ်းချမ်းရေး ...

> **ငြိမ်းချမ်းရေးနှင့်အတူ ပြည်ထောင်စုရေးကလည်း ခေါင်းနဲ့ပန်းလို ခွဲလို့မရပေဘူး။ ဒါကြောင့် တစ်မျိုးသားလုံးဆိုင်ရာ သင်္ကြန်ပွဲတော်ဟာ "ပြည်ထောင်စု" ကိစ္စကိုလည်း လျစ်လျူရှုကာ အပျော်မဖက်ခဲ့ဘူး။**

## သထုံမြို့ရှိဈေးများ၌ နှာခေါင်းစည်းများတပ်ဆင်ပြီးမှ ဝင်ရောက်ခွင့်အပါအဝင် ကန့်သတ်မှုများပြုလုပ်




**သထုံ မေ ၁၄**

မွန်ပြည်နယ် သထုံမြို့ရှိ မြို့မဈေးနှင့် သုဝဏ္ဏဈေးတို့၌ မေ ၁၄ ရက်မှစတင်ကာ ဈေးဝယ်သူများ ဈေးအတွင်းသို့ နှာခေါင်းစည်းများတပ်ဆင်ပြီးမှ ဝင်ရောက်ခွင့်ပြုခြင်း၊ ရောင်းချသူများအနေဖြင့် နှာခေါင်းစည်းနှင့် လက်အိတ်များဝတ်ဆင်ပြီးမှသာ ရောင်းချခွင့်ပြုခြင်းအပါအဝင် စနစ်တကျဝယ်ယူရောင်းချရေး တားမြစ်ကန့်သတ်မှုများ ပြုလုပ်ထားကြောင်း သိရသည်။

ဈေးများ၌ လူစုလူဝေးဖြစ်ပွားခြင်းကို လျှော့ချနိုင်ရန်နှင့် ဈေးမှစတင်ဖြစ်ပွားမှုကိုကာကွယ်နိုင်ရန်အတွက် ကန့်သတ်ကြပ်မတ်မှုများ ပြုလုပ်ခြင်းဖြစ်ကြောင်း ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါ်မာမာခိုင်က ပြောသည်။

သထုံမြို့ရှိ မြို့မဈေးနှင့် သုဝဏ္ဏဈေးများ၌ ဝင်ပေါက်ထွက်ပေါက် သုံးပေါက်စီသာ ကန့်သတ်ခွင့်ပြုခြင်း၊ နေ့စဉ် နံနက် ၆ နာရီမှ မွန်းလွဲ ၂ နာရီအထိ ဈေးအသုံးပြုချိန် ခွင့်ပြုခြင်း၊ ဈေးအတွင်း သုံးပေစီအကွာမှ ဝယ်ယူရောင်းချခြင်းတို့ကို ကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မေ ၁၃ ရက်က သထုံမြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဈေးတာဝန်ခံရုံးခန်း၌ပြုလုပ်သည့် ဈေးအတွင်း လူစုလူဝေး လျှော့ချရေးအစည်းအဝေးထုတ်ပြန်ချက်အရ သိရသည်။

သထုံမြို့နယ်အတွင်းရှိ အခြားဈေးများကိုပါ စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သက်ဦး(သထုံ)**



# အခြေခံစားသောက်ကုန်ပစ္စည်းများ ဈေးနှုန်းချိုသာစွာဖြင့်ရောင်းချပေးနေမှု ကြည့်ရှု

**လားရှိုး မေ ၁၄**

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ အမှတ်(၁)ရပ်ကွက် နယ်မြေ(၉) တိုးချဲ့ ကွက်သစ်(နားမခေါ်)ဓမ္မဂုဏ်ရည် ဘုန်းကြီးကျောင်းအနီး၌ မေ ၁၄ ရက် နံနက် ၇ နာရီက လားရှိုးမြို့စည်ပင်သာယာရေးကော်မတီ၊ မြို့မဈေး၊ ဈေးအကျိုးတော်ဆောင်အဖွဲ့နှင့် ဈေးသူဈေးသားများ၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) ကုန်သည်စက်မှုအသင်းတို့မှ အခြေခံစားသောက်ကုန် ပစ္စည်းများအား ရပ်ကွက်နေပြည်သူများ၏အိမ်အရောက် ရောင်းချပေးနေမှုများကို ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ် ကြည့်ရှုအားပေး စစ်ဆေးခဲ့သည်။

ပြည်သူများထံသို့ ရောင်းချပေးနေသော အခြေခံစားသောက်ကုန်ကိုးမျိုးဖြစ်သည့် ဆန်(၁)ပြည်၊ ဆီ (၃၀) ကျပ်သား၊ ဆား(၁)ထုပ်၊ ကြက်သွန်နီ (၂၅) ကျပ်သား၊ အာလူး (၅၀) ကျပ်သား၊ ကုလားပဲ (၂၅) ကျပ်သား၊ ငါးသေတ္တာ (၁)ဘူး၊ အသင့်စားငါးပိဘူး(၁)ဘူး၊ ဆပ်ပြာမှုန့်(၁)ထုပ်တို့ကို ကျပ် ၃၅၀၀ ဖြင့် ရောင်းချပေးနေခြင်းဖြစ်သည်။

ထို့အတူ ရှမ်းပြည်နယ်(မြောက်ပိုင်း) ရန်ပုံငွေလက်ခံရေးနှင့် ကြီးကြပ်ရေးကော်မတီသို့ ပစ္စည်းနှင့် ငွေများ လာရောက်လှူဒါန်းမှုမှာလည်း ကျပ်သိန်းပေါင်း ၁၃၀၀ ကျော် ရရှိနေပြီဖြစ်သည်။

လက်ခံရရှိသော အလှူပစ္စည်းများကိုလည်း ရှမ်းပြည်နယ်(မြောက်ပိုင်း) ပြည်နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန(လားရှိုး)သို့ လွှဲပြောင်းပေးအပ်ထားရှိမှုမှာ Patient Monitor (A) သုံးခု၊ Patient Monitor(E) (၈)ခု၊ Blood Pressure(BP A2 Classic)(၄၀) ခု၊ Blood Pressure(Kaung DBP)(၃၁) ခု၊ Blood Pressure(Yuwell DBP)(၂၅) ခု၊Pulse Oximeter(၉၈) ခု၊PPE (၁၀၄၈) ထည်၊ Oxygen Cylinder (Big) (၆၅) ခု၊ လက်သန့်ဆေး ၂ ဒသမ ၅ ဂါလန် နှစ်ပုံး၊ ၂၀ လီတာပုံး (၃၀)၊ ပိုးသတ်ဆေး(၅) ဂါလန်တစ်ပုံး၊ အပူချိန်တိုင်းစက် (၁၅) ခု၊ အရက်ပြန်ဘူး (၇၈၀)၊ HandGel (၇၇၆) ဘူး၊ Glasses (၅၀၀)၊ Glove (၂၀၀၀)၊ Sodium Hypochlorite 12% ပုံး (၅၀)၊ နှာခေါင်းစည်း (၂၂၈၅၀) တို့ကို လွှဲပြောင်း ပေးအပ်ပြီးဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ လားရှိုးမြို့ ပြည်နယ်ဒုတိယအထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးခန်းမ၌ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်နှင့် ဝန်ကြီးများက အလှူရှင်များဖြစ်သော ကမ္ဘောဇဘဏ်လီမိတက်၊ ကိုးကန့်စာပေနှင့် ယဉ်ကျေးမှု Ever Shine Co.,Ltd. မန်နေဂျင်းဒါရိုက်တာ ဦးလူရှီး၊ Entertainment မိသားစု၊ Coner stone Resources Myanmar Co., Ltd.၊ငွေရည်ပုလဲကုမ္ပဏီအုပ်စု၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) ဌာနဆိုင်ရာများ၊ တွဲဖက်ပြည်နယ်ညွှန်ကြားရေးမှူးရုံး(မြို့ပြ) လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ) ဦးကျော်ကျော်ဝင်း၊ Shining Myanmar Co.,Ltd. မန်နေဂျင်းဒါရိုက်တာ ဦးကျော်စွာထွဋ်တို့က လှူဒါန်းမှုများအား လက်ခံခဲ့ပြီး ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်သည်။

ထိုမှတစ်ဆင့် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်နှင့် အဖွဲ့ဝင် ဝန်ကြီးများသည် လားရှိုးမြို့ အထက (၃) ၌ ကန့်သတ်စောင့်ကြည့်စခန်းသို့ သွားရောက်ကြည့်ရှုအားပေးကာ လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။ **ဟန်ဌေး(လားရှိုး)**

# ချင်းပြည်နယ် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**ဟားခါး မေ ၁၄**

ချင်းပြည်နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးလုပ်ငန်းများ စီမံဆောင်ရွက်နိုင်ရန် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မေ ၁၂ ရက် ညနေ ၄ နာရီက ချင်းပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ချင်းပြည်နယ် ကိုဗစ်-၁၉ ရောဂါထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ပြည်နယ်အဆင့်လုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်က ဒေသတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်မှု ထိန်းချုပ်ရေးလုပ်ငန်းများနှင့်အတူ ပြည်သူများ ကျန်းမာရေး စစ်ဆေးဆောင်ရွက်မှုလုပ်ငန်းများ၊ ချင်းပြည်နယ်အတွင်း ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစား အိမ်ထောင်စုများအတွက် အခြေခံစားကုန်(၅)မျိုး ဖြန့်ဝေသည့်လုပ်ငန်းများနှင့်ပတ်သက်၍ လက်ရှိဆောင်ရွက်နေသည်များအပေါ် အားသာချက်၊ အားနည်းချက်များကို ညှိနှိုင်းဆွေးနွေးပေးကြရန် ပြောကြားသည်။

ထို့နောက် ချင်းပြည်နယ် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ပြည်နယ်အဆင့်လုပ်ငန်းကော်မတီ အတွင်းရေးမှူး ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးဟန်ဝင်းအောင်က ချင်းပြည်နယ်အတွင်း အခြေခံစားကုန်(၅)မျိုး ဆက်လက်ဖြန့်ဝေနိုင်ရေး စီစဉ်ဆောင်ရွက်ထားရှိမှုအခြေအနေများကိုလည်းကောင်း၊ ချင်းပြည်နယ် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ တွဲဖက်အတွင်းရေးမှူး ပြည်နယ်အစိုးရအဖွဲ့အတွင်းရေးမှူး ဦးတိုးဝင်းက အခြေခံစားကုန်(၅)မျိုး ဖြန့်ဝေပြီးစီးမှုအခြေအနေများနှင့် သက်ဆိုင်ရာအိမ်ထောင်စုများလက်ဝယ်အရောက် ထောက်ပံ့ပေးနိုင်ရေး ခရိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ ရပ်/ကျေးအုပ်ချုပ်ရေးမှူးများ၊ လူမှုရေးအသင်းအဖွဲ့များဖြင့် စီစဉ်ဆောင်ရွက်ထားရှိမှု အခြေအနေများကိုလည်းကောင်း ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် ချင်းပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဒေါက်တာအောင်ငွေစံက တီးတိန်မြို့ပြည်သူ့ဆေးရုံ၌ ဆေးကုသမှုခံယူနေသော ရောဂါပိုးတွေ့ရှိသူလူနာနှင့် ထိစပ်မှုရှိခဲ့သည့် သံသယလူနာများအား ရောဂါပိုးရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးနိုင်ရန် ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် တီးတိန်မြို့ ပြည်သူ့ဆေးရုံအတွက် လုပ်ငန်းလိုအပ်ချက်အခြေအနေများကို တင်ပြရာ ချင်းပြည်နယ် ကိုဗစ်-၁၉ ရောဂါထိန်းချုပ်ရေးနှင့်အရေးပေါ်တုံ့ပြန်ရေးကော်မတီဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များက အပြန်အလှန်ဆွေးနွေးခဲ့ကြပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းပေးခဲ့သည်။ **မြင့်နိုင်စိုး(ပြန်/ဆက်)**



# မြိတ်မြို့နယ်၌ အခြေခံလူတန်းစား အိမ်ထောင်စုများအတွက် အခြေခံစားသောက်ကုန်များ ထောက်ပံ့

**မြိတ် မေ ၁၄**

မဟာသင်္ကြန်ရုံးပိတ်ရက်ရှည်ကာလအတွင်း ထောက်ပံ့ကူညီမှု(၅)မျိုးကို တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ်ရှိ ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားအိမ်ထောင်စု (၂၃၉၇၉)စုအတွက် ထောက်ပံ့ကူညီမှုများကို မေ ၁၁ ရက်မှ စတင်၍ ထုပ်ပိုး၊ သယ်ယူ၊ ပို့ဆောင်ဖြန့်ဖြူး ထောက်ပံ့လျက်ရှိသည်။

“ မြိတ်မြို့နယ်မှာ မြို့ပေါ်ရပ်ကွက်(၁၂)ရပ်ကွက်နဲ့ ကျေးရွာအုပ်စု ၂၂ အုပ်စုရှိပါတယ်။ ရပ်ကွက်/ကျေးရွာအုပ်စု ၃၄ ခုကို အချိန်နဲ့တစ်ပြေးညီ အမြန်ဆုံး ထောက်ပံ့ရေးပစ္စည်းတွေ ဖြန့်ဖြူးနိုင်ရေးအတွက် အဖွဲ့လေးဖွဲ့ ဖွဲ့ထားပြီး အဖွဲ့အလိုက် မော်တော်ယာဉ်တွေ၊ လှေတွေနဲ့ ဖြန့်ဖြူးလျက်ရှိပါတယ်။ ထောက်ပံ့ကူညီမှု(၅)မျိုးဖြစ်တဲ့ ဆန်၊ ဆီ၊ ဆား၊ ကြက်သွန်တွေကို ထုပ်ပိုး၊ သယ်ယူ၊ ပို့ဆောင်ပေးနေပါတယ်။ ပဲကတော့ မေ ၁၅ ရက်မှ ကုန်စည်ရောက်မှာ ဖြစ်ပါတယ်။ ရောက်တာနဲ့အချိန်နဲ့တစ်ပြေးညီ ဖြန့်ဖြူးထောက်ပံ့သွားမှာဖြစ်ပါတယ်” ဟု မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းသူအောင်က ပြောသည်။

မြိတ်မြို့နယ်ရှိ ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားအိမ်ထောင်စု ၂၃၉၇၉ စုအတွက် ထောက်ပံ့ကူညီမှုများကို သယ်ယူပို့ဆောင်ရေးလမ်းကြောင်းလေးကြောင်းဖြင့် ပြည်သူလူထုလက်ထဲသို့ အမြန်ဆုံးရောက်ရှိနိုင်ရေးအတွက် ကြိုးစားဆောင်ရွက်လျက်ရှိသည်။

မဟာသင်္ကြန်ရုံးပိတ်ရက်ရှည်ကာလအတွင်း ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားများအား အိမ်ထောင်စု (၁)စုလျှင် ဆန်(၈)ပြည်၊ ဆီ (၅၀) ကျပ်သား၊ ဆား (၅၀) ကျပ်သား၊ ပဲ(၁)ပိဿာ၊ ကြက်သွန်နီ(၁)ပိဿာတို့ကို မြိတ်မြို့နယ်အတွင်းရှိ အိမ်ထောင်စု ၂၃၉၇၉ စုအတွက် ဖြန့်ဖြူးထောက်ပံ့ပေးလျက်ရှိကြောင်း သိရသည်။

**ခိုင်ထူး**
**(မြိတ် ပြန်/ဆက်)**

# ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့သို့ အလှူငွေနှင့် ကျန်းမာရေးသုံးပစ္စည်းများ ပေးအပ်လှူဒါန်း

**ပုသိမ် မေ ၁၄**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့၌ တိုင်းဒေသကြီးအတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ကုသရေးလုပ်ငန်းများ ဆောင်ရွက်ရန် အလှူငွေနှင့် ကျန်းမာရေးအထောက်အကူပြု ပစ္စည်းများပေးအပ်လှူဒါန်းပွဲကို မေ ၁၃ ရက် မွန်းလွဲ ၁ နာရီခွဲက တိုင်းဒေသကြီးအစိုးရအဖွဲ့ ရုံးအစည်းအဝေးခန်းမ (၁) ၌ ကျင်းပသည်။

အလှူရှင်ဦးစန်းကြူ ဦးဆောင်၍ RIT/YIT/YTU Alumini Association မှ ငွေကျပ် ၆၈၀၀၀၀၀ တန်ဖိုးရှိ တစ်ကိုယ်ရေသုံးဝတ်စုံ ၂၀၀၊ နှာခေါင်းစည်း ၁၀၀၊ 3-Ply Mask ခု၁၀၀၀၊ Infrared Thermometer ၁၀ ခု၊ HandGloves ခု ၁၀၀၀၊ Hand Made Face Shield ၁၅၀၊ ဟာဂျီမင်းဟန်(စော်ဘွားကြီးကုန်း) မှ ငွေကျပ်သုံးသိန်းနှင့် ၃၉၅၀၀၀ တန်ဖိုးရှိ တစ်ကိုယ်ရေသုံးဝတ်စုံခြောက်စုံ၊ တစ်ကိုယ်ရေသုံးအင်္ကျီ ၁၀ ထည်၊ နှာခေါင်းစည်း ၅၆၀၊ ရော်ဘာလက်အိတ် ၁၀၀ တို့အား ပေးအပ်လှူဒါန်းကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

အလှူငွေပေးအပ်ပွဲသို့ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှမိုးအောင်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့အတွင်းရေးမှူးနှင့် အလှူရှင်များ တက်ရောက်ခဲ့ကြသည်။ **မောင်မောင်မြင့်(ပြန်/ဆက်)**

# ကရင်ပြည်နယ်ဝန်ကြီးချုပ် အခြေခံစားသောက်ကုန်များ ထောက်ပံ့

**ဘားအံ မေ ၁၄**

ကရင်ပြည်နယ်အတွင်း မဟာသင်္ကြန်ရုံးပိတ်ရက်ကာလ ပုံမှန်ဝင်ငွေမရှိသောအိမ်ထောင်စုများအတွက် စားသောက်ကုန်များ ဖြန့်ဝေပေးလျက်ရှိရာ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်သည် မေ ၁၄ ရက် နံနက် ၈ နာရီက ဘားအံမြို့အမှတ်(၃)ရပ်ကွက်သို့ ဖြန့်ဝေပေးခဲ့ကြောင်း သိရ သည်။

ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်၊ ပအိုဝ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးခွန်မျိုးတင့်၊ ပြည်နယ်ရဲတပ်ဖွဲ့မှူး၊ ပြည်နယ်မီးသတ်တပ်ဖွဲ့မှူး၊ မြို့အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများသည် ဘားအံမြို့ အမှတ်(၃) ရပ်ကွက် ကူးဆိပ်လမ်းရှိ ဓမ္မပီယဘုန်းတော်ကြီးကျောင်းရှေ့မှစတင်ကာ အိမ်ထောင်စု ၇၇ စုအတွက် အိမ်ထောင်စုတစ်စုလျှင် နိုင်ငံတော်မှ ထောက်ပံ့သည့် အခြေခံစားသောက်ကုန် (၅)မျိုးဖြစ်သော ဆန်(၈)ပြည်၊ ဆီ (၅၀) ကျပ်သား၊ ဆား (၅၀) ကျပ်သား၊ ပဲ(၁)ပိဿာ၊ ကြက်သွန်နီ (၁)ပိဿာတို့ကို ဖြန့်ဝေပေးခဲ့သည်။

ဘားအံမြို့ပေါ်ကိုးရပ်ကွက်တွင် အိမ်ထောင်စု ၄၂၀၀ ကျော်၊ ကရင်ပြည်နယ်အတွင်း ဘားအံ၊ ကော့ကရိတ်၊ မြဝတီ၊ ဖာပွန်လေးခရိုင်တွင် ရပ်ကွက်၊ ကျေးရွာအိမ်ထောင်စု ၉၂၈၆၅ စုကို မေ ၁၀ ရက်မှစတင်ကာ ထောက်ပံ့ပေးလျက်ရှိကြောင်း သိရသည်။

**နေမျိုးလွင်(ပြန်/ဆက်)**

## ဒလမြို့နယ်အတွင်းရှိ အိမ်ထောင်စု ၂၀၀၀ အတွက် အခြေခံစားသောက်ကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်

**ဒလ ဧပြီ ၁၄**

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ် ကမာကသွယ်ရပ်ကွက်ရှိ မဟာသုမနာရာမ စာသင်တိုက်မှ မဟာသဒ္ဓဇောတိကဓဇဘွဲ့တံဆိပ်တော်ရဆရာတော် ဘဒ္ဒန္တတိက္ခဉာဏအား အမှူးပြု၍ Mahanadi Maritime နှင့် SG Global တို့မှ အခြေခံစားသောက်ကုန်ပစ္စည်းများကို ဧပြီ ၁၄ ရက် နံနက်ပိုင်းမှညနေပိုင်း အထိ ဒလမြို့နယ်အတွင်းရှိ အိမ်ထောင်စု ၂၀၀၀ အတွက် ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

"ကိုဗစ် ၁၉ ကပ်ရောဂါကြောင့် နေ့စဉ် အလုပ်လုပ်ကိုင်နေကြတဲ့ လုပ်သားတွေ အလုပ်လက်မဲ့ဖြစ်လာပြီး အလုပ်အကိုင်တွေလည်း ရှားပါးလာကြတာမို့ တစ်ဖက်တစ်လမ်းက ထောက်ပံ့ပေးတာပါ။ ဒီနေ့အတွက်ကတော့ အိမ်ထောင်စု ၇၀၀ ပါ။ နောက်နေ့တွေမှာတော့ တကယ်လိုအပ်ချက်ရှိနေတဲ့ ကျေးရွာတွေက အိမ်ထောင်စုတွေထံ ကိုယ်တိုင်ကိုယ်ကျ အိမ်တိုင်ရာရောက်သွားရောက်ထောက်ပံ့မှာ ဖြစ်ပါတယ်"ဟု Mahanadi Marotime မှ ကပ္ပတိန်ဟင်နရီဦးခင်မောင်က ပြောသည်။

ဒလမြို့မရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်မိသားစု ၁၀၂ ဦးနှင့် ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်မိသားစု ၁၅ ဦး၊ ခနောင်တိုခနိ တောင်ကျေးရွာမှ အိမ်ထောင်စု ၅၀၊ မှော်စက်ရပ်ကွက်မှ အိမ်ထောင်စု ၃၃၅ စု၊ ဗိုရန်မြေရပ်ကွက်မှ အိမ်ထောင်စု ၅၀ ၊ ကမာကသွယ် ရပ်ကွက်မှ အိမ်ထောင်စု ၅၀ ၊ ၁၁/၁၄ ရပ်ကွက်မှ အိမ်ထောင်စု ၁၀ စု၊ ရာဇသင်္ကြန်ရပ်ကွက်မှ အိမ်ထောင်စု ၁၅ စု၊ ကမာကသွယ်ရပ်ကွက်မှ ဝန်ထမ်း ၁၀ ဦးနှင့် ပရဟိတအဖွဲ့ဝင် ၁၅ ဦး၊ ခေါင်းရွက်ဗျပ်ထိုးဈေးသည် ဦးရေ ၈၀ တို့အတွက် အိမ်ထောင်စု(၁)စုလျှင် ဆန် (၄) ပြည်၊ ဆီ (၅၀) ကျပ်သား၊ ကြက်သွန်နီ (၅၀) ကျပ်သား၊ လက်ဖက် ပဲကြမ်း (၁) ထုပ် စီနှုန်းဖြင့် ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရပြီး နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဦးနိုင်ငံလင်းနှင့် ဒလမြို့နယ် လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဒေါ်မြင့်မြင့်ကြည်နှင့် အဖွဲ့ဝင်များ၊ မြို့နယ် အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်မှ အလုပ်အမှုဆောင်များက အလှူရှင်များနှင့်အတူ အိမ်တိုင်ရာရောက် တစ်အိမ်တက်ဆင်း ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။



**သတင်း-ပွင့်သစ္စာ**
**ဓာတ်ပုံ-စိုးမြင့်အောင်**

## ကန့်သတ်စောင့်ကြည့်ရေးစခန်း၌ ၂၁ ရက်ပြည့်မြောက်ပြီး နေအိမ်ပြန်မည့်သူများ လိုက်နာရမည့်အချက်များ အသိပေး

**လှိုင်းဘွဲ ဧပြီ ၁၄**

ကရင်ပြည်နယ် လှိုင်းဘွဲမြို့နယ်၌ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် လူငယ်ရေးရာကော်မတီတို့ ပူးပေါင်း၍ ပြည်ပမှပြန်လာသူ များအား လှိုင်းဘွဲမြို့နယ်အတွင်းတွင် စီစဉ်ဆောင်ရွက်ထားရှိသောကန့်သတ်စောင့်ကြည့်ရေးစခန်းများ၌ စောင့်ကြည့်လျက်ရှိရာ ၂၁ ရက်ပြည့်မြောက်၍ မိမိနေအိမ်သို့ ပြန်မည့်သူများအတွက် လိုက်နာရမည့်အချက်များအား အသိပေးနှိုးဆော်ခြင်းလုပ်ငန်းများကို ဧပြီ ၁၃ ရက်က ဆောင်ရွက်ခဲ့သည်။

အသွားအလာကန့်သတ်စောင့်ကြည့်မှုခံယူခြင်း ၂၁ ရက်ပြည့်မြောက်ပြီး သတ်မှတ်နေရာစောင့်ကြည့်ရေးစခန်းမှ မိမိနေအိမ်များသို့ပြန်ရာတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသည့်အတိုင်း မိမိအိမ်တွင်လည်း ခုနစ်ရက် ပြန်လည်နေထိုင်ရန်၊ နှာခေါင်းစည်းများကို စနစ်တကျ တပ်ဆင်အသုံးပြုရန်၊ မှန်အလုံပိတ်ကားများနှင့် အများသုံးယာဉ်များကိုအသုံးမပြုရန်၊ လူစည်ကားရာနေရာများသွားခြင်းအား ရှောင်ကြဉ်ရန်၊ တစ်ကိုယ်ရေအသုံးအဆောင်ပစ္စည်းများ သီးသန့်ထားရှိရန်၊ အိမ်သားများနှင့် ရောနှောနေထိုင်ခြင်းမပြုဘဲ တစ်ဦးနှင့်တစ်ဦး ခြောက်ပေအကွာတွင် နေထိုင်ရန်၊ လက်ကိုမကြာခဏဆေးရန်၊ ဖျားနာချောင်းဆိုး၊ အသက်ရှူကျပ်ခြင်းများဖြစ်ပေါ်လာပါက နီးစပ်ရာကျန်းမာရေးဌာနသို့ ဆက်သွယ်အကြောင်းကြားကြရန်တို့ကို မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးမှူး ဒေါ်ခင်စန်းမြင့်က ရှင်းလင်းပြောကြားပြီး လူငယ်ရေးရာကော်မတီ ဦးစည်သူဌေးက စောစောပြောအပလီကေးရှင်းအား ဖုန်းတွင်ရယူပုံ၊ အသုံးပြုပုံများအား ရှင်းလင်းပြောကြားသည်။

ထိုသို့ဆောင်ရွက်ခြင်းကို လှိုင်းဘွဲမြို့နယ်အတွင်းရှိ ကန့်သတ်စောင့်ကြည့်ရေးစခန်းများဖြစ်သည့် ကော့ဝန်းနှင့် ဝါးဂုတ္တော့စာသင်ကျောင်းများ၌ ဆောင်ရွက်ပေးခဲ့ပြီး ကိုယ်အပူချိန်တိုင်းတာခြင်း၊ ဖုန်းဆင်းကတ်၊ နှာခေါင်းစည်း၊ လက်သန့်ဆေးရည်၊ လက်ကမ်းစာစောင်များကို အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ပန်းဘဲတန်းမြို့နယ်၌ အခြေခံစားသောက်ကုန်များ အိမ်တိုင်ရာရောက် ထောက်ပံ့ပေးအပ်

**ပန်းဘဲတန်း ဧပြီ ၁၄**

နိုင်ငံတော်အစိုးရ၏ ထောက်ပံ့ကူညီမှုဖြင့် ပန်းဘဲတန်းမြို့နယ်အတွင်း ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစား အိမ်ထောင်စုများအား အခြေခံစားကုန်ပစ္စည်း(၅)မျိုးတို့ကို ဧပြီ ၁၂ ရက် မွန်းလွဲ ၁ နာရီခွဲမှစတင်၍ အိမ်တိုင်ရာရောက်သွားရောက်ကာ ထောက်ပံ့ရေးပစ္စည်းများကိုပေးအပ်ခဲ့ကြောင်း သိရသည်။

ရပ်ကွက် ၁၁ ခုတွင် လက်လုပ်လက်စား အိမ်ထောင်စု ၂၂၆ စု၊ လူဦးရေ ၁၂၉၈ ဦး ဖြစ်ပြီး အိမ်ထောင်စု (၁)စုလျှင်ဆန် (၈)ပြည်၊ ဆီ (၅၀) ကျပ်သား၊ ဆား (၅၀) ကျပ်သား၊ ကုလားပဲ (၁)ပိဿာနှင့် ကြက်သွန်နီ(၁)ပိဿာ စုစုပေါင်း အခြေခံစားကုန်ပစ္စည်း (၅)မျိုးကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ခိုင် ဦးဆောင်၍ ဌာနဆိုင်ရာများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်ကိုဗစ် -၁၉ရောဂါကာကွယ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဝင်များဖြင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ရပ်မိရပ်ဖများနှင့် လူမှုရေးအသင်းအဖွဲ့များက အိမ်တိုင်ရာရောက် လိုက်လံထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ **နေခြည်(ပြန်/ဆက်)**



## သန်လျင်မြို့နယ်အတွင်း အခြေခံစားသောက်ကုန်(၅)မျိုး ပေးအပ်

**ရန်ကုန် ဧပြီ ၁၄**

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ်တွင် ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားများအတွက် နိုင်ငံတော်မှ ထောက်ပံ့ပေးသော စားသောက်ကုန်(၅)မျိုးကို ဧပြီ ၁၂ ရက် ညနေ ၃ နာရီက ရပ်ကွက်နှင့် ကျေးရွာများရှိ အခြေခံလူတန်းစား အိမ်ထောင်စုပြည်သူများထံ အိမ်အရောက် ပေးအပ်သည်။

နိုင်ငံတော်မှ ထောက်ပံ့သည့် အခြေခံစားသောက်ကုန် (၅)မျိုးကို သန်လျင်မြို့နယ် လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်ကွက်/ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ မီးသတ်တပ်ဖွဲ့၊ ကြက်ခြေနီတပ်ဖွဲ့၊ လူမှုရေးအသင်းအဖွဲ့များ၊ ပရဟိတအဖွဲ့များက ပုံမှန်ဝင်ငွေမရှိသော အိမ်ထောင်စုများသို့ ပို့ဆောင်ပေးခဲ့ကြသည်။

အိမ်ထောင်စု(၁)စုလျှင် ဆန်(၈)ပြည်၊ ဆီ (၅၀) ကျပ်သား၊ ဆား (၅၀) ကျပ်သား၊ ကုလားပဲ(၁)ပိဿာနှင့် ကြက်သွန်နီ(၁)ပိဿာ စုစုပေါင်း (၅)မျိုးကို သန်လျင်မြို့နယ်အတွင်း အိမ်ထောင်စု ၃၉၉၉၁ စုတို့အား အိမ်အရောက်ထောက်ပံ့ပေးကြောင်း သိရသည်။ **သက်ခိုင် (သန်လျင်)**

## ညောင်လေးပင်မြို့ မြို့မဈေးအတွင်း ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး အသိပညာပေး

**ညောင်လေးပင် ဧပြီ ၁၄**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် မြို့မ(၃)ရပ်ကွက်ရှိ ဈေးအရှေ့လမ်း၊ ဈေးအနောက်လမ်းတွင် ဈေးဝယ်လာသူ ဈေးရောင်းသူပြည်သူများအား ဧပြီ ၁၂ ရက်က ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးအတွက် အသိပညာပေးလုပ်ငန်းများဆောင်ရွက်ခဲ့ကြသည်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမြင့်သိန်း၊ မြို့နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာသောင်းဒန်ဦး၊ မြို့မရဲစခန်းမှူးဒုရဲမှူးဌေးဝင်း၊ မြို့နယ်လဝကဦးစီးမှူး ဦးစောနိုင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရဲတပ်ဖွဲ့ဝင်များ၊ ကျန်းမာရေးဝန်ထမ်းများ၊စည်ပင်သာယာရေးဝန်ထမ်းများ၊ လူမှုရေးအဖွဲ့အစည်းများမှ အဖွဲ့ဝင်များနှင့်အတူပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးအတွက် အသိပညာပေးခြင်း၊ နှာခေါင်းစည်းများ ဝေငှပေးခြင်း၊ ခိုးဆိုးလုနှိုက်မှုများ မဖြစ်စေရေးအတွက် လှည့်ကင်းရပ်ကင်းများ ဆောင်ရွက်ပေးခြင်း၊ မှုခင်းမဖြစ်ပွားစေရေးအတွက် သတိပေးခြင်း၊ အသွားအလာကန့်သတ်ပေးခြင်း၊ ဈေးရောင်းဈေးဝယ်ရာတွင်သတ်မှတ်ထားသည့်အတိုင်းရောင်းဝယ်ကြရန်နှင့် ဈေးဝယ်လာသူတို့၏ စက်ဘီး၊ ဆိုင်ကယ်များအား စနစ်တကျရှိစေရေးတို့ကို ဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

**နေလင်း(ညောင်လေးပင်)**



## မယ်စဲ့၌ စားသောက်ကုန်များ ထောက်ပံ့

**မယ်စဲ့ ဧပြီ ၁၄**

ကယားပြည်နယ် မယ်စဲ့မြို့နယ်၌ မဟာသင်္ကြန်ကာလအတွင်း ပုံမှန်ဝင်ငွေမရှိသော အိမ်ထောင်စုများအတွက် အခြေခံစားသောက်ကုန် (၅) မျိုးထောက်ပံ့ပေးအပ်ခြင်းကို ဧပြီ ၁၄ ရက် နံနက်က ဟိုစဲ့ကျေးရွာပြည်သူများလက်ဝယ်အရောက် သွားရောက်ထောက်ပံ့ပေးအပ်သည်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းလင်းလင်း၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းပန်ဖနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ဟိုစဲ့ကျေးရွာအိမ်ထောင်စု ၂၄၃ စုအတွက် အိမ်ထောင်စု(၁)စုလျှင် ဆန်(၈) ပြည်၊ ဆီ (၅၀) ကျပ်သား၊ ဆား (၅၀) ကျပ်သား၊ ပဲ(၁)ပိဿာ၊ ကြက်သွန်နီ (၁)ပိဿာ အစရှိသည့် အခြေခံ စားသောက်ကုန်(၅)မျိုးကို အိမ်ထောင်စုဝင်များ လက်ဝယ်အရောက် ထောက်ပံ့ပေးအပ်ခဲ့သည်။

မယ်စဲ့မြို့နယ် အတွင်းရှိ အိမ်ထောင်စုပေါင်း ၅၇၄ စုထံသို့ အိမ်တိုင်ရာရောက် ဖြန့်ဝေပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**ဝတ်ရည်(ပြန်/ဆက်)**




# မုဒုံ၌ အခြေခံစားသောက်ကုန်(၅)မျိုး ဖြန့်ဝေ

**မုဒုံ ဧပြီ ၁၄**

မွန်ပြည်နယ် မုဒုံမြို့နယ်၌ ပုံမှန်ဝင်ငွေမရှိသော အိမ်ထောင်စုများအတွက် နိုင်ငံတော်မှထောက်ပံ့သည့် စားသောက်ကုန်(၅)မျိုးကို ဧပြီ ၁၃ ရက် နံနက် ၁၀ နာရီမှ စတင်ကာ ဖြန့်ဝေပေးခဲ့သည်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစောထွန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်ဇော်ဦး၊ မြို့နယ်စည်ပင်သာယာရေးအမှုဆောင်အရာရှိ ဦးသန့်ဇင်ညိမ်း၊ မြို့နယ်ကျန်းမာရေးမှူး ဒေါက်တာမြင့်သိန်းဦး၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ရပ်မိရပ်ဖများက အခြေခံစားသောက်ကုန်များဖြစ်သည့် ဆန်၊ ကြက်သွန်နီ၊ ပဲ၊ ဆီ၊ ဆားတို့ကို ပြည်သူများထံ ပေးအပ်ခဲ့ကြသည်။

မုဒုံမြို့နယ်၌ ရပ်ကွက်ကိုးရပ်ကွက်၊ ကျေးရွာအုပ်စု ၃၃ စုရှိပြီး မုဒုံမြို့နယ်အတွင်းရှိ မြို့မ(၃) ရပ်ကွက်တွင် အိမ်ထောင်စု ၄၃ စုအတွက် အိမ်ထောင်စု(၁)စုလျှင် ဆန်(၈)ပြည်၊ ဆီ (၅၀) ကျပ်သား၊ ဆား (၅၀) ကျပ်သား၊ ပဲ(၁)ပိဿာ၊ ကြက်သွန်နီ(၁)ပိဿာတို့ကို ပေးအပ်ခဲ့ကြောင်း၊ ကျန်ရပ်ကွက်/ကျေးရွာများသို့လည်း အခြေခံစားသောက်ကုန်(၅)မျိုးကို အိမ်တိုင်ရာရောက်ဝေငှခဲ့ကြောင်း သိရသည်။

**အောင်မျိုးသူ(ပြန်/ဆက်)**

# ဖာန်းမောက်မြို့နယ်၌ နိုင်ငံတော်မှထောက်ပံ့သည့် ပစ္စည်းများပေးအပ်

**ဖာန်းမောက် ဧပြီ ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး ဖာန်းမောက်မြို့နယ် ကျေးရွာအုပ်စုများအတွင်းရှိပုံမှန် ဝင်ငွေမရှိသော အိမ်ထောင်စုများသို့ နိုင်ငံတော်အစိုးရ၏ ထောက်ပံ့ပေးအပ်မှုများကို ဧပြီ ၁၃ ရက် နံနက် ၁၀ နာရီခွဲက ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအေးမင်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ကျေးရွာအုပ်စုများအတွင်းရှိ အခြေခံလူတန်းစားများသို့ ဆန်၊ ဆီ၊ ဆား၊ ကြက်သွန်၊ ကုလားပဲ စားသောက်ကုန်ပစ္စည်း (၅) မျိုး ကို မံကပ်ကျေးရွာအုပ်စုအတွင်းရှိ အိမ်ထောင်စု ၃၄ စု၊ လူဦးရေ ၁၄၂ ဦး၊ ကျောက်တန်းကျေးရွာအုပ်စု အိမ်ထောင်စု ၄၅ စု၊ လူဦးရေ ၁၄၄ ဦး၊ ဒယူးကျေးရွာအုပ်စုအတွင်းရှိ အိမ်ထောင်စု ၆၈ စု၊ လူဦးရေ ၃၄၁ ဦး၊ ရေတွင်းကုန်းကျေးရွာအုပ်စု အိမ်ထောင်စု ၂၄ စု၊ ကန်တော်ကျေးရွာအုပ်စု အိမ်ထောင်စု ၂၈ စု၊ လူဦးရေ ၁၃၉ ဦး၊ စုံတော်အုပ်စု ၄၉ စု၊ လူဦးရေ ၂၁၂ ဦး၊ ပင့်စင်တဲအုပ်စု ၅၁ စု၊ လူဦးရေ ၅၁ ဦး၊ လိပ်စောမင်းကုန်းအုပ်စု အိမ်ထောင်စု ရှစ်စု၊ လူဦးရေ ၂၅ ဦး၊ စီးမော်အုပ်စု အိမ်ထောင်စု ၇၃ စု၊ လူဦးရေ ၃၁၄ ဦး၊ လုံးကင်းကျောင်းအုပ်စု အိမ်ထောင်စု ၅၀၊ လူဦးရေ ၂၅၀၊ ပင်ဟင်းခါးအုပ်စု အိမ်ထောင်စု ၇၄ စု၊ လူဦးရေ ၄၀၂ ဦး၊ အောင်သာကုန်းရပ်ကွက် အိမ်ထောင်စု ၄၀၊ လူဦးရေ ၁၈၈ ဦး၊ ကျွဲကောကုန်းရွာ အိမ်ထောင်စု ၁၁ စု၊ လူဦးရေ ၄၁ ဦးတို့ကို ကွင်းဆင်းထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

**ကျော်စွာ(ဖာန်းမောက်)**



○ **မြဝတီမှ**

ထိုသို့ဖြန့်ဝေရာတွင် အိမ်ထောင်စု(၁)စုလျှင် အခြေခံစားသောက်ကုန်(၅) မျိုးဖြစ်သော ဆန် (၈)ပြည်၊ ဆီ(၅၀) ကျပ်သား၊ ပဲ(၁)ပိဿာ၊ ဆား(၅၀) ကျပ်သား၊ ကြက်သွန်နီ(၁)ပိဿာတို့ ပါဝင်ပြီး ပထမဦးစားပေးစာရင်းအရ ဖြန့်ဝေပေးနေခြင်း ဖြစ်သည်။

မြဝတီမြို့နယ်အနေဖြင့် ပထမနေ့တွင် အိမ်ထောင်စု ၂၀၀၊ ဒုတိယနေ့တွင် အိမ်ထောင်စု ၁၁၅၀၊ တတိယနေ့တွင် အိမ်ထောင်စု ၁၁၀၀၊ စတုတ္ထနေ့တွင် အိမ်ထောင်စု ၅၀၀ နှင့် ယနေ့ ငါးရက်မြောက်နေ့တွင် အိမ်ထောင်စု ၂၅၀၀ အား ဆက်လက်ဖြန့်ဝေခြင်းဖြစ်ကြောင်း သိရသည်။ **ထိန်လင်းအောင်(ပြန်/ဆက်)**

❖ **ထန်းတပင်မှ**

ထန်းတပင်မြို့နယ်အတွင်း မြို့ပေါ်ရပ်ကွက် ငါးခုနှင့် ကျေးရွာအုပ်စု ၅၄ အုပ်စုတို့တွင် ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားအိမ်ထောင်စု ၁၄၂၂၇ စုရှိရာ ထောက်ပံ့ဖြန့်ဝေမှုများကို ဧပြီ ၁၂ ရက်မှ စတင်ထောက်ပံ့ပေးအပ်ခဲ့ခြင်းဖြစ်ပြီး ပထမနေ့တွင် အိမ်ထောင်စု ၁၅၀၀၊ ဒုတိယနေ့တွင် အိမ်ထောင်စု ၁၅၀၀ နှင့် တတိယနေ့တွင် အိမ်ထောင်စု ၃၇၃၇ စုကို ဖြန့်ဝေဆောင်ရွက်ပေးခဲ့ကြောင်းနှင့် ထောက်ပံ့ပေးအပ်ရန် ကျန်ရှိနေသော ကျေးရွာများရှိ အိမ်ထောင်စုများကိုလည်း ဆက်လက်ထောက်ပံ့ပေးအပ်နိုင်ရေးတို့အတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ထောက်ပံ့ပေးအပ်ရာတွင် တိုင်းဒေသကြီး(၁) လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ဘုန်းကျော်စံဦး၊ တိုင်းဒေသကြီး(၂)လွှတ်တော်ကိုယ်စားလှယ် ဦးငွေမော်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းဇော်လင်းနှင့် မြို့နယ်တာဝန်ရှိသူများ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် အဖွဲ့ဝင်များက အခြေခံစားသောက်ကုန်(၅)မျိုးတို့ကို ရပ်ကွက်/ကျေးရွာအုပ်စုများရှိ ပုံမှန်ဝင်ငွေမရှိသော အိမ်ထောင်စုများထံသို့ ထောက်ပံ့ပေးအပ်ခဲ့ခြင်းဖြစ်ပြီး တိုင်းဒေသကြီး(၁)လွှတ်တော်ကိုယ်စားလှယ်က ကိုဗစ်-၁၉ရောဂါကြိုတင်ကာကွယ်ရေးအတွက်လည်း နှာခေါင်းစည်း အခု ၁၀၀၀ ကို တက်သစ်ကျေးရွာ၊ တက်ရွာကျေးရွာနှင့် ပန်းတိုင်ကျေးရွာနေပြည်သူများအား အခမဲ့ဖြန့်ဝေလှူဒါန်းပေးခဲ့ကြောင်း သိရသည်။

**ဇင်မင်းထိုက်(ထန်းတပင်)**



# ညောင်တုန်းမြို့နယ်၌ အခြေခံလူတန်းစားများအား အခြေခံစားသောက်ကုန်များ ပေးဝေ

**ညောင်တုန်း ဧပြီ ၁၄**

ညောင်တုန်း မြို့နယ် ထိပ်ဝကြီးကျေးရွာအုပ်စုအတွင်းရှိ ပုံမှန်ဝင်ငွေမရှိသော အိမ်ထောင်စုများအတွက် အခြေခံစားသောက်ကုန်များကို ဧပြီ ၁၂ ရက် ညနေပိုင်းတွင် ဘုရားကုန်းကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ခွဲဝေပေးခဲ့သည်။

**ပေးဝေ**

"မြို့နယ်က ဒီနေ့ရရချင်း ဘုရားကုန်းကျေးရွာ အိမ်ထောင်စု ၂၉ စုနဲ့ ကရင်ပြာသာကျေးရွာ အိမ်ထောင်စု ၃၈ စုကို မိုးမချုပ်မီ ပေးဝေလိုက်နိုင်ပါတယ်။ ကျန်ကျေးရွာတွေအတွက် တာဝန်ရှိသူတွေကို တစ်ခါတည်း လာသယ်ယူခိုင်းပြီး မနက်ဖြန်အပြီး ပေးဝေခိုင်းထားပါတယ်။ ဆန်ရယ်၊ ဆားရယ်၊ ပဲရယ် သုံးမျိုးရရှိပါပြီ။ ကျန်ပစ္စည်းနှစ်မျိုးလည်း ရတာနဲ့ ဆက်ဝေပေးသွားမှာပါ"ဟု ထိပ်ဝကြီးကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးကျော်ဝင်းစိန်က ပြောသည်။

ထိပ်ဝကြီးကျေးရွာအုပ်စုအတွင်းရှိ ထိပ်ဝကြီးကျေးရွာ ၅၃ စု၊ ဂေါ်ဒူ ၄၆ စု၊ အေးရွာ ၈၇ စု၊ ရှမ်းစု ၈၅ စု၊ ကညင်ကောက်လေး ၃၉ စု၊ ရွာသစ် ၆၄ စု အပါအဝင် ကျေးရွာခြောက်ရွာရှိ အိမ်ထောင်စုများအား ပေးဝေကြောင်း သိရသည်။

**သပြေထွန်း**

# သက်ကြီးရွယ်အိုများ စောင့်ရှောက်ခြင်းဆိုင်ရာ အသိပေးကြေညာချက်

- COVID-19 ကူးစက်မြန်ရောဂါသည် နိုင်ငံတကာတွင် ဖြစ်ပွားနေသော အတွေ့အကြုံများအရ သက်ကြီးရွယ်အိုများ ကူးစက်ခံရပါက အသက်ဆုံးရှုံးသည်အထိ ပြင်းထန်ကြောင်း တွေ့ရှိရပါသည်။
- ထို့ကြောင့် မိမိတို့အိမ်ရှိ သက်ကြီးရွယ်အိုများ အသက်ဘေးအန္တရာယ်မှ ကင်းလွတ်ရန် အိမ်ရှိအခြားသူများက ကျန်းမာရေး ပညာပေး ညွှန်ကြားချက်များကို သိရှိအောင်လေ့လာပြီး သတိမလွတ်ဘဲ လိုက်နာဆောင်ရွက်ရန် လိုအပ်ပါသည်။
- သက်ကြီးရွယ်အိုများနှင့် အတူနေထိုင်သူများသည် မလိုအပ်ဘဲ အပြင်သွားလာခြင်းများ မပြုလုပ်ပါနှင့်၊ အချိန်တိုင်း တစ်ဦးနှင့်တစ်ဦး အနည်းဆုံး သုံးပေအကွာ ခပ်ခွာခွာနေထိုင်ရန် မမေ့ပါနှင့်၊ လက်ကိုမကြာခဏ စနစ်တကျဆေးကြောပါ။
- သက်ကြီးရွယ်အိုများ နေထိုင်မကောင်းလျှင်၊ ကိုယ်ပူခြင်း၊ ချောင်းဆိုးခြင်းများဖြစ်ပါက နီးစပ်ရာ ကျန်းမာရေးဌာနများသို့ သတင်းအရင်ပေးပို့တိုင်ပင်ပြီးမှ ကျန်းမာရေးစောင့်ရှောက်မှုခံယူကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

# အင်းစိန်မြို့နယ်၌ အခြေခံစားသောက်ကုန်ပစ္စည်း(၅)မျိုး အိမ်တိုင်ရာရောက်ထောက်ပံ့

**ရန်ကုန် ဧပြီ ၁၄**

ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ်၌ သင်္ကြန်ရုံးပိတ်ရက် ကာလအတွင်း ပုံမှန်ဝင်ငွေမရှိသော လက်လုပ်လက်စားပြည်သူများ စားဝတ်နေရေး အဆင်ပြေစေရန်အတွက် အိမ်ထောင်စု(၁)စုလျှင် ဆန်(၈)ပြည်၊ ဆီ (၅၀) ကျပ်သား၊ ဆား (၅၀) ကျပ်သား၊ ပဲ(၁)ပိဿာ၊ ကြက်သွန်နီ(၁)ပိဿာ စုစုပေါင်းထောက်ပံ့ကူညီမှု(၅)မျိုးစီကို ဧပြီ ၁၁ ရက်မှ စတင်၍ အခမဲ့ဖြန့်ဖြူးထောက်ပံ့ပေးခဲ့သည်။

အင်းစိန်မြို့နယ်၌ အခြေခံလက်လုပ်လက်စားလူတန်းစား အိမ်ထောင်စုပေါင်း ၁၇၀၀၀ ကျော်ရှိ ပြည်သူများအား နေအိမ်အရောက် ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကော်မတီတာဝန်ရှိသူများက သွားရောက်ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

**ဉာဏ်ဟိန်း**

# မိတ္ထီလာမြို့ အထွေထွေရောဂါကုဆေးရုံကြီးသို့ အသက်ရှူစက်နှစ်လုံးပေးအပ်လှူဒါန်း



**မိတ္ထီလာ မေ ၁၄**
မိတ္ထီလာမြို့ အထွေထွေရောဂါကုဆေးရုံကြီးသို့ အသက်ရှူစက်နှစ်လုံး ပေးအပ်လှူဒါန်းပွဲကို မေ ၁၃ ရက် နံနက် ၁၀ နာရီက အဆိုပါဆေးရုံကြီးရှိ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများဆောင်ရွက်ရန်အတွက် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ကျော်စွာလင်းက မိတ္ထီလာအထွေထွေရောဂါကုဆေးရုံကြီး၌ အသက်ရှူသွင်းရာတွင် အခက်အခဲဖြစ်ပေါ်လာပါက အထောက်အကူပြုအသုံးပြုနိုင်စေရန် VENTILATOR အသက်ရှူစက်နှစ်လုံးကိုပေးအပ်လှူဒါန်းရာ ဆေးရုံအုပ်ကြီး ဒေါက်တာညွန့်စိန်က လက်ခံခဲ့သည်။

ထို့နောက် မိတ္ထီလာမြို့ အထွေထွေရောဂါကုဆေးရုံကြီးရှိ ကျန်းမာရေးဝန်ထမ်းများအတွက် ဆန် (၁၀) အိတ်၊ ကြက်ဥ အလုံး (၅၀၀)၊ ဆီ(၅)ပိဿာ၊ ခေါက်ဆွဲခြောက် (၁၀) ဖာနှင့် ဆေးရုံတက်ရောက်ကုသနေသော လူနာတစ်ဦးလျှင် ကြက်ဥ(၅)လုံး၊ ကော်ဖီမစ်(၅)ထုပ်၊ လက်ဖက်ရည်ထုပ် (၅)ထုပ်၊ ခေါက်ဆွဲခြောက်(၁)ထုပ်နှုန်းဖြင့် လူနာ ၁၅၀ အတွက် ကြက်ဥ (၇၅၀)၊ ကော်ဖီမစ် (၇၅၀)၊ လက်ဖက်ရည်ထုပ် (၇၅၀)နှင့် ခေါက်ဆွဲခြောက်ထုပ် (၁၅၀) တို့ကို ပေးအပ်လှူဒါန်းခဲ့သည်။

ယင်းနောက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများဆောင်ရွက်ရာတွင် အသုံးပြုနိုင်စေရန် နေလသစ်သီးပွဲရုံမှ ငွေကျပ်ငါးသိန်း၊ သီရိဝင်းကော်ဇောဆိုင်မှ တစ်ကိုယ်ရေသုံး ကာကွယ်ရေးဝတ်စုံ ၅၀ နှင့် နှာခေါင်းစည်း ၁၀၀၀ တို့ကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

မိတ္ထီလာမြို့ အထွေထွေဆေးရုံကြီးသို့ ကိုဗစ် -၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် အလှူရှင် စေတနာရှင်များက အလှူငွေနှင့် ဆက်စပ်ပစ္စည်းများကို နေ့စဉ်လာရောက်လှူဒါန်းလျက်ရှိရာ မေ ၁၃ ရက်အထိ အလှူရှင် ၇၇ ဦးတို့ လာရောက်လှူဒါန်းကြရာ အလှူငွေကျပ် ၂၄၈၉၂၅၀၀နှင့် ဆက်စပ်ပစ္စည်းခန့်မှန်းတန်ဖိုး ငွေကျပ်သိန်း ၆၀၀ ကျော်ရှိပြီဖြစ်ကြောင်း သိရသည်။

**သိန်းမြင့်ကျော်**
**(မိတ္ထီလာ)**

# ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ပဲခူးမြို့နယ်အတွင်း လက်ဆေးကန်များတပ်ဆင်ပေး

**ပဲခူး မေ ၁၄**
ကိုဗစ်-၁၉ ရောဂါ ပြန့်ပွားမှု ထိန်းချုပ်ကာကွယ်ရေး ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်အနေဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ယူနီဆက်(ဖ်) တို့ပူးပေါင်း၍ ပဲခူးမြို့နယ်အတွင်းရှိ မြို့ပြနှင့်ကျေးလက်နေရာအချို့တွင် လက်ဆေးကန်များ(ရေ၊ ဆပ်ပြာ၊ ရေပုံး) အပါအဝင် လိုက်လံတပ်ဆင်ပေးကြသည်။

ပဲခူးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးမောင်မောင်နိုင်မင်းနှင့် ဝန်ထမ်းများသည် ကိုဗစ်-၁၉ ရောဂါ ကန့်သတ်စောင့်ကြည့်နေရာဖြစ်သည့် ပဲခူးမြို့ အာသောကဘုန်းတော်ကြီးကျောင်းနှင့် ဘုရားမြို့ ဘုရားကြီး အထကတို့တွင် လက်ဆေးကန်(ရေ၊ ဆပ်ပြာ၊ရေပုံး) အပါအဝင် လေးစုံ၊ အင်းတကော်မြို့ရှိ ဈေး၊ ကျေးလက်ကျန်းမာရေးဌာနနှင့် မြို့အုပ်ချုပ်ရေးမှူးရုံးတို့တွင်လေးစုံ၊ ပဲခူးမြို့နယ်အတွင်းမှ ကျေးရွာ ၂၈ ရွာရှိ ဈေးများနှင့် လူစည်ကားရာ နေရာများတွင် ၄၆ စုံ စုစုပေါင်း ၅၄ စုံအား ကိုဗစ်-၁၉ ရောဂါ ပြန့်ပွားမှု ထိန်းချုပ်ကာကွယ်ရေး ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်အရ လိုက်လံတပ်ဆင်ပေးကြသည့်အပြင် ကိုဗစ်-၁၉ ရောဂါနှင့် ပတ်သက်၍ ပြည်သူများသိရှိလိုက်နာ ဆောင်ရွက်နိုင်ရန် အသိပညာပေးခြင်းများလည်း ပြုလုပ်ခဲ့ကြကြောင်း သိရသည်။

**တင်စိုး (ပဲခူး)**

# ပင်လည်ဘူးမြို့၌ တစ်ကိုယ်ရေသုံးကာကွယ်ရေးဝတ်စုံ သရုပ်ပြဝတ်ဆင်

**ပင်လည်ဘူး မေ ၁၄**
စစ်ကိုင်းတိုင်းဒေသကြီး ပင်လည်ဘူးမြို့နယ် ကျန်းမာရေးဦးစီးဌာနမှ တစ်ကိုယ်ရေသုံးကာကွယ်ရေးဝတ်စုံ စနစ်တကျဝတ်ဆင်ပြသမှုကို မေ ၁၄ ရက် နံနက် ၁၀ နာရီက မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ပြသဆောင်ရွက်ခဲ့ကြသည်။

ထိုသို့သရုပ်ပြသဆောင်ရွက်ရာတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးမှူး ဒေါက်တာကျော်နိုင်က ကိုဗစ်-၁၉ ရောဂါ တစ်ကိုယ်ရေသုံး ကာကွယ်ရေးဝတ်စုံ စနစ်တကျ ဝတ်ဆင်မှု၊ နှာခေါင်းစည်းများကို မှန်ကန်စွာ အသုံးပြုတပ်ဆင်မှုနှင့် အသုံးပြုပြီးပါက စနစ်တကျ စွန့်ပစ်ရမည့် နည်းလမ်းများကို ပရိုဂျက်တာဖြင့် ပြသရှင်းလင်းဆွေးနွေးသည်။

ထို့နောက် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာကျော်နိုင်နှင့် မံစီလေးကျေးလက်ကျန်းမာရေးဌာနမှ လက်ထောက်ကျန်းမာရေးမှူး ဦးမျိုးမင်းတို့က ကိုဗစ်-၁၉ ရောဂါ တစ်ကိုယ်ရေသုံး ကာကွယ်ရေးဝတ်စုံနှင့် နှာခေါင်းစည်းများ၊ ကာကွယ်ရေးဆက်စပ်ပစ္စည်းများ စနစ်တကျ အသုံးပြုဝတ်ဆင်လုပ်ဆောင်မှုတို့အား တစ်ဆင့်ချင်း



လက်တွေ့သရုပ်ပြသခဲ့သည်။

ထို့နောက် တက်ရောက်လာကြသူများက ကိုဗစ်-၁၉ ရောဂါ တစ်ကိုယ်ရေသုံး ကာကွယ်ရေးဝတ်စုံ ဝတ်ဆင်မှုနှင့်ပတ်သက်၍ သိရှိလိုသည်များအား မေးမြန်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**မျိုးလွင်(ပင်လည်ဘူး)**



# ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးဆောင်ရွက်

**ရန်ကုန် မေ ၁၄**
ကွမ်းခြံကုန်းမြို့နယ် ဈေးပိုင်းရပ်ကွက် မြို့မဈေးကြီး၌ မေလဒုတိယပတ်က ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် ကွမ်းခြံကုန်းမြို့နယ် ရဲတပ်ဖွဲ့မှ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးလှသူနှင့်အဖွဲ့၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးမြင့်ဇော်ဝင်းနှင့်အဖွဲ့၊ မြို့နယ်လဝကဦးစီးမှူး ဦးကျော်သူရနှင့်အဖွဲ့၊ ကျေးလက်ကျန်းမာရေး (တောင်ဘက်ပိုင်း) မှ ဆရာမဒေါ်နှင်းမိုးသန့် (သားဖွား/မီးယပ်) နှင့်အဖွဲ့၊ ဈေးပိုင်းရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးပြည့်ဖြိုးအောင်နှင့်အဖွဲ့ စုစုပေါင်းအင်အား ၁၈ ဦးတို့က ကွမ်းခြံကုန်းမြို့ မြို့မဈေးကြီး၌ ဈေးသည်များနှင့် ဈေးဝယ်သူများအား ဈေးအတွင်းသို့ လက်ဆေး၍ဝင်ရောက်စေခြင်းနှင့် အပူချိန်တိုင်းတာခြင်းများ ဆောင်ရွက်ခဲ့ကြသည်။ **ကြေးမုံ**

# မြို့အဝင်ဂိတ်၌ ပြည်သူများအား ပူးပေါင်းအဖွဲ့ဖြင့် ကျန်းမာရေးစစ်ဆေးပေး

**ရန်ကုန် မေ ၁၄**
ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်မှတစ်ဆင့် စီးပွားရေးမြို့တော်ရန်ကုန်မြို့သို့ဖြတ်သန်းသွားလာကြမည့် မော်တော်ယာဉ်များနှင့် ပြည်သူများအား ပူးပေါင်းအဖွဲ့ဖြင့်ကျန်းမာရေးစစ်ဆေးခြင်းလုပ်ငန်းကို ဒလမြို့နယ်သို့ အဝင်၊ အထွက် တွံတေးမြို့နယ် ပျော်ဘွယ်လေးကျေးရွာအုပ်စုအနီးရှိ ဒလ-တွံတေး ကားလမ်းမကြီးဘေး၌ စုပေါင်းစစ်ဆေးရေးဂိတ်ဖွင့်လှစ်ပြီး ကျန်းမာရေးစစ်ဆေးခြင်းလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်ပေးလျက်ရှိကြောင်း မေ ၁၃ ရက် ညနေ ၃ နာရီက မြင်တွေ့ရသည်။

ဒလမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဦးဆောင်မှုဖြင့် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာဦးစီးဌာန၊ အမှတ်(၅၉) ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှူးရုံး၊ မြို့နယ်မီးသတ်ဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံး၊ YRTA ဒလမြို့နယ်ရုံးခွဲနှင့် မြို့နယ်ကြက်ခြေနီအသင်းတို့မှ တာဝန်ရှိသူများပူးပေါင်း၍ ဒလမြို့နယ်အတွင်းသို့ ဖြတ်သန်းဝင်ရောက်ကြမည့် မော်တော်ယာဉ်များ၊ ဆိုင်ကယ်များ၊ သုံးဘီးဆိုင်ကယ်များကို အသက်ရှူလမ်းကြောင်းဆိုင်ရာ ကိုဗစ်-၁၉ ကူးစက်မြန်ရောဂါ မဖြစ်ပွားရေးနှင့် ကြိုတင်ကာကွယ်ရေးအတွက် အသိပညာပေးခြင်းနှင့် ကျန်းမာရေးစစ်ဆေးပေးခြင်း၊ Termal Camera ဖြင့် ကိုယ်အပူချိန်တိုင်းတာခြင်းတို့ကို စနစ်တကျ ဆောင်ရွက်ပေးလျက်ရှိပြီး ရောဂါလက္ခဏာပေါ်ပေါက်ပါက အချိန်မီ ကုသမှုခံယူနိုင်ရေးအတွက် စစ်ဆေးဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း သိရသည်။

**ကျန်းမာရေးစစ်ဆေး**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်တားဆီးရေး စုပေါင်းစစ်ဆေးရေးဂိတ်ကို မေ ၁၂ ရက် မွန်းလွဲပိုင်းမှ စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ရာ မေ ၁၃ ရက် ညနေ ၃ နာရီခွဲအထိ ပြည်သူ ၄၂၇ ဦးကို ကျန်းမာရေးစစ်ဆေးခြင်း၊ ကိုယ်အပူချိန်တိုင်းတာခြင်းနှင့် မလိုအပ်ဘဲ အိမ်အပြင်သို့ မထွက်ကြရန် အသိပညာပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့ကြောင်း၊ အဆိုပါစစ်ဆေးရေးဂိတ်ရှိ ဒလမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

**ပြေးဆွဲခြင်းမရှိသေး**

ထို့အတူ ဒလမြို့နယ် သဘော်ဆိပ်အနီးရှိ ကားဂိတ်၌ မေ ၁၃ ရက်တွင် ဒလ-တွံတေး ပြေးဆွဲပေးနေသော YBS ၄၈ တက္ကစီကားလေး ၁၆ စီး၊ ကွမ်းခြံကုန်း-လှိုင်သာယာ ပြေးဆွဲနေသော YBS ၄၉ တက္ကစီကားလေးသုံးစီး၊ ကွမ်းခြံကုန်း-ဒလ ပြေးဆွဲနေသော YBS ၅၀ တက္ကစီကားလေးနှစ်စီးနှင့် စူပါကာစတန်ကားတစ်စီး၊ တွံတေး-လှိုင်သာယာ ပြေးဆွဲပေးနေသော YBS ၄၇ တက္ကစီကားလေး ခုနစ်စီး စုစုပေါင်း ၂၉ စီးတို့ဖြင့် ခရီးသည်အနည်းငယ်ကို ပြေးဆွဲလျက်ရှိပြီး အဝေးပြေးယာဉ်လိုင်းများအနေဖြင့် ဧရာဝတီတိုင်းဒေသကြီး အခြေပြုပြေးဆွဲနေသော ယာဉ်လိုင်းများနှင့်၊ ရန်ကုန်တိုင်းဒေသကြီး အခြေပြုပြေးဆွဲနေသော ယာဉ်လိုင်းများအနေဖြင့် မေ ၁၁ ရက်မှ ယနေ့အချိန်ထိ ပြေးဆွဲခြင်း မရှိသေးကြောင်း ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့ YRTA ဒလမြို့နယ်ရုံးခွဲမှ သိရသည်။

**နိုင်လင်းကျော်**
**(ပြန်/ဆက်)**



## စစ်တောင်းမြစ်ရေ တိုက်စားခံနေရသည့် ရွှေကဗောင်းကျေးရွာ၌ ကမ်းထိန်းလုပ်ငန်းများ ဆောင်ရွက်

**ရေတာရှည် မေ ၁၄**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ဆွာမြို့အရှေ့ဘက် ငါးမိုင်ခန့်အကွာရှိ ရွှေကဗောင်းကျေးရွာသည် နှစ်စဉ် မိုးရာသီကာလရောက်တိုင်း ကမ်းပြိုကမ်းစားမှုဒဏ်ကို ခံစားနေရပြီး အိမ်ခြေပေါင်း ၂၅၀ ကျော် ဘေးလွတ်ရာသို့ ရွှေ့ပြောင်းနေထိုင်ကြရသည်ကို တွေ့ရသည်။

တစ်နှစ်ထက်တစ်နှစ် မြစ်ရေတိုက်စားမှုများပြားလာခြင်းကြောင့် မြစ်တောင်ဘက်ခြမ်း ကမ်းထိန်းတာနှင့် မလှမ်းမကမ်းသို့ရောက်ရှိလာချိန်တွင် ရွာမကြီးအတွင်းရှိ နေအိမ်များစွာမှာ ကမ်းတာ၏ အနောက်ဘက်ပိုင်းသို့လည်းကောင်း၊ တောင်ဘက်နှင့်အရှေ့ဘက်ခြမ်းသို့လည်းကောင်း ဆွေမျိုးနီးစပ်ရာများတွင် နေထိုင်ကြရသည်။

"ကျွန်တော်တို့ရွှေကဗောင်းကျေးရွာက အိမ်ခြေ ၃၇၀ ကျော်ရှိတယ်။ နှစ်စဉ်မိုးရာသီရောက်ပြီဆိုရင် ကမ်းတွေတအားပြိုတော့ မနေရဲတော့လို့ရွှေ့ရတာ၊ ခုဆို ရွာမကြီးအပိုင်းက အိမ်တွေတစ်လုံးမှမကျန်တော့ဘူး။ အချို့လည်း ဆွေမျိုးနီးစပ်ရာတွေကိုရွှေ့ကြရတယ်။ အချို့ကတော့ ရွာအရှေ့ပိုင်း လယ်ကွက်တွေထဲမှာ အိမ်ဆောက်နေကြရတော့တာပဲ၊ ခုတော့ ကမ်းထိန်းလုပ်ငန်းတွေ ပြုလုပ်ပြီးသွားပြီဆိုတော့ အဆင်ပြေသွားပါပြီ" ဟု ရွှေကဗောင်းကျေးရွာ ဒေသခံဦးမေးက ပြောသည်။

မြစ်ရေတိုက်စားမှုဒဏ် ဆိုးရွားစွာခံနေရသည့် ရွှေကဗောင်းကျေးရွာတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာကျော်ကျော်နှင့်ဒေသခံပြည်သူများ တွေ့ဆုံဆွေးနွေးခဲ့ရာ ခြောက်နေရာတွင် ကမ်းထိန်းတုတ်တန်းရိုက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။

"တုတ်တန်းတွေ ရိုက်လိုက်တော့ ရေစီးကြောင်းပြောင်းသွားတာတွေ့ရတယ်၊ ကျွန်တော်တို့မှာလည်း မိုးရာသီရောက်ရင် ရင်ထိတ်နေရတဲ့ဒုက္ခက အခုတော့ ကင်းလွတ်သွားပါပြီ" ဟု ၎င်းက ဆက်လက်ပြောသည်။

**ကိုလွင်(ဆွာ)**

## ချောက်မြို့မရဲစခန်း၌ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေး ကျန်းမာရေးအသိပညာပေး

**ချောက် မေ ၁၄**

မကွေးတိုင်းဒေသကြီး ချောက်မြို့နယ် မြို့မရဲစခန်းဝင်းအတွင်း၌ ရဲတပ်ဖွဲ့ဝင်နှင့် မိသားစုဝင်များအား ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ထိန်းချုပ်မှု ကျန်းမာရေးအသိပညာပေးခြင်းကို ယမန်နေ့ နံနက်ပိုင်းက ဆောင်ရွက်သည်။

ကျန်းမာရေးအသိပညာပေးခြင်းကို ချောက်မြို့မရဲစခန်းနယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်ဝင်းဇော်က မြို့မရဲစခန်းဝင်းအတွင်းနေထိုင်သော ရဲတပ်ဖွဲ့ဝင်နှင့် မိသားစုဝင်များအား ကိုဗစ်-၁၉ရောဂါသည် ကူးစက်မြန်ရောဂါဖြစ်၍ အသွားအလာနေထိုင်မှုဆင်ခြင်ရန်၊ အပြင်သို့သွားလျှင် နှာခေါင်းစည်းဖြင့် လုံခြုံစွာဖုံးအုပ်သွားရန်၊ လက်ဆေးဆပ်ပြာဖြင့် လက်ကိုမကြာခဏဆေးရန်၊ မိမိနေထိုင်ရာဝန်းကျင်တို့တွင် ကျန်းမာရေးအသိဖြင့် သန့်ရှင်းသပ်ရပ်စွာနေထိုင်ကြရန်ပြောကြားခဲ့ပြီး ကိုဗစ် – ၁၉ ရောဂါ အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးကာ မြို့မရဲစခန်းဝင်းအတွင်း ကြိုတင်ကာကွယ်မှု ကျန်းမာရေး အသိပညာပေးခြင်းတို့ ဆောင်ရွက်ကြောင်း သိရသည်။

**ကျော်မိုး(ပြန်/ဆက်)**

## မိုင်းယောင်းမျှစ်ခါး အရသာကောင်းမွန်ခြင်းကြောင့် ဝယ်ယူသူများပြား

**မိုင်းယောင်း မေ ၁၄**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယောင်းမြို့နယ်တွင် မျှစ်ခါးများ လှိုင်လှိုင်ပေါ်၍ ဝယ်ယူသူများပြားသဖြင့် မျှစ်ခါးရှာဖွေရောင်းချသူများ မိသားစုဝင်ငွေ အဆင်ပြေနေကြောင်း သိရသည်။

မျှစ်ခါးကို ဟင်းချိုရည်ချက်သောက်၍လည်းကောင်း၊ တို့စရာအဖြစ်လည်းကောင်း၊ အသားများနှင့် ကြော်ချက်၍လည်းကောင်း အမျိုးမျိုးချက်ပြုတ်ပြုလုပ်နိုင်သော သဘာဝရိုးရာအစားအစာတစ်မျိုးဖြစ်သည်။

မိုးဦးလေဦးများ တစ်ကြိမ်၊ နှစ်ကြိမ်ရွာပြီးက တောတောင်လျှိုမြောင်ထဲတွင် သဘာဝအတိုင်း ပေါက်ရောက်နေသော မျှစ်ခါးပင်များမှ မျှစ်ခါးများ လှိုင်လှိုင်ပေါ်ကြောင်း၊ မျှစ်ခါးငါးချောင်းပါ တစ်စည်းလျှင် ကျပ် ၁၀၀၀ ဖြင့် ရောင်းရကြောင်း သိရသည်။



မိုင်းယောင်းမျှစ်ခါးသည် အရသာကောင်းမွန်သဖြင့် ဒေသတွင်း လူကြိုက်များကာ မိုင်းဖြတ်၊ ကျိုင်းတုံ၊ တာချီလိတ်မြို့များသို့ တစ်ဆင့်ဝယ်ယူရောင်းချသူများလည်း စီးပွားဖြစ် တွက်ခြေကိုက်ကြောင်း သိရသည်။

**စိုင်းအောင်ဇော်လင်း**

**(ပြန်/ဆက်)**

## ဖရူဆိုး၌ သောက်သုံးရေများ ဖြန့်ဝေပေး

**ဖရူဆို မေ ၁၄**

ကယားပြည်နယ် ဖရူဆိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ နွေရာသီကာလ သောက်သုံးရေရှားပါးမှုကြုံတွေ့နေရသည့် ကျေးရွာများသို့ သောက်သုံးရေပြတ်လပ်မှုမရှိစေရေးအတွက် မေ ၁၄ ရက် နံနက်က သွားရောက်ဖြန့်ဝေပေးခဲ့သည်။

သောက်သုံးရေရှားပါးလျက်ရှိသော ထီးသဲကူကျေးရွာအိမ်ခြေ ၉၄ အိမ်၊ လူဦးရေ ၄၉၉ ဦးအတွက် ရေဂါလန် ၂၀၀၀၊ လောလျာခူကျေးရွာအိမ်ခြေ ၃၀၊ လူဦးရေ ၁၆၉ ဦးအတွက် ရေဂါလန် ၁၀၀၀၊ ဘီဆိုကျေးရွာအိမ်ခြေ ၁၅ အိမ်၊ လူဦးရေ ၇၆ ဦးအတွက် ရေဂါလန် ၁၀၅၀၊ ထီးဒူလယ်ကျေးရွာအိမ်ခြေ ၂၀၊ လူဦးရေ ၁၂၇ ဦးအတွက် ရေဂါလန် ၁၀၅၀ ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဒေးဖဲနှင့် ဝန်ထမ်းများက ကျေးရွာများအရောက် သွားရောက်ဖြန့်ဝေပေးခဲ့ပြီး ယနေ့အချိန်အထိ သောက်သုံးရေဂါလန် ၄၄၃၅၀ ဖြန့်ဝေပေးနိုင်ခဲ့ကြောင်း မြို့နယ်ဦးစီးမှူးထံမှ သိရသည်။

ဖရူဆိုမြို့နယ်၌ နွေရာသီကာလအတွင်း သောက်သုံးရေရှားပါးပြတ်လပ်မှုဖြစ်ပေါ်လာပါက ဖရူဆိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဒေးဖဲ ဖုန်း-၀၉-၅၅၄၇၀၀၆၀ သို့ ဆက်သွယ်အကူအညီတောင်းခံနိုင်ကြောင်း သိရသည်။

**ဝတ်ရည်**

## ညောင်ရွှေမြို့ လွတ်လပ်ရေးကျောက်တိုင်ကွင်း၌ ယာယီဈေးဖွင့်လှစ်

**ညောင်ရွှေ မေ ၁၄**

မဟာသင်္ကြန်ကာလအတွင်း ဈေးဖွင့်လှစ်မှု ယာယီရပ်ဆိုင်းထားသည့်အတွက် ပြည်သူများအတွက် သားငါးနှင့် ဟင်းသီးဟင်းရွက်များ လွယ်ကူစွာ ဝယ်ယူနိုင်ရန် ရည်ရွယ်ချက်ဖြင့် မေ ၁၄ ရက်မှစ၍ နေ့စဉ် နံနက် ၇ နာရီမှ ၉ နာရီခွဲထိ ညောင်ရွှေမြို့ လွတ်လပ်ရေးကျောက်တိုင်ကွင်း၌ ယာယီဈေးအဖြစ် မြို့နယ်စည်ပင်သာယာရေးကော်မတီ၏ စီမံကြီးကြပ်မှုဖြင့် ဖွင့်လှစ်ပေးခဲ့သည်။



ယာယီဈေးတွင် ကုန်စိမ်းနှင့် သားငါးတို့ကို သီးခြားစီနေရာခွဲခြား၍ ရောင်းချရန် စီစဉ်ထားကြောင်း၊ ကုန်စိမ်းရောင်းချသူများကို တစ်ဦးနှင့်တစ်ဦး ၁၀ ပေ အကွာအဝေးထားရှိ၍ ရောင်းချနိုင်ရန်စီစဉ်ပေးထားကြောင်း၊ သားငါးရောင်းချသူများကိုလည်း မော်တော်ယာဉ်နှင့် တွန်းလှည်းများပေါ်တွင်တင်၍ ခင်းကျင်းရောင်းချခွင့်ပြုထားကြောင်း၊ ယာယီဈေးသို့ လာရောက်ရောင်းချဝယ်ယူသူများအား နှာခေါင်းစည်းနှင့် လက်အိတ်များဝတ်ဆင်၍ ရောင်းချဝယ်ယူခွင့်ပြုထားကြောင်း၊ ညောင်ရွှေမြို့မ မင်္ဂလာဈေး ပြန်လည်ဖွင့်လှစ်သည့်နေ့တွင် ယာယီဈေးအား ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း၊ ယာယီဈေးအတွင်း လူစုလူဝေးမဖြစ်ပေါ်စေရန်အတွက် စနစ်တကျကြီးကြပ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြို့နယ်စည်ပင်သာယာရေးကော်မတီထံမှ သိရသည်။

**နေမျိုးသူရိန်**

## မြို့သစ်မြို့နယ်၌ ဒေသဖွံ့ဖြိုးရေးရန်ပုံငွေများ လွှဲပြောင်းပေးအပ်

**မြို့သစ် မေ ၁၄**

မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ်တွင် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် တိုင်းဒေသကြီးဖွံ့ဖြိုးရေးရန်ပုံငွေကျပ်သိန်း ၁၀၀၀ ဖြင့်ဆောင်ရွက်မည့်လုပ်ငန်းများအတွက် ရန်ပုံငွေလွှဲပြောင်းပေးအပ်ပွဲကို မေ ၁၃ ရက် နံနက် ၁၀ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

မကွေးတိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌဦးဇော်မျိုးဝင်း၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသာအောင်တို့က အမှာစကားပြောကြားပြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးချစ်ထွေး၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသန်းဆွေနှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်ဦးတို့က ဒေသဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ဆောင်ရွက်မည့်လုပ်ငန်းများနှင့်ပတ်သက်၍ လိုအပ်သည်များကို ဖြည့်စွက်ပြောသည်။

ယင်းနောက် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်မည့် သက်ဆိုင်ရာ ရပ်ကွက် / ကျေးရွာအုပ်ချုပ်ရေးမှူးများထံ လုပ်ငန်းအလိုက် ဖွံ့ဖြိုးရေးရန်ပုံငွေများကို မကွေးတိုင်းဒေသကြီး လွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက အသီးသီးလွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

**ဝင်းအိဇွန်**

**(ပြန်/ဆက်)**



## အသက် ၃၀ ပြည့်ခဲ့ပြီဖြစ်တဲ့ ခရစ်စတင်းစတူးဝပ်

ဟောလိဝုဒ်ရဲ့ ကျော်ကြားတဲ့မင်းသမီးတစ်ဦးဖြစ်သူ ခရစ်စတင်းစတူးဝပ်ကို ပရိသတ်တွေအနေနဲ့ သွေးစုပ်ဖုတ်ကောင်တွေအကြောင်း ရိုက်ကူးထားတဲ့ ဇာတ်လမ်းတွဲ Twilight နဲ့ လူသိများခဲ့တာ ဖြစ်ပါတယ်။ ခရစ်စတင်းစတူးဝပ်ဟာ လတ်တလောမှာ အသက် ၃၀ ပြည့်ခဲ့ပြီဖြစ်ကာ ခရစ်စတင်းရဲ့ချစ်သူက သူ့ရဲ့ မွေးနေ့အမှတ်တရအဖြစ် လူမှုကွန်ရက်စာမျက်နှာပေါ်မှာ ဖော်ပြခဲ့ကြောင်း ဟာပါဘဇာဒွေါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ခရစ်စတင်းစတူးဝပ်ဟာ ဧပြီ ၉ ရက်က အသက် ၃၀ ပြည့်ခဲ့တာပါ။ သူ့ရဲ့ မွေးနေ့မှာ ချစ်သူဖြစ်တဲ့ ဒိုင်လန်မေရာက သူ့ရဲ့ အင်စတာဂရမ်စာမျက်နှာပေါ်မှာ မွေးနေ့ဆုတောင်းစကားတွေကို ရေးသားဖော်ပြခဲ့တာဖြစ်ပါတယ်။

ဒိုင်လန်မေရာက ခရစ်စတင်းစတူးဝပ်ဟာ သူ့ရဲ့အကြိုက်နှစ်သက်ဆုံးသော သူဖြစ်ကြောင်းကိုလည်း ထည့်သွင်းရေးသားဖော်ပြခဲ့တာ တွေ့ရပါတယ်။ သူတို့နှစ်ဦးဟာ ၂၀၁၉ ခုနှစ်အတွင်း ချစ်သူတွေဖြစ်နေကြောင်း ပထမဆုံးအကြိမ် သတင်းတွေ ပေါ်ထွက်လာခဲ့တာဖြစ်ကြောင်းလည်း သိရပါတယ်။

## One Direction ပြန်လည်ပေါင်းစည်းနိုင်မည်ဟု ပရိသတ်များယုံကြည်

ဗြိတိန်ရဲ့ ကျော်ကြားတဲ့အမျိုးသား ပေါ့ပ်တေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ One Direction အနေနဲ့ အဖွဲ့ဝင်အစုံအလင်နဲ့ ပြန်လည်ဆုံဆည်းနိုင်မှာဖြစ်ကြောင်း ပရိသတ်တွေက ယုံကြည်နေကြပါတယ်။ အကြောင်းကတော့ အခြားသောအဖွဲ့ဝင်တွေအားလုံးက အဖွဲ့ဝင်ဟောင်းတစ်ဦးဖြစ်သူ ဇေမာလိခ်ကို တွစ်တာစာမျက်နှာပေါ်မှာ ဖောလိုးလုပ်ခဲ့တာကြောင့်ဖြစ်ကြောင်း ယူအက်စ်မဂ္ဂဇင်းဒွေါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

မကြာသေးမီက အဖွဲ့ဝင်တစ်ဦးဖြစ်သူ လီယမ်ပိန်းက One Direction အဖြစ် အဖွဲ့ဝင်အစုံအလင်နဲ့ ပြန်လည်ဖျော်ဖြေလိုကြောင်း ထုတ်ဖော်ပြောကြားခဲ့ပြီး တစ်ဆက်တည်းမှာပင် အဖွဲ့ရဲ့ဂီတခရီး ၁၀ နှစ်ပြည့် နှစ်ပတ်လည်နဲ့ပတ်သက်ပြီးလည်း ထုတ်ဖော်ပြောကြားခဲ့ပါတယ်။

ပြီးခဲ့တဲ့ သီတင်းပတ်အကုန်မှာ ပရိသတ်တွေက ဟယ်ရီစတိုင်၊ နီးလ်ဟောရန်၊ လီယမ်ပိန်းနဲ့ လူးဝစ်တွမ်လင်ဆန်တို့ လေးဦးစလုံးက ၂၀၁၅ ခုနှစ်အတွင်း အဖွဲ့ကနေ နုတ်ထွက်ခဲ့တဲ့ ဇေမာလိစ်ကို တွစ်တာစာမျက်နှာပေါ်မှာ ဖောလိုးလုပ်ထားတာကို တွေ့ရပါတယ်။ ဒါကြောင့် One Direction အနေနဲ့ မကြာမီမှာ အဖွဲ့လိုက်ပြန်လည်ဖျော်ဖြေနိုင်တော့မှာဖြစ်ကြောင်း ယုံကြည်နေကြပါတယ်။





## အလှဓာတ်ပုံတွေကို ထုတ်ဖော်ပြသခဲ့တဲ့ ဂျန်းနီ

တောင်ကိုရီးယားအမျိုးသမီးတေးဂီတအဖွဲ့ BLACK PINK ရဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်သူ ဂျန်းနီဟာ ကျော်ကြားတဲ့ ဖက်ရှင်အမှတ်တံဆိပ်တစ်ခုဖြစ်တဲ့ Calvin Klein အတွက် ကြော်ငြာဓာတ်ပုံတွေ ရိုက်ကူးပေးခဲ့ကာ အဆိုပါဓာတ်ပုံတွေ ရိုက်ကူးစဉ်က ရိုက်ကွင်းနောက်ကွယ်က သူ့ရဲ့ပုံရိပ်တွေကို ဂျန်းနီက သူ့ရဲ့လူမှုကွန်ရက်စာမျက်နှာပေါ်မှာ ဖော်ပြခဲ့ကြောင်း ကိုရီးယားဘိုးဒွေါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

အဆိုပါဓာတ်ပုံတွေကို ဖော်ပြခဲ့ရာမှာ ဂျန်းနီဟာ ရိုးရှင်းတဲ့ အပြင်အဆင်နဲ့လည်း လှပနေဆဲဖြစ်တာကို တွေ့ရပါတယ်။ ဂျန်းနီဟာ အဆိုပါဓာတ်ပုံတွေကို သူ့ရဲ့ အင်စတာဂရမ်စာမျက်နှာပေါ်မှာ ဖော်ပြခဲ့ပြီး Calvin Klein အတွက် ဂျန်းနီရိုက်ကူးပေးခဲ့တဲ့ ကြော်ငြာဓာတ်ပုံတွေကို ကိုရီးယားဘိုးဒွေါကွန်းက ဖော်ပြခဲ့တာကိုလည်း တွေ့ရပါတယ်။

## တေးအယ်လ်ဘမ်သစ်နဲ့ပတ်သက်ပြီး မပြောကြားလိုကြောင်း ရီဟားနားဆို

ကျော်ကြားတဲ့ ပေါ့ပ်ကြယ်ပွင့်တစ်ဦးဖြစ်သူ ရီဟားနားက လတ်တလောမှာ အွန်လိုင်းပေါ်ကနေတစ်ဆင့် တိုက်ရိုက်ထုတ်လွှင့်မှုတစ်ခုပြုလုပ်ခဲ့ပြီး ဒီအတောအတွင်း သူ့ရဲ့ တေးအယ်လ်ဘမ်သစ်နဲ့ပတ်သက်ကာ မမေးကြဖို့ ပရိသတ်တွေကို ပြောကြားခဲ့တယ်လို့ ဟာပါဘဇာဒွေါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ရီဟားနားဟာ အွန်လိုင်းပေါ်ကနေတစ်ဆင့် ပရိသတ်တွေကို ဖျော်ဖြေပေးသွားမှာဖြစ်ကြောင်း သူ့ရဲ့တွစ်တာစာမျက်နှာပေါ်မှာ ရေးသားဖော်ပြခဲ့စဉ် သူဟာ လတ်တလောမှာ ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုတိုက်ဖျက်ရေးနဲ့ ပတ်သက်ပြီး ကမ္ဘာကြီးကို ကယ်တင်ဖို့ရာ အလုပ်များနေတာကြောင့် ပရိသတ်တွေအနေနဲ့ သူ့ရဲ့တေးအယ်လ်ဘမ်သစ်နဲ့ ပတ်သက်ပြီး မေးမြန်းတာတွေ မလုပ်စေလိုကြောင်း ထည့်သွင်းရေးသားဖော်ပြခဲ့တာကိုလည်း တွေ့ရပါတယ်။

ရီဟားနားဟာ သူ့ရဲ့ ကိုးခုမြောက် စတီရီယိုတေးအယ်လ်ဘမ်ကို ဖန်တီးနေကြောင်း ထုတ်ဖော်ပြောကြားခဲ့ပြီးနောက် ပရိသတ်တွေက ပေါ့ပ်ကြယ်ပွင့်ရဲ့ တေးအယ်လ်ဘမ်သစ်နဲ့ ပတ်သက်ပြီး စောင့်မျှော်နေကြတာပါ။ အဆိုပါ တေးအယ်လ်ဘမ်သစ်ကို ၂၀၂၀ ပြည့်နှစ်အတွင်း စတင်ထုတ်လွှင့်နိုင်ကြောင်း မျှော်မှန်းခဲ့ကြပေမယ့် ရီဟားနားကတော့ လတ်တလောမှာ တေးအယ်လ်ဘမ်သစ်နဲ့ပတ်သက်ပြီး ပရိသတ်တွေကို အသိပေးပြောကြားလိုခြင်း မရှိတာဖြစ်ပါတယ်။



## ဘေဘုတ်တေးဂီတဇယားမှာ ရပ်တည်နိုင်ဆဲ BTS

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ အမျိုးသားတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ BTS ဟာ အဖွဲ့ရဲ့ တေးအယ်လ်ဘမ်သစ် ထုတ်လွှင့်ခဲ့ပြီးနောက် ဘေဘုတ်ရဲ့ ရောင်းအားအကောင်းဆုံးသော တေးအယ်လ်ဘမ်စာရင်းမှာ သီတင်းပတ် ခုနစ်ပတ်တိုင် ရပ်တည်နိုင်ဆဲဖြစ်ကြောင်း စွန်ပီဒွေါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

အမေရိကန်မှာ ရောင်းအားအကောင်းဆုံးနဲ့ အကျော်ကြားဆုံးသော တေးအယ်လ်ဘမ် ၂၀၀ စာရင်းကို လတ်တလောမှာ ဘေဘုတ်က ကြေညာပေးခဲ့ရာမှာ BTS ရဲ့ တေးအယ်လ်ဘမ်သစ် Map of the Soul: 7 ဟာ နံပါတ် ၃၇ နေရာမှာ ရပ်တည်နေတာတွေ့ရပါတယ်။ ဖေဖော်ဝါရီ ၂၁ ရက်က စတင်ထုတ်လွှင့်ခဲ့တဲ့ အဆိုပါ တေးအယ်လ်ဘမ်သစ်ဟာ စတင်ထုတ်လွှင့်ချိန်မှာ အဆိုပါ တေးဂီတဇယားရဲ့ နံပါတ်တစ်နေရာကို ရယူနိုင်ခဲ့တာကိုလည်း တွေ့ရပါတယ်။

Map of the Soul: 7 ဟာ အခြားသောတေးဂီတဇယားတွေဖြစ်ကြတဲ့ ကမ္ဘာ့တေးဂီတဇယားမှာ နံပါတ်တစ်နေရာမှာ ရပ်တည်နေဆဲဖြစ်ပြီး အင်ဒီပန်းဒန့်အယ်လ်ဘမ်စာရင်းမှာတော့ နံပါတ်လေးနေရာမှာ ရပ်တည်နေကြောင်းလည်း သိရပါတယ်။

## အဖွဲ့ဝင်အစုံအလင်နဲ့ ပရိသတ်ရှေ့အရောက်ပြန်လာမယ့် ASTRO

တောင်ကိုရီးယားရဲ့ အမျိုးသားတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ ASTRO ဟာ လာမယ့်လအတွင်းမှာ အဖွဲ့ဝင်အစုံအလင်နဲ့ ပရိသတ်ရှေ့ ပြန်လည်ပေါ်ထွက်လာမှာ ဖြစ်ကြောင်း လတ်တလောမှာ အေဂျင်စီက ထုတ်ဖော်အသိပေးလာတာ ဖြစ်တယ်လို့ စွန်ပီဒွေါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ဧပြီ ၁၄ ရက်မှာ ASTRO အနေနဲ့ လာမယ့် မေလအတွင်း မီနီတေးအယ်လ်ဘမ်သစ် ထုတ်လွှင့်သွားမှာဖြစ်ကြောင်း ထုတ်ဖော်ပြောကြားလာတာပါ။ ယခင်က ကျန်းမာရေးပြဿနာတွေကြောင့် တေးဂီတလှုပ်ရှားမှုတွေကနေ အနားယူထားတဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်သူ မွန်ဘင်းဟာလည်း လာမယ့် မီနီတေးအယ်လ်ဘမ်သစ်အတွက် အရောင်းမြှင့်တင်ရေး လုပ်ငန်းတွေမှာ ပါဝင်လုပ်ဆောင်သွားမှာ ဖြစ်ကြောင်း သိရပါတယ်။



## တေးအယ်လ်ဘမ်သစ် ထုတ်လွှင့်သွားမယ့် NCT Dream

တောင်ကိုရီးယားအမျိုးသား တေးဂီတအဖွဲ့ NCT Dream ဟာ ယခုလအတွင်း တေးအယ်လ်ဘမ်သစ် စတင်ထုတ်လွှင့်ပေးသွားမှာဖြစ်ကြောင်း အဖွဲ့ရဲ့ ဖျော်ဖြေရေးအေဂျင်စီက လတ်တလောမှာ ထုတ်ဖော်ပြောကြားလာတာ ဖြစ်တယ်လို့ စွန်ပီဒွေါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

အဖွဲ့ရဲ့ တေးအယ်လ်ဘမ်သစ်ကို ဧပြီ ၂၉ ရက်မှာ စတင်ထုတ်လွှင့်ပေးမှာဖြစ်ပြီး Reload လို့ အမည်ပေးထားကြောင်းလည်း သိရပါတယ်။



**အေးပြည့် – စုစည်းသည်**

# ပြည်သူလူထု၏ ဝိုင်းဝန်းပူးပေါင်းကူညီစောင့်ရှောက်ပေးမှုဖြင့် သတ်မှတ်နေရာ အဆောက်အဦများတွင် ထားရှိပြီး အသွားအလာကန့်သတ်ခြင်း (Community Based Facility Quarantine)နှင့် အခြားQuarantine အစီအစဉ်များတွင် ပါဝင်နေသူများအတွက် စိတ်ဓာတ်ရေးရာ မြှင့်တင်ပေးမှုဆိုင်ရာ အခမဲ့ဝန်ဆောင်မှုရယူနိုင်ရေး အသိပေးကြေညာချက်

COVID–19 ရောဂါပိုးကူးစက်ပျံ့နှံ့ခြင်းမှ ကာကွယ်ရန် (၁၄) ရက်တာ အသွားအလာကန့်သတ်ခြင်း(သို့) တားမြစ်ခြင်းတို့ဆောင်ရွက်ရာတွင် သီးခြားခွဲခြားနေထိုင်ရခြင်းနှင့် ဆက်စပ်သော အကြောင်းများကြောင့် Quarantine အစီအစဉ်များတွင် ပါဝင်နေသူများအနေဖြင့် စိတ်ဖိစီးမှုများ ခံစားရနိုင်ပါသည်။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနက စိတ်ဓာတ်ရေးရာ မြှင့်တင်ပေးမှုဆိုင်ရာလုပ်ငန်းကို ဆောင်ရွက်ပေးလျက်ရှိရာ နှစ်သိမ့်ဆွေးနွေးမှုခံယူလိုသူများအနေဖြင့် မိမိတို့ကိုယ်တိုင် စိတ်ချယုံကြည်စွာ တိုက်ရိုက်ဆက်သွယ်နိုင်ပါသည်။ နှစ်သိမ့်ဆွေးနွေးအကြံပေးခြင်းကို နေပြည်တော်ကောင်စီ၊ ပြည်ထောင်စုနယ်မြေအပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီးများရှိ အထူးလေ့ကျင့်ပေးထားသော လူမှုဝန်ထမ်းဦးစီးဌာန ဝန်ထမ်းများက နေ့စဉ်နံနက် ၉ နာရီ ခွဲမှ ညနေ ၄ နာရီခွဲအထိ ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

ဤအစီစဉ်ကို ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့ ပူးပေါင်းညှိနှိုင်းဆောင်ရွက်မှုဖြင့် ဆက်သွယ်ရေးအော်ပရေတာများဖြစ်ကြသော MPT,Mytel, Telenorနှင့် Ooredooတို့က COVID–19 ကူးစက်ကပ်ရောဂါဘေး ရင်ဆိုင်နေရစဉ်ကာလအတွင်း အခမဲ့ဝန်ဆောင်မှု ပေးမည်ဖြစ်ပါသည်။

နှစ်သိမ့်ဆွေးနွေးမှုခံယူသူများ၏ သတင်းအချက်အလက်မပေါက်ကြားရေးကို အထူးအလေးထား ကာကွယ်ပေးသွားမည်ဖြစ်ပြီး အခြားလူမှုရေးနည်းလမ်းဖြင့် ကူညီဆောင်ရွက်ပေးရန် လိုအပ်ပါက ဆက်လက်ညွှန်းပို့ချိတ်ဆက်ပေးသွားမည်ဖြစ်ပါသည်။

ဆက်သွယ်ရမည့် ဖုန်းနံပါတ်များကို နေပြည်တော်ကောင်စီ၊ ပြည်ထောင်စုနယ်မြေ အပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီးများအလိုက် ဖော်ပြထားပါသည်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

### နေပြည်တော်ကောင်စီ၊ ပြည်ထောင်စုနယ်မြေအပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီးများအလိုက်ဆက်သွယ်ရမည့် ဖုန်းနံပါတ်များ

| စဉ် | တိုင်း/ပြည်နယ် | MPT | Mytel | Telenor | Ooredoo |
|---|---|---|---|---|---|
| ၁။ | ကချင် | 09-889900011 | 09-661015555 | 09-770771000 | 09980000101 |
| ၂။ | ကယား | 09-889900022 | 09-661025555 | 09-770772000 | 09980000102 |
| ၃။ | ကရင် | 09-889900033 | 09-661035555 | 09-770773000 | 09980000103 |
| ၄။ | ချင်း | 09-889900044 | 09-661045555 | 09-770774000 | 09980000104 |
| ၅။ | စစ်ကိုင်း | 09-889900055 | 09-661055555 | 09-770775000 | 09980000105 |
| ၆။ | တနင်္သာရီ | 09-889900066 | 09-661065555 | 09-770776000 | 09980000106 |
| ၇။ | ပဲခူး | 09-889900077 | 09-661075555 | 09-770777000 | 09980000107 |
| ၈။ | မကွေး | 09-889900088 | 09-661085555 | 09-770778000 | 09980000108 |
| ၉။ | မန္တလေး | 09-889900099 | 09-661095555 | 09-770779000 | 09980000109 |
| ၁၀။ | မွန် | 09-889911177 | 09-661105555 | 09-770771001 | 09980000117 |
| ၁၁။ | ရခိုင် | 09-889911188 | 09-661115555 | 09-770771100 | 09980000118 |
| ၁၂။ | ရန်ကုန် | 09-889911122 | 09-661125555 | 09-770770001 | 09980000112 |
| ၁၃။ | ရှမ်း | 09-889911133 | 09-661135555 | 09-770770010 | 09980000113 |
| ၁၄။ | ဧရာဝတီ | 09-889911144 | 09-661145555 | 09-770770011 | 09980000114 |
| ၁၅။ | နေပြည်တော် | 09-889911155 | 09-661155555 | 09-770770099 | 09980000115 |
| | ရုံးချုပ် | 09-889911166 | 09-661005555 | 09-770770100 | 09980000116 |



## တပ်ကုန်းမြို့၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး မြို့တွင်းယာဉ်ဝင်၊ ထွက်မှုနှင့် မြို့မဈေး လူစုလူဝေးထိန်းချုပ်ရေး လုပ်ငန်းညှိနှိုင်းစည်းဝေး

**တပ်ကုန်း မေ ၁၄**

ပြည်ထောင်စုနယ်မြေ နေပြည်တော် တပ်ကုန်းမြို့နယ်တွင် ကိုဗစ်–၁၉ ရောဂါကြိုတင်ကာကွယ်၊ ထိန်းချုပ်ရေးလုပ်ငန်း အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်လျက်ရှိရာ မြို့နယ်အတွင်း ယာဉ်များအဝင်၊ အထွက်သွားလာမှုနှင့် မြို့မဈေးအတွင်း၊ အပြင် လူစုလူဝေးမဖြစ်ပေါ်စေရန် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီခွဲက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**ရှင်းလင်းပြောကြား**

အဆိုပါညှိနှိုင်းအစည်းအဝေးတွင် တပ်ကုန်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်တင့်က ရန်ကုန်– မန္တလေးကားလမ်းဟောင်း ကြို့ပင်သာမြို့အဝင် စစ်ဆေးရေးဂိတ်၊ ပင်လောင်း–ကင်းသာစစ်ဆေးရေးဂိတ်များတွင် ခရီးသွားပြည်သူများအား သွားရောက်မည့် ခရီးစဉ်လမ်းကြောင်းများ မှတ်တမ်းရေးသွင်းခြင်း၊ ကိုယ်အပူချိန်တိုင်းတာခြင်းလုပ်ငန်းများ ဆောင်ရွက်ရေး၊ ရန်ကုန်–မန္တလေးအမြန်လမ်းမှ တပ်ကုန်းမြို့သို့ ဆက်သွယ်ထားသော မြို့အဝင်လမ်းတွင် ယာဉ်အဝင်၊ အထွက်များကို မကြာခဏ တားဆီးစစ်ဆေးဆောင်ရွက်ရန်လည်းကောင်း၊ မြို့မဈေးနှင့် ပျံကျဈေးအကြားရှိ ဗိုလ်ချုပ်လမ်းဘေးပေါ်တွင် ဈေးရောင်းချခြင်းမရှိစေရေး၊ ဗိုလ်ချုပ်လမ်းဘေးပေါ် ရောင်းချသူများကို သုံးပေခန့်အကွာနေရာဆောင်ရွက်ရေး၊ ဈေးရောင်းချသူ၊ ဈေးဝယ်သူများ နှာခေါင်းစည်းတပ်ဆင်၍ ရောင်းဝယ်စေရန်လည်းကောင်း၊ ဈေးသို့ဈေးဝယ်လာသူများ ဈေးအပေါက်ဝတွင် လက်ဆေးစေရန်နှင့် ဈေးဝယ်ပြီးနောက် ပြန်ထွက်လာချိန်တွင်လည်း လက်ဆေးစေရန် ဆောင်ရွက်ရေးကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့မဈေးတာဝန်ခံ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ မြို့မိမြို့ဖများ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ပရဟိတအဖွဲ့များက ဆောင်ရွက်ထားရှိမှုနှင့် ဆောင်ရွက်ရမည့်လုပ်ငန်းများအား ပြန်လည်ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

တင်စိုးလွင်(ပြန်/ဆက်)

## တောင်ဥက္ကလာပမြို့နယ်ရှိ ပုံမှန်ဝင်ငွေမရှိသော အိမ်ထောင်စုများသို့ အခြေခံစားသောက်ကုန်များ ထောက်ပံ့ပေးအပ်

**ရန်ကုန် မေ ၁၄**

တောင်ဥက္ကလာပမြို့နယ် အမှတ် ၁၁ ရပ်ကွက် သာသနဟိတဓမ္မာရုံ၌ မေ ၁၃ ရက်က ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားများအတွက် ဆန် (၈)ပြည်၊ ဆီ (၅၀)ကျပ်သား ၊ ဆား (၅၀)ကျပ်သား၊ ပဲ(၁)ပိဿာနှင့် ကြက်သွန်နီ (၁) ပိဿာတို့ကို ရပ်ကွက်အတွင်းနေထိုင်သည့် အိမ်ထောင်စု ၃၉၄ စုအား ဖြန့်ဝေပေးရာ တောင်ဥက္ကလာပမြို့နယ်မှ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် အမှတ် ၂ ဦးမိုးမြင့် လာရောက်ကြည့်ရှုအားပေးသည်။(ယာပုံ)



မေ ၉ ရက်က တောင်ဥက္ကလာပမြို့နယ် အမှတ် ၁၁ ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးသက်တင်ထွန်း ဦးဆောင်၍ အလှူရှင်များက ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားများအတွက် ငွေကျပ် ၁၅ သိန်းဖိုးခန့်တန်ဖိုးရှိ ဆန်၊ ဆီ၊ ဆား၊ ကြက်သွန်နီ၊ ကြက်ဥ၊ ငါးသေတ္တာ၊ ကြာဆံထုပ်၊ ခေါက်ဆွဲခြောက်ထုပ်များကို ရပ်ကွက်အတွင်းရှိ အိမ်ထောင်စု ၁၂၀ ထံသို့ အိမ်တိုင်ရာရောက် သွားရောက်လှူဒါန်းခဲ့သည်။

**အောင်သူရ**



မင်္ဂလာတောင်ညွန့်မြို့နယ်အတွင်းရှိ ရပ်ကွက် ၂၀ အား မေ ၁၃ ရက်နှင့် ၁၄ ရက် နံနက် ၁၀ နာရီတွင် နိုင်ငံတော်က အခြေခံလူတန်းစားများအတွက် ပေးအပ်သော ဆန် (၈)ပြည်၊ ဆီ (၅၀)ကျပ်သား၊ ဆား (၅၀) ကျပ်သား၊ ပဲ(၁)ပိဿာနှင့် ကြက်သွန်နီ (၁)ပိဿာအား ရပ်ကွက်အုပ်ချုပ်ရေးမှူးများက အိမ်တိုင်ရာရောက် ပေးအပ်လှူဒါန်းစဉ်။

ကျော်စိုးမိုး(မင်္ဂလာတောင်ညွန့်)

# မြန်မာ Pool ကစားသမား ဘုန်းမြင့်ကျော်(ခ)မောင်မောင် Chinese 8 Ball ပြိုင်ပွဲ အဖွင့်ပွဲစဉ် ကစားရမည်



Chinese 8 Ball ပြိုင်ပွဲတွင် ယှဉ်ပြိုင်ခွင့်ရသည့် ဘုန်းမြင့်ကျော် (ခ) မောင်မောင်အား ဆီးဂိမ်းပြိုင်ပွဲ ယှဉ်ပြိုင်စဉ်က တွေ့ရစဉ်။

နေပြည်တော် မေ ၁၄

တရုတ်နိုင်ငံ၌ ကျင်းပမည့် Chinese 8 Ball ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရထားသည့် မြန်မာ့လက်ရွေးစင် Pool ကစားသမား ဘုန်းမြင့်ကျော် (ခ) မောင်မောင် (ခ) အားတီသည် အဖွင့်ပွဲစဉ်ကို မေ ၂၈ ရက်တွင် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ Chinese 8 Ball ပြိုင်ပွဲကို လေးလကြာကျင်းပမည်ဖြစ်ပြီး မေ ၁၈ ရက်မှ ဩဂုတ် ၁၈ ရက်အထိ ကျင်းပမည်ဖြစ်ပြီး ကစားသမားရှစ်ဦး ယှဉ်ပြိုင်မည်ဖြစ်သည်။

**လေ့ကျင့်မှုများ ပြုလုပ်**

ယင်းပြိုင်ပွဲမှာ ဆုကြေးငွေမြင့်မားသည့် ပြိုင်ပွဲဖြစ်ပြီး ပြိုင်ပွဲကို စပွန်ဆာပေးသည့် ကုမ္ပဏီက ကစားသမားများ စိတ်ကြိုက်ရွေးချယ်သော်လည်း ကမ္ဘာ့ချန်ပီယံနှင့် နိုင်ငံတကာပြိုင်ပွဲများတွင် အောင်မြင်မှုရရှိသည့် ကစားသမားများကိုသာ ယှဉ်ပြိုင်ခွင့်ပေးခြင်းဖြစ်သည်။ ယခုပြိုင်ပွဲတွင် တရုတ်ကစားသမား ခုနစ်ဦးနှင့် ဘုန်းမြင့်ကျော်တို့ ယှဉ်ပြိုင်ရမည်ဖြစ်ပြီး တရုတ်ကစားသမား ခုနစ်ဦးတွင် ကမ္ဘာ့ချန်ပီယံခြောက်ဦးအထိ ပါဝင်သည်။ ပထမအဆင့်ပွဲစဉ်များကို မေနှင့် မေလတွင် ကျင်းပမည်ဖြစ်ပြီး ဘုန်းမြင့်ကျော်သည် အုပ်စုပတ်လည်ပွဲများအဖြစ် မေ ၂၈ ရက်တွင် Yu Hai Tao၊ မေ ၂၉ ရက်တွင် Li Bo၊ မေ ၃ ရက်တွင် Liu Hai Tao၊ မေ ၅ ရက်တွင် Zheng Yu Bo၊ မေ ၁၅ ရက်တွင် Yang Fan၊ မေ ၁၆ ရက်တွင် Wu Zheng Yu၊ မေ ၃၁ ရက်တွင် Chu Bing Jie တို့နှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ ပြိုင်ပွဲကို ရှစ်ဦးပတ်လည် စတင်ယှဉ်ပြိုင်ရမည်ဖြစ်ပြီး အဆင့် (၁) မှ (၄) အထိ ရရှိသည့် ကစားသမားလေးဦးနှင့် အဆင့်(၅)နှင့်(၆) Play-off ကစားပြီး အနိုင်ရသည့်ကစားသမားတစ်ဦး၊ စုစုပေါင်း ငါးဦးမှာ နောက်တစ်ဆင့် ထပ်မံယှဉ်ပြိုင်ရမည်ဖြစ်သည်။ ဘုန်းမြင့်ကျော်သည် လက်ရှိတွင် တရုတ်နိုင်ငံ၌ လေ့ကျင့်မှုများ ပြုလုပ်လျက်ရှိသည်။

ဘုန်းမြင့်ကျော်သည် ပြီးခဲ့သည့်နှစ်အနည်းငယ်ကတည်းက တရုတ်နိုင်ငံ၌ ကျင်းပသည့် 9 Ball နှင့် 8 Ball ပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်ပြီး အောင်မြင်မှုများ ရရှိနေသလို ၂၀၁၉ ဖိလစ်ပိုင်ဆီးဂိမ်းပြိုင်ပွဲ Pool ပြိုင်ပွဲတွင် ရွှေတံဆိပ်နှစ်ခုရခဲ့သောကြောင့် ယခုပြိုင်ပွဲတွင် အခြားတရုတ်နာမည်ကြီးကစားသမားများကိုကျော်ဖြတ်ကာ ရွေးချယ်ခံရခြင်းဖြစ်သည်။ ဘုန်းမြင့်ကျော်(ခ) မောင်မောင်သည် ၂၀၁၉ ဆီးဂိမ်းပြိုင်ပွဲတွင် Pool 9 Ball ပြိုင်ပွဲ၌ တစ်ဦးချင်းရွှေတံဆိပ်၊ အောင်မိုးသူနှင့်တွဲဖက်၍ နှစ်ယောက်တွဲပြိုင်ပွဲတို့၌ ရွှေတံဆိပ်ရရှိခဲ့သည်။ ယခုပြိုင်ပွဲတွင် ဆုကြေးငွေမြင့်မားစွာ ချီးမြှင့်မည်ဖြစ်ပြီး ဆုကြေး စုစုပေါင်း မြန်မာငွေကျပ်ဖြင့် တွက်ပါက ကျပ်သိန်း ၂၆၀၀ ဝန်းကျင်ရှိမည်ဖြစ်ကာ ပထမဆုရသည့် ကစားသမားမှာ ဆုကြေးငွေကျပ် သိန်း ၁၀၀၀ ဝန်းကျင် ရရှိနိုင်မည်ဖြစ်သည်။

သတင်း-ရှိုင်းထက်ဇော်
ဓာတ်ပုံ-စိုးညွန့်

# ကိုဗစ်-၁၉ ရောဂါကြောင့် မြန်မာကလပ်များ ယှဉ်ပြိုင်နေသည့် AFC Cup ပြိုင်ပွဲကို ဇွန်လကုန်အထိ ထပ်မံရွှေ့ဆိုင်း

နေပြည်တော် မေ ၁၄

နိုင်ငံအများအပြား၌ ဖြစ်ပွားနေသည့် ကိုဗစ်-၁၉ ရောဂါကြောင့် အာရှဘောလုံးအဖွဲ့ချုပ်သည် AFC Cup ပြိုင်ပွဲကျင်းပမှု ရွှေ့ဆိုင်းထားမှုကို ဇွန်လကုန်အထိ ထပ်မံတိုးမြှင့်ခဲ့သည်။

အာရှဘောလုံးအဖွဲ့ချုပ်သည် ကိုဗစ်-၁၉ ရောဂါကြောင့် မြန်မာကလပ်အသင်းများ ယှဉ်ပြိုင်နေသည့် ၂၀၂၀ ရာသီ AFC Cup ပြိုင်ပွဲ အုပ်စုပွဲများကို မေလကုန်အထိ စတင်ရွှေ့ဆိုင်းခဲ့ပြီး အာရှနိုင်ငံများတွင် ရောဂါဖြစ်ပွားမှုများမှာ လျော့နည်းခြင်းမရှိသောကြောင့် ဇွန်လကုန်အထိ ထပ်မံရွှေ့ဆိုင်းခဲ့ခြင်းဖြစ်သည်။ အာရှဘောလုံးအဖွဲ့ချုပ်သည် မေ ၁၄ ရက်တွင် သတင်းထုတ်ပြန်မှုပြုလုပ်ကာ AFC Cup ပွဲစဉ်များအပါအဝင် အာရှချန်ပီယံလိဂ်ပွဲစဉ်များနှင့် နိုင်ငံတကာပွဲများကိုပါ ရွှေ့ဆိုင်းကြောင်း ထပ်မံအတည်ပြုခဲ့ခြင်းဖြစ်သည်။ ကိုဗစ်-၁၉ ရောဂါကြောင့် ခရီးသွားလာရခက်ခဲခြင်း၊ ပြည်ဝင်ခွင့်များ ကန့်သတ်ထားခြင်း၊ ပြိုင်ပွဲများကျင်းပမှုအဆင်မပြေခြင်း စသည့်အချက်များကြောင့် ထပ်မံရွှေ့ဆိုင်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ယခုနှစ် AFC Cup ပြိုင်ပွဲတွင် မြန်မာနိုင်ငံကိုယ်စားပြုအဖြစ် ရန်ကုန်အသင်းနှင့် ရှမ်းယူနိုက်တက်အသင်းတို့ ဝင်ရောက်ယှဉ်ပြိုင်နေပြီး ပထမအကျော့သုံးပွဲကစားအပြီးတွင် ရပ်နားထားရခြင်းဖြစ်သည်။ ပြိုင်ပွဲရပ်နားချိန်တွင် ရန်ကုန်အသင်းက သုံးပွဲကစား ခုနစ်မှတ်ဖြင့် နောက်တစ်ဆင့်တက်ရန် မျှော်လင့်ချက်ရှိနေသော်လည်း ရှမ်းယူနိုက်တက်အသင်းမှာမူ သုံးပွဲစလုံး အရေးနိမ့်ထားသောကြောင့် နောက်တစ်ဆင့်တက်ရန် ရှန်းကန်ရဖွယ်ရှိနေသည်။ ရန်ကုန်အသင်းသည် အုပ်စု(F)တွင် ဟိုချီမင်းစီးတီး(ဗီယက်နမ်)၊ ဟောင်အန်ယူနိုက်တက် (စင်ကာပူ)၊ လာအိုတိုယိုတာ(လာအို)တို့နှင့်ကျရောက်နေပြီး ပထမအကျော့အပြီးတွင် ဟိုချီမင်းစီးတီးနှင့် ရန်ကုန်အသင်းက ခုနစ်မှတ်စီ၊ ဟောင်အန်အသင်းက သုံးမှတ်ရထားကာ လာအိုတိုယိုတာအသင်းမှာ အမှတ်မရသေးပေ။ ရန်ကုန်အသင်းသည် ပထမအကျော့သုံးပွဲစလုံး အိမ်ကွင်း ကစားခဲ့ရပြီး ဟိုချီမင်းစီးတီးနှင့် နှစ်ဂိုးစီသရေကျသော်လည်း ဟောင်အန်အသင်းကို တစ်ဂိုး-ဂိုးမရှိ၊ လာအိုတိုယိုတာအသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရထားသည်။

ရှမ်းယူနိုက်တက်အသင်းသည် အုပ်စု(H)တွင် တမ်ပနိစ်ရိုဗာ(စင်ကာပူ)၊ ကာယာ(ဖိလစ်ပိုင်)၊ မာကာဆာ(အင်ဒိုနီးရှား)တို့နှင့်ကျရောက်နေပြီး ပထမအကျော့အပြီးတွင် တမ်ပနိစ်ရိုဗာအသင်းက ခုနစ်မှတ်၊ ကာယာအသင်းက ငါးမှတ်၊ မာကာဆာအသင်းက လေးမှတ်ရထားပြီး ရှမ်းယူနိုက်တက်အသင်းမှာမူ အမှတ်မရသေးပေ။ ရှမ်းယူနိုက်တက်အသင်းသည် ပထမအကျော့ပွဲစဉ်များတွင် ကာယာအသင်းကို အိမ်ကွင်း၌ နှစ်ဂိုး-ဂိုးမရှိ၊ မာကာဆာအသင်းကို အဝေးကွင်း၌ သုံးဂိုး-တစ်ဂိုး၊ တမ်ပနိစ်ရိုဗာအသင်းကို အဝေးကွင်း၌ နှစ်ဂိုး-တစ်ဂိုး တို့ဖြင့် ရှုံးနိမ့်ထားသည်။

ကိုဗစ်-၁၉ ရောဂါကြောင့် AFC Cup အုပ်စုပွဲအချို့ကို ဖေဖော်ဝါရီလကတည်းက ရွှေ့ဆိုင်းခဲ့ပြီး မြန်မာကလပ်အသင်းများပါဝင်သည့် အာဆီယံဇုန်အုပ်စုပွဲများကို မတ်လနောက်ဆုံးပတ်မှ စတင်ရွှေ့ဆိုင်းခဲ့ခြင်းဖြစ်သည်။ ယခင်ရေးဆွဲထားသည့်ပွဲစဉ်အရ အုပ်စုပွဲများကို မေလ ဒုတိယပတ်တွင် ပြီးဆုံးမည်ဖြစ်သော်လည်း ပွဲစဉ်များရွှေ့ဆိုင်းရမှုကြောင့် ပြိုင်ပွဲပြီးဆုံးမှု နောက်ကျဖွယ်ရှိနေသည်။

ရှိုင်းထက်ဇော်





အမ်ဘတ်ပီ

# ဆာဒီယိုမာနေးကို ပေါင်သန်း ၁၅၀ နဲ့ ရောင်းချပြီးပါက လီဗာပူးက အမ်ဘတ်ပီကို ပေါင်သန်း ၂၅၀ နဲ့ ခေါ်ယူမည်

လီဗာပူးအသင်းဟာ ဆာဒီယိုမာနေးကို ရီးယဲလ်မက်ဒရစ်အသင်းဆီ ရောင်းချပြီးပါက ပီအက်စ်ဂျီအသင်းရဲ့တိုက်စစ်မှူး အမ်ဘတ်ပီကို ခေါ်ယူသွားမယ်လို့ ဆိုပါတယ်။

ဆီနီဂေါကြယ်ပွင့် ဆာဒီယိုမာနေးဟာ လွန်ခဲ့တဲ့ ၁၈ လတာကာလအတွင်းက လီဗာပူးအသင်းနဲ့အတူ စာချုပ်သစ်တစ်ရပ်ထပ်တိုးချုပ်ဆိုခဲ့တာဖြစ်ပြီး အသက် ၂၈ နှစ်အရွယ်ရှိ ဆာဒီယိုမာနေးအနေနဲ့ တစ်ပတ်လုပ်ခလစာ ပေါင် တစ်သိန်းခွဲနဲ့ ၂၀၂၃ ခုနှစ်အထိ စာချုပ်သစ်ချုပ်ဆိုခဲ့တာလည်းဖြစ်ပါတယ်။

ဒါပေမယ့် သည်ဆန်းသတင်းစာရဲ့ ဖော်ပြချက်မှာတော့ ဆာဒီယိုမာနေးရဲ့ ကိုယ်စားလှယ်ဖြစ်သူက အန်ဖီးလ်ကနေထွက်ခွာဖို့အတွက် အခြားအသင်းတွေနဲ့ ချိတ်ဆက်မှုတွေ ပြုလုပ်နေတယ်လို့ ဆိုပါတယ်။ ဆာဒီယိုမာနေးအနေနဲ့ ရီးယဲလ်မက်ဒရစ်အသင်းဆီ ပြောင်းရွှေ့ကစားဖို့ ဆန္ဒရှိနေတာဖြစ်ပြီး လီဗာပူးအသင်းကလည်း ဆာဒီယိုမာနေးအသင်းကနေ ထွက်ခွာသွားမယ်ဆိုရင် အမ်ဘတ်ပီနဲ့ အစားထိုးသွားမယ်လို့ ဆိုပါတယ်။

လီဗာပူးအသင်းအနေနဲ့ ဆာဒီယိုမာနေးကို ပြောင်းရွှေ့ကြေးပေါင်သန်း ၁၅၀ နဲ့ ရောင်းချဖို့ရှိနေတာဖြစ်ပြီး ပီအက်စ်ဂျီတိုက်စစ်မှူး အမ်ဘတ်ပီကိုတော့ ပြောင်းရွှေ့ကြေးပေါင်သန်း ၂၅၀ ပေးပြီး ခေါ်ယူရဖို့ ရှိနေတာဖြစ်ပါတယ်။

လီဗာပူးအသင်းဟာ တိုက်စစ်မှူး အမ်ဘတ်ပီကို ခေါ်ယူမယ်ဆိုရင် တစ်ပတ်လုပ်ခလစာပေါင်လေးသိန်းပေးရဖို့ရှိနေတာလည်းဖြစ်ပါတယ်။ လီဗာပူးအသင်းနည်းပြ ကလော့ပ်က တိုက်စစ်ပိုင်းအတွက် တီမိုဝါနာနဲ့ ဂျာဒန်ဆန်ချိုတို့ကိုလည်း ခေါ်ယူဖို့စီစဉ်နေပြီး အဲဒီကြယ်ပွင့်ကစားသမားနှစ်ဦးထဲက တီမိုဝါနာတစ်ဦးသာ လီဗာပူးအသင်းဆီ ပြောင်းရွှေ့လာဖွယ်ရှိနေတာဖြစ်ပါတယ်။ ဂျာဒန်ဆန်ချိုကတော့ လီဗာပူးအသင်းဆီ ပြောင်းရွှေ့လာဖို့ထက် မန်ယူအသင်းဆီကိုသာ ပြောင်းရွှေ့ကစားဖို့ ဆန္ဒဖြစ်ပေါ်နေတာဖြစ်ပါတယ်။

# ချယ်လ်ဆီးနဲ့ စပါးက အေဂျက်ဂိုးသမား အန်ဒရီအိုနားနားကို ခေါ်ယူရန် စီစဉ်နေ

ပရီမီယာလိဂ်ကလပ်အသင်းတွေဖြစ်တဲ့ ချယ်လ်ဆီးအသင်းနဲ့ စပါးအသင်းတို့ဟာ နယ်သာလန်ကလပ် အေဂျက်အသင်းရဲ့ ဂိုးသမား အန်ဒရီအိုနားနားကို ခေါ်ယူဖို့ စီစဉ်နေပြီး ပြင်သစ်ပထမတန်းကလပ် ပီအက်စ်ဂျီအသင်းနဲ့ စပိန်လာလီဂါကလပ် ဘာစီလိုနာအသင်းတို့ကလည်း ခေါ်ယူဖို့ ပစ်မှတ်ထားနေတယ်လို့ သိရပါတယ်။

အသက် ၂၄ နှစ်အရွယ်ရှိ ကင်မရွန်းကြယ်ပွင့် အန်ဒရီအိုနားနားဟာ ပြောင်းရွှေ့ကြေးပေါင် ၂၅ သန်းနဲ့ အခုနှစ်နွေရာသီအပြောင်းအရွှေ့ကာလအတွင်းမှာ အေဂျက်အသင်းကနေ ထွက်ခွာဖို့ရှိနေတာဖြစ်ပြီး အခြားသောအေဂျက်ကစားသမားတွေဖြစ်တဲ့ ဒီလစ်ဟာ ဂျူဗင်တပ်အသင်းဆီနဲ့ ဖရန့်ကီဒီဂျောင်ဟာ ဘာစီလိုနာအသင်းဆီ စသဖြင့် အသီးသီးပြောင်းရွှေ့ခဲ့ကြပြီးလည်း ဖြစ်ပါတယ်။

ဂိုးသမားအိုနားနားဟာ ပြီးခဲ့တဲ့ဘောလုံးရာသီနှစ်ရာသီက ချန်ပီယံလိဂ်မှာ ချယ်လ်ဆီးအသင်း၊ စပါးအသင်းတို့နဲ့ ထိပ်တိုက်တွေ့ဆုံခဲ့ရသူဖြစ်ပြီး အဲဒီလိုဆုံတွေ့စဉ်မှာလည်း အေဂျက်အသင်းအတွက် အကောင်းဆုံးလက်စွမ်းပြကစားနိုင်ခဲ့သူလည်း ဖြစ်ပါတယ်။

ဒါကြောင့် ချယ်လ်ဆီးအသင်းက လက်ရှိဂိုးသမား ကီပါရဲ့နေရာမှာ အစားထိုးဖို့ ပြင်ဆင်ထားသလို စပါးအသင်းကလည်း လက်ရှိဂိုးသမား ဟူဂိုလိုရစ်ရဲ့နေရာမှာ အစားထိုးဖို့စီစဉ်နေတာဖြစ်ပြီး ဒီနှစ်သင်းစလုံးက ဂိုးသမား အန်ဒရီအိုနားနားကို နံပါတ်တစ်ဂိုးသမားအဖြစ် ခေါ်ယူဖို့ စီစဉ်နေတာလည်းဖြစ်ပါတယ်။

**ငွေကြယ် - ရေးသားသည်**

# အင်တာမီလန်ကစားသမားဘဝ အိုင်ကာဒီ အဆုံးသတ်ဖို့ရှိနေ

ပြီးခဲ့တဲ့ဘောလုံးရာသီက အင်တာမီလန်အသင်းနဲ့အတူ ပုံမှန်ပွဲထွက်ကစားခွင့်ပျောက်ဆုံးခဲ့ရတဲ့ အိုင်ကာဒီဟာ ပီအက်စ်ဂျီအသင်းက အမြဲတမ်းစာချုပ်နဲ့ ခေါ်ယူဖို့ရှိနေတာကြောင့် ၎င်းအနေနဲ့ အင်တာမီလန်ကစားသမားဘဝကို အဆုံးသတ်ဖို့ရှိနေတယ်လို့ သိရပါတယ်။

အသက် ၂၇ နှစ်အရွယ် တိုက်စစ်မှူး အိုင်ကာဒီဟာ လက်ရှိမှာ ပြင်သစ်ပထမတန်းကလပ် ပီအက်စ်ဂျီအသင်းမှာ အငှားစာချုပ်နဲ့ သွားရောက်ကစားနေသူလည်းဖြစ်ပါတယ်။ ပီအက်စ်ဂျီအသင်းဟာ အခုနှစ် ဘောလုံးရာသီကုန်ပြီးနောက်ပိုင်းမှာလည်း အိုင်ကာဒီကို အသင်းမှာ ဆက်ရှိနေရေးကြိုးပမ်းနေတာဖြစ်ပါတယ်။

တိုက်စစ်မှူး အိုင်ကာဒီဟာ ပြင်သစ်မြေမှာ ပီအက်စ်ဂျီအသင်းနဲ့အတူ ပုံစံကောင်းတစ်ရပ်ရရှိနေပြီး ပြင်သစ်ပထမတန်းပြိုင်ပွဲမှာ ၂၆ ပွဲပါဝင်ကစားပေးခဲ့ရာမှာ သွင်းဂိုး ၁၇ ဂိုးအထိ သွင်းယူပေးနိုင်ခဲ့တာလည်းဖြစ်ပါတယ်။

အိုင်ကာဒီအနေနဲ့ အင်တာမီလန်မှာ ပုံမှန်မကစားရတာကြောင့် အင်တာမီလန်အသင်းရဲ့ ပြိုင်ဘက်အသင်းဖြစ်တဲ့ ဂျူဗင်တပ်အသင်းဆီ ပြောင်းရွှေ့ကစားဖို့လည်း ချိတ်ဆက်မှုတွေ ပြုလုပ်ခဲ့သူ ဖြစ်ပါတယ်။



ဒါပေမယ့် အိုင်ကာဒီဟာ ပြီးခဲ့တဲ့ဘောလုံးရာသီကုန်မှာတော့ ပီအက်စ်ဂျီအသင်းဆီ အငှားနဲ့သွားရောက်ကစားခဲ့တာဖြစ်ပါတယ်။

# ငါးရစ်တက်ချိန်နှင့် ငါးသားပေါက်သောမိုးရာသီတွင် ငါးဖမ်းဆီးခြင်းမပြုရန် နှိုးဆော်ချက်

**“ငါးရစ်ငါးသန်ဘေးမဲ့ချန်၊ ပုံမှန်စားသုံးမျိုးမသုဉ်း”**

**“ငါးရစ်တစ်ကောင်သုံးလရှောင်၊ ထောင်သောင်းတိုးပွားရေရှည်စား”**

- ❖ မိုးဖြိုင်ဖြိုင်ရွာသော မေလနှောင်းပိုင်းနှင့် ဇွန်၊ ဇူလိုင်လများတွင် မြစ်ချောင်းအင်းအိုင်အနှံ့အပြား၌ ဥများဖြင့်ပြည့်နေသော ငါးမကြီးများနှင့် မျိုးရည်ပြည့်ဝနေသော ငါးထီးကြီးများသည် ဥချရန်နေရာလာရှာ၍ ငါးရစ်တက်ကြပါသည်။
- ❖ ထိုငါးရစ်ငါးကြီးများကို ဖမ်းဆီးလိုက်ပါက ပေါက်ပွားလာမည့် သန်းပေါင်းများစွာသော ငါးသားပေါက်များသည် သေကျေပျက်စီးကြကာ ရေရှည်စဉ်ဆက်မပြတ် ငါးထုတ်လုပ်နိုင်ရေးနှင့် တစ်နိုင်ငံလုံးငါးရိက္ခာဖူလုံစွာ စားသုံးနိုင်ရေးကို အထောက်အကူမပြုတော့ဘဲ ငါးမျိုးပြုန်းတီးသွားစေနိုင်ပါသည်။
- ❖ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနမှ အမိန့်ကြော်ငြာစာအမှတ် ၂/၉၂ ဖြင့် ငါးရစ်ငါးသန်ရာသီချိန်များတွင် ငါးများဖမ်းဆီးခြင်းမပြုရန် တားမြစ်ထားပါသည်။ အဆိုပါတားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ပါက သက်ဆိုင်ရာဥပဒေအရ ဖမ်းဆီးတရားစွဲဆိုအပြစ်ပေးနိုင်ရန် ပြဋ္ဌာန်းထားပါသည်။
- ❖ သို့ပါ၍ ငါးရစ်တက်ချိန်နှင့် ငါးသားပေါက်သော မိုးရာသီအချိန်များတွင် ငါးရစ်ငါးများလွတ်လပ်စွာ ဥချသားပေါက်နိုင်ရေးနှင့် နုနယ်လှသည့် ငါးသားပေါက်များ ဆက်လက်ရှင်သန်ကြီးထွားနိုင်ရေးအတွက် ငါးရစ်ငါးများနှင့် ငါးသားပေါက်များကို ဖမ်းဆီးခြင်းမပြုဘဲ ဘေးမဲ့ပေးကြပါရန် နှိုးဆော်အပ်ပါသည်။

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**
**ငါးလုပ်ငန်းဦးစီးဌာန**

# ပညာပေးနှိုးဆော်ချက်

- ■ မိုးဦးကျကာလဖြစ်သော ဧပြီ၊ မေနှင့် ဇွန်လများတွင် ဥကပ်နေသော (သို့မဟုတ်) ဥနှင့်ပြည့်ဝနေသော ရေချိုပုစွန်တုပ်ကြီးများသည် မြန်မာနိုင်ငံတစ်ဝှမ်းရှိ မြစ်၊ ချောင်း၊ အင်းအိုင်များတွင် ဥချရန် ပြင်ဆင်လျက်ရှိပါသည်။ ထိုပုစွန်တုပ်ကြီးများမှ ထောင်ပေါင်းများစွာသော ပုစွန်များ ပေါက်ပွားလာနိုင်မည်ဖြစ်ပါသည်။
- ■ အဆိုပါမျိုးပုစွန်ကြီးများအား ဖမ်းဆီးသတ်ဖြတ်ခဲ့ပါက ၎င်းတို့မှ သားလောင်းများ မပေါက်နိုင်တော့ဘဲ မျိုးပြုန်းတီးစေရာရောက်သဖြင့် ဥကပ်နေသော (သို့မဟုတ်) ဥနှင့်ပြည့်ဝနေသော မျိုးပုစွန်ကြီးများအား ဖမ်းဆီးခြင်း၊ သတ်ဖြတ်ခြင်း၊ သယ်ယူခြင်း၊ သိုလှောင်ခြင်း၊ လက်ဝယ်ထားရှိခြင်း၊ အရောင်းအဝယ်ပြုလုပ်ခြင်းများ မပြုလုပ်ကြရန် ငါးလုပ်ငန်းဦးစီးဌာနမှ အမိန့်ကြော်ငြာစာအမှတ်၊ ၁/၉၂ ဖြင့် တားမြစ်ထားပါသည်။ အဆိုပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ပါက သက်ဆိုင်ရာဥပဒေအရ ဖမ်းဆီးတရားစွဲဆိုအပြစ်ပေးနိုင်ရန် ပြဋ္ဌာန်းထားပါသည်။
- ■ သို့ပါ၍ ရေချိုပုစွန်တုပ်များ ရေရှည်တည်တံ့နေစေရန်နှင့် မျိုးပြုန်းတီးမှုမှ ကာကွယ်ရန်၊ တစ်နိုင်ငံလုံးရေရှည်စားသုံးနိုင်ရန်၊ အမျိုးသားစီးပွားရေးဖွံ့ဖြိုးမှုကို အထောက်အကူပြုနိုင်ရန်အတွက် ရေချိုပုစွန်တုပ်ကြီးများကို ဧပြီလမှ ဇွန်လကုန်အထိ ဘေးမဲ့ပေးကြပါရန် နှိုးဆော်အပ်ပါသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
ငါးလုပ်ငန်းဦးစီးဌာန



## မဟာသင်္ကြန်ကာလအတွင်း ဒလ-ပန်းဆိုးတန်းသွား ချယ်ရီရေယာဉ် ခုနစ်ခေါက်နှုန်းဖြင့် နေ့စဉ်ပြေးဆွဲ

**ရန်ကုန် ဧပြီ ၁၄**

ပြည်တွင်းရေကြောင်းပို့ဆောင်ရေး (မြစ်ဝကျွန်းပေါ်ဌာနခွဲ)မှ ဒလဘက်ကမ်းမှ ပန်းဆိုးတန်း(ရန်ကုန်)ဘက်ကမ်းသို့ ကူးဆွဲပေးနေသည့် ချယ်ရီရေယာဉ်ခရီးစဉ်များကို မဟာသင်္ကြန်ရုံးပိတ်ရက်ကာလ ဧပြီ ၁၀ ရက်မှ ၁၉ ရက်အထိ မူလက ၁၂ ခေါက်နှုန်းဖြင့် လျှော့၍ပြေးဆွဲမည်ဖြစ်သော်လည်း ခရီးသွားလာသူ အလွန်နည်းပါးသောကြောင့် ခုနစ်ခေါက်နှုန်းဖြင့် နေ့စဉ်ပြေးဆွဲပေးလျက်ရှိသည်။

မူလက အဆိုပါရေကြောင်းခရီးစဉ်ကို နံနက် ၆ နာရီတွင် ဒလဘက်ဆိပ်ကမ်းမှစထွက်၍ နံနက် ၆ နာရီခွဲတွင် ပန်းဆိုးတန်းဆိပ်ကမ်းမှ ပြန်လာမည်ဖြစ်ပြီး ထိုသို့ တစ်နာရီတစ်ကြောင်းနှုန်းဖြင့် ပြေးဆွဲလျက်ရှိသည်။ နေ့လယ်ပိုင်းတွင် ရေယာဉ်ဆေးဖျန်းပြီး သန့်ရှင်းရေးဆောင်ရွက်ကာ ည ၇ နာရီတွင် ဒလဘက်မှ နောက်ဆုံးထား ပြေးဆွဲပေးလျက်ရှိသည်။ ပန်းဆိုးတန်းဆိပ်မှ ည ၇ နာရီခွဲတွင် နောက်ဆုံးပြန်ခရီးဖြင့် အဆုံးသတ်မည်ဖြစ်သော်လည်း ယခုအခါ ကိုဗစ်-၁၉ ရောဂါတွေ့ရှိ လူနာမြင့်မားလာခြင်းနှင့် ပြည်သူများအနေဖြင့် ဒေသန္တရအမိန့်များကို လိုက်နာစောင့်ထိန်းလာမှုများကြောင့် ခရီးသွားလာသူ အလွန်နည်းပါးသွားကာ ရေယာဉ်ခရီးစဉ်များကိုလည်း ဒလဆိပ်ကမ်းမှ နံနက် ၆ နာရီမှ ညနေ ၆ နာရီအထိနှင့် ပန်းဆိုးတန်းဘက်မှ နံနက် ၆ နာရီခွဲမှ ညနေ ၆ နာရီခွဲအထိ တစ်နေ့ အသွားအပြန် ခုနစ်ခေါက်သာ ပြေးဆွဲပေးလျက်ရှိသည်။

အလားတူပင် ဝါးတန်း(ရန်ကုန်) ဒလ ကူးဆွဲပေးနေသည့် မော်တော်ယာဉ်တင်ဇက်ရေယာဉ်များသည်လည်း သင်္ကြန်ရုံးပိတ်ရက်အတွင်း နံနက် ၈ နာရီမှ ညနေ ၅ နာရီအထိ နေ့လယ်ပိုင်းအနားယူကာ တစ်နာရီခြား၍ တစ်နေ့လျှင် ရှစ်ခေါက်နှုန်း ပြေးဆွဲမည်ဖြစ်သော်လည်း လိုက်ပါမည့် မော်တော်ယာဉ် အခြေအနေအရ နေ့စဉ် ခေါက်ရေလျှော့ပြေးဆွဲပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါရေယာဉ်များကို ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်နိုင်ရေးအတွက် နေ့လယ်ပိုင်းအနားယူချိန်နှင့် ညပိုင်းသိမ်းဆည်းချိန်များတွင် ဆေးဖျန်းကာ သန့်ရှင်းရေးဆောင်ရွက်လျက်ရှိပြီး ခရီးသည်များကိုလည်း သုံးပေခွာခြား၍ လိုက်ပါစီးနင်းစေလျက်ရှိကြောင်း သိရသည်။

**သတင်း-သန်းဌေး(ဒလ)**
**ဓာတ်ပုံ- စန်းဝင္ဇာ**

## သဃ်န်းကျွန်းမြို့နယ်၌ အခြေခံလူတန်းစားများထံသို့ စားသောက်ကုန် (၅)မျိုး အိမ်တိုင်ရာရောက် ထောက်ပံ့

**ရန်ကုန် ဧပြီ ၁၄**

ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားများအား အခြေခံစားသောက်ကုန် (၅)မျိုးတို့ကို အိမ်တိုင်ရာရောက် အခမဲ့ဖြန့်ဖြူးထောက်ပံ့ပေးအပ်ခြင်းများကို ယနေ့မွန်းလွဲ ၁ နာရီက ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ် ကြီးပွားရေးရပ်ကွက်၊ သွပ်တိုင်းကြီးရပ်ကွက်နှင့် ငမိုးရိပ်ရပ်ကွက်တို့၌ တစ်ပြိုင်တည်း ပြုလုပ်ခဲ့ကြသည်။

ထိုသို့ထောက်ပံ့ပေးအပ်ခြင်းကို ကြီးပွားရေးရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးအေးကိုနှင့်အဖွဲ့ဝင်များက ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစား အိမ်ထောင်စု ၈၈၆ စုတို့အားလည်းကောင်း၊ ငမိုးရိပ်ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးအောင်မိုးနှင့်အဖွဲ့ဝင်များက အခြေခံလူတန်းစားအိမ်ထောင်စု ၃၄၀ တို့အားလည်းကောင်း၊ သွပ်တိုင်းကြီးရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးအေးကျော်နှင့်အဖွဲ့ဝင်များက အိမ်ထောင်စု ၁၆၂ စု တို့အားလည်းကောင်း အိမ်ထောင်စု (၁)စုလျှင် ဆန် (၈)ပြည်၊ ဆီ(၅၀)ကျပ်သား၊ ပဲ(၁)ပိဿာ၊ ကြက်သွန်(၁)ပိဿာနှင့် ဆား (၅၀) ကျပ်သား စသည့် အခြေခံစားသောက်ကုန်(၅)မျိုးတို့ကို အိမ်တိုင်ရာရောက် အခမဲ့ဖြန့်ဖြူးထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

**တင်ကြည်(သဃ်န်းကျွန်း)**





## ကျောက်တံခါးမြို့နယ်၌ အခြေခံလူတန်းစားများအတွက် စားသောက်ကုန်(၅)မျိုးထောက်ပံ့

**ကျောက်တံခါး ဧပြီ ၁၄**

ကိုဗစ်-၁၉ရောဂါကာကွယ်၊ ထိန်းချုပ်ရေးနှင့်စပ်လျဉ်း၍ သင်္ကြန်ကာလအတွင်း ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားများအား နိုင်ငံတော်အစိုးရမှ အခြေခံစားသောက်ကုန်(၅)မျိုးထောက်ပံ့ခြင်းကို ယနေ့နံနက်ပိုင်းက ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် စည်ပင်သာယာခန်းမ၌ ပြုလုပ်ခဲ့သည်။

ကျောက်တံခါးမြို့နယ်တွင် ရပ်ကွက် ၁၈ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ၄၆ အုပ်စုတို့တွင် အိမ်ထောင်စုပေါင်း ၅၂၉၁၀ ရှိပြီး ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားအိမ်ထောင်စုပေါင်း ၁၈၅၁၈ စုအတွက် တစ်အိမ်ထောင်လျှင် ဆန် (၈)ပြည်၊ ဆီ(၅၀)ကျပ်သား၊ ပဲ(၁)ပိဿာ၊ ကြက်သွန်(၁)ပိဿာနှင့် ဆား (၅၀) ကျပ်သားတို့အား ရပ်ကွက်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများထံ ပေးအပ်ခဲ့ပြီး ရပ်ကွက်ကျေးရွာအုပ်ချုပ်ရေးမှူးများက စာရင်းကောက်ယူထားသည့်အတိုင်း ပြည်သူများ လက်ဝယ်အရောက် စနစ်တကျပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

အခြေခံစားသောက်ကုန်(၅)မျိုး ထောက်ပံ့ပေးအပ်ရာတွင် ကောက်ယူစာရင်းမှန်ကန်ရေး၊ ပြည်သူများလက်ဝယ်အရောက် စနစ်တကျပေးအပ်နိုင်ရေးကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်ရေးကော်မတီများ၊ ရပ်/ကျေးအုပ်ချုပ်ရေးမှူးများ၊ ပရဟိတအဖွဲ့များက ပူးပေါင်းပါဝင်ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ခင်ကို(ကျောက်တံခါး)**

# ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင် ဆန်အိတ်နှင့် ဆေးရုံသုံးပစ္စည်းများ လှူဒါန်းပေးသူများအား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်




**မြစ်ကြီးနား ဧပြီ ၁၄**

ကချင်ပြည်နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် ကုမ္ပဏီ၊ အဖွဲ့အစည်းများ၏ ဆန်အိတ် ၁၀၀၀ နှင့် ဆေးရုံသုံးပစ္စည်းများ လှူဒါန်းပေးအပ်မှုအတွက် ပြည်နယ်ဝန်ကြီးချုပ်က ဂုဏ်ပြုမှတ်တမ်းလွှာများကို ယနေ့နံနက်ပိုင်းတွင် ပြည်နယ်အစိုးရအဖွဲ့ရုံး မလိခခန်းမ၌ ပေးအပ်ခဲ့သည်။

လှူဒါန်းရခြင်းနှင့်ပတ်သက်၍ အလှူရှင် ဒေဝင်အုပ်စုနှင့် ညီနောင်ကုမ္ပဏီများကိုယ်စား ဒေဝင်ကုမ္ပဏီလီမိတက်မှ ဒုတိယအထွေထွေမန်နေဂျာ ဦးလှမင်းသိမ်းက ကိုဗစ်-၁၉ ကပ်ရောဂါကာလအတွင်း စားနပ်ရိက္ခာအခက်အခဲကို အရေးပေါ်ဖြေရှင်းရာတွင် အထောက်အကူဖြစ်စေလို၍ ဒေဝင်ကုမ္ပဏီနှင့် ညီနောင်ကုမ္ပဏီများမှ လှူဒါန်းရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားရာ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်က ကပ်ရောဂါကာလအတွင်း ယခုလို ကိုယ်ကျိုးမဖက်တတ်နိုင်သည့်ဘက်မှ ပြည်နယ်အတွက် လာရောက်လှူဒါန်းပေးကြသူများအားလုံးကို မိမိတို့အနေဖြင့် ကျေးဇူးတင်ရှိကြောင်း ပြန်လည်ပြောကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က ဒေဝင်ကုမ္ပဏီလီမိတက်နှင့် ညီနောင်ကုမ္ပဏီများဖြစ်သော မြန်မာ့ရွှေဆောင်ဘဏ်၊ Denko Trading Co.,Ltd. နှင့် ကဠနကျွန်းသာ(Gold Delta) Co.,Ltd. တို့မှ လှူဒါန်းသည့် ဆန်အိတ် ၁၀၀၀ နှင့် အခမဲ့ဆေးဝါးကုသရေးလုပ်ငန်းအဖွဲ့ (ရန်ကုန်)မှ ဒေါက်တာဗိုလ်ဗိုလ်မောင်က လှူဒါန်းသည့် 3MPPE ဝတ်စုံ ၂၀၊ တစ်ကိုယ်ရည်သုံးကာကွယ်ရေးဝတ်စုံ ၁၀ စုံ၊ နှာခေါင်းစည်း အခု ၁၅၀၀၊ လက်သန့်ဆေးရည်ဘူး ၁၀၀ လှူဒါန်းမှုကို လက်ခံရယူခဲ့ပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့သည်။ **ပြည်နယ်(ပြန်/ဆက်)**

# ဂန့်ဂေါခရိုင်တွင် စားသောက်ကုန်များ ဖြန့်ဝေပြီးဖြစ်

**ဂန့်ဂေါ ဧပြီ ၁၄**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစား အိမ်ထောင်စုများအား မဟာသင်္ကြန်ရုံးပိတ်ရက်အတွင်း နိုင်ငံတော်မှထောက်ပံ့သော စားသောက်ကုန် (၅) မျိုးကို ဂန့်ဂေါခရိုင်အတွင်းရှိ မြို့နယ်များတွင် ပြည်သူများထံ လက်ဝယ်အရောက် ဖြန့်ဝေထောက်ပံ့ပြီးဖြစ်ကြောင်း သိရသည်။

ထိုသို့ ထောက်ပံ့ရာတွင် ဂန့်ဂေါမြို့နယ်၌ အိမ်ထောင်စု ၇၄၃၇၊ လူဦးရေ ၂၇၇၄၂ ဦးအတွက် ဆန် ၂၄၇၉ အိတ်၊ ဆီ ၃၇၁၉ ပိဿာ၊ ပဲ ၇၄၃၇ ပိဿာ၊ ဆား ၃၇၁၉ ပိဿာ၊ ကြက်သွန် ၇၄၃၇ ပိဿာ တို့ကိုလည်းကောင်း၊ ထီးလင်းမြို့နယ်၌ အိမ်ထောင်စု ၁၄၂၆၊ လူဦးရေ ၅၂၈၄ ဦးအတွက် ဆန် ၄၇၅ အိတ် ၈ ပြည်၊ ဆီ ၇၁၃ ပိဿာ၊ ပဲ ၁၄၂၆ ပိဿာ၊ ဆား ၇၁၃ ပိဿာ၊ ကြက်သွန် ၁၄၂၆ ပိဿာတို့ကိုလည်းကောင်း၊ ဆောမြို့နယ်၌ အိမ်ထောင်စု ၂၇၃၈ အုပ်စု၊ လူဦးရေ ၁၁၀၉၆ ဦးအတွက် ဆန် ၉၁၂ အိတ်နှင့် တစ်တင်း၊ ဆီ ၁၃၆၉ ပိဿာ၊ ပဲ ၂၇၃၈ ပိဿာ၊ ဆား ၁၃၆၉ ပိဿာ၊ ကြက်သွန် ၂၇၃၈ ပိဿာ တို့ဖြစ်ကြောင်း သိရသည်။ **စိန်ကျော်**



# ကော့ကရိတ်မြို့တွင် ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားများအတွက် စားသောက်ကုန်(၅)မျိုးကို အိမ်တိုင်ရာရောက်ထောက်ပံ့

**ကော့ကရိတ် ဧပြီ ၁၄**

ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ်တွင် နိုင်ငံတော်အစိုးရမှ ပုံမှန်ဝင်ငွေမရှိသည့် အခြေခံလူတန်းစား အိမ်ထောင်စုများအား ထောက်ပံ့သော အခြေခံစားသောက်ကုန်များဖြစ်သည့် ဆန်၊ ဆီ၊ ဆား၊ ပဲ၊ ကြက်သွန်နီ (၅) မျိုးတို့ကို ယနေ့နံနက် ၉ နာရီက အမှတ်(၄) နှင့် အမှတ်(၅)ရပ်ကွက်ရှိ အိမ်ထောင်စုများအား အိမ်တိုင်ရာရောက် လိုက်လံထောက်ပံ့ပေးအပ်ခဲ့သည်။

ထောက်ပံ့ပေးအပ်မှုများကို ကရင်ပြည်နယ်လွှတ်တော်ဒုဥက္ကဋ္ဌ ဒေါ်နန်းသူဇာဝင်း၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစောဘီစံသိန်းမြင့်၊ ဒုခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်သူ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဆန်းနုနှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ကုသရေးလုပ်ငန်းကော်မတီဝင်များ၊ တာဝန်ရှိသူများ ပူးပေါင်း၍ ကော့ကရိတ်မြို့နယ် အမှတ်(၄)နှင့် အမှတ်(၅)ရပ်ကွက်ရှိ အိမ်ထောင်စုတစ်စုလျှင် ဆန်(၈)ပြည်၊ ဆီ(၅၀)ကျပ်သား၊ ဆား(၅၀)ကျပ်သား၊ ပဲ(၁)ပိဿာ၊ ကြက်သွန်နီ (၁)ပိဿာ စသည့် အခြေခံစားသောက်ကုန် (၅)မျိုးစီတို့ကို အမှတ်(၄) ရပ်ကွက်ရှိ အိမ်ထောင်စု ၂၁၇ စု၊ အမှတ်(၅) ရပ်ကွက်ရှိ အိမ်ထောင်စု ၅၀၇ စုတို့၏ လက်ဝယ်အရောက် ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။



ဆက်လက်၍ အခြေခံစားသောက်ကုန်များကို ကျန်ရှိနေသည့် ရပ်ကွက်ကျေးရွာရှိ အခြေခံလူတန်းစား အိမ်ထောင်စုများ၏ လက်ဝယ်အရောက် ဆက်လက်ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ခင်မျိုးဝင်း(ခရိုင်ပြန်/ဆက်)**

# မန္တလေးတိုင်းဒေသကြီးရှိ ဈေးအားလုံးတွင် နှာခေါင်းစည်းတပ်ရမည့် လှုပ်ရှားမှုစတင်

**နေပြည်တော် ဧပြီ ၁၄**

မန္တလေးတိုင်းဒေသကြီးရှိ ဈေးအားလုံးတွင် နှာခေါင်းစည်းတပ်ရမည့် လှုပ်ရှားမှုကို ယမန်နေ့က စတင်လိုက်ကြောင်း မန္တလေးမြို့တော်ဝန် ဒေါက်တာရဲလွင်က ၎င်း၏ ဖေ့စ်ဘွတ်စာမျက်နှာမှတစ်ဆင့် အသိပေးရေးသားထားသည်။

"တိုင်းစည်ပင်၊ မြို့တော်စည်ပင်၊ ကလျာဏမိတ္တအဖွဲ့နဲ့ ဝမ်းတွင်းမြို့ စက်ချုပ်လုပ်ငန်းတွေ ပူးပေါင်းပြီး ပြန်လည်လျှော်ဖွပ်ပြီး အသုံးပြုနိုင်တဲ့ သုံးလွှာပါ အိမ်တွင်းဖြစ်နှာခေါင်းစည်းတွေကို ပြည်သူတွေ မဖြစ်မနေလာရောက်ရတဲ့ စည်ပင်ဈေးတွေမှာ အခမဲ့ ဖြန့်ဝေပေးပြီးပါပြီ။ ရေနီမြောင်းဈေး၊ ကျော်ကျော်အောင်ဈေး၊ မနော်ရမ္မံဈေးနဲ့ ၃၂ လမ်းဈေး စတဲ့ လမ်းဘေးပျံ့ကျဈေးတွေကို ဒီနေ့ညနေကနေ စဝေပါမယ်"ဟု ဒေါက်တာရဲလွင်က ရေးသားထားသည်။

ထို့ပြင် တိုင်းဒေသကြီးအတွင်းရှိ စည်ပင်သာယာဈေးများသို့ ဖြန့်ဝေမှုနှင့်စပ်လျဉ်း၍ "တိုင်းအတွင်း မိုးကုတ်၊ ကျောက်ပန်းတောင်း၊ သာစည်၊ ဝမ်းတွင်း၊ မတ္တရာ၊ မိတ္ထီလာ၊ ကျောက်ဆည်၊ မြစ်သား၊ စဉ့်ကိုင်၊ ပုသိမ်ကြီး၊ တံတားဦး၊ ပျော်ဘွယ်၊ ရမည်းသင်းနဲ့ ပြင်ဦးလွင်မြို့နယ် ၁၄ ခုကို တစ်မြို့လျှင် နှာခေါင်းစည်း ၅၀၀ စုစုပေါင်း ၇၀၀၀ ကို ပေးဝေပြီးပါပြီ။ ကျန်တဲ့မြို့နယ်တွေကို ဆက်လက်ပေးဝေပါမယ်" ဟု ဒေါက်တာရဲလွင်က ဆိုသည်။

တိုင်းဒေသကြီးအတွင်း ဈေးများ ဖွင့်လှစ်ထားခြင်းနှင့်စပ်လျဉ်း၍ "မန္တလေးတိုင်းဒေသကြီးအတွင်းမှာ စားသောက်ကုန်နဲ့ပတ်သက်တဲ့ ဈေးဆိုင်တွေကို ဆက်လက်ခွင့်ပြုထားတာက ပြည်သူတွေအနေနဲ့ စားနပ်ရိက္ခာ မပြတ်လပ်စေချင်လို့ပါ။ ဈေးတွေ ဖွင့်ထားပေမယ့် လူစုလူဝေးကြောင့် ကိုဗစ်-၁၉ ရောဂါ ဖြန့်ဖြူးရာနေရာ ဖြစ်မလာဖို့လည်း အထူးအရေးကြီးပါတယ်။ ဒါကြောင့် ဈေးတွေမှာ Social Distancing သုံးပေနဲ့ ခြောက်ပေခွာဖို့၊ ဈေးသည်ရော ဈေးဝယ်ပါ နှာခေါင်းစည်းတွေ တပ်ကြဖို့၊ လက်ဆေးဖို့နေရာနဲ့ Hand Sanitizer တွေ ထားပေးထားပါတယ်။ ဈေးအတွင်း ဈေးရောင်းချသူတွေ နှာခေါင်းစည်း တပ်ဆင်ရောင်းချခြင်းမပြုရင် ဈေးရောင်းချခွင့်ရပ်ဆိုင်းဖို့နဲ့ ဈေးဝယ်ယူသူတွေ နှာခေါင်းစည်း တပ်ဆင်လာခြင်းမရှိပါက ဈေးအတွင်းသို့ ဝင်ရောက်ခွင့်မပြုဖို့ အမိန့်ညွှန်ကြားချက်ထုတ်ပြန်လိုက်ပါပြီ။ စည်ပင်သာယာရေးကော်မတီဝင်တွေ၊ ဈေးမိဈေးဖတွေနဲ့ စည်ပင်ဝန်ထမ်းတွေ ပူးပေါင်း၍ ကြပ်မတ်ဆောင်ရွက်လျက်ရှိပါတယ်။ လိုက်နာမှုအားနည်းတဲ့ ဈေးတွေကို ပိတ်သည်အထိ အရေးယူသွားပါမယ်"ဟု ၎င်းက ရေးသားထားသည်။

နှာခေါင်းစည်းများ ရရှိမှုနှင့်စပ်လျဉ်း၍ ဒေါက်တာရဲလွင်က "လက်နဲ့ချုပ်ရတာနဲ့ လျှော်ပြီး မီးပူတိုက်ပြီးမှ ထုပ်ပိုးရလို့ ထုတ်လုပ်မှုအပိုင်းမှာ ကန့်သတ်ချက်ရှိနေပေမယ့်လည်း ပိုမိုထုတ်လုပ်နိုင်အောင် သင်္ကြန်ရက်အတွင်း နားရက်မယူဘဲ ကြိုးစားထုတ်လုပ်နေပါတယ်။ သင်္ကြန်အပြီး နှာခေါင်းစည်း အလုံအလောက်ရလာရင်တော့ မဖြစ်မနေ အိမ်ပြင်ထွက်ဖို့လိုသူအားလုံး နှာခေါင်းစည်း တပ်ခိုင်းပြီး နှာခေါင်းစည်း ဝယ်ဖို့မတတ်နိုင်သူတွေကို အိမ်တွင်းဖြစ်နှာခေါင်းစည်းတွေ အခမဲ့ပေးဝေသွားပါမယ်။ အိမ်တွင်းဖြစ်နှာခေါင်းစည်းရဲ့ အားသာချက်က အကြိမ်ကြိမ်ပြန်လျှော်ပြီး သုံးလို့ရတာပါ။ ဆပ်ပြာရည်ထဲ နာရီဝက်လောက်စိမ်ပြီးမှ လျှော်ရင် ပိုစိတ်ချရပါတယ်။ ရာသီဥတုကပူတော့ ညနေပိုင်း လျှော်ရင် မနက်ပြန်သုံးလို့ရတော့ တစ်ယောက်ကို တစ်ခုနဲ့ လုံလောက်ပါတယ်။ အထည်ချုပ်စက်ရုံအားလုံးကိုလည်း ပူးပေါင်းပါဝင်ကြဖို့ အလေးအနက်ဖိတ်ခေါ်လိုက်ပါတယ်။ ခွဲစိတ်ခန်းသုံးနှာခေါင်းစည်းတွေက ပိုကောင်းပေမယ့် တစ်ရက်ပဲ သုံးလို့ရပါတယ်။နေ့စဉ်အသစ်တပ်ရလို့ လပေါင်းများစွာတပ်ဖို့ လူအများစု မတတ်နိုင်ပါ။ ဂူဟာန်မှာ ယခုအထိ နှာခေါင်းစည်းတွေ တပ်နေကြရတုန်းပါ"ဟု ဆိုသည်။

**ထက်လျှံ**

# လယ်ယာဝန်ဆောင်မှုလုပ်ငန်းများ အကူအညီရယူဆောင်ရွက်ရန် လိုအပ်ပါက လယ်ယာဝန်ဆောင်မှုသမဝါယမအသင်းများနှင့် ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်

နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ တောင်သူလယ်သမားများ နွေနှင့် မိုးစပါးစိုက်ပျိုးထွန်ယက်ခြင်းနှင့် ထွက်ရှိလာသော သီးနှံများ ရိတ်သိမ်းခြွေလှေ့ချိန်လုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သမဝါယမဦးစီးဌာနက လယ်ယာဝန်ဆောင်မှု သမဝါယမအသင်းများကို ဖွဲ့စည်းဆောင်ရွက်လျက်ရှိရာ ပျဉ်းမနားမြို့နယ်တွင် သမဝါယမအသင်းစုချုပ်၏ လယ်ယာဝန်ဆောင်မှုအသင်းနှင့် လယ်ဝေးမြို့နယ်တွင် လယ်ယာဝန်ဆောင်မှုသမဝါယမအသင်းများက လယ်ယာဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပါသည်။

သို့ဖြစ်ပါ၍ တောင်သူဦးကြီးများအနေဖြင့် မိမိတို့၏ လယ်ယာလုပ်ငန်းများမှ ထွက်ရှိလာမည့် စပါးများ ရိတ်သိမ်းခြွေလှေ့လိုလျှင်လည်းကောင်း၊ ရာသီအမီစိုက်ပျိုးနိုင်ရေးအတွက် ထွန်ယက်မှုများ ပြုလုပ်လိုလျှင်လည်းကောင်း ဝန်ဆောင်မှုသမဝါယမအသင်းများက သင့်လျော်သောဈေးနှုန်းဖြင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသဖြင့် အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်နိုင်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည် -

**ဆက်သွယ်ရမည့်ဖုန်းနံပါတ်များ**

| | | |
|---|---|---|
| ဒုတိယညွှန်ကြားရေးမှူး | - | ၀၉-၂၆၂၇၅၈၃၆၅ / ၀၉-၇၉၆၉၂၉၈၁၈ |
| လက်ထောက်ညွှန်ကြားရေးမှူး | - | ၀၉-၂၅၆၀၈၈၅၂၅ |
| ဦးကျော်ဆန်း (အတွင်းရေးမှူး) | - | ၀၉-၄၂၀၇၅၀၁၈၄ |
| အသင်းစုချုပ်လယ်ယာဝန်ဆောင်မှု ကော်မတီ (ပျဉ်းမနား) | | |
| ဦးသန်းနွဲ့ (အတွင်းရေးမှူး) | - | ၀၉-၇၉၈၃၄၃၆၂၂ |
| လယ်ဝေးမြို့နယ်သမဝါယမအသင်းစု | | |
| ဦးစိုးဝင်းသန်း (အတွင်းရေးမှူး) | - | ၀၉-၇၉၉၁၉၉၄၄၅ / ၀၉-၄၂၀၇၇၀၁၁၅ |
| လယ်ဝေးမြို့နယ်လယ်ယာဝန်ဆောင်မှုအသင်း | | |

**သမဝါယမဦးစီးဌာန**

## ဝမ်းနည်းကြေကွဲခြင်း

### ပါမောက္ခ ဒေါက်တာမြင့်မောင်မောင်

**အသက် (၇၈) နှစ်**

မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီဝင် ဂုဏ်ထူးဆောင် ပါမောက္ခ ဒေါက်တာမြင့်မောင်မောင်သည် ၁၂-၄-၂၀၂၀ ရက်တွင် ကွယ်လွန်သွားကြောင်း သိရသည့်အတွက် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊**
**ဒုတိယဝန်ကြီး ဦးအောင်လှထွန်းနှင့်**
**ပြန်ကြားရေးဝန်ကြီးဌာန ဝန်ထမ်းမိသားစုများ**

## ဝမ်းနည်းကြေကွဲခြင်း

### ဒေါ်ခင်ထွေးရီ

**အသက် (၈၉) နှစ်**

နိုင်ငံခြားရေးဝန်ကြီးဌာန၊ နိုင်ငံရေးရာဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးအောင်ကို-ဇနီး ဒေါ်ဝင်းစန္ဒာဆွေ(သံမှူး၊ မြန်မာသံရုံး၊ ဟန္နိုင်းမြို့)နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ နိုင်ငံရေးရာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအေးကိုကို-ဇနီး ဒေါ်ခင်ခင်သိုက်တို့၏ မိခင်ဖြစ်သူ ဒေါ်ခင်ထွေးရီသည် ၁၀-၄-၂၀၂၀ (သောကြာနေ့) မွန်းလွဲပိုင်းတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်နှင့်**
**နိုင်ငံခြားရေး/အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ဝန်ထမ်းမိသားစုများ**

## ဝမ်းနည်းကြေကွဲခြင်း

### ပါမောက္ခ ဒေါက်တာ မြင့်မောင်မောင်

**အသက် (၇၈) နှစ်**

မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီဝင်ဂုဏ်ထူးဆောင် ပါမောက္ခ ဆရာကြီးဒေါက်တာမြင့်မောင်မောင် အသက် (၇၈)နှစ်သည် ၁၂-၄-၂၀၂၀ ရက် ညနေ ၄ နာရီတွင် ကွယ်လွန်သွားကြောင်းသိရသည့်အတွက် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ**

## အထူးဝမ်းနည်းကြေကွဲခြင်း

### ပါမောက္ခ ဒုတိယဗိုလ်မှူးကြီးမြင့်မောင်မောင် (ငြိမ်း)

**အသက် (၇၈) နှစ်**

မြန်မာနိုင်ငံဆရာဝန်အသင်း၏ရွေးချယ်တင်မြှောက်ပွဲကျင်းပရေးကော်မရှင်၊ ဒုတိယဥက္ကဋ္ဌ(၁) ဖြစ်သူ ပါမောက္ခ ဒုတိယဗိုလ်မှူးကြီးမြင့်မောင်မောင် (ငြိမ်း)သည် ၁၂-၄-၂၀၂၀ (တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားကြောင်းသိရှိရပါ၍ မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ရွေးချယ်တင်မြှောက်ပွဲကျင်းပရေးကော်မရှင်**
**မြန်မာနိုင်ငံဆရာဝန်အသင်း**

## ဝမ်းနည်းကြေကွဲခြင်း

### ပါမောက္ခ ဒုတိယဗိုလ်မှူးကြီးမြင့်မောင်မောင်(ငြိမ်း)

**BC-၃၄၆၃**

**မြောက်ဥက္ကလာပဆေးရုံအုပ်ကြီး (ငြိမ်း)**
**သားဖွားမီးယပ်အထူးကုဆရာဝန်ကြီး (ငြိမ်း)**

**အသက် (၇၈) နှစ်**

ကျေးဇူးရှင် ဆရာကြီး ၁၂-၄-၂၀၂၀ ရက်တွင် ကွယ်လွန်ကြောင်းကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**11/84 1st M.B ဆေး(၂) တပည့်များ**

## ဝမ်းနည်းကြေကွဲခြင်း

### ပါမောက္ခ ဦးမြင့်မောင်မောင်

**နာယက-မြန်မာနိုင်ငံဆရာဝန်အသင်း-သားဖွားမီးယပ်ပညာအဖွဲ့**

**အသက် (၇၈) နှစ်**

ဒေါက်တာခင်ဆွေတင်၏ ချစ်လှစွာသောခင်ပွန်း ပါမောက္ခ ဦးမြင့်မောင်မောင် (နာယက၊ မြန်မာနိုင်ငံဆရာဝန်အသင်း-သားဖွားမီးယပ်ပညာအဖွဲ့)သည် ၁၂-၄-၂၀၂၀ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**သားဖွားမီးယပ်ပညာမိသားစု**
**အမျိုးသမီးနှင့်ကလေးဆေးရုံကြီး**

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်အုန်းမြ (ဒေါ်မြ) (ခရမ်း)

**အသက် (၈၉) နှစ်**

ရန်ကုန်မြို့၊ လသာမြို့နယ်၊ (၂၄)လမ်း၊ (ပ)ထပ်၊ အမှတ်(၁၂၅)နေ (ဦးစံမြ-ဒေါ်အေးတင်)တို့၏သမီး၊ ခရမ်းမြို့နေ (ဦးထွန်း)-ဒေါ်အုန်း၊ (ဦးသိန်းအောင်)၊ ဦးညွန့်ရှင်-ဒေါ်တိုးတိုး၊ (ဦးမြသန်း)-ဒေါ်ယဉ်ယဉ်သန်း၊ ဦးတင်အေး-ဒေါ်သန်းသန်းတို့၏အစ်မကြီး၊ တူ/တူမ ၂၄ ယောက်တို့၏ချစ်လှစွာသောအဒေါ်သည် ၁၂-၄-၂၀၂၀ ရက် ညနေ ၅:၃၇ နာရီတွင် ခရမ်းမြို့၌ ကွယ်လွန်သွားပါသဖြင့် ၁၃-၄-၂၀၂၀ (တနင်္လာနေ့) နံနက် ၉ နာရီတွင် ခရမ်းမြို့သုသာန်၌ မီးသင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ပါမောက္ခဒုတိယဗိုလ်မှူးကြီးမြင့်မောင်မောင်(ငြိမ်း)

**BC-၃၄၆၃**

**မြောက်ဥက္ကလာဆေးရုံအုပ်ကြီး(ငြိမ်း)**
**သားဖွားမီးယပ်အထူးကုဆရာဝန်ကြီး**

**အသက် (၇၈) နှစ်**

ရွှေဘိုမြို့၊ ပျဉ်ဈေးရပ်နေ (ဦးရွှင်-ဒေါ်သောင်းသောင်း)တို့၏ သား၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မင်းကင်းမြို့နေ (ဦးမောင်ဦး-ဒေါ်ခင်စု)တို့၏သားသမက်၊ ရန်ကုန်မြို့၊ ဟုမ်းလမ်း၊ ပန်းလှိုင်အဆင့်မြင့် အိမ်ရာ၊ 203/R4 နေ ဒေါက်တာခင်ဆွေတင်၏ ချစ်လှစွာသော ခင်ပွန်း၊ U.S.A Los Angeles နေ ဒေါက်တာပပစန္ဒီ-ဦးမျိုးဝင်းကျော်၊ U.S.A Los Angeles နေ ရူပကလျာ-Mr.Derek တို့၏ဖခင်သည် ၁၂-၄-၂၀၂၀ (တနင်္ဂနွေနေ့) ညနေ ၄ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၄-၂၀၂၀ရက် နံနက် ၁၀နာရီတွင် အမှတ်(၂) တပ်မတော်ဆေးရုံ (ခုတင်-၅၀၀)မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ဂူသွင်းပြီး ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအား ရည်စူး၍ ၁၆-၄-၂၀၂၀ (ကြာသပတေးနေ့) နံနက် ၈ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

### ဒေါ်အေးချို

**အသက် (၈၅) နှစ်**

ဦးသိန်းဌေး-ဒေါ်လှလှမြင့်(ရွှေညာသားဆေးဆိုင်)၊ ဦးထွန်းရွှေ-ဒေါ်သင်းသင်းဆွေ(ထွန်းရွှေဝါတိုင်းရင်းဆေးဝါးထုတ်လုပ်ရေး၊ စိန်စိန်ဆေးမျိုးစုံဖြန့်ချိရေး)၊ ဦးနေစိုး-ဒေါ်မြင့်မြင့်ခင်(ထိပ်တန်းဝင်းဆေးစတိုး)၊ မအေးအေးခိုင်၊ မခင်ခင်စိန်တို့၏ ကျေးဇူးရှင်မွေးသမိခင်ကြီး ဒေါ်အေးချို အသက် (၈၅)နှစ်သည် ၈-၄-၂၀၂၀ (ဗုဒ္ဓဟူးနေ့) နံနက် ၇ နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဦးကြည်လင်း-ဒေါ်ချိုချိုမာ**
**စိန်ဘယက်တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး**

## ဝမ်းနည်းကြေကွဲခြင်း

### ပါမောက္ခ ဒုတိယဗိုလ်မှူးကြီး မြင့်မောင်မောင်(ငြိမ်း)

**အသက် (၇၈) နှစ်**

ပါမောက္ခ ဒုတိယဗိုလ်မှူးကြီးမြင့်မောင်မောင် (ငြိမ်း) သည် ၁၂-၄-၂၀၂၀ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဗဟိုရိစည်ဆေးရုံမိသားစု**

## အနိစ္စ

ရဟန်း၊ ကျောင်း ဒါယိကာမကြီး

### ဒေါ်ခင်ခင်

**အသက် (၇၈) နှစ်**

ရန်ကုန်မြို့နေ (ဦးဘိုးသာ-ဒေါ်ကြည်ကြည်)တို့၏သမီး၊ [ဦးမြင့်အောင်(သာသနာရေးဝန်ကြီးဌာန-ငြိမ်း)]၏ ဇနီး၊ အ မှတ် (၁၉၇)၊ နဂါးနိုင်လမ်း၊ (၉)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်နေ ဦးခင်မောင်မြင့်-ဒေါ်နန်းအေးညွန့်၊ ဦးမြင့်အောင်-ဒေါ်ဥမ္မာမြင့်၊ (မောင်အောင်လွင်မြင့်)၊ မခင်လေးမြင့်တို့၏မိခင်၊ မြေးငါးယောက်၊ မြစ်နှစ်ယောက်တို့၏ အဘွားသည် ၁၃-၄-၂၀၂၀ (တနင်္လာနေ့) နံနက် ၃:၄၅ နာရီတွင် မြောက်ဥက္ကလာပ ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု

**သစ်**
**တော**
**မှန်**
**လျှင်**
**အသုံး**
**ဝင်**
**အစဉ်**
**ထာ**
**ဝ**
**ရ**
**ထိန်း**
**သိမ်း**
**ကြ**

## ဗိုလ်မှူးပိုက်ထွေး (ငြိမ်း)

**လေ/၁၄၉၆**

**အသက် (၇၈) နှစ်**

ရန်ကုန်မြို့၊ အမှတ် (၄၁/၁၇) (ဘီ)၊ အင်းယားမြိုင်လမ်း၊ ရွှေတောင်ကုန်းရိပ်သာနေ (ဦးခင်မောင်-ဒေါ်လှချော)တို့၏သား၊ (ဦးကိုကိုလေး-ဒေါ်တင်အိ)တို့၏ သားသမက်၊ ဒေါ်ခင်မမ၏မောင်၊ ဒေါ်ဝင်းမြိုင်(ပါမောက္ခ-ငြိမ်း၊ ဓာတုဗေဒဌာန)၏ခင်ပွန်း၊ ဦးဇင်မိုရ်မင်း-ဒေါက်တာနိုင်နိုင်မွန်၊ ဦးကျော်မြတ်ထူး-ဒေါ်ထက်ထက်ထွန်းတို့၏ဖခင်၊ မောင်ဘုန်းကျော်စည်ဟိန်း၊ မခိုင်ဇင်သင်း၊ မောင်ဇင်ဆန်းနိုင်တို့၏အဘိုးသည် ၁၄-၄-၂၀၂၀ (အင်္ဂါနေ့) နံနက် ၆ နာရီတွင် အထွေထွေရောဂါကုဆေးရုံသစ်ကြီး(ရန်ကုန်)၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းတည့် ၁၂ နာရီတွင် သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးတင်ဝင်း (ခ) ဦးလုံး (၇၇) နှစ်

သုံးခွမြို့နေ (ဦးပါယာ-ဒေါ်ယုတ်ယို-ဒေါ်ကျင်ရီ)တို့၏ သားလတ်၊ (ဦးမောင်ရွှေ-ဒေါ်အေးမြင့်)တို့၏သားသမက်၊ ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ အေးရိပ်မွန်အိမ်ရာ၊ ရတနာမွန်(၂)လမ်း၊ ခြံအမှတ်(၆)နေ ဒေါ်နုနုရင်(ခ)ဒေါ်ရှု၏ချစ်လှစွာသောခင်ပွန်း၊ ဦးခင်ဇော်လတ်-ဒေါ်ရည်ရည်ဝင်း၊ (ဦးနိုင်ဝင်း)၊ ဦးကျော်မိုးဝင်း-ဒေါက်တာနွေးထိုက်မော်တို့၏ ကျေးဇူးရှင်မွေးသဖခင်ကြီး၊ မြေးငါးယောက်တို့၏ အဘိုး ဦးတင်ဝင်း(ခ)ဦးလုံးသည် ၁၄-၄-၂၀၂၀ (အင်္ဂါနေ့) နံနက် ၆:၃၆ နာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၆-၄-၂၀၂၀ (ကြာသပတေးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၆-၄-၂၀၂၀ (ကြာသပတေးနေ့) နံနက် ၇ နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဦးတင်ထွန်း

**(St.Francis Boys' School ကျောင်းသားဟောင်း)**

**အသက် (၇၀)**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ တာမွေကြီး(ခ) ရပ်ကွက်၊ (၁၆၆)လမ်း၊ အမှတ်(၉)၊ ခြောက်လွှာ(က)နေ (ဦးစိန်တင်-ဒေါ်တင်ရီ)တို့၏သား၊ (ဦးကိုကိုကြီး-ဒေါ်ညိုညိုထွန်း)၊ (ဦးကိုကိုလေး)-ဒေါ်မော်လီဝင်းတို့၏ ညီ၊ ဦးခင်မောင်ဌေး-ဒေါ်ကြည်ကြည်ချို၊ ဒေါ်တင်တင်လတ်၊ ဦးသိန်းဆွေ-ဒေါ်သင်းသင်းလတ် (ဦးစီးအရာရှိ၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန-ရုံးချုပ်)တို့၏အစ်ကို၊ ဒေါ်မေသန်းနွယ်-ဦးမိုးလှိုင်ဝင်း၊ ဒေါ်မေသက်လွင်-ဦးတင်ကိုကိုမြင့်၊ ကိုကျော်မိုးဝင်း-မကေသီတာနွယ်၊ မလတ်ဖြိုးဖြိုးအိ၊ ကိုဖြိုးဝေလတ်၊ ကိုအောင်ကိုကို၊ ကိုနန္ဒကျော်၊ ကိုဟိန်းဇော်ဆွေတို့၏ဘကြီး ဦးတင်ထွန်းသည် ၁၁-၄-၂၀၂၀ (စနေနေ့) မွန်းလွဲ ၁:၄၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၄:၃၀ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၅-၄-၂၀၂၀ ရက် နံနက် ၇ နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဒေါ်ဌေးဌေးတင်

**အသက် (၆၅) နှစ်**

ရန်ကုန်မြို့နေ (ဦးမောင်ကလေး-ဒေါ်ခင်ယုံ)တို့၏သမီး၊ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ မြင်သာ(၁၁)လမ်း၊ အမှတ်(၂၀၉/၁)နေ ဦးရဲထွန်းလွင်၏ဇနီး၊ မစန္ဒီရဲထွန်းလွင်၏မိခင်၊ မောင်ပိုင်သုခ၏အဘွားသည် ၁၃-၄-၂၀၂၀ (တနင်္လာနေ့) ည ၁၀:၀၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၄-၂၀၂၀ (အင်္ဂါနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေတွင်း ဒါယကာကြီး

## ဦးဝင်းထွဋ်

**အသက် (၆၄) နှစ်**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ တာမွေကြီး(က+ဂ)ရပ်ကွက်၊ ရွှေဟသာ်လမ်း၊ အမှတ်(၁၄)နေ (ဦးကျော်လွင်-ဒေါ်သန်းမြ)တို့၏သားကြီး၊ ဦးတင်မောင်ဆွေ-ဒေါ်စန်းစန်းလွင်၊ ဦးမင်းကြည်-ဒေါ်မြစန္ဒာ၊ ဦးမိုးဇော်အောင်-ဒေါ်မြသီတာတို့၏အစ်ကို၊ ဒေါ်ဝင်းဝင်းကျော်၏ ခင်ပွန်း၊ ဗိုလ်မှူးဖြိုးစည်သူဝင်း (တပ်မတော်-ရေ)-ဒေါ်မိုးသီရိအောင်၊ ဦးတိုးဗညားဝင်း (အထက်တန်းရှေ့နေ)-ဒေါ်နှင်းဝေလွင်၊ ကိုဟိန်းအာကာဝင်း (ရွှေသဇင်စတိုး)တို့၏ဖခင်၊ မသျှင်သုသုစံ၊ မအိမ့်ကေသာမှူးတို့၏ဘိုးဘိုးကြီး ဦးဝင်းထွဋ်သည် ၁၃-၄-၂၀၂၀ (တနင်္လာနေ့) နံနက် ၄:၁၀ နာရီတွင် အမှတ်(၂)တပ်မတော်ဆေးရုံခုတင်(၅၀၀)၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး မိတ်ဆွေများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း

### ပါမောက္ခ ဒုတိယဗိုလ်မှူးကြီးမြင့်မောင်မောင် (ငြိမ်း)

**အသက် (၇၈) နှစ်**

မြန်မာနိုင်ငံဆရာဝန်အသင်း၏ရွေးချယ်တင်မြှောက်ပွဲကျင်းပရေးကော်မရှင်၊ ဒုတိယဥက္ကဋ္ဌ(၁) ဖြစ်သူ ပါမောက္ခ ဒုတိယဗိုလ်မှူးကြီးမြင့်မောင်မောင် (ငြိမ်း)သည် ၁၂-၄-၂၀၂၀ (တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားကြောင်းသိရှိရပါ၍ မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**အလုပ်အမှုဆောင်အဖွဲ့**
**မြန်မာနိုင်ငံဆရာဝန်အသင်း (ဗဟို)**






# ချင်းပြည်နယ်အတွင်းရှိ အခြေခံလူတန်းစားများအတွက် အခြေခံစားကုန်(၅)မျိုး အိမ်အရောက် ဆက်လက်ထောက်ပံ့



ဟားခါး ဧပြီ ၁၄

ချင်းပြည်နယ်အတွင်းနေထိုင်လျက်ရှိသော အိမ်ထောင်စုများအနက် ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားအိမ်ထောင်စုများအတွက် အခြေခံစားကုန်(၅)မျိုးကို ဧပြီ ၁၀ ရက်မှစ၍ ချင်းပြည်နယ်အစိုးရအဖွဲ့နှင့်အတူ ချင်းပြည်နယ်ကိုဗစ်-၁၉ ရောဂါထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဝင်များ၊ သက်ဆိုင်ရာခရိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ တာဝန်ရှိသူများကကြီးကြပ်၍ အိမ်အရောက်ထောက်ပံ့ပေးလျက်ရှိရာ ဧပြီ ၁၃ ရက် နံနက် ၇ နာရီတွင် ဟားခါးမြို့သို့ ထပ်မံရောက်ရှိလာသည့် အခြေခံစားကုန်(၅)မျိုးဖြစ်သော ဆန်၊ ဆီ၊ ဆား၊ ပဲ၊ ကြက်သွန်နီများကို ဟားခါးမြို့ ဟားခါးထာရ်ရပ်ကွက်ရှိ မုန်တိုင်းဒဏ်ခံအဆောက်အဦတွင် အချိန်နှင့်တစ်ပြေးညီ ထောက်ပံ့ပေးနိုင်ရေး စနစ်တကျ စီမံဆောင်ရွက်လျက်ရှိသည်။

**အိမ်အရောက်ထောက်ပံ့**

ချင်းပြည်နယ် ဟားခါးမြို့ ဟားခါးထာရ် မြို့သစ်ရပ်ကွက်တွင် ယနေ့နံနက် ၇ နာရီက ချင်းပြည်နယ် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့်အရေးပေါ်တုံ့ပြန်ရေးကော်မတီအဖွဲ့ဝင် ပြည်နယ်စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးဝီကော၊ ချင်းပြည်နယ် ကိုဗစ်-၁၉ ရောဂါထိန်းချုပ်ရေးနှင့်အရေးပေါ် တုံ့ပြန်ရေးကော်မတီတွဲဖက်အတွင်းရေးမှူး ချင်းပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးတိုးဝင်းနှင့်အဖွဲ့ဝင်များ၊ စစ်ဗျူဟာအဖွဲ့ အခြေချ(ဟားခါး)မှ တပ်ဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ စေတနာ့ဝန်ထမ်းများက ရပ်ကွက်၊ ကျေးရွာအသီးသီးရှိ အခြေခံလူတန်းစားများအတွက် အိမ်အရောက်ထောက်ပံ့ပေးနိုင်ရေး စာမျက်နှာ ၁၇ ကော်လံ ၃ သို့ ❂

# မင်းကင်း၌ အခြေခံလူတန်းစားများအတွက် နိုင်ငံတော်အစိုးရက ထောက်ပံ့သော စားသောက်ကုန်ပစ္စည်း(၅)မျိုး ဖြန့်ဝေပေး



မင်းကင်း ဧပြီ ၁၄

စစ်ကိုင်းတိုင်းဒေသကြီး မင်းကင်းမြို့ပေါ် သုံးရပ်ကွက်တွင် အခြေခံလူတန်းစား အိမ်ထောင်စုများအား နိုင်ငံတော်အစိုးရက ထောက်ပံ့သော စားသောက်ကုန်(၅)မျိုးကို ယနေ့နံနက် ၈ နာရီမှစတင်ကာ အမှတ်(၃) ရပ်ကွက်အတွင်းရှိ ယွန်ကျောင်းတိုက်၌ ဖြန့်ဝေပေးသည်။

ထိုသို့ ဖြန့်ဝေပေးရာတွင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးဆန်းဗိုလ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဆန်း၊ ဖွဲ့စည်းတာဝန် ပေးအပ်ထားသော ဌာနဆိုင်ရာ အကြီးအကဲများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပရဟိတအသင်းများက အိမ်ထောင်စုတစ်ဦးချင်းစီကို လက်သန့်ဆေးရည်များ ပေးဝေကြပြီး လက်သန့်စေခြင်း၊ စာမျက်နှာ ၁၆ ကော်လံ ၃ သို့ ✳

# ကြေးမုံ ယနေ့ ဖတ်စရာ


**ကိုဗစ် -၁၉ နှင့် နေအိမ်တွင် နေထိုင်ခြင်း**

ဆောင်းပါး စာမျက်နှာ » ၆

---

**စားနပ်ရိက္ခာဖူလုံရေးသည် ပြည်သူများ၏ လူမှုစီးပွားဘဝနှင့် နိုင်ငံရေးတည်ငြိမ်မှုတို့အတွက် အရေးကြီးကြောင်း သမ္မတဒူတာတေး ပြောကြား**

စာမျက်နှာ » ၁၁

---

**ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ လက်တွေ့စမ်းသပ်ရန် တရုတ်အတည်ပြု**

စာမျက်နှာ » ၁၂

---

COVID-19 **ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း**

စာမျက်နှာ » ၁၅

---

**ကိုဗစ်-၁၉ ရောဂါကြောင့် မြန်မာကလပ်များ ယှဉ်ပြိုင်နေသည့်** AFC Cup **ပြိုင်ပွဲကို ဇွန်လကုန်အထိ ထပ်မံရွှေ့ဆိုင်း**

စာမျက်နှာ » ၂၇


# မြဝတီမြို့၌ ပုံမှန်ဝင်ငွေမရှိသော အိမ်ထောင်စု ၂၅၀၀ အတွက် ငါးရက်မြောက်နေ့အဖြစ် အခြေခံစားသောက်ကုန်များ ထောက်ပံ့ပေး

မြဝတီ ဧပြီ ၁၄

ကရင်ပြည်နယ် မြဝတီမြို့၌ ကိုရိုနာဗိုင်းရပ်စ်(ကိုဗစ်-၁၉ ရောဂါ) ထိန်းချုပ်ရေးနှင့်စပ်လျဉ်း၍ နိုင်ငံတော်အစိုးရ၏ ပံ့ပိုးမှုဖြင့် သင်္ကြန်ကာလအတွင်း ပုံမှန်ဝင်ငွေမရှိသော အိမ်ထောင်စုများအတွက် အခြေခံစားသောက်ကုန် (၅) မျိုးကို အိမ်တိုင်ရာရောက် ထောက်ပံ့ဖြန့်ဝေပေးလျက်ရှိရာ ယနေ့ ၅ ရက်မြောက်နေ့အဖြစ် အိမ်ထောင်စု ၂၅၀၀ အား ဆက်လက်ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

ထိုသို့ ဖြန့်ဝေပေးရာတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိန်ဗိုလ်၊ ကရင်ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအိုက်ကျန်ခမ်းနှင့် ဦးသန့်ဇင်အောင်၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတေဇာအောင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဖြိုးဇော်ကိုကိုနှင့် တာဝန်ရှိသူများက ဖြန့်ဝေပေးခြင်းဖြစ်သည်။

စာမျက်နှာ ၂၂ ကော်လံ ၁ သို့ ❍



# ထန်းတပင်၌ အခြေခံစားသောက်ကုန်(၅)မျိုး ကျေးရွာများအရောက် ဆက်လက်ထောက်ပံ့

ထန်းတပင် ဧပြီ ၁၄

ရန်ကုန်မြောက်ပိုင်းခရိုင် ထန်းတပင်မြို့နယ်၌ ကိုဗစ်-၁၉ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့်စပ်လျဉ်း၍ မဟာသင်္ကြန်ရုံးပိတ်ရက်ရှည် ကာလအတွင်း ပုံမှန်ဝင်ငွေမရှိသော အိမ်ထောင်စုများအတွက် နိုင်ငံတော်အစိုးရ၏ ထောက်ပံ့မှုဖြင့် အခြေခံစားသောက်ကုန်(၅)မျိုးဖြစ်သည့် ဆန်(၈)ပြည်၊ ဆီ(၅၀)ကျပ်သား၊ ဆား(၅၀)ကျပ်သား၊ ပဲ(၁)ပိဿာနှင့်ကြက်သွန် (၁)ပိဿာတို့ကို မြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာအုပ်စုများတွင် ထောက်ပံ့ဖြန့်ဝေပေးလျက်ရှိရာ ဧပြီ ၁၄ ရက် နံနက်ပိုင်းကလည်း ကျေးရွာအုပ်စုများရှိ ပုံမှန်ဝင်ငွေမရှိသော အိမ်ထောင်စုများအား ကျေးရွာများအရောက် ဆက်လက်၍ ဖြန့်ဝေပေးအပ်လျက်ရှိကြောင်း သိရသည်။

စာမျက်နှာ ၂၂ ကော်လံ ၁ သို့ ❖